ဒိဘာဝဒိမျှသာ
နှင့်
ဝိပဿနာ

ရောင်းရန်မဟုတ်/မိသားစုဖတ်ရန်သာ

မြင့်ရွှေ (ပေါင်းတည်)

၃

၃၆၄
ရ

အမှတ် ၂၉.၃.၁.၅
ရက်စွဲ ၂၃.၄.၁၅

မဏ္ဍပါန် တရားအလှူတော်

"သဗ္ဗဒါနံ၊ ဓမ္မဒါနံ၊ ဇိနာတိ"

* ဦးကျော်စိုး–ဒုဝန်ကြီး၊သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊နေပြည်တော် (၁၂၀၀၀ိ/-)
* (ဦးကျော်စိုး–ဝန်ကြီး)+ဒေါ်ကြည်ကြည် မိသားစု၊ရွှေတောင်ကြား(၅၀၀၀၀ိ/-)
* ကိုခင်မောင်သန်း+မသက်သက်နိုင်–ကောက်ရိုးနွယ်ကုမ္ပဏီ (၃၀၀၀၀၀ိ/-)
* ကိုဝင်းကို+မစပါယ်အောင် – ကောက်ရိုးနွယ်ကုမ္ပဏီ (၁၀၀၀၀၀ိ/-)
* ဒေါ်ကြည်ကြည်ထွန်း– တောင်ငူ/ရန်ကုန် (၁၀၀၀၀ိ/-)
* (ဦးသိန်းအောင်)+ဒေါ်ခင်ကြည်–ရန်ကုန်/တောင်ငူ (၁၀၀၀၀ိ/-)
* ဦးမြင့်ဆွေ – ဦးမှန်လမ်း၊တောင်ငူ (၁၀၀၀၀ိ/-)
* ဒေါ်ခင်ခင်စိန်+ဒေါ်သင်းသင်းနိုင်–ဦးမှန်လမ်း၊တောင်ငူ (၁၅၀၀၀ိ/-)
* ဒေါ်မြမြကြည် – ကျောင်းအုပ်၊ပညာရေးကောလိပ်–တောင်ငူ (၅၀၀၀ိ/-)
* ဒေါ်နီနီဦး – ခြွေသို့ဦး၊တောင်ငူ (၁၀၀၀၀ိ/-)
* ဒေါ်စန်းစန်း – ဆန်းသစ်အောင်ပလတ်စတစ်လုပ်ငန်း၊တောင်ငူ(၅၀၀၀ိ/-)
* ဆရာဦးထွန်းရှိန်+ဆရာမဒေါ်ခင်သစ်လှိုင် –တောင်ငူ (၂၀၀၀၀ိ/-)
* ဦးပါလေး+ဒေါ်ဘေဘီ (၁၁လမ်း) ဘုရားလမ်း–တောင်ငူ (၁၀၀၀၀ိ/-)
* ဦးစိန်ဝင်း+ဦးမောင်မောင်၊ဦးတင်ဦး–ရွှေမြေဆီ–တောင်ငူ (၁၅၀၀၀ိ/-)
* ဦးဝင်းတင်၊ဦးထွဋ်ညို – ရွှေတောင်လမ်းပေါင်းတည် (၁၀၀၀၀ိ/-)
* ဦးတင်မောင်မောင်+ဒေါ်သီတာထွေး–တောင်ငူ(ကောက်ရိုးနွယ်) (၃၀၀၀၀ိ/-)
* ဦးဝင်းသက်နိုင်+ဒေါ်နီနီဝင်း–ဝင်းမိသားစု အောဖ်ဆက်–ရန်ကုန် (၁၀၀၀၀၀ိ/-)
* ဆရာမကြီးဒေါ်ရီရီ၊ဦးသန်းထွန်း၊ဒေါ်အေးသန်းကြူမိသားစု၊မြို့လှ (၃၀၀၀၀ိ/-)
* ဦးအောင်လှသိန်း(မန်နေဂျာMPPE)+ဒေါ်ခင်နု–ပေါင်းတည် (၅၀၀၀၀ိ/-)
* ကိုသန်းထွန်း+မတင်တင်ဝင်း–အရှေ့လမ်း၊ပေါင်းတည် (၅၀၀၀ိ/-)
* ဆရာဦးကြည်သိန်း+ဒေါ်ကြည်ညွန့် – ပိန်းလေပ်မြို့ (၁၅၀၀၀ိ/-)
* ဦးစိုးထွန်း+ဒေါ်ကြည်စန်း – ကံရိုး–တောင်ငူ (၁၀၀၀၀ိ/-)
* ကိုကျော်ဟန် – ရန်ကုန်လမ်း–ပေါင်းတည် (၅၀၀၀ိ/-)
* ဒေါ်ယုယုဆွေ– ၃၅လမ်း၊ ပေါင်းတည် (၃၀၀၀ိ/-)

စာရေးသူ၏ အမှာစာ

ကျွန်ုပ်တို့လူသားအားလုံးသည် ဂင်္ဂါဝါဠုသဲစုမက ပွင့်တော်မူပြီးသော ဘုရားရှင် တို့နှင့် ကြုံတွေ့ခဲ့ရခြင်းလည်းရှိနိုင်သည်။ ဘုရားသာသနာနှင့်မကြုံတွေ့နိုင်သော ရပ်ပြစ် ရှစ်ပါးတွင်လည်း ရောက်ရှိနေနိုင်သည်။ ဘယ်လိုအကြောင်းနှင့်ဖြစ်ဖြစ် ကျွန်ုပ်တို့သည် ကျွတ်တန်းမဝင်ခဲ့ရသည်မှာ သေချာသည်။ အမိုက်တကာ့အမိုက်ဆုံး လူသားများဖြစ်နေ သည်မှာ ထင်ရှားပါသည်။ ကံအကြောင်းအခွင့်သာလို့ ကံပစ်ချလို့ လူ့ဘဝရောက်ခဲ့ပါပြီ၊ ဒီဘဝတွင်ကော ကျွတ်တန်းဝင်နိုင်ပါ့မလား၊ သိပ်တော့မသေချာ အားတော့မလျှော့နဲ့၊ လုပ်ရင်ရပါတယ်။

ရခဲလှသော ဒုလ္လဘငါးပါးမှာ (၁) ဘုရားအဖြစ်ရခဲခြင်း (၂) ရဟန်းအဖြစ်ရခဲခြင်း (၃) လူအဖြစ်ရခဲခြင်း (၄) သဒ္ဓါတရားနှင့်ပြည့်စုံသော၊ ရတနာသုံးပါးနှင့်ကံ ကံ၏အကျိုး ယုံကြည်သူဖြစ်ခြင်း (၅) သူတော်ကောင်းတရားနာရခြင်း၊ စသည်တို့တွင် အမှတ်စဉ် (၃)(၄) (၅) တို့ကို လက်ဝယ်ရရှိနေပြီဖြစ်သဖြင့် အတော်ဝမ်းမြောက်စရာပင်ဖြစ်သည်။ ရှေ့ဆက် ဘယ်သွားမလဲ အပေါ်တက်မလား၊ အောက်ဆင်းမလား ကြိုက်ရာရွေးနိုင်သောဘဝကို ရရှိ နေပါပြီ။

ကုသိုလ်လုပ်မှာလား၊ အကုသိုလ်လုပ်မှာလား (ကုသိုလ် = အပြစ်မရှိခြင်း၊ ကောင်းကျိုး ပေးခြင်း ဟူသော အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသောအလုပ်ကိုခေါ်သည်) (အကုသိုလ် =အပြစ်ရှိခြင်း၊ မကောင်းကျိုးပေးခြင်းဟူသောအင်္ဂါနှစ်ပါးနှင့်ပြည့်စုံသော အလုပ်ကိုခေါ်သည်) အလုပ်ဆိုသည် မှာလည်း ကာယကံမှု-ဝစီကံ-မနောကံမှု တို့ဖြစ်သည်။ ကုသိုလ်လုပ်ရင် ယခုဘဝနှင့် သံသရာ တလျှောက်လုံး ကောင်းကျိုးခံစားရမည်။ အကုသိုလ်လုပ်လျှင် ယခုဘဝနှင့်သံသရာ တလျှောက်လုံး မကောင်းကျိုးခံစားရမည်။

ကျွန်တော်တို့၏ ဒီတစ်ဘဝ (၁၀၀)နှစ် ဆိုသော အချိန်ကို စဉ်းစားကြည့်တဲ့အခါ အလျား(၁၂)မိုင်၊ အနံ(၁၂)မိုင်၊ အမြင့်(၁၂)မိုင်ရှိတဲ့ ကန်ကြီးထဲမှာ မုန်ညင်းစေ့များထည့် အနှစ်(၁၀၀)မှ တစ်စေ့ထုတ် မုန်ညင်းစေ့ကုန်လျှင် တစ်ကမ္ဘာလို့ ပြောနိုင်တယ်။ ဒီတော့ ကျွန်တော်တို့ရဲ့ တစ်ဘဝဟာ ကန်ကြီးထဲက မရေမတွက်နိုင်တဲ့ မုန်ညင်းစေ့တွေထဲက တစ်စေ့ပဲ ရှိတယ်။ ဒါက တစ်ကမ္ဘာနှင့်သာ ယှဉ်ကြည့်တာ၊ ဂေါတမဘုရားပါရမီဖြည့်တာ လေးအသင်္ချေ နှင့်ကမ္ဘာတစ်သိန်းတဲ့၊ (ဟာစ်သင်္ချေဟာ ဟာစ်နောက်မှာ သုညပေါင်းဘစ်ရာ့လေးဆယ်) မုန်ညင်းစေ့တွေနဲ့ စဉ်းစားပါ။ ဒါဟာ ဂေါတမတစ်ဆူဘဲ ရှိသေးတာ၊ ဂင်္ဂါဝါဠု သဲစုမက ဘုရားတွေနဲ့ စဉ်းစားကြည့်ပါ။ စဉ်းစားနိုင်းယှဉ်လို့တောင် မလွယ်ဘူး။ ကျွန်တော် တို့ရဲ့ တစ်သံသရာဟာ အဲဒီလောက်ကြာခဲ့ပါပြီ။ နောင်ဘယ်လောက်ကြာဦးမလဲ မသိ (ကောင်းမှုလုပ်မလုပ်အပေါ်မှာ မူတည်ပါတယ်) ဒီတော့ ဒီမုန်ညင်းစေ့လောက် အချိန်ကို အကြာကြီးထင်ပြီး သံသရာအချိန်ကို ဥပေက္ခာပြုပြီးတော့ ဟုတ်လှပြီထင်၊ သားသမီး ဇနီး မယားတွေ၊ ကာမဂုဏ်တွေနဲ့ပျော်ပါး၊ ပျော်ပါးရုံတင်မက မကောင်းမှုတွေနဲ့စီးပွားရှာ ပျော်ပိုက်နေကြတာ မသေကြတော့ဘူးထင်နေတာ၊ တရားအားထုတ်ဖို့ကျတော့ ကလေးငယ်လို့

စီးပွားမပြည့်သေးလို့၊ တိုက်မဆောက်ရသေးလို့၊ ကားဝယ်ဖို့ကြိုးစားတုန်းမို့ စတဲ့ အလုပ်တွေနဲ့ မအားသေးလို့ဆိုပြီး အချိန်ဆွဲနေလိုက်ကြတာ၊ ဒီကြားထဲ အသတ်ခံရမယ့် ကြက်ခြင်း ထဲက ကြက်တွေလို သေရမှာ မသိဘဲ ခွပ်နေလိုက်ကြသေးတယ်၊ သံဝေဂမရတော့ တရားအားမထုတ် သေးဘူး။ သေခါနီး အိုပယ်ဘဝရောက်တော့မှ တရွေ့ရွေ့နဲ့တုတ်ကောက်ကလေး ထောက်ပြီး ဘုန်းကြီးကျောင်းသွားဦးချတာတောင် မထိုင်နိုင်လို့ ဖားလိုကုန်းပြီး ပုဆိန်ပေါက် ဦးချ နေရတော့တယ်။

မိုးကုတ်ဆရာတော်ဘုရားကြီးက အရွယ်ရှိတုန်း တရားမလုပ်ဘဲနဲ့သေခါနီးကျတော့ ကုတင်ပေါ်က ဟိုလူကယ်ပါဦး၊ ဒီလူကယ်ပါဦးနဲ့ အော်ဟစ်နေရင် ကန်သာချလိုက်တော့တဲ့၊ နာအောင်သိအောင်အမိန့်ရှိလိုက်တာ၊ ဆရာတော်ကြီးကတော့ သူ့တပည့်သားမြေးများကို အားမရလို့ နင့်နင့်သီးသီးပြောပြီးနိုင်းလိုက်တာပဲ၊ တရားဆိုတာ အားမှထုတ်ရတာမှမဟုတ် တာ၊ မအားလည်း တရားအားထုတ်လို့ရတာပဲ၊ မအားဘူးဆိုတာ အကြောင်းမပြသင့်ဘူး။ အားလို့သေတဲ့မသာ တစ်ယောက်မှမတွေ့ဖူးဘူး။

ကျွန်တော်သည် ကျွန်တော်နှင့်ဆက်ဆံဘူးသူများ၊ ဆရာတပည့်မိတ်ဆွေအပေါင်း အသင်းများအား အမှတ်စဉ် (၁)မှ (၇)အထိ စာအုပ်များ အိမ်အရောက်ပေးအပ်ခဲ့ပါသည်။ သံသရာကြီးက အလွန်ရှည်တဲ့အတွက် အားလုံးဟာ ဆွေမျိုးတော်စပ်ခဲ့ဘူးသူတွေပါ။ အားလုံး မထင်မှတ်သော အမှားတွေကြောင့်လည်းကောင်း၊ မသိနားမလည်ခြင်းကြောင့် မှားခဲ့သော အမှားများကို ပြုလုပ်မိပါက သံသရာအတွက်မကောင်းသဖြင့် တတ်စွမ်းသမျှထောက်ပြပြီး သံသရာကောင်းစားရေးအတွက် အုတ်တစ်ချပ် သဲတစ်ပွင့်အဖြစ် အထောက်အကူပြုလိမ့်မည် ဟုထင်ပါသည်။ အထက်ပါစာအုပ်များဖြင့် ပြီးပြည့်စုံလုံလောက်ပြီဟု ယူဆရာမှ ထပ်လောင်း၍ စေတနာပွားမိပြန်သည့်အတွက် ဤစာအုပ်ကို ထပ်မံရေးလိုက်ရပြန်ပါတယ်။

ဤစာအုပ်တွင် လူသားတိုင်း ကြုံတွေ့ရတဲ့ဒုက္ခအပေါင်းသည် စိတ်မထားတတ်သဖြင့် ပို၍ပင်ပန်းလှပါသည်။ ယောနိသောမနသိကာရ (သင့်တင့်စွာနှလုံးသွင်း)တတ်လျှင် စိတ်ချမ်းသာနိုင်ကြောင်းအတုယူရန် ပုံဝတ္ထုများနှင့် ရေးပြထားပါသည်။

သံသရာတလျှောက်လုံးပြုခဲ့တဲ့အကုသိုလ်အကြောင်းတရားတွေကြောင့် ဘဝတွေမှာ အကျိုးပေးလာခဲ့ကြတယ်၊ ဝဋ်ကြွေးတွေပေးဆပ်ရပါတယ်။ ရှောင်လွှဲလို့မရနိုင်ဘူး၊ ကြုံလာရင် သဘောထားတတ်ရပါတယ်။ ဘယ်လိုကံတွေက ဘယ်လိုအကျိုးပေးတယ်ဆိုတာ သိထားဖို့ပါ။ သာမန်ဝဋ်ကြွေးကို လည်စင်းခံလိုက်ရတဲ့ပုဂ္ဂိုလ်တွေ ရှိသလို ဒီဝဋ်ကြွေးတွေကို သဘောပေါက် ပြီး တရားအားထုတ်လိုက်လို့ ဒီဘဝဒီမျှသာ ကြုံတွေ့ပရစေဆိုပြီး သံသရာဝဋ်ဆင်းရဲမှ ကျွတ်လွတ်မည့် ရဟန္တာဖြစ်သွားပုံတွေကိုလည်း ဖော်ပြထားပါတယ်။ သံဝေဂယူစရာတွေနဲ့ အတုခိုးစရာတွေပါ။

နောက်တမျိုးကတော့ ယခင်စာအုပ်များတွင် ဝိပဿနာနှင့်ပတ်သက်ပြီး မိုးကုတ် ဆရာတော်ကြီး၏ နည်းဖြင့်ရေးသားခဲ့ပါသည်။ အချို့သော ပုဂ္ဂိုလ်များက မဟာစည်နည်းဖြင့်

သိလိုကြပြန်သဖြင့် မဟာစည်ဆရာတော်ဘုရားကြီး၏ ဟောပြောချက်များအရ ရေးသား ထားပါသည်။ ထို့အပြင် ချမ်းမြေ့ဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်းကိုလည်း ထပ်လောင်းဖြည့်စွက်ပေးခဲ့ပါသည်။ ဘယ်နည်းပဲဖြစ်ဖြစ် အားလုံးသဘောထားတူနေပါသည်။ အားလုံးဟာ ဘုရားနည်းတွေပါ။ ကိုယ်အားသန်ရာ သန်ရာဖြစ်နေလို့ မတူဘူးထင်နေတာပါ။ ဒါပေမယ့် အားလုံးအကျိုးရှိအောင် ထပ်လောင်းမွမ်းမံပြုလိုက်တာပါ။

ဗုဒ္ဓဘာသာနှင့်ပါတ်သက်၍ ဟောပြောသူများ၊ စာရေးသားသူများသည် မိမိတို့ သဘောဆန္ဒဖြင့်သာ ဆောင်ရွက်၍မရပါ။ လောကီကိစ္စများအတွက်သာ ဥပမာဥပမေယျဖြင့် တင်ပြနိုင်ပါသည်။ ပိဋကတ်သုံးပုံအတွင်းကသာ ဆောင်ရွက်ရပါသည်။ ဘောင်အတိအကျ ခတ်ထားပါသည်။ ပိဋကတ်သုံးပုံမူရင်းမှာ ပါဠိလိုဖြစ်သဖြင့် အများစုမတတ်ပါ။ လူတွေဆိုလျှင် ၉၉%မတတ်ပါ။ ပါဠိမတတ်သော စာရေးသူလို ပုဂ္ဂိုလ်မျိုးမှာ မြန်မာပြန်ကိုသာ အဆင်ပြေ သလောက် ဖတ်ရပါသည်။

ဌင်းမြန်မာပြန်စာအုပ်အချို့မှ ကောင်းနိုးရာရာကို ကူးယူမှတ်သားခဲ့ရခြင်း ဆရာတော် ဘုရားကြီးများဖြစ်သော (လယ်တီဆရာတော်ဘုရားကြီး၊ မိုးကုတ်ဆရာတော် ဘုရားကြီး၊ မဟာစည်ဆရာတော်ဘုရားကြီး၊ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးများနှင့် အခြားသော ဆရာတော်ဘုရားကြီးများ၏ ဟောပြောချက် ရေးသားချက်များမှ အလျင်းသင့်ရာ မှတ်သားခြင်း၊ အချို့မကွဲလွဲစေချင်လျှင် တိုက်ရိုက်ကူးရေးခြင်းများ ပြုလုပ်ပြီး လက်ဆင့် ကမ်းရပါသည်။

လူပညာရှိကြီးများ၏ ရေးသားချက် ဟောပြောချက်များကိုလည်း လေ့လာမှတ်သား ပြီး ထေရဝါဒနှင့်မဆန့်ကျင်သမျှ ကောက်နုတ်မှက်သားရပါသည်။ ပါဠိအသုံးအနှုန်းကိုလည်း ပါဠိ-မြန်မာ အဘိဓါန်မှ ကိုးကား၍ ဘာသာပြန်ခဲ့ရပါသည်။ သို့ပါ၍ စာရေးသူ၏ ရေးသား ချက်များသည် ဝတ္ထုဆန်ဆန် စီကာပါတ်ကုံးရေးသားခြင်းမဟုတ်၊ ဖတ်ကောင်းရန်ထက် မှတ်ကောင်းရန်ကို အလေးထားပါသည်။ အချိန်မပေးနိုင်သူများ များပြားသဖြင့် တိုရှင်းလိုရင်းသာရေးသားသည့်ပုံစံဖြစ်ပါသည်။

အခြားစာများဖတ်သလို တစ်ခေါက်နှစ်ခေါက်ဖတ်ရုံနှင့် အဆင်မပြေပါ။ တစ်ကြောင်းခြင်း၊ တစ်ပုဒ်ခြင်းတွင် အဓိပ္ပါယ်များစွာ ကျယ်ဝန်းသဖြင့် အကြိမ်ကြိမ်ဖတ်ပါ။ မှတ်ပါ မိမိဘဝနှင့်ယှဉ်ကြည့်ပါ။ သညာသိမှ ပညာသိသို့ တက်လှမ်းပါ။ ဆရာလူထွက်ဖြစ်၍ ဆရာလုပ်နေခြင်းမဟုတ်ဟု ပြောနေသော်လည်း အလေ့အကျင့်အထုံပါနေသဖြင့် ဆရာသံ ပေါက်သွားလျှင် ခွင့်လွှတ်ပေးစေလိုပါသည်။

ဆရာတော် သံဃာတော်အရှင်မြတ်များနှင့်တကွ လူပညာရှိများ မိမိအား သင်ကြား ခဲ့သော သင်ဆရာမြင်ဆရာများအား ဤစာအုပ်များရေးသားခြင်းဖြင့် ပူဇော်ကန်တော့ပါ သည်။ မိဘများအားလည်း ကျေးဇူးဆပ်ပါသည်။ တပည့်ဖြစ်ခဲ့သူများထံကလည်း ရှောင်ရန် ဆောင်ရန် ပညာများပေးကြသဖြင့် ကျွမ်းကျင်သော ဆရာများဖြစ်ရသဖြင့် တပည့်များအားလည်း ကျေးဇူးရှင်များအဖြစ် အသိအမှတ်ပြုကာ ဤစာအုပ်ဖြင့် ကျေးဇူးဆပ်ပါသည်။

နောက်ဆုံးပြောချင်တာကတော့ ဤစာဖတ်ရှုသူများသည်စာရေးသူ၏ ဘဝအဆက်ဆက် သံသရာတစ်ခုလုံးတွင် ခင်ပွန်းကြီးဆယ်ပါးတွင်ပါဝင်နေပါက စာရေးသူမှပြစ်မှားခဲ့မိသည့် အပြစ်များရှိပါက ခွင့်လွှတ်ပါရန်၊ စာဖတ်သူတို့ဖက်မှ ကျူးလွန်ခဲ့သောအပြစ်များရှိပါက ခွင့်လွှတ်ပါကြောင်း သိစေအပ်ပါသည်။ ခင်ပွန်းကြီးဆယ်ပါးအား သံသရာတလျှောက်ပြုမှားခဲ့သည်ကို မတောင်းပန်ပါက တရားရမည်မဟုတ်ပါ။

စာဖတ်သူအားလုံး ဒီဘဝဒီမျှသာဖြင့် ဝဋ်ကြွေးဆပ်ပြီး ဝဋ်ပြတ်ရာနိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်ကြပါစေလို့ . . . . .

စာရေးသူ

ကျေးဇူးတင်လွှာ

ဤစာအုပ်များထွက်ပေါ်လာရေးအတွက် အကူအညီပေးခဲ့ကြသော ကောက်ရိုးနွယ်ကုမ္ပဏီမှ တပည့်များဖြစ်ကြသော ဦးခင်မောင်သန်း၊ ဦးဝင်းကို၊ ဦးကင်မောင်မောင်၊ ဦးဇော်ဝင်းတို့အားရင်း၊ ဦးဝင်းသက်ခိုင် ဝင်းမိသားစုအားရင်း၊

စာအုပ်များ အိမ်တိုင်ရာ ရောက်ပို့ပေးကြခြင်းဖြင့်အကူအညီပေးကြသော ပေါင်းတည်မှ ဦးဝင်းတင်၊ ဦးထွန်းညီတို့အားရင်း၊

စာအုပ်များမျှော်မှန်းသည်ထက် ပိုမိုဒါနပြုနိုင်အောင် ငွေအားဖြင့်ပေးလှူခဲ့ကြသော မေတ္တာနာရှင် များအားရင်း၊

စျေးနှုန်းသက်သာစွာဖြင့်ရိုက်ပေးပြီးစာအုပ်များပေးလှူသော စိန်ရတနာမိတ္တူ ၁၁၆/၂၉ လမ်းအားရင်း၊

အထူးသဖြင့် ဤစာအုပ်များကို ဖတ်ရှုခြင်းအားဖြင့် မဂ္ဂလမ်းကြောင်း ဖြောင့်ဖြူးစွာဖြင့် ကျင့်ကြံအားထုတ်နေကြသော စာဖတ်ပရိသတ်များအား အထူးကျေးဇူးတင်ရှိ ပါကြောင်း၊ မေတ္တာဖြင့် အသိအမှတ်ပြုအပ်ပါသည်။

သံသရာလည်ခြင်း

သံသရာ

သံသရာလည်ခြင်း၊ မလည်ခြင်းဟူသော စကားကို မရှင်းခင် သံသရာဆိုတာ ဘာလဲကို သိသင့်ပါတယ်။

သံသရာဆိုတာ ခန္ဓာ-အာယတန-ဓာတ်-တို့ မပြတ်ဖြစ်တာကို သံသရာဟုခေါ်သည် (သမ္မောဟဝိနောဒနီ အဌကထာမှ)-

လိုရင်းအချုပ်အားဖြင့် ရုပ်နာမ်နှစ်ပါးဖြစ်တာကိုပဲဖြစ်စေ (သို့) ရုပ်ချည်းသက်သက်ဖြစ်တာကိုဖြစ်စေ၊ နာမ်ချည်းသက်သက်ဖြစ်တာကိုပဲဖြစ်စေ သံသရာဟူ၍မှတ်ပါ။

ရှင်းရှင်းမပြောရလျှင် လူဖြစ်တာ၊နတ်ဖြစ်တာ၊ပြိတ္တာဖြစ်တာ၊နွားဖြစ်တာ၊ခွေး ကြွက်ဖြစ်တာ (အသညသတ်) ရုပ်ချည်းသက်သက်ပဲဖြစ်စေ (အရူပဘုံမှာ)နာမ်ချည်းသက်သက် ဖြစ်ရတာလဲ သံသရာပဲ၊ ဒီလိုအဖြစ်မျိုးဖြစ်နေတာကို သံသရာလည်ကယ်လို့ခေါ်ပြီး ဒီအဖြစ်အပျက်တွေမဖြစ်ရတော့သည်ကို သံသရာမလည်ဘူး၊ သံသရာစက်ပြတ်သည်ဟု နားလည်ရပါမည်။

သံသရာနှင့်ဝဋ်ဆက်စပ်ခြင်း

ဝဋ္ဋနိဿိတ - သံသရာဝဋ်ကိုမှီသော ဒါန-သီလ-ဘာဝနာတည်းဟူသော ကုသိုလ်များ (သံသရာလည်စေခြင်း)

ဝိဝဋ္ဋနိဿိတ - သံသရာဝဋ်မှကင်းရာဖြစ်သော နိဗ္ဗာန်ကို မှီသောကုသိုလ်များ (သံသရာမှလွတ်ခြင်း/ပြတ်ခြင်း)

သို့ဖြစ်၍ ဘုံသုံးပါး၌ဖြစ်သော လူနတ်တို့၏စည်းစိမ်ချမ်းသာကိုလိုချင် တောင့်တပြီးသော၊ ပြုသောကုသိုလ်သည် <u>သံသရာကိုလည်စေသည်</u> နိဗ္ဗာန်ကိုတောင့်တပြီး ပြုသောကုသိုလ်များသည် သံသရာပြတ်စေမည့် ကုသိုလ်ဖြစ်သဖြင့် <u>သံသရာမှ လွတ်မြောက်စေသည်။</u>

ဝိဝဋ္ဋနိဿိတကုသိုလ် သံသရာမလည်တော့ဘူးလား

ဝဋ္ဋနိဿိတကုသိုလ် (သံသရာလည်စေသောကုသိုလ်)မှာ သံသရာကို လည်စေသည်ဟု ဆုံးဖြတ်သလို ဝိဝဋ္ဋနိဿိတကုသိုလ်(သံသရာကိုပြတ်စေသောကုသိုလ်) သော်မှပင် မိမိတို့သန္တာန်၌ အဝိဇ္ဇာတဏှာ၊ ဉပါဒါန်၊ ကံဟူသောအကြောင်းတို့ကို အရဟတ္တမဂ်ဉာဏ်ဖြင့် မသတ်သေး၍ ရဟန္တာအဖြစ်သို့ မရောက်သေးသမျှ ကာလပတ်လုံးဆိုခဲ့သော သံသရာထဲ၌ပင် လည်ရတော့မည်ဟု မုတ်ချယုံကြည်ရပါမည်။

သံသရာပြတ်သည့်ကုသိုလ်ကိုပြုလျှက်နှင့် သံသရာမှာလည်စေသေးလျှင် ဘာထူးသေးတုံး ဆိုလျှင်-ထူးပါသည်၊သံသရာ၌ကောင်းသောလည်ခြင်းဖြစ်လေအောင် ဒါန၊ သီလ၊ ဘာဝနာ

တည်းဟူသော ကုသိုလ်များကို ပြုလုပ်ရပါမည်။ နိဗ္ဗာန်ကိုတောင့်တ၍ ပြုလုပ်သော ကုသိုလ်ဖြစ်လျှင် လောကီမဂ္ဂင်ကံများဖြစ်၍ နိဗ္ဗာန်သို့ရောက်စေနိုင်ပါသည်။ ၎င်းကို ပါရမီကံများဟုလည်း ခေါ်ဆိုအပ်သည်။ ထို့ကြောင့် အလောင်းတော်များသည် ပါရမီကံတည်းဟူသော ပါရမီဆယ်ပါးကုသိုလ်များကို ပြုလုပ်ဆည်းပူးတော်မူကြပြီးလျှင် ဘုရားအဖြစ်သို့ ရောက်တော်မူသည်။

အဆိုပါကုသိုလ်သည် သံသရာမှထွက်မြောက်လိမ့်မည်ဟု ကံ-ကံ၏အကျိုးကို ယုံကြည်ပြီးပြုအပ်သောကြောင့် ကမ္မဿကတသမ္မဒိဋ္ဌိကံလည်း မည်၏။ ထိုကမ္မဿကတသမ္မဒိဋ္ဌိကံများကို ဆည်းပူးအားထုတ်ကြပြီးလျှင် နိဗ္ဗာန်သို့ရောက်သွားကြသူတွေကား အများအပြားပင်ဖြစ်လေသတဲ့။ ဒါကြောင့် သံသရာဖြစ်စေတဲ့ ကုသိုလ်ကိုသာ ပြုသင့်ပါတယ် (ထူးထူးခြားခြားလုပ်စရာမလိုဘဲ စိတ်ကလေးပြောင်းလိုက်ရုံပါပဲ)

မြန်မာတွေဟာ ကမ္ဘာမှာ အလှူဒါနအများဆုံးလုပ်ကြပါရက်နဲ့ ဘာကြောင့် ဆင်းရဲနေသလဲဆိုရင်၊ အလှူဒါနကိုမလုပ်တတ်ကြလို့ပင်ဖြစ်ပါတယ်။ လိုအပ်တဲ့နေရာတွေမှာ မလှူကြဘဲ ထင်ပေါ်တဲ့နေရာတွေမှာသာ လှူချင်ကြတယ်။ ရဟန်းခံရှင်ပြုပင်လျှင် မပြုလုပ်တတ်တော့ ကုသိုလ်နဲနဲပင်ရပါတယ်။ ဘုရားတည်တာကိုတော့ ဇော်တော်များများ လုပ်ချင်ကြပေမဲ့၊ ဆင်းရဲသော ပရဟိတဂေဟာများကို လှူတာနဲပါတယ်။ ကုဋီဆောက်ပါဆိုရင် သိပ်မလုပ်ချင်၊ ဒါကြောင့် ဗုဒ္ဓဘာသာဝင်တွေ ငွေကုန်သလောက် ရာနှုန်းပြည့်ကုသိုလ်ရအောင် အသိတရားရစေချင်ပါတယ်။ For Show တွေ များနေကြတာ သတိပြုကြပါ။

လောကီဥပမာအဖြစ် တစ်ခုပြောရလျှင် ရန်ကုန်မှမန္တလေးရထားလမ်းတွင် မန္တလေးသည် လမ်းဆုံးဖြစ်၍ မန္တလေးထိရည်ရွယ်လျှင် မန္တလေးလက်မှတ်ဝယ်ရပါမည်။ တောင်ငူတွင် (လမ်းခုလပ်)ဆင်းလိုသူသည် တောင်ငူလက်မှတ်ယူရပါမည်။ တောင်ငူ လက်မှတ်ဝယ်ထားသူသည် လမ်းဆုံးထိသွားရန် အခွင့်အရေးမရှိနိုင်ပါ။ မန္တလေးလက်မှတ်ဝယ်သူမှာတော့ အခြေအနေအရပ်ရပ်အဆင်ပြေလျှင် မန္တလေးသို့ရောက်ရန် အခွင့်အရေး အပြည့်အဝရှိသည်။ အကြောင်းမညီညွတ်သေးရင်တော့ လမ်းခုလပ်မှာ ဆင်းရမှာပဲ၊ ဒါပေမဲ့ သူ့တွင် အခွင့်အရေးတော့ရှိပါသည်။ ဒါကြောင့် သံသရာပြတ်စေသော ကုသိုလ်သည် မန္တလေးလက်မှတ်ရရှိသူ (လမ်းဆုံးသို့ရောက်ရန်) မန္တလေးရောက်ရန် အခွင့်အရေးရှိသူ ဖြစ်သောကြောင့် သံသရာလွတ်သည့် ကုသိုလ်မျိုးကိုသာ လုပ်ကြပါလို့ တိုက်တွန်းပါတယ်၊ နိဗ္ဗာန်ကိုသာ ရည်မှန်းကုသိုလ်ပြုကြပါ။

ဒါနဟာသံသရာရှည်စေသလား

ဗုဒ္ဓဘာသာဝင်အချို့သည် ဒါနကို သံသရာရှည်စေသည်ဟု အတွေးအခေါ် ရှိကြသည်။ သံသရာအရှည်အတိုဝယ် ဒါနကိုယိုးမယ်မဖွဲ့သင့်၊ ဒါနက သံသရာရှည်စေသည်မဟုတ် "ဤဒါနကြောင့် လူ့စည်းစိမ်နတ်စည်းစိမ်တွေ ခံစားရတော့မည်"ဟု ၎င်းတို့ကို တောင့်တမှုတဏှာဇောက သံသရာရေကြောခွဲမျောစေခြင်းဖြစ်ပါသည်။

လူနတ်တို့၏ စည်းစိမ်တွေကို တောင့်တပြုလျှင် ဒါနသာမဟုတ် သီလသမထ ဝိပဿနာတို့သည်လည်း သံသရာရှည်စေသည်မှာ အမှန်ပင်ဖြစ်သည်။ ဒါနကို သံသရာရှည် စေသည်ဟု ခွဲထုတ်တာကတော့ မိမိတို့၏ သဒ္ဓါမဲ့၍ မလှူချင်တာကို ဖော်ပြတာနဲ့ အတူတူပင် ဖြစ်တယ်။

ဒါနအားကြီးတော်မူကြသော ဘုရားရှင်ပေါင်း အသင်္ချေနှင့်အနန္တဂဏ်ဝါဠူ သဲစုမက ကျွတ်တမ်းဝင်တော်မူသွားကြပြီးဖြစ်ပါလျှက် သင်တို့ကျွန်ုပ်တို့ ယခုတိုင် မကျွတ်ရသေးသည်မှာ ထိုဘုရားရှင်တို့ထက်ပင် ဒါနတွေ အားကြီးနေလို့လား၊ သတိထားလိုက်ပါ။

ဝေဿန္တရာမင်းကြီးဘုရားမဖြစ်မှီ နှစ်ဘဝလောက်က အကြီးအကျယ် ဒါနပြုတော်မူခဲ့တယ်။ ထိုဒါနကတော့ အဘယ်ကြောင့် သံသရာမရှည်စေပါသလဲ။ မစင်ကြယ်သော တဏှာဇောကြောင့်သာ သံသရာကြော မျောရသည်ဟုမှတ်ပါ။

အရိယာများပင် သံသရာလည်ပုံ

မဂ်ဖိုမရသေးသော ပုထုဇဉ်တို့၏ ဒါန သီလ သမထ ဝိပဿနာကုသိုလ်မှာ ဘဝအရေအတွက်မရှိ ပဋိသန္ဓေအကျိုးပေးကြောင်း ထင်ရှားပါတယ်။ သောတာပန်ပုဂ္ဂိုလ်သော်မှ သုဂတိဘုံ၌ (၇)ဘဝကျင်လည်ရသေး၏။ သောတာပန်မဆိုထားနှင့် အနာဂါမ် ပုဂ္ဂိုလ်သော်မှ အထက်အရဟတ္တမဂ်-ဖိုလ်ကိုထိုးထွင်း၍ မသိမီ စုတေသွားသည်ရှိသော ဗြဟ္မာပြည်၌လည်ရသေးသည်။ ထို့ကြောင့် မည်သည့်ပုဂ္ဂိုလ်မဆို ရဟန္တာမဖြစ်သေးသမျှ ကာလပါတ်လုံး သံသရာမှာလည်ရသည်ဟု မှတ်သားရပါမည်။

အလှူရှင်များ သတိပြုရန်

(၁) မစိုက်ပျိုးမီ မိမိမျိုးစေ့ကိုပြုပြင်မှု မပြုပြင်မှုလိုက်၍ အပင်အသီးကွာခြားသကဲ့သို့ မိမိ၏ ပုဗ္ဗစေတနာများကိုလည်း ထက်သန်အောင်ပြု-မပြုလိုက်၍ အကျိုးပေးကွာခြားဖွယ်ရှိပါသည်။

(၂) လယ်ယာမျိုးစေ့ကို စိုက်ပျိုးပြီးနောက် ရေလောင်းခြင်း၊ ပေါင်းသုတ်သင်ခြင်း စသည်ကို ပြု-မပြု လိုက်၍ အပင်အသီးကွာခြားသကဲ့သို့ လှူဒါန်းပြီးနောက် ထိုကုသိုလ်ကိုထပ်မံ၍ သတိရမှု၊ သတိရတိုင်း ဝမ်းမြောက်မှု၊ အပရစေတနာထက်သန်-မသန်လိုက်၍ အကျိုးပေးကွာခြားဖွယ်ရှိပါတယ်။

(၃) မျိုးစေ့-လယ်ယာတို့က အားလုံးအဆင်သင့်သော်လည်း စိုက်ပျိုးသင့်သောအခါ၌ စိုက်ပျိုးမှ အပင်အသီး ဖွံ့ထွားသကဲ့သို့ အလှူခံလှူဖွယ်ဝတ္ထုတို့ကို အသွယ်သွယ်အဆင်သင့်သော်လည်း လှူသင့်သောအခါ (လိုအပ်နေသောနေရာဝယ်) လှူမှ ဖွံ့ဖွံ့ထွားထွား အကျိုးများဖွယ်ရှိပါတယ်။

<u>သတိပြုရန်</u>

သံသရာ၌ကောင်းသော လည်ရခြင်းဖြစ်ရလေအောင် ဒါန၊ သီလ၊ ဘာဝနာတည်းဟူသော ကုသိုလ်ကောင်းမှုများကို ကြိုးစားပြုလုပ်အားထုတ်ကြရပါမယ်။ ထိုသို့ ပြုလုပ်ရာတွင်

လည်း သံသရာမှလွတ်မြောက်နိုင်ကြောင်း ကုသိုလ်များဖြစ်ရလေအောင် နိဗ္ဗာန်ကို လိုချင်တောင့်တ၍ ကုသိုလ်ကောင်းမှုများသာ လုပ်သင့်ပါကြောင်း အသိပေးအပ်ပါသည်။

ဒါနပြုလျှင် ချမ်းသာအောင် ဆုတောင်းစရာမလို မလွဲမသွေ သံသရာချမ်းသာရမှာပါ။ နိဗ္ဗာန်ကိုသာ တောင့်တပြုလုပ်ပါ။

* သံသရာမလည်ရအောင်လို့ ဝိပဿနာအားထုတ်တယ်၊ ရဟန္တာမဖြစ်သေးသမျှ သံသရာထဲ၌ပင် လည်ရတယ်။
* ကုသိုလ်ကောင်းမှုမပြုသူကလည်း သံသရာလည်ရမှာပဲ
* သံသရာထဲသွားရခြင်းအတူတူ ဒါနသီလကို့ပါ စုံသွားသူက အဆင်ပြေတယ်။ "ဒါနတော ဘဂဝါ၊ သီလတော သုခိတာ ကောင်းမှုကုသိုလ်မပြုသူကတော့ မကောင်းသဖြင့် သံသရာလည်ရမယ်။
* နိဗ္ဗာန်ကိုလိုချင်ပြီးတော့ ဒါနသီလ သမထဝိပဿနာတို့ကို အားထုတ်လျှင်ကား သံသရာထဲ၌ ကောင်းကောင်းလည်ပြီးသည်၏အဆုံး၌ ၎င်းဒါနစသော ကုသိုလ် များက အရဟတ္တဖိုလ်တိုင်အောင် ရောက်စေနိုင်၍ ရဟန္တာဖြစ်ပြီး နိဗ္ဗာန်ဝင်စံရအံ့။

****

ယောနိသောမနသိကာရ

ဗုဒ္ဓမြတ်စွာဘုရား၏ ဩဝါဒအကျဉ်းချုပ်

လိုက်နာကျင့်ကြံမှု အပိုင်း

မြတ်စွာဘုရားရဲ့ တရားတော်မှာ လိုက်နာစရာ ဆုံးမဩဝါဒတွေ၊ လိုက်နာရင်လဲ ဒလောကီကျိုးဖြစ်စေ၊ လောကုတ္တရာကျိုးဖြစ်စေ၊ နှစ်ကျိုးလုံးဖြစ်စေ မုချရစေနိုင်တဲ့ အဆုံးအမတွေ အလွန်များပါတယ်။ အခြေအနေ အမျိုးမျိုးမှာ ပုဂ္ဂိုလ်အမျိုးမျိုးရဲ့ စရိုက်အမျိုးမျိုးကို ကြည့်ပြီး ဟောကြားဆုံးမထားတဲ့ အဆုံးအမတွေဖြစ်လို့ အမျိုးအစားလဲ များပြားလှပါတယ်။ သို့သော်လဲ အဲဒီများပြားလှတဲ့ အဆုံးအမတွေအားလုံး ပါဝင်အောင် အနှစ်ထုတ် အကျဉ်းချုပ် ပြီးတော့လဲ ရံဖန်ရံခါ ဆုံးမတော်မူလေ့ရှိပါတယ်။ အဲဒီအကျဉ်းချုပ် အဆုံးအမကတော့ -

သဗ္ဗပါပဿ အကရဏံ = မကောင်းမှု ဟူသမျှ မပြုလုပ်ခြင်း၊

ကုသလဿ ဥပသမ္ပဒါ = ကောင်းမှု မှန်သမျှ ပြည့်စုံစေခြင်း၊

သစိတ္တပရိယောဒပနံ = မိမိစိတ်ကို ဖြူစင်အောင် ထားခြင်း၊

ဒီသုံးချက်ပါပဲ။ ဒီအချက်သုံးချက်ထဲမှာ မြတ်စွာဘုရားရဲ့ အဆုံးအမ အားလုံး အကျုံးဝင်သွားပါတယ်။ ဒါကြောင့် -

ရှောင်ရန်နှင့် ဆောင်ရန်

အဲဒီအချက်သုံးချက်ထဲက မကောင်းမှုဟူသမျှ မပြုလုပ်ခြင်းဆိုတဲ့ အချက်မှာ မကောင်းမှုဆိုတာ တစ်စုံတစ်ယောက်ကို ထိပါးနစ်နာစေတဲ့အတွက် အပြစ်မကင်းတဲ့ အပြုအမူ အပြောအဆို အကြံအတွေးတွေပါပဲ။ အဲဒါတွေ မရှောင်ရင် မကောင်းကျိုးတွေရမှာ မုချမို့ အဲဒီမကောင်းမှုတွေကို လုံးဝရှောင်ကြဉ်ပါတဲ့။ ကောင်းမှုဆိုတာကတော့ ဘယ်သူ့ကိုမှ မထိပါး မနစ်နာစေတဲ့အတွက် အပြစ်ကင်းတဲ့ အပြုအမူ အပြောအဆို အကြံအတွေးတွေပါပဲ။ အဲဒါတွေကို ပြုလုပ်ရင် ကောင်းကျိုးတွေ မုချရမှာ ဖြစ်တဲ့အတွက် အဲဒီကောင်းမှု တွေကို ပြုလုပ်နိုင်သမျှ ပြုလုပ်ပါ၊ ဆည်းပူးစုဆောင်းပါတဲ့။

စိတ်ထားဖြူစင်စေတဲ့ နည်းများ

မိမိစိတ်ကို ဖြူစင်အောင်ထားပါ ဆိုတဲ့အချက်နဲ့ ပတ်သက်လို့ စိတ်ထဲမှာ လောဘ ဒေါသ မောဟ မာန ဒိဋ္ဌိစတဲ့ အညစ်အကြေးတွေရှိနေရင် အလွန်ဆင်းရဲပါတယ်။ ဒါကြောင့် အဲဒီ စိတ်အညစ်အကြေးတွေ နည်းနိုင်သမျှနည်းပြီး ဖြစ်နိုင်ရင် လုံးဝမရှိဘဲ စိတ်ကလေး ဖြူစင်ကြည်လင်နေအောင် ထားဖို့ပါပဲ။ အဲဒီလို စိတ်ထားဖြူစင်အောင် အကြမ်းဖျင်းအားဖြင့် နည်းနှစ်နည်းကို အသုံးပြုနိုင်ပါတယ်။

အဲဒီ နှစ်နည်းက (၁) ယောနိသောမနသိကာရ နည်းနဲ့ (၂) ဝိပဿနာရှုတဲ့ နည်းပါပဲ။

အဆင်ပြေအောင်နှလုံးသွင်းတဲ့နည်း

ယောနိသော မနသိကာရဆိုတာ သင့်တင့်အောင် ဆင်ခြင်နှလုံးသွင်းခြင်း၊ အဆင်ပြေအောင် ဆင်ခြင်နှလုံးသွင်း ကုသိုလ်ဖြစ်အောင် ဆင်ခြင်နှလုံးသွင်းခြင်းပါပဲ။ ဘယ်လောက်ဆိုးနေဆင်းရဲနေတဲ့ အခြေအနေမှာ ရောက်ရရောက်ရ၊ ဘယ်လောက်ဆိုးဝါးတဲ့ ဖြစ်ရပ်နဲ့ ကြုံရကြုံရ အဲဒီအခြေအနေ အဲဒီဖြစ်ရပ်ကို သင့်တင့်အောင် အဆင်ပြေအောင် ကြည့်တတ်ဖို့ နှလုံးသွင်းတတ်ဖို့ပါပဲ။ တွေ့လာကြုံလာတဲ့ အကြောင်းအရာအဖြစ်အပျက် အခြေအနေ ပေါ်မှာ မကောင်းတဲ့အချက်တွေ ဖယ်ထားပြီး ကောင်းတဲ့အချက်တွေကိုပဲ တတ်နိုင်သမျှ ရွေးထုတ်ပြီး ကြည့်ဖို့ ဆင်ခြင်ဖို့ နှလုံးသွင်းဖို့ပါပဲ။ အကောင်းကြည့် ဝါဒပေါ့။ "အရှုံးထဲက အမြတ်ထုတ်" ဆိုသလို "အဆိုးထဲက အကောင်းကို ရွေးကြည့်ဖို့" ပါပဲ။ ဒီလိုဆိုရင် စိတ်ဖြူစင်သလောက် ဖြူစင်နေတာမို့ အတော်ကြီး စိတ်ချမ်းသာနိုင်ပါတယ်။ စိတ်ကို လေ့ကျင့် ပေးရင် ရသလောက် ရပါတယ်။

အဆိုးကိုစွဲလန်းတတ်တဲ့လူ့သဘာဝ

များသောအားဖြင့် လူ့သဘာဝက အဆင်မပြေတဲ့ အခြေအနေ အကြောင်းအရာ အဖြစ်အပျက်နဲ့ တွေ့ရကြုံရင် အဲဒီအထဲက အဆင်မပြေတဲ့ အချက်ကလေးကိုသာ စိတ်က စွဲနေတတ်ပြီး ဒါကလေးကိုပဲ တနုံ့နုံ့တွေးပြီး စိတ်ဆင်းရဲနေတတ်ပါတယ်။ ကောင်းတဲ့ အဆင်

ပြေတဲ့ အချက်တွေကိုတော့ မေ့နေတတ်ပါတယ်။ အခြေအနေအဖြစ်အပျက် အကြောင်းရပ်တိုင်းမှာ အဆင်မပြေတာ ဆိုးတာတွေ ရှိသလို အဆင်ပြေတာ ကောင်းတာတွေလဲ ရှိပါ တယ်။ အဲဒီလို ရှိတဲ့အထဲက ဆိုးတဲ့အချက်တွေကို မစဉ်းစားမိအောင် တတ်နိုင်သမျှ ရှောင်ရှား ပြီးတော့ ကောင်းတဲ့အချက်တွေကိုပဲ ရွေးချယ်ဖော်ထုတ်ပြီး ဆင်ခြင်နှလုံးသွင်းတတ်အောင် စိတ်ကို လေ့ကျင့်ထားရပါမယ်။ လေ့ကျင့်ရင် အတော်ကြီး ထမြောက်အောင်မြင်သည်အထိ ရတတ်ပါတယ်။ ဒါဟာ ယောနိသော မနသိကာရ = အဆင်ပြေအောင် နှလုံးသွင်းခြင်းပါပဲ။ စိတ်ကို ဖြူစင်စေ ချမ်းသာစေတဲ့ နည်းထဲမှာ လူတိုင်း လက်လှမ်းမီတဲ့ နည်းပေါ့။

ပင်ကိုစိတ်ထားပြုပြင်ဖို့လိုသည်။

သို့သော်လဲ မိမိရဲ့ ပင်ကိုစိတ်ဓာတ်ကိုက သူတစ်ပါးကို ငဲ့ညှာသနား မေတ္တာထားတတ်တဲ့စိတ်၊ သူတစ်ပါးကို ကူညီရိုင်းပင်းတတ်တဲ့ စိတ်၊ သူတစ်ပါး ကောင်းစားတာ ချမ်းသာတာကို ဝမ်းသာကြည်နူးတတ်တဲ့ စိတ်၊ ချီးကျူးနိုင်တဲ့ စိတ်ထားမျိုးရှိမှသာ သင့်တင့်အောင် အဆင်ပြေအောင် နှလုံးသွင်းလို့ လွယ်ကူပါတယ်။ တနည်းပြောရရင် မိမိသန္တာန်မှာကိုက အခြေခံ စိတ်ကောင်း စိတ်မြတ်ကလေးတွေ ရှိသလောက် ရှိနေမှသာ ယောနိသော မနသိကာရ ဖြစ်ဖို့ လွယ်ကူပါတယ်။

အဲဒီလို မဟုတ်ဘဲနဲ့ မိမိပင်ကို စိတ်ဓာတ်က သူတစ်ပါး ကောင်းစားတာ ချမ်းသာတာကို မနာလို မရှုစိမ့်တဲ့ စိတ်တွေ၊ သူတစ်ပါးကို ဖျက်လိုဖျက်ဆီး ပြုလုပ်ချင်တတ်တဲ့ စိတ်တွေ၊ လွန်ကဲတဲ့ လောဘ ဒေါသ မာန်မာန စိတ်တွေသာ များပြားအားကောင်းနေရင်တော့ ယောနိသော မနသိကာရ စိတ်ထားဖြစ်ဖို့ အတော်ခဲယဉ်းပါလိမ့်မယ်။ လိုရင်းကတော့ စိတ်ထား ယုတ်ညံ့တဲ့လူအတွက် ယောနိသောမနသိကာရဖြစ်ဖို့ ခက်တယ်လို့ ဆိုလိုပါတယ်။ ဒီတော့ အဲဒီလို လူမျိုးအတွက် စိတ်ထားမဖြူနိုင်တော့ စိတ်ချမ်းသာဖို့ အခွင့်အလမ်း အလွန်နည်းနေပြီး ဆင်းရဲနေမှာသာ များတာပါပဲ။

ဒီတော့ ဗုဒ္ဓရှင်တော်မြတ်ဘုရားရဲ့ အဆုံးအမ တရားတော်တွေကို ရှာဖွေလေ့လာ ဆည်းပူး စုဆောင်းပြီး အခြေခံစိတ်ကောင်း စိတ်မြတ်တွေ မွေးမြူဖို့ အလွန်အရေးကြီးပါတယ်။

အထက်တန်းအကျဆုံးနည်း

အမှတ်နှစ်ဖြစ်တဲ့ ဝိပဿနာပွားများ အားထုတ်ခြင်းဖြင့် စိတ်ဖြူစင်အောင်လုပ်တဲ့ နည်းကတော့ အကောင်းဆုံးနည်းပါပဲ။ ဝိပဿနာဆိုတာ ရုပ်လို့ခေါ်တဲ့ ခန္ဓာကိုယ်နဲ့ နာမ်လို့ ခေါ်တဲ့စိတ်မှာ ဖြစ်နေတဲ့ သဘာဝတွေကို အရှိအတိုင်း သတိနဲ့စောင့်ကြည့်တာကို ခေါ်တာပါပဲ။ စောင့်ကြည့်စောင့်ရှုပါ များလာတော့ စိတ်တည်ငြိမ်လာပြီး သမာဓိ ဖြစ်လာပါတယ်။ အဲဒီတော့ စောင့်အကြည့်ခံ ရုပ်သဘာဝ စိတ်သဘာဝတွေကို အရှိသဘာဝအတိုင်း သိသိလာပါတယ်။ အဲဒီလို သိနေတဲ့အခါမှာ မရှုမသိရင် ဖြစ်လာနိုင်တဲ့ စိတ်ညစ်စိတ်မဲတွေ ကိလေသာတွေ မဖြစ်လာတော့ပါဘူး။ ဒီတော့ စိတ်ကလေး ဖြူစင်ကြည်လင်နေတဲ့အတွက် ချမ်းသာနေပါတယ်။

ဒါဟာ သစိတ္တပရိယောဒါပနံ=မိမိစိတ်ကို ဖြူစင်အောင် ထားရမည် ဆိုတဲ့ မြတ်စွာဘုရားရဲ့ အဆုံးအမတော်ကို အထက်တန်းအကျဆုံး လိုက်နာခြင်းပါပဲ။

ယောနိသော မနသိကာရ

ဒီနှစ်နည်းအနက်က ယောနိသောမနသိကာရ နည်းကိုတော့ လူတိုင်းလိုက်နာ ကျင့်သုံးနိုင်ကြပါတယ်။ ဝိပဿနာနဲ့စိတ်ကို ဖြူစင်စေတဲ့ နည်းကိုတော့ လူတိုင်း လိုက်နာ ကျင့်သုံးမှု မပြုနိုင်ကြဘူး။ ဘာကြောင့်လဲဆိုတော့ ခက်တယ်လို့ ထင်ကြတဲ့အတွက်ပါပဲ။ တကယ်တော့ အများထင်သလို မခက်ပါဘူး။ လေ့ကျင့်ပွားများကြည့်မိရင် မခက်ဘူးဆိုတာ တွေ့ကြရမှာပါပဲ။

ယောနိသောမနသိကာရ၏ အမြင့်ဆုံးအဓိပ္ပါယ်

ဒီနေရာမှာ တစ်ခုတော့ သတိပြုရပါမယ်။ စိတ်ကို ဖြူစင်စေတဲ့ နည်းကို အကြမ်းဖျင်းအားဖြင့် သင့်တင့်အောင် နှလုံးသွင်းခြင်း=ယောနိသော မနသိကာရနဲ့ ဝိပဿနာ ရှုတဲ့နည်းလို့ ခွဲခြားပြောခဲ့ပါတယ်။ သို့သော်လဲ ယောနိသောမနသိကာရရဲ့ အမြင့်ဆုံး အဓိပ္ပာယ်ကို ယူပြောရရင်တော့ ဝိပဿနာနဲ့ ယောနိသောမနသိကာရဟာ အတူတူပါပဲ။ ဘာကြောင့်လဲဆိုရင် ဝိပဿနာဆိုတာ အနိစ္စ ဒုက္ခ အနတ္တ သဘောတွေကို ရှုသိတဲ့ ဉာဏ်လို့ အဓိပ္ပာယ်ရသလို ယောနိသော မနသိကာရရဲ့ အမြင့်ဆုံး အဓိပ္ပာယ်ကလဲ အနိစ္စ ဒုက္ခ အနတ္တ တရားတွေကို အနိစ္စ ဒုက္ခ အနတ္တ လို့ အမှန်အတိုင်း နှလုံးသွင်း ရှုပွားတာကိုပဲ ဆိုလိုတာ ဖြစ်လို့ပါပဲ။

အများသိသော မနသိကာရ

အခုဒီမှာ စိတ်ဖြူစင်ရေး နည်းလမ်းတစ်ခုအဖြစ်နဲ့ သုံးထားတဲ့ ယောနိသောမနသိကာရကိုတော့ သူ့ရဲ့အမြင့်ဆုံး အဓိပ္ပာယ်နဲ့သုံးတာ မဟုတ်ပါဘူး။ အရပ်သုံး အိမ်သုံး အများသိထားတဲ့ အသုံးအနှုန်းအတိုင်း အများသိလွယ်တဲ့ အဓိပ္ပာယ်နဲ့ သုံးလိုက်တာပါ။ အများသိထားတဲ့ ယောနိသောမနသိကာရရဲ့ အဓိပ္ပာယ်ကတော့ အသင့်အတင့် နှလုံးသွင်းခြင်းပါပဲ။ အသင့်အတင့်ဆိုတာ သင့်လျော်အောင် နှလုံးသွင်းတာ အဆင်ပြေအောင် နှလုံး သွင်းတာ ကုသိုလ်ဖြစ်အောင် နှလုံးသွင်းတာကို ဆိုလိုတာပါပဲ။ စိတ်ချမ်းသာအောင် ဆင်ခြင်နှလုံးသွင်းတာပါပဲ။ ဒီအဓိပ္ပာယ်ဟာ အရပ်သုံးပင်ဖြစ်သော်လဲ ကျမ်းဂန်လာစကားနဲ့ ညီညွတ်ပါတယ်။ မဟာဝဂ္ဂ သံယုတ်ပါဠိတော်၊ ဗောဇ္ဈင်္ဂသံယုတ်အဖွင့် သံယုတ်ဋီကာမှာ အယောနိသောမနသိကာရကို "အလိုရှိအပ်သော စီးပွားချမ်းသာကို ရခြင်း၏ အကြောင်းမဖြစ်သော နှလုံးသွင်းခြင်း"လို့ ဖွင့်ပြထားပါတယ်။ ဒီတော့ ယောနိသောမနသိကာရက "အလိုရှိအပ်သော စီးပွားချမ်းသာကိုရခြင်း၏ အကြောင်း ဖြစ်သော နှလုံးသွင်းမှု"ပေါ့။ သင့်လျော်အောင် အဆင်ပြေအောင် ကုသိုလ်ဖြစ်အောင် စိတ်ချမ်းသာအောင် နှလုံးသွင်းမှုပါပဲ။

အခု ပြောခဲ့တဲ့ စိတ်ဖြူစင်စေတဲ့ နည်းနှစ်နည်းအနက် အဆင်ပြေအောင် နှလုံးသွင်းတဲ့ ယောနိသောမနသိကာရ နည်းကတော့ လူတိုင်း အလွယ်တကူ အသုံးပြုနိုင်တဲ့ ဆေးမီးတို

နည်းပေါ့။ ဝိပဿနာရှုတဲ့နည်းကတော့ ညစ်မဲတဲ့စိတ်တွေ အမြစ်ပြတ် ဖြူစင်စေတဲ့ မြစ်ဖြတ်ဆေးနည်းလို့ ဆိုရပါလိမ့်မယ်။ ဒီနည်းကတော့ အချိန်ယူပြီး ရေရှည်အားထုတ် ရတဲ့ နည်းဆိုတော့ အချို့ပုဂ္ဂိုလ်များမှာ အသုံးပြုနိုင်ရေးအတွက် အကြောင်းညီညွတ်ဖို့ နည်းနည်း အခက်အခဲရှိတတ်ပါတယ်။ အကျိုးသက်ရောက်မှုချင်း ကျတော့ ပထမနည်းနဲ့ အလွန်ကွာခြားလှပါတယ်။

တခြားနည်းများ

အခုပြောခဲ့တဲ့ နည်းနှစ်နည်းအပြင် စိတ်ကိုဖြူစင်စေတဲ့ တခြားနည်းတွေလဲ ရှိပါသေးတယ်။ အဲဒီနည်းတွေကတော့ စိတ်ကိုညစ်မဲစေတဲ့ အကုသိုလ်အာရုံတွေနဲ့ မကြုံရ မတွေ့ရအောင် နေတဲ့နည်း၊ တွေ့လာရင်လဲ အကုသိုလ်စိတ်ညစ်စိတ်မဲတွေ မဖြစ်ရအောင် စိတ်ထားမယ်လို့ စိတ်ကိုကြိုတင် ဆုံးဖြတ်သတ်မှတ်တဲ့နည်း၊ ပြီးတော့ အကုသိုလ်အာရုံကို အာရုံပြုမိလို့ လောဘ ဒေါသစတဲ့ စိတ်အညစ်အမဲ ဖြစ်ပေါ်လာရင် စိတ်ကို ဘုရား တရားစတဲ့ ကုသိုလ်အာရုံပေါ်ကို ပြောင်းပေးတဲ့နည်း စသည်တွေပါပဲ။

မကြုံစေနှင့်

ပထမဆုံး စိတ်ညစ်မဲစေတဲ့ အကုသိုလ်အာရုံတွေနဲ့ မကြုံရမတွေ့ရအောင် ရှောင်နေတဲ့နည်းကတော့ ထင်ရှားပါတယ်။ စိတ်ဆိုတာ လောဘ ဒေါသ ဖြစ်စရာ အာရုံနဲ့ ပက်ပင်းပါကိုးနေ တွေ့နေပြီဆိုရင် လောဘ ဒေါသ စိတ်အညစ်အကြေး အနည်းနဲ့အများ ဖြစ်တော့တာပါပဲ။ ပင်ကိုဗီဇမောတ်ခံ စိတ်ကောင်းစိတ်မြတ်ရှိပြီး စိတ်ကို အလေ့အကျင့် လုပ်ထားတဲ့ ပုဂ္ဂိုလ်များမှာသာ မဖြစ်ပဲရင်လဲနေမယ်၊ အဖြစ်သက်သာရင်လဲသက်သာမယ်။ သာမန် ပုဂ္ဂိုလ်များမှာတော့ တွေ့လိုက်တာနဲ့ လောဘဒေါသ တန်းဖြစ်တော့တာပဲ။ ဒီတော့ အဲဒီလို စိတ်ညစ်မဲစေတဲ့ အာရုံမျိုးကို မကြုံရမတွေ့ရအောင် တတ်နိုင်သမျှ ရှောင်နေရင် စိတ်အညစ်အမဲ လုံးဝမဖြစ်ဘဲရင်လဲ နေမယ်၊ ဖြစ်ပင်ဖြစ်သော်လဲ အာရုံတိုက်ရိုက် တွေ့နေရတာမဟုတ်လို့ အနည်းအကျဉ်းလောက်သာ ဖြစ်ပေလိမ့်မယ်။ ဒီလိုဆိုရင် စိတ်ချမ်းသာပြီပေါ့။

ကြိုတင်သတ်မှတ်တဲ့နည်း

အကယ်၍ မရှောင်သာလို့ စိတ်ညစ်မဲစေတဲ့ အာရုံနဲ့ တွေ့ကြုံရတော့မယ်၊ သို့မဟုတ် တွေ့ကြုံနေရပြီ ဆိုရင်တော့ ဒီလိုအာရုံတွေနဲ့ တွေ့တောင်မှ စိတ်အညစ်အကြေး မဖြစ်စေရဘူးလို့ ကြိုတင်ဆုံးဖြတ် သတ်မှတ်တဲ့ နည်းကိုသုံးရင် အညစ်အကြေး အဖြစ် သက်သာသလောက် သက်သာပါတယ်။ ကြိုတင်ပြီးတော့ တရားသဘောတွေကို ဆင်ခြင်နှလုံးသွင်းထားခြင်း၊ သည်းခံခွင့်လွှတ်နိုင်အောင် စိတ်ကို လေ့ကျင့်ထားခြင်းအားဖြင့် လောဘ ဒေါသ စသည် မဖြစ်အောင် ကြိုတင်ဆုံးဖြတ်သတ်မှတ်ထားရင် အောင်မြင်သလောက် အောင်မြင် ပါတယ်။

အာရုံပြောင်းတဲ့နည်း

အာရုံပြောင်းခြင်းအားဖြင့် စိတ်ဖြူစင်စေတဲ့ နည်းလဲ အတော်ထိရောက်ပါတယ်။

လောဘ ဒေါသ အညစ်အကြေးဖြစ်စရာ အာရုံနဲ့တွေ့လို့ စိတ်အညစ်အကြေး ဖြစ်လာပြီဆိုရင် အဲဒီအာရုံကို အာရုံမပြုတော့ဘဲ ဘုရား,တရား,သံဃာအာရုံ၊ မိမိပြုထားတဲ့ ဒါန သီလ ဘာဝနာ ဝေယျာဝစ္စ အစရှိတဲ့ ကောင်းတဲ့အာရုံတွေပေါ် စိတ်ကို အတင်းပြောင်းတင်ပေးပြီး အဲဒီအာရုံတွေရဲ့ ကြည်နူးနှစ်သိမ့်ဖွယ် အားရကျေနပ်ဖွယ် သဘောတွေကို အကြိမ်ကြိမ် အဖန်ဖန် ဆင်ခြင်ပွားများနေရပါမယ်။ အဲဒီလိုဆိုရင် အညစ်အကြေးဖြစ်စရာ အာရုံ ဆီကို စိတ်ပြန်ရောက်ဖို့ အခွင့်အလမ်း အတော်ကြီး နည်းသွားတာမို့ စိတ်ဖြူစင်သလောက် ဖြူစင်သွားပါတယ်။ ဒီလိုဆိုရင် ချမ်းသာပါတယ်။

ကုသိုလ်ကောင်းမှုမပြတ် ပြုတဲ့နည်း

ပြီးတော့ စိတ်ကို ကုသိုလ်လုပ်ငန်းတွေနဲ့သာ အမြဲတစေ ထိတွေ့နေအောင် ကြိုးစားတဲ့ နည်းဟာလဲ စိတ်အညစ်အကြေးကို လျှော့ချတဲ့ နည်းကောင်းတစ်ခုပါပဲ။ သံဃာတော် များမှာ ပရိယတ္တိ တရားတော်တွေကို အမြဲမပြတ် ကြည့်ရှုလေ့လာနေရင်၊ သင်ယူပို့ချနေရင်၊ ဟောပြောနာယူနေရင်၊ ဆွေးနွေးမေးမြန်းနေရင် ကုသိုလ်စိတ်အစဉ်တွေပဲ မပြတ်ဖြစ်နေ တော့ အကုသိုလ်စိတ်အညစ်အကြေးတွေ ကင်းဝေးနေပါတယ်။ ပဋိပတ်ဖြစ်တဲ့ သမထ, ဝိပဿနာ ဘာဝနာတရား အားထုတ်နေရင်တော့ အကောင်းဆုံးပါပဲ။

လူဒကာ ဒကာမများမှာလဲ ဒါနပြု၊ ဥပုသ်စောင့်၊ တရားနာ၊ တရားအားထုတ်၊ တရားစာပေဖတ်ရှု၊ ဘုရားရှိခိုး၊ ဘုရားကို ပန်း ရေချမ်း ဆွမ်း ဆီမီး စသည် ကပ်လှူပူဇော်၊ ကျောင်းကန်ဘုရားသွား ကုသိုလ် ဝေယျာဝစ္စ ဆောင်ရွက်၊ အဲဒီလို စသည်ဖြင့် ကုသိုလ် အလုပ်တစ်ခုမဟုတ်တစ်ခုလုပ်နေရင် ဖြူစင်တဲ့စိတ်တွေပဲ အလေ့အကျင့်များနေတော့ စိတ်အညစ်အကြေးအဝင် အင်မတန် သက်သာပါတယ်။

အကြောင်းအားလျော်စွာ တခါတရံ လောဘဒေါသစတဲ့ အညစ်အကြေး ဝင်လာပြန်ရင်လဲ အခြေခံအားဖြင့် ဖြူစင်တဲ့စိတ်က အားကောင်းနေတာဖြစ်လို့ ချက်ချင်းပဲ ဖယ်ရှားပစ်လိုက်နိုင်တော့ ချမ်းသာပါတယ်။

အယုတ်ဆုံးအားဖြင့် အလုပ်လုပ်ရင်း ကိုင်ရင်းတောင်မှ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃဂုဏ်တော်တွေ ရွတ်ဆိုနေရင်၊ သတ္တဝါတွေ ချမ်းသာစေဖို့ မေတ္တာပို့နေပွားနေရင် ဖြူစင်တဲ့ ကုသိုလ်စိတ်တွေ ဖြစ်ပွားပြီး စိတ်ချမ်းသာရုံမျှမကဘဲ မိမိအလုပ်အတွက်ပါ အလွန်အကျိုးကျေးဇူး များပါတယ်။ မိမိလုပ်ငန်း အဆင်ပြေပြေနဲ့ ကြီးပွားတိုးတက် နိုင်ပါတယ်။

အခု ပြောတဲ့နည်းတွေဟာ ကျမ်းဂန်လာ နည်းတွေချည်းပါပဲ။ အင္ဂုတ္တရာလိနီအင္ဂ ကထာ၊ စိတ္တုပ္ပါဒကဏ္ဍ။ ကာမာဝစရကုသိုလ်အဖွင့်မှာ ဖော်ပြထားတဲ့ နည်းတွေပါ။

မေတ္တာပွားတဲ့နည်း

နောက်တစ်နည်းက မေတ္တာဘာဝနာ ပွားပေးပါ။ "သတ္တဝါမှန်သမျှ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲကင်းကြပါစေ" လို့ မေတ္တာပွားပေးပါ။ သတ္တဝါ

အားလုံးပေါ်မှာ ချမ်းသာစေလိုတဲ့ မေတ္တာစိတ်ထား မိမိသန္တာန်မှာ အင်ကောင်း အားကောင်းနဲ့ ဖြစ်ပွားရင် လောဘဒေါသစတဲ့ စိတ် အညစ်အကြေးတွေ ရှိဦးမလား။ အဲဒီတော့ စိတ်ဖြူစင် သလောက် ဖြူစင်မသွားဘူးလား။ ဖြူစင်သွားတယ် မဟုတ်လား။ ဒါကြောင့် မေတ္တာပွား ခြင်းဖြင့်လဲ စိတ်ကို ဖြူစင်စေတယ် ဆိုတာ မှတ်သားဖို့ပါပဲ။

သမထဘာဝနာပွားတဲ့နည်း

နောက်တစ်နည်းကတော့ မေတ္တာမှတစ်ပါး တခြားသမထဘာဝနာကို ပွားတဲ့နည်းပါ။ သမထဘာဝနာဆိုတာ စိတ်တည်ငြိမ်အောင် အာရုံတစ်ခုတည်းကို စူးစိုက်ရှုတဲ့ ဘာဝနာပါ။ အဲဒီလို အာရုံတစ်ခုတည်းကို စိုက်ရှုလို့ စိတ်တည်ငြိမ်လာရင် စိတ်ထဲမှာ လောဘ ဒေါသ အညစ်အကြေးတွေ မဝင်လာနိုင်ပါဘူး။ မူလက ဝင်နေတဲ့ စိတ်ညစ်စိတ်မဲတွေလဲ လွင့်စင်ကုန် ပါတယ်။ ဒါကြောင့် စိတ်ဟာ ဖြူစင်ကြည်လင်နေပြီး ချမ်းသာနေပါတယ်။ အဲဒီလို တည်ငြိမ်တာ ဟာ ဈာန်အခြေအနေအထိ အားကောင်းရင်တော့ ဈာန်ချမ်းသာကို ခံစားတယ်လို့ ခေါ်ရပါ တယ်။ သို့သော်လဲ ဒီနည်းဟာ အာရုံထဲမှာ စိတ်တည်ငြိမ်နေခိုက်မှာသာ စိတ်ဖြူစင်နေပြီး အဲဒီအာရုံမှ စိတ်ကိုခွာလိုက်တာနဲ့ တစ်ပြိုင်နက် စိတ်ညစ်စိတ်မဲ ပြန်ဝင်လာတတ်ပါတယ်။ ဒါကြောင့် ဝိပဿနာ ပွားတဲ့နည်း လောက်တော့ မကောင်းပါဘူး။

စိတ်ကအခြေခံ

ဒီတော့ မကောင်းမှုဟူသမျှ မပြုလုပ်ခြင်း၊ ကောင်းမှုဟူသမျှ ပြည့်စုံစေခြင်း၊ မိမိ စိတ်ကို ဖြူစင်အောင် ထားခြင်းဆိုတဲ့ ဗုဒ္ဓရှင်တော်မြတ်ဘုရားရဲ့ အဆုံးအမ သုံးချက်အနက် စိတ်ကို ဖြူစင်အောင်ထားခြင်းဆိုတဲ့ အဆုံးအမကို ဘယ်လို လိုက်နာကျင့်သုံးရမယ် ဆိုတာကို လိုက်နာကျင့်ကြံနိုင်လောက်အောင်တော့ ပြောမိပြီလို့ ယူဆပါတယ်။ စိတ်ကို ဖြူစင်အောင် ထားနိုင်ရင် ကိုယ်ရောနှုတ်ပါ ဖြူစင်နိုင်ပြီလို့ မဆိုနိုင်ပေဘူးလား။ (ဆိုနိုင်ပါတယ်) ကိုယ် နှုတ် စိတ် သုံးပါးမှာ ဘယ်ဟာက အခြေခံအကြောင်းအရင်း ဖြစ်သလဲ။ (စိတ်က အခြေခံ အကြောင်းရင်းပါ) ဒီတော့ အခြေခံအကြောင်းရင်းဖြစ်တဲ့ စိတ်က ညစ်မဲရင် နှုတ်ကလဲ အပြစ်မကင်းတာတွေ ပြောပေလိမ့်မယ်၊ ကိုယ်ကလဲ အပြစ်မကင်းတဲ့ အပြုအမူတွေ ပြုမူမိမယ် ပေါ့။ အဲဒီတော့ စိတ်ကိုက ဖြူစင်နေမယ်ဆိုရင် နှုတ်ကလဲ ကောင်းတာတွေ အကျိုးရှိတာတွေကိုပဲ ပြောမယ်၊ ကိုယ်ကလဲ အပြစ်ကင်းတာ အကျိုးရှိတာ တွေပဲ ပြုလုပ်မယ်ပေါ့။ အဲဒီလိုဆိုရင် ဆင်းရဲမလား၊ ချမ်းသာမလား။ (ချမ်းသာပါမယ်) အဲဒီတော့ လိုရင်းက ဘာကိုကိုင်ထားဖို့ အရေးကြီးသလဲ။ (စိတ်ကို ကိုင်ထားဖို့ အရေးကြီးပါတယ်) စိတ်ကို ကိုင်ထားဖို့ အရေးကြီးတယ်။

ဒါပေတဲ့ ဘစ်ခါတစ်ရံမှာ ကိုယ့်စိတ်ထဲက လောဘဝင်လို့ ဝင်မှန်း မသိဘူးနော်။ အမှတ်မဲ့နေတော့ တစ်ခါတစ်ရံ ဒေါသဝင်မှန်းကောသိရဲ့လား။ မသိပါဘူး) ဝင်နေမှန်း သိတာ တောင်မှ ဒီဒေါသကို အကောင်းထင်တတ်တာ ရှိတယ်။ ဒေါသ အကောင်းထင်လို့မို့ ဒေါသကို သိမ်းပိုက်ထားတော့ အကျိုးယုတ်ပါတယ်။

ကိုယ့်စိတ်ကိုစစ်ဆေးပါ။

ဒီတော့ မိမိကိုယ်ကို မိမိသန္တာန်မှာ ဘာဖြစ်နေတယ်၊ ဘာစိတ်တွေ ဝင်နေတယ် ဆိုတာ သိဖို့ မလိုဘူးလား။ (လိုပါတယ်) မြတ်စွာဘုရားက ကိုယ့်ကိုယ်ကို စစ်ဆေးပေးပါတဲ့။ အင်္ဂုတ္တရနိကာယ်၊ သစိတ္တသုတ်မှာ မြတ်စွာဘုရား ညွှန်ကြားထားပါတယ်။

မိမိစိတ်အစဉ်မှာ လောဘ၊ ဒေါသ၊ မောဟ အညစ်အကြေး ရှိမရှိ သိချင်ရင် မြတ်စွာဘုရားရဲ့ တရားတော်နဲ့ ယှဉ်ကြည့်ပါတဲ့၊ တရားတော်ဆိုတဲ့ မှန်ပြင်မှာ တင်ကြည့် လိုက်ရင် ဘုရားရှင်ရဲ့ တရားတော်က ဒီလိုဆိုတယ်၊ ငါ့စိတ်ထဲက ဒီလိုဖြစ်နေတယ်၊ ဘုရား ရှင်ရဲ့တရားက အပြစ်ကင်းတာ ကုသိုလ်၊ အပြစ်မကင်းတာ အကုသိုလ်လို့ဆိုတယ်။ ငါ့စိတ်ထဲမှာ လောဘဖြစ်နေတယ်၊ လောဘ အပြစ်ကင်းသလား။ ငါ့စိတ်ထဲမှာ ဒေါသဖြစ်နေတယ်၊ ဒေါသအပြစ်ကင်းသလား။ အဖြေက ဘယ်လိုထွက်သလဲ။ အပြစ်မကင်းဘူးလို့ အဖြေထွက်တယ်။ အပြစ် မကင်းရင် ဒါအကုသိုလ်ပဲ။ ဒီအကုသိုလ်ကို ဖယ်ရှားရပါမယ်။ လက်ခံထားမယ်ဆိုရင် ဆင်းရဲပါတယ်) ဖယ်ရှားမယ်ဆိုရင် ချမ်းသာပါမယ် အဲဒီလို စစ်ဆေးပြီး အညစ်အကြေး တွေ့လို့ ရှိရင် လျှော်ဆေးပစ်ပါတဲ့၊ သစိတ္တသုတ်မှာ မြတ်စွာဘုရားက လူတွေ ခန္ဓာကိုယ်ကို တင့်တယ်လှပ အချိုးကျအောင် ပြုပြင်ကြ တန်ဆာဆင်ကြသလို စိတ်ကိုလဲ တင့်တယ်လှပ အချိုးကျအောင် ပြုပြင်ဖို့ မိန့်ကြားခဲ့ပါတယ်။

အခုပြောနေတာက လိုက်နာကျင့်ကြံရေးအပိုင်းဆိုတော့ ဒီစိတ်ဖြူစင်ရေး၊ စိတ်ချမ်း သာရေး၊ နည်းတွေကို သိရှိနားလည် သဘောပေါက် မှတ်သားပြီးတော့ လိုက်နာ ကျင့်ကြံ ခြင်းအားဖြင့် စိတ်ချမ်းသာမှုကို အရယူဖို့ လိုပါတယ်။

လူတိုင်းလိုက်နာသင့်တဲ့ သြဝါဒ

ရာဟုလာကို ပေးတဲ့ သြဝါဒ

တစ်နေ့တော့ မြတ်စွာဘုရား အမ္ဗလဋ္ဌိက ကျောင်းဆောင်ကို ကြွလာတော့ ကိုရင် ရာဟုလာက မြတ်စွာဘုရားအတွက် အမြဲတစေ အသင့်ခင်းထားတဲ့ အခင်းကလေးကို ခါပြီး ပြင်ခင်းပေးတယ်။ ပြီးမှ ဦးချပြီး လက်အုပ်ကလေးချီလျက် ထိုင်နေတယ်။ ဒီတွင်မှ မြတ်စွာ ဘုရားက ရေအကြွင်းအကျန် နည်းနည်းကလေးသာရှိတဲ့ ရေအိုးတစ်လုံးကို ရှေ့ချပြီး ကိုရင်ရာဟုလာကို သြဝါဒစကား မိန့်ကြားတော်မူတယ်။

မြတ်စွာဘုရား။ "ရာဟုလာ၊ ဒီရေအိုးထဲမှာ ကျန်နေတဲ့ ရေအနည်းငယ်ကို မြင်ရဲ့လား"

ရာဟုလာ။ "မြင်ပါသည် ရှင်တော်မြတ်ဘုရား။"

မြတ်စွာဘုရား။ "မုသားပြောရမှာ မရှက်တဲ့ ရှင်ရဟန်းမှာ ရဟန်းတရားဆိုတာ ဒီရေကျန် လောက်ကလေးပဲ ရှိတယ် ရာဟုလာ။"

ရာဟုလာ။ "မှန်ပါဘုရား"

ရှင်တော်မြတ်ဘုရားက ရေအိုးထဲမှ ရေကျန်ကို သွန်ပစ်တော်မူပြီးတော့ မေးခွန်းထုတ်

တော်မူပြန်တယ်။

မြတ်စွာဘုရား။ "ဒီရေအိုးထဲက ရေကို သွန်ပစ်လိုက်တာ မြင်တယ်မဟုတ်လား ရာဟုလာ"

ရာဟုလာ။ "မှန်ပါ မြင်ပါသည် အရှင်မြတ်ဘုရား"

မြတ်စွာဘုရား။ "မုသားပြောရမှာ မရှက်တဲ့ ရှင်ရဟန်းလဲ ဒီရေကို သွန်ပစ်လိုက်သလို ရဟန်းတရားကို စွန့်ပစ်လိုက်တာပဲ ရာဟုလာ။"

ရာဟုလာ။ "မှန်ပါ အရှင်မြတ်ဘုရား။"

မြတ်စွာဘုရားက ရေအိုးကို မှောက်လိုက်ပြီးနောက် မေးတော်မူပြန်တယ်။

မြတ်စွာဘုရား။ "ဒီရေအိုး မှောက်တာကို မြင်ရဲ့လား ရာဟုလာ။"

ရာဟုလာ။ "မှန်ပါ မြင်ကြောင်းပါ ရှင်တော်မြတ်ဘုရား။"

မြတ်စွာဘုရား။ "မုသားပြောရမှာ မရှက်တဲ့ ရှင်ရဟန်းဟာ ဒီရေအိုးမှောက်ထားသလို သူ့ရဲ့ ရဟန်းတရားကို မှောက်ထားတာပဲ ရာဟုလာ။"

ရာဟုလာ။ "မှန်ပါ အရှင်မြတ်ဘုရား"

မြတ်စွာဘုရားက ရေအိုးကို လှန်လိုက်ပြန်ကာ မေးတော်မူပြန်တယ်။

မြတ်စွာဘုရား။ "ဒီလှန်ထားတဲ့ ရေအိုးမှာ ရေတစက်မှ မရှိဘူး မဟုတ်လား ရာဟုလာ"

ရာဟုလာ။ "မှန်ပါ မရှိပါဘုရား။"

မြတ်စွာဘုရား။ "မုသားပြောရမှာ မရှက်တဲ့ ရှင်ရဟန်းမှာ ရဟန်းတရားဆိုတာ ဘာမှ မရှိဘူး ရာဟုလာ။ ဒီရေအိုးထဲမှာ ရေတစ်စက်မှ မရှိသလိုပဲ။"

ရာဟုလာ။ "မှန်ပါ အရှင်မြတ်ဘုရား။"

အဲဒီနောက် မြတ်စွာဘုရားက စစ်မြေပြင်မှာ တိုက်ပွဲဝင်နေတဲ့ ဘုရင့်စီးတော်ဆင်ဟာ ရန်သူကို ကိုယ်လက်အင်္ဂါအားလုံးနဲ့ မလွတ်တမ်း ကိုက်ခိုက်တဲ့အခါ ဆင်ဦးစီးက "ဒီဆင်ဟာ ဘယ်ရန်သူကိုမဆို ဘာနဲ့ပဲဖြစ်ဖြစ် တိုက်ခိုက်မှာပဲ၊ သူမတိုက်ခိုက်မှာ ဘာမှမရှိဘူး"လို့ အားရဝမ်းသာဖြစ်ကြောင်း၊ အဲ့ဒီအတိုင်းပဲ မုသားပြောရမှာ မရှက်တဲ့ ရှင်ရဟန်းလဲပဲ သူ မပြုမည့် မကောင်းမှုဆိုတာ ဘာမျှမရှိကြောင်း ဆက်ပြီး မိန့်တော်မူပါတယ်။

ပြီးတော့ မြတ်စွာဘုရားက ဆက်ပြီး မေးတော်မူပြန်ပါတယ်။

မြတ်စွာဘုရား။ "ကြေည့်မှန်ဟာ ဘာအသုံးကျသလဲ ရာဟုလာ။"

ရာဟုလာ။ "မျက်နှာရိပ်ကို မှန်ထဲမှာကြည့်ပြီး အညစ်အကြေး ရှိမရှိ စစ်ဆေးဖို့ အသုံးကျပါသည် ဘုရား။"

မြတ်စွာဘုရား။ "အဲဒီအတိုင်းပဲ ရာဟုလာ၊ ဆင်ခြင်စဉ်းစားပြီးမှ အလုပ်ကိုလုပ်ရမယ်၊ ဆင်ခြင်စဉ်းစားပြီးမှ စကားကို ပြောရမယ်၊ ဆင်ခြင်စဉ်းစားပြီးမှ အကြံ အတွေးကို ကြံတွေးရမယ်"

ဆင်ခြင်စဉ်းစားပြီးမှလုပ်၊ ဆင်ခြင်စဉ်းစားပြီးမှပြော၊ ဆင်ခြင်စဉ်းစားပြီးမှကြံတွေး ဆိုတဲ့ အချက်သုံးချက်ကို ကိုရင်ကလေး ရာဟုလာ နားလည်အောင် မြတ်စွာဘုရား အကျယ်ချဲ့ပြီး

ဆက်လက်မိန့်ကြားတော်မူပါတယ်။ အဲဒီ ဩဝါဒတော်ကို လူတိုင်း နားလည်နိုင်ပါတယ်။ လိုက်နာဖို့လဲ မခက်ပါဘူး။ လိုက်နာရင် လောကရေး ဓမ္မရေး နှစ်ဌာနလုံးမှာ အင်မတန် အကျိုးကျေးဇူးများပါတယ်။ ဒါကြောင့် အဲဒီအကျယ် ဩဝါဒတော်ကို အကျဉ်းချုံးပြီး ပြောပြပါမယ်။

ကာယကံမလုပ်မီ စဉ်းစား

အလုပ်တစ်ခုခုကို လုပ်မယ်ကြံရင် မလုပ်မီ မိမိဘာလုပ်တော့မယ်ဆိုတာ သတိရှိပါ။ ပြီးမှ မိမိလုပ်မယ့်အလုပ်ဟာ မိမိကို ထိခိုက်စေနိုင်သလား၊ သူတစ်ပါးကို ထိခိုက်စေနိုင်သလား ဆိုတာ အကြိမ်ကြိမ် အဖန်ဖန် ဆင်ခြင်စဉ်းစားပါ။ ဆင်ခြင်စဉ်းစားလို့ ဘယ်သူ့ကိုမှ မထိခိုက်စေနိုင်ဘူးလို့ သေသေချာချာ သိရရင် အဲဒီအလုပ်ကို လုပ်ပါ။ တစ်ဦးဦးကို ထိခိုက်လိမ့်မယ်လို့ သိရင်၊ သို့မဟုတ် ထင်ရင် အဲဒီအလုပ်ကို မလုပ်ပါနဲ့။

ထို့အတူပဲ ပြုလုပ်နေဆဲမှာလဲ ဆင်ခြင်စဉ်းစားပါ။ အခု ငါလုပ်နေတဲ့ အလုပ်ဟာ ငါ့ကိုများ ထိခိုက်နေသလား၊ သူတစ်ပါးကိုများ ထိခိုက်နေသလားလို့ ဆင်ခြင်စဉ်းစားပါ။ ဘယ်သူ့ကိုမှ မထိခိုက်ဘူးဆိုတာ သေချာမှ အဲဒီအလုပ်ကို ဆက်လုပ်ပါ။ တစ်စုံတစ်ယောက်ကို ထိခိုက်နေကယ်လို့ သိရရင် အဲဒီအလုပ်ကို ဆက်မလုပ်ပါနဲ့၊ ရပ်လိုက်ပါတော့။

ထို့အတူပဲ ပြုလုပ်ပြီးပြန်ရင်လဲ ငါလုပ်လိုက်တဲ့ အလုပ်ဟာ ဘယ်သူ့များ ထိခိုက် သွားသလဲ ဆိုတာ ဆင်ခြင်စဉ်းစားပါ။ ဘယ်သူ့ကိုမှ မထိခိုက်ဘူးဆိုတာ သေချာမှ အဲဒီ အလုပ်မျိုးကို နောက်လဲလုပ်ပါ။ တစ်ဦးဦးကို ထိခိုက်သွားပြီလို့ သိရရင်၊ သို့မဟုတ် ထင်ရင် အဲဒီအလုပ်မျိုးကို နောက်ဘယ်တော့မှ မလုပ်ပါနဲ့ ရှောင်ပါ။

ဝစီကံမပြောမီစဉ်းစာ

အပြောမှာလဲ ထို့အတူပဲ။ တစ်စုံတစ်ရာ မပြောမီ မိမိ ဘာပြောမယ်ဆိုတာ သတိထားပါ။ ပြီးတော့ သေသေချာချာ ဆင်ခြင်စဉ်းစားပါ။ မိမိပြောမယ့် စကားဟာ တစ်ဦးဦးကို ထိခိုက်မယ် ဆိုရင် မပြောပါနဲ့။ ဘယ်သူ့ကိုမှ မထိခိုက်မှသာပြောပါ။ ပြောနေဆဲမှာလဲ သတိထား၊ ဆင်ခြင် စဉ်းစားပါ။ ဘယ်သူ့ကိုမှ မထိခိုက်မှသာ အဲဒီစကားဆက်ပြောပါ။ တစ်ဦးဦးကို ထိခိုက်ရင် ဆက်မပြောပါနဲ့၊ ရပ်လိုက်ပါ။

ပြောပြီးပြန်ရင်လဲသတိထား၊ ပြန်ပြီးဆင်ခြင်စဉ်းစားပါဦး။ ငါ ပြောလိုက်တာ ဘယ်သူ့များ ထိခိုက်သွားပါလိမ့်။ ငါ့များ ထိခိုက်သွားသလား၊ ဒါမှမဟုတ် သူတစ်ပါးများ ထိခိုက်သွားသလား စဉ်းစားဆင်ခြင်ကြည့်ပါ။ တစ်စုံတစ်ဦးကို ထိခိုက်သွားရင် ဒီစကားမျိုး နောက်ဘယ်တော့မှ မပြောတော့ဘူးလို့ ဆုံးဖြတ်ပြီးရှောင်ပါ။ ဘယ်သူ့မှ မထိခိုက်ဘူးဆိုရင်တော့ အဲဒီစကားကို နောင်လဲ အကြောင်းသင့် အခွင့်သာတိုင်းပြောပါ။

ကာယကံ ဝစီကံ မနောကံ သုံးမျိုးအနက် ဒီ ဝစီကံဆိုတဲ့ အပြောကို ပိုပြီး သတိထားဖို့ လိုပါတယ်။ ဘာကြောင့်လဲဆိုရင် မဆင်ခြင်မစဉ်းစားဘဲ နှုတ်က လွှတ်ခနဲ လွှတ်ခနဲ လွယ်လွယ်နဲ့

ထွက်ထွက်သွားတတ်လို့ပါပဲ။ ဒါကြောင့် ပြောမယ်ကြံရင် မပြောသေးဘဲ ခဏရပ်ပြီး စဉ်းစားလိုက်ပါဦး၊ ကိုယ်ပြောမယ့် စကားကို စိစစ်ဝေဖန် ကြည့်လိုက်ပါဦး။ ဘယ်သူ့မှ မထိခိုက်မှ အကျိုးရှိမယ်ဆိုတာ သေချာမှပြောပါ။ အဲဒီလိုဆိုရင် အပြောမှားအဆိုမှား အတော်ကြီးနည်းသွားပြီး "နှုတ်ကြောင့်ကြေ" ဆိုတာမျိုး မဖြစ်တော့ဘဲ အများကြီး စိတ်ချမ်း သာသွားပါလိမ့်မယ်။ လူမှုဆက်ဆံရေး စီးပွားရေးတွေမှာလဲ ပိုပြီး အဆင်ပြေလာမှာ မုချပါပဲ။

မနောကံ မတွေးမီစဉ်းစား

အကြံအတွေး မနောကံမှာလဲ ဒီအတိုင်းပါပဲ။ မကြံခင် မတွေးခင် သတိထား၊ ဆင်ခြင်စဉ်းစားပါ။ အခု ငါကြံမှာ တွေးမှာဟာ ငါ့ကိုထိခိုက်မလား၊ သူများ ထိခိုက်မလား ဆင်ခြင်စဉ်းစားပါ။ တစ်ဦးဦးကို ထိခိုက်မယ် ဆိုရင် မကြံမတွေးပါနဲ့။ ဘယ်သူ့ကိုမှ မထိခိုက်မှသာ ကြံတွေးပါ။ ကြံတွေးနေစဉ်မှာလဲ သတိထား၊ ဆင်ခြင်စဉ်းစားပါ။ တစ်စုံတစ်ယောက်ကို ထိခိုက်ရင် ဆက်မတွေးပါနဲ့၊ ရပ်လိုက်ပါ။ ဘယ်သူ့ကိုမှ မထိခိုက်မှသာ ဆက်ပြီးတော့ ကြံတွေးပါ။ ကြံတွေးပြီးတော့လဲ ပြန်ပြီးဆင်ခြင်စဉ်းစားပါဦး။ တစ်ယောက်ယောက်ကို ထိခိုက် သွားရင် ဒီအကြံမျိုးကို နောက်ဘယ်တော့မှ မကြံမတွေးတော့ဘူးလို့ ဆုံးဖြတ်ပြီး ရှောင်ပါ။ ဘယ်သူ့ကိုမှ မထိခိုက်ရင်တော့ နောင်လဲ အခွင့်သာတိုင်း ကြံတွေးပါ။

အဲဒါဟာ ဇေဠုဝန်ကျောင်းတိုက်ရဲ့ အစွန်မှာရှိတဲ့ အမ္ဗလဋ္ဌိက ကျောင်းဆောင်မှာ ကိုရင်လေး ရာဟုလာကို မြတ်စွာဘုရား မိန့်ကြားတဲ့ ဩဝါဒပါရမီတော် အကျဉ်းချုပ်ပါပဲ။ အမ္ဗလဋ္ဌိကရာဟုလောဝါဒ ဒေသနာလို့ ခေါ်ပါတယ်။ ဒီ ဒေသနာတော်ကို ကိုရင်လေး ရာဟုလာကလေးဆိုတော့ မုသားပြောမိချင် ပြောမိတတ်တာမို့ မုသားမပြောဖို့ရာ ပဓာနထားပြီး မိန့်ကြားတော်မူတာဖြစ်လို့ အလွန်အကျိုးများတဲ့ ဒေသနာတော် ဖြစ်ပါတယ်။

နှုတ်ကိုထိန်းဘို့ အရေးကြီးသည်

ထပ်ပြီး ပြောရဦးမယ်၊ အဲဒီ ကံသုံးမျိုးထဲက အပြောကို ပိုပြီး သတိထား ဆင်ခြင်စဉ်းစားဖို့ အရေးကြီးတယ်ဆိုတာ လူတိုင်း သတိပြုမိကြမှာပါပဲ။ မပြောသင့်တဲ့ စကားကို မဆင်မခြင် လွှတ်ကနဲ ပြောမိလို့ မိတ် မပျက်သင့်ဘဲ ပျက်သွားကြရတာတွေ၊ စီးပွားမဆုံးရှုံးသင့်ပဲ ဆုံးရှုံးရတာတွေ၊ နာမည်မပျက်သင့်ဘဲ ပျက်ကြရတာတွေ။ လူ မသေသင့်ဘဲ သေကြရတာတွေ၊ ဒုက္ခ မရောက်သင့်ဘဲ ရောက်ကြရတာတွေ အများကြီးပဲ။ အခု ဒီ ဒေသနာတော်အတိုင်း လိုက်နာပြီး နှုတ်ကို သတိနဲ့ထိန်း ပြောမည့်စကားကို ဉာဏ်နဲ့ ဆင်ခြင်စဉ်းစားပြီး ဘယ်သူ့ကိုမှ မထိခိုက်ဘဲ အပြစ်ကင်းတဲ့ စကားပဲလို့ အသေအချာ သိရမှသာ ထိန်းထိန်းသိမ်းသိမ်း အေးအေးဆေးဆေး ပြောကြရင် အမှားအယွင်း အချွတ်အချော် အများကြီး ကင်းသွားမှာမို့ ချမ်းသာရဖို့ သေချာပါတယ်။

တခါတရံမှာ မပြောသင့်တဲ့ စကား၊ သူများကို ထိခိုက်မယ့် စကားမှန်း သိပါလျက်နဲ့ မိမိရဲ့ ဒေါသ မာန်မာနကြောင့် ပြောချလိုက်ချင်တဲ့ သဘောတွေ ရှိတတ်ပါတယ်။ ဒီတော့

ဒီစကားမျိုးကို ပြောဖြစ်နိုင်လောက်တဲ့ နေရာမှာ မနေဘဲ ချက်ချင်း ရှောင်ထွက်သွားလိုက်ရင် မပြောဖြစ်တော့ဘူး။ မပြောဖြစ်လို့ တစ်ဖက်လူက သူ့ကို ထိခိုက်မယ့် စကားကို မကြားရရင် သူလဲ ဒေါသမထွက်ရ စိတ်မချမ်းမသာ မဖြစ်ရတော့ဘူး၊ ကိုယ့်အပေါ်မှာလဲ မေတ္တာမပျက်ပြား ရန်ငြိုးမထားတော့ဘူး။ အဲဒီတော့ နှစ်ဦးလုံးအတွက် မကောင်းပေဘူးလား။ မချမ်းသာပေဘူးလား။ ဒီတော့ ဒါလဲ ဗုဒ္ဓမြတ်စွာ၏ ချမ်းသာရေးတရားတော်ပဲ မြတ်စွာဘုရားရဲ့ တရားတော်များကို မြတ်စွာဘုရား ရှုထောင့်အဖုံဖုံကနေပြီး ဟောထားတော်မူတဲ့အတိုင်း ရှင်းရှင်းလင်းလင်း ကွင်းကွင်းကွက်ကွက် အချက်ကျကျ နားလည်သဘောပေါက်ကြပြီးလျှင် လိုက်နာကျင့်ကြံနိုင်ကြသဖြင့် အမြဲတစေ ချမ်းချမ်းသာသာ နေထိုင်နိုင်ရုံမျှမကဘဲ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းရာ နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက် ပြုနိုင်ကြပါစေ။ (အဇ္ဇ ပါလိဟာ န္တာ်ကြောင့် ဘဝပေါင်းများစွာ ပြည့်တံဆာ ဖြစ်ခဲ့ရသည်။)

<u>သင်္ခါရတရားတို့သည် ပျက်တတ်သောသဘောရှိသည်</u>

ဝယ ဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ

မြတ်စွာဘုရားပရိနိဗ္ဗာန်စံကာနီးတွင် မိန့်မှာသွားသည့် သင်္ခါရဆိုတဲ့ လောကမှာ အကြောင်းကြောင့် ဖြစ်ပေါ်လာတဲ့အကျိုးတရားမှန်သမျှကို့သည် ဝယဓမ္မ ပျက်တတ်သော သဘောရှိသည်၊ အပ္ပမာဒေန မမေ့မလျော့ မပေါ့မဆသော သတိတရားဖြင့် သမ္ပာဒေထ ကောင်းစွာအောက်မေ့ပြီးနေကြတဲ့ သင်္ခါရတရားတို့သည် ပျက်ဘတ်တယ် မမေ့ကြနဲ့တဲ့-

ယခုဖြစ်နေတဲ့ လူ့ဘဝမှာ သံသရာကြွေးတွေရှိခဲ့ရင် ဒီအကြွေးတွေကိုဆပ်ရင်း သံသရာတခွင်မှာ အဟောင်းပေးလိုက် အသစ်ယူလိုက်-အဟောင်းကုန်အောင်ဆပ်ပြီး ကြွေးအသစ် မတင်အောင် လုပ်ကြမှဖြစ်မယ် အသစ်မတင်ချင်ရင် <u>သူများကိုမဝေဖန်နဲ့ ကိုယ့်ကိုယ်ကိုဝေဖန်ပါ။ ကိုယ့်အကြောင်းကို သိအောင်သာလုပ်ပါ။ သံသရာတခွင်လုံးမှာ ကိုယ့်ကိုယ်ကို ကြည့်ခဲ့သလား၊ သူတပါးကြည့်ခဲ့သလား၊ အကြည့်လွဲနေကြတာ</u>၊ကိုယ့်ကိုယ်ကို ကယ်တင်ချင်ရင် ကိုယ့်ကိုယ်ကို ကြည့်-ကြည့်တော့လဲ ငါဘဲ ငါ့ဥစ္စာဘဲဆိုတဲ့ သက္ကာယဒိဋ္ဌိဦးစီးပြီး ကြည့်မလား၊ တရားနဲ့လျော်စွာ ကြည့်မလား ကြည့်တတ်အောင်ပြောပါမယ် လောကမှာ ဖြစ်နေတဲ့ တရားတွေဟာ ဘာကြောင့် ဖြစ်နေတာလဲ၊ အကြောင်းရှိလို့အကျိုးဖြစ်နေတာ၊ လူတွေဘာကြောင့်ဖြစ်နေရသလဲ လူဖြစ်ကြောင်း အကြောင်းရှိခဲ့လို့၊ နတ်ဘာလို့ဖြစ်နေတာလဲ၊ နတ်ဖြစ်ကြောင်း အကြောင်းရှိနေလို့၊ ခွေးဘာကြောင့်ဖြစ်သလဲ၊ ခွေးဖြစ်ရန် အကြောင်းရှိခဲ့လို့၊ သတ္တဝါတွေရဲ့ ကိုယ်ပိုင်ပစ္စည်းဟာ ကံဆိုတဲ့ စေတနာ အကြောင်းတရားပဲ။

ကိုယ့်ဘဝကိုယ် ပြန်ကြည့်တော့ ဘယ်ဘဝက အကြောင်းတရားတွေလဲဆိုတာမသိ၊ ခြုံပြီးကြည့်ရင်တော့ အကြောင်းမကောင်းလို့ အကျိုးပေးမကောင်းတာ၊ အကြောင်းကောင်းခဲ့ရင် အကျိုးပေးကောင်းမှာပေါ့ ကံဆိုတာ စေတနာ၊ စေတနာဆိုတာ အကြောင်းတရား။

သဗ္ဗေသင်္ခါရာအနိစ္စ-အားလုံးသောအရာအားလုံး တခုမကျန် အနိစ္စဆိုတာသိထား ဒီဘဝ

မှာ နေရတာ စိတ်ရှင်းတယ်၊ အနိစ္စကို အနိစ္စလို့ လက်ခံလိုက်ရင် အေးချမ်းပြီ အနိစ္စပြနေတာကို နိစ္စလို့ထင်နေကြတယ်။ အနတ္တကိုအတ္တလို့ ထင်နေကြတယ်၊ အနိစ္စကို လက်မခံလို့ ဆင်းရဲနေကြတယ်၊ ပျက်တတ်တဲ့တရားကို ပျက်တတ်တယ်လို့ မှန်မှန်ကန်ကန် သိတဲ့ ပုဂ္ဂိုလ်ဟာ ဉာဏ်ရှိတဲ့လူဖြစ်တယ်၊ ဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်မှသာလျှင်လည်း ကိုယ်စိတ်နှစ်ပါး ချမ်းသာအောင် နေနိုင်တယ်၊ ဉာဏ်အဆင့်အတန်း မြင့်မားလာလေလေ လွတ်မြောက် လာလေလေ၊ တရားခါတ်ခံလေးတွေ ကိန်းလာပြီး နေလို့ထိုင်လို့ ကောင်းနေပြီပေါ့။

တရားကိုဆောင်တဲ့လူကို တရားက ပြန်ဆောင်ပါလိမ့်မယ်။ စေတနာအလျောက် ပြန်အကျိုးပေးပါလိမ့်မယ် တူသောအကျိုးပေးပါလိမ့်မယ်။ စေတနာမှာလဲ ပစ္စုပ္ပန်စေတနာချည်း ကြည့်လို့မရဘူး၊ အတိတ်က အကြောင်းလဲပါတယ်။ အတိတ်ကံလွှမ်းမိုးမှုအောက်မှာ စိတ်တွေဖြစ်ရတာပါ၊ အတိတ်က ဒေါသကြီးသူဟာ ဒေါသလွှမ်းမိုးတဲ့ စိတ်၊ အတိတ်ဘဝက ဒေါသကြီးသူဆိုရင် ဒေါသလွှမ်းမိုးတဲ့စိတ်တွေ ဖြစ်နေတတ်ပါတယ်။ ငယ်ငယ်ထဲက အရွယ်ကောင်းတုံးကထဲက တရားကိုဆောင်ရမှာပါ။ အိုနာကျိုးကန်းကြမှဆိုရင် မလွယ်တော့ဘူး၊ ကျေးဇူးရှင်မိုးကုတ်ဆရာတော်ဘုရားကြီးကတော့ အချိန်ရှိတုန်းက တရားမလုပ်ခဲ့ပဲ သေခါနီးကျမှ ကယ်ပါ ယူပါ အော်နေရင် ကန့်သားချလိုက်တဲ့ ဘာမှမဘက်နိုင်တော့ဘူး၊ ကိုယ့်စိတ် စေတနာအလျောက်ပဲ အကျိုးပေးမှာပါ။

<u>ပါက်ဝန်းကျင်ကို အပြစ်တင် ဘပါးသောပဂ္ဂိုလ်ကို လက်သိုးထိုးမလား၊ ကိုယ့်ခစေတနာကိုပြင်မလား</u> အတ္တမပါတဲ့ စေတနာ၊ ဒိဋ္ဌိမပါတဲ့ စေတနာကို အားကိုးကြပါ။ ယောနိသောမနသိကာရ ဖြစ်ဖို့ဆိုတာက အတွေးအခေါ်တွေ မြင့်မားဖို့လိုတယ်၊ မိသားစုအရေးကို စဉ်းစားရင် သံသရာခရီးသည်တွေပါ၊ ခရီးသွားအချင်းချင်း လမ်းဘေးဇရပ်မှာ နားခိုနေကြတာဟာ ဆွေတွေမျိုးတွေ တပည့်တွေ ဆရာတွေ အပေါင်းအသင်းတွေပေါ့ သောက်ရေအိုးစင်မှာ ရေသောက်ပြီး အပန်းဖြေနေကြသူတွေက မိသားစုတွေပါ ရေသောက်ပြီးရင် အဖေက အရှေ့ အမေက အနောက် သားသမီးတွေက တောင်မြောက်ဆိုပြီး ကိုယ့်အထုတ်ကိုယ်ခွဲပြီး ထွက်ခွါသွားကြမှာ၊ ငါနဲ့အတူ သွားရအောင် ခေါ်လို့လဲမရ ဘာပြုလို့လဲဆိုတော့ ႏ ားလုံးက ဧည့်သည်တွေပါ၊ ရေသောက်ရင်းရေခွက်လုပြီး ရန်မဖြစ်ကြပါနဲ့။

မိသားစုမပုပ်ပဲ မိတ်ဆွေအပေါင်းအသင်းဆရာတပည့်တွေကလဲ ခရီးသွားဧည့်သည်တွေ လာဆုံကြတာပဲ၊ သေရမဲ့ သေနေ့က အမိန့်ချပြီးသားပါ။ သတ်ဖို့ယူသွားတဲ့ ကြက်ခြင်းတွေထဲက ကြက်တွေနဲ့ ဘာထူးသေးသလဲ၊ အားလုံးက အနေးအမြန် အသတ်ခံရမှာပဲ၊ ဘာပြုလို့လောဘ၊ ဒေါသ၊ မောဟတွေနဲ့ ရန်ဖြစ်နေကြမှာလဲ၊ ဒီဘဝ ဒီခန္ဓာချုပ်ငြိမ်းရေးကို ဆောင်ရွက်ကြမယ်ဆိုရင် ဘယ်သူ့အတွက်မှ ပူမနေကြနဲ့ ကိုယ်ကနှာခေါင်းပေါ်ရုံ ရေကန်ထဲမှာ နစ်နေတာပါ၊ ကုန်းပေါ်က ဘေးလွတ်နေတဲ့သူတွေအတွက် လှမ်းပြီး ပူမနေပါနဲ့။

လူတွေကလဲ ပူရမှ နေသာထိုင်သာရှိတယ်၊ ပူရတာကိုဘဲကောင်းတယ်ထင်တယ်၊ နင့်အတွက် စိတ်ပူလိုက်ရတာကို ပြောရတာအားရတယ်လေ၊ ကိုယ်နဲ့ဆိုင်လို့လဲပူတယ်၊ မဆိုင်လို့လဲ

သုတေသနစာကြည့်တိုက်

ပူတယ်၊ ကိုယ်မှာပူရမဲ့ သားသမီးလိမ္မာရှိနေနိုင်၊ ထိုင်နိုင်၊ စားနိုင်သောက်နိုင်ပြီး အေးအောင် တရားအားထုတ်ပါဆိုတော့ ငါမရှိမဖြစ်ဘူးဆိုပြီး ကွင်းပြင်မှာ ခြံ့ငြိမ်နေတဲ့သူတွေကလဲ ရှိသေးတယ်။

ကိုယ့်သားကိုယ်ချစ်တာ၊ ကိုယ့်ဇနီး/လင် ကိုယ်ချစ်တာကို မချစ်ရဘူးလို့ မဆိုပါဘူး ဒါပေမဲ့ ငါ့သား ငါ့မယားဆိုတာလေးတော့ ဖြုတ်ထားပါ၊ မျက်စိအောက်ရောက်လာရင် ဂရုစိုက်လိုက်ပါ၊ မေတ္တာပေးလိုက်ပါ။ ဂရုဏာလေးပေးလိုက်ရင်တော်ပြီ ဟိုဘက်လှည့်သွားရင် မင်းမရှိတော့ဘူး၊ အဲဒီလိုကျင့်ရမှာနော်၊ ကျင့်ရမှာ။ သေရင်တော့ အကုန်ခွဲရမှာ၊ မခွဲချင်လဲ ခွဲရမယ်၊ မကွဲချင်လဲ ကွဲရမှာပဲ၊ သေကွဲ ကွဲမလား၊ ရှင်ကွဲ ကွဲမလား မသေခင်က ခွဲရမယ်၊ ဒါမှသက်သာမယ် ဉာဏ်နဲ့ခွဲထားရမယ်။

ဗန္ဓုလစစ်သူကြီးကတော် မာလိကာရဲ့ ယောနိသောမနသိကာရ

မာလိကာရဲ့ သား(၃၂)ယောက်နဲ့ ခင်ပွန်း ဗန္ဓုလစစ်သူကြီးကို ကောသလမင်းကြီးက သူများဂုံးချောစကားယုံပြီး နန်းလုမှာစိုးရိမ်ပြီး သားအဖတွေကို စစ်ထွက်ခိုင်းလိုက်ပြီး လုပ်ကြံခိုင်းလိုက်တယ်၊ အဲဒီမှာ ခေါင်းဖြတ်သတ်လိုက်ပြီဆိုပြီး မလိကာဆီကို စာပို့လိုက်တယ်၊ အဲဒီစာရတဲ့အချိန်မှာ မာလိကာကလည်း ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်အမှူးရှိတဲ့ သံဃာငါးရာကို ဆွမ်းကပ်နေတာ စာကိုဖတ်ပြီး ခါးကြားမှာထားလိုက်တယ်၊ ဆွမ်းကပ်တဲ့အမှုအယာ လုံးဝမပျက်၊ အဲဒီအချိန်မှာ အခိုင်းအစေတစ်ယောက်က သံဃာမပေးမပြတ်ကိုကပ်ဖို့ ထောပတ်အိုးယူလာရာ လမ်းမှာမှောက်ကျပြီး ထောပတ်အိုးကွဲသွားတယ်။ ရှင်သာရိပုတ္တရာက မြင်လိုက်တော့ မာလိကာ ဒကာမကြီး သင်္ခါရတရားတွေဟာ ပျက်တတ်တယ်၊ မမေ့နဲ့ ကွဲတတ်တဲ့အမျိုးမို့ ကွဲတာပဲ စိတ်မကောင်းမဖြစ်ပါနဲ့လို့ ပြောလိုက်တယ်။

မာလိကာက ခါးကြားထဲက စာထုတ်ပြီး အရှင်ဘုရား ဒါလေးကိုကြည့်ပါ ထောပတ်အိုး ကွဲတာလောက် တပည့်တော် မမှုပါဘူး၊ ဒီမှာ တပည့်တော် ခင်ပွန်းသည်နဲ့ သား(၃၂)ယောက်လုံး ခေါင်းဖြတ်အသတ်ခံရပြီး ဒီလိုအဖြစ်အပျက်တွေ ရှိနေပေမဲ့ တပည့်တော်ဟာ အရှင်ဘုရားတို့ အပေါ်မှာ ပျက်ကွက်မှုမရှိပါဘူး၊ စိတ်ထဲမှာလဲ စေတနာမကွက်ပါဘူး၊ ညှိုးနွမ်းခြင်းလဲ မရှိပါဘူး ဆိုတော့ ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးက သာဓု-သာဓု-သာဓု သုံးကြိမ်မခေါ်ပေးမှုပေးသည်။

ဆွမ်းကပ်တဲ့ကိစ္စပြီးသွားတော့ မာလိကာမိဘုရားကြီးက ချွေးမ(၃၂)ယောက်ကို ခေါ်လိုက်ပြီး၊ သမီးတို့ မင်းတို့ရဲ့ခင်ပွန်းသည်တွေအားလုံးရော ငါ့ရဲ့ခင်ပွန်းသည်ကော "သူတို့ လူ့ဘဝအတွက် အကြောင်းကုန်သွားကြပြီ ဘယ်သူ့ကြောင့်မှ မဟုတ်ဘူးနော်" (ကောသလမင်းကြီး လုပ်ကြံခိုင်းတာသိပြီး ဖြစ်တယ်) ဖြစ်လာတာကို မတုန်လှုပ်ကြနဲ့၊ ဘယ်သူ့ကိုမှလဲ အပြစ်မတင်ပါနဲ့၊ မင်းတို့ရဲ့အရှင်သခင်မင်းကြီးအပေါ်မှာလဲ စိတ်မကွက်ကြပါနဲ့၊ မေတ္တာပို့ ကြပါတဲ့။

နောက်တော့ မင်းကြီးလဲ သူမှားကြောင်းဝန်ခံပြီး၊ မာလိကာမိသားစုအားလုံးလဲ မိဘတွေ ဆီကို ပြန်သွားကြတယ်။

၂၉၃၁၅

ဒီနေရာမှာကြည့်ရင် မာလိကာစစ်သူကြီးကတော်ဟာ ပညာရှိတရားရှိတဲ့လူ အနိစ္စကို အနိစ္စမှန်း သိတဲ့လူဆိုတော့ လူဆိုတာ သေမျိုးပဲ သင်္ခါရတရားတို့သည် ပျက်တတ်တာမို့ သူ့ခင်ပွန်းနဲ့သားတွေဟာ လူ့လောကအတွက် အကြောင်းကုန်လို့ အကျိုးကုန်တာပဲလို့ နားလည် သဘောပေါက်တဲ့ ယောနိသောမနသိကာရ(သင့်လျော်စွာနှလုံးသွင်းပြီး) အနိစ္စကို အနိစ္စမှန်းသိ၊ အနတ္တကို အနတ္တမှန်းသိသွားတော့ ပူဆွေးသောကမရောက်ကြတော့ဘူးပေါ့၊ မာလိကာရဲ့ နှလုံးသွင်းမှန်ပုံဟာ အင်မတန်မှ ကြည်ညိုစရာပဲ။

ဒီဟာက ငါ့အမေအနိစ္စ။ ။ အခါတပါး ဆရာတော်တပါးဟာ သူ့ရဲ့မိခင် ကွယ်လွန် အနိစ္စရောက်တော့ ရှိုက်ကြီးတငင် ငိုပါလေရော၊ အနားမှာကလဲ သူတကာတွေရှိပေမဲ့ မထိမ်းနိုင်ဘူး၊ တကာတဦးက လျှောက်ပါလေရော-အရှင်ဘုရား တပည့်တော် အမေသေတော့ တပည့်တော်ငိုတုံးက အရှင်ဘုရား အမိန့်ရှိပါတယ်။ တကာ လူ့ဘဝဆိုတာ သေမျိုးပဲ၊ သင်္ခါရ တရားတွေဟာ ပျက်တတ်တဲ့သဘောရှိလို့ ဒကာကြီးရဲ့ အမေအနိစ္စရောက်ရတာ၊ တရားနဲ့ဖြေပါ ဆိုပြီး မိန့်ခဲ့တာမှတ်မိသေးလားဘုရားတဲ့-ဒီတော့ ဆရာတော်က ငါ မှတ်မိပါတယ်ကွာ၊ ဟိုတခါ သေတာက မင်းအမေအနိစ္စလေ၊ ဒီဟာက ငါ့အမေ အနိစ္စ လေကွာလို့ပြောပြီးဆက်ငိုပါလေရော။

အဲဒီလိုတော့ သူများအသုဘမှာ တရားရှိသယောင်ယောင်နဲ့ စာအုပ်ထဲကဟာဖတ်ပြီး အနိစ္စ အနိစ္စနဲ့ ဆရာကြီးသွားလုပ်ရမှာလား၊ ကိုယ်နဲ့ပတ်သက်တဲ့လူသေရင် အနိစ္စကို အနိစ္စလို့ မြင်ရမှာလား၊ နှလုံးသွင်းမှန်ရင် ဘယ်သူသေသေ မျက်ရည်မကျပါဘူး၊ ပူဆွေးသောက မရောက်ရပါဘူး၊ ဒါကြောင့် ဖြစ်ပျက်မှုအားလုံးမှ နှလုံးသွင်းမှန်အောင် ကြိုးစားကြပါ။

ထောင်ချသူကို ကျေးဇူးတင်တဲ့ ဘဘ

ဘဘကတော့ ယနေ့လူ့လောကကြီးတွင် မရှိတော့ပါ၊ ဘဘကို မသိသူမရှိသလောက်ပါပဲ၊ ကျနော်အနေနှင့် ငယ်ငယ်ထဲက သိပါတယ်၊ မြင်ဘူးပါတယ်၊ ဒါပေမဲ့ ၁၉၉၀ လောက်ကျတော့ ရင်းနှီးပြီး အတွေ့အကြုံများ မေးမြန်း၊ ပညာယူခဲ့ရပါတယ်။

သူကတော့ တိုင်းပြည်အတွက် အလုပ်လုပ်ပေးသွားသူတစ်ယောက်ဖြစ်ပါတယ်။ ၁၉၆၂-ခုနှစ်မှာ ထိမ်းသိမ်းခံခဲ့ရပါတယ်။ ထောင်ကျတယ်ဆိုတာ အင်မတန်စိတ်ဆင်းရဲရမှာဘဲလို့ ကျနော်ထင်ခဲ့မိပါတယ်။ သူ့အဖို့ကတော့ သူ့ကိုထောင်ချသူကိုပင် ကျေးဇူးတင်ရပါ တယ်တဲ့၊ ထူးဆန်းမှုတခုပါ။ ဒါပေမဲ့ တရားကိုနားလည်သဘောပေါက်တဲ့သူဆိုရင်တော့ ယောက်ခံမိမှာ အမှန်ပါ။

ကျနော် သူ့အား ထောင်ထဲနေခဲ့ပုံအကြောင်းမေးကြည့်ခဲ့ပါသည်။ ဘဘက ထောင်ထဲမှာ (၃)နှစ် ကြာခဲ့တယ်ကွ၊ ထောင်ထဲမှာ စရောက်ပြီး နောက်တနေ့ကစပြီး၊ ဥပုသ်စောင့်တယ်၊ မကျန်းမမာဖြစ်လို့ ဆရာဝန်က ညနေသွားနို့ပူပူလေးသောက်ခိုင်းတာတောင် ဥပုသ်အပျက် မခံဘူးတဲ့ ကျနော်လဲ သူ့ဆီက ဘာသာရေးအသိတွေ ရခဲ့ပါတယ်။

သူတနေ့တာက သီတင်းစာဖတ်ခြင်း၊ ရေဒီယိုနားထောင်ခြင်း၊ တရားစာအုပ်ရေးခြင်းနှင့်

တရားထိုင်ခြင်းဖြင့် အချိန်ကုန်ခဲ့သည်၊ ဘဘက ဘာလို့ထောင်ကျတာ ဝမ်းသာရသလဲ ဆိုတော့ ဘဘအလုပ်လုပ်နေစဉ်ကာလမျာ ငါ့ကိုယ်တောင်ငါမပိုင်တာ၊ လူတွေအားလုံးရဲ့ အရေးကို ပိုင်ချင်တော့ စိတ်ပင်ပန်းလူပင်ပန်းပေါ့ တရားအားထုတ်ဖို့အချိန်တောင် မနဲလု လုပ်နေရတာ၊ ကိုယ့်အတွက်မရှိဘဲ သူများအတွက်သာ အချိန်ကုန်ခဲ့ရတာ၊ အဲဒီဘဝ သေသွားရင်တောင် ကုသိုလ်ကောင်းမှုတွေ လုပ်ထားပေမဲ့ စိတ်မချရသေးဘူးတဲ့။

ထောင်ထဲမှာ ဘယ်သူ့အရေးမှမဟုတ်ဘဲ ကိုယ့်အရေးကို အချိန်ပြည့်လုပ်နေနိုင်တာပေါ့။ ကရားစခန်း အချိန်ပြည့်ဝင်နေရသလိုဘဲ၊ သီလလဲကောင်း၊ သမာဓိလဲရဆိုတော့ ပညာကအလိုလို လိုက်လာမှာဆိုတာ စဉ်းစားကြည့်ရင် သိနိုင်ပါတယ်။ သူက နေတတ်တယ်၊ စိက်ထားတတ်တယ်၊ ယောနိသောမနသိကာရဖြစ်နေပြီပေါ့၊ ထောင်ထဲမှာ နေရတာ ပျော်နေသလိုပဲ ဘေးကလူတွေက သူ့ကိုမေးပာယ် ဘဘ-ဘဘ ယောင်ကျမနေပာကိုကော သိသေးသလားပဲ့။

ကိုယ့်အရေးမဟုတ်တဲ့ သူများအရေးတွေကို ကိုယ့်ဟာကိုယ် မဖြစ်နိုင်တာ ထောင်ချပေးတဲ့ လူက ဖြတ်ပေးလိုက်ပြီး၊ မင်းအရေး မင်းဘဝကူးကောင်းအောင်လုပ်တော့ဆိုပြီး တွန်းပေးလိုက် သလား အောင့်မေ့တယ်။ ထိုက်သင့်သလောက် တရားရှိလာတော့ သေလို့ရပြီပေါ့ကွာတဲ့၊ ကိုယ့် ဘဝကိုယ် စိတ်ချရလောက်လာပြီတဲ့။ ဒါကြောင့် ဘဘကတော့ ဘဘကို စိတ်မချရသေးတဲ့ဘဝက မနေပြီး စိပ်ချလက်ချသေရဲအောင် လုပ်ပေးတဲ့(ထောင်ချတဲ့)သူကို ကျေးဇူးရှင်တစ်ယောက်လို့ သတ်မှတ်ပါတယ်ဆိုပြီးပြောပြတယ်။ တကယ်တော့ထောင်ဆိုတာ ဘယ်လိုကြည့်ကြည့် ကောင်းတဲ့ အရာမဟုတ်ဘူး ဒါကို မကောင်းတာကို ကောင်းတဲ့ဘက် ဦးတည်ပြီး ယောနိသော မနသိကာရ (သင့်တင့်စွာနှလုံးသွင်းတတ်ခြင်း)အကျိုးကျေးဇူးပါပဲ။ ဘဘက ယခုမရှိတော့ပြီ ဘဘ ကောင်းရာ သုကာတိကနေပြီး ဘဘပြောခဲ့တဲ့ နည်းပေးခဲ့တဲ့ စကားတွေကို ကြားယောင် မိပါစေလို့ ----။

လက်ရှိဘဝနဲ့ ယောနိသောမနသိကာရ

(၁) မိမိတို့မိသားစုအတွင်းဖြစ်စေ၊ ပတ်ဝန်းကျင်နဲ့ ဆက်ဆံရာတွင်ဖြစ်စေ နှလုံးသွင်း မှန်ရင် (ယောနိသောမနသိကာရ) ဖြစ်လျှင် ပြဿနာမဖြစ်တော့ဘူးပေါ့- အိမ်ထောင်စုတစ်ခု၏ဖြစ်ရပ် ကြည့်ပါ။ ဇနီးက အိမ်ထောင့်တာဝန်ယူသည်။ ခင်ပွန်းသည်က အပြင်မှာ စီးပွားရှာသည်၊ ဇနီးမယားက ထမင်းချက်ရင်း ကလေးငိုသည်ဖြစ်စေ၊ ဧည့်သည်လာသည်ဖြစ်စေ အကြောင်း တစ်ခုကြောင့် ထမင်းငှဲ့ရတာ နောက်ကျပြီး ထမင်းပျော့ပြဲသွားသည်။ လင်ယောကျ်ား ပြန်လာပြီး ထမင်းဝိုင်းထိုင်လိုက်ပြီ . .

<u>ယောနိသောမနသိကာရ မရှိရင်</u> - မင်းတို့ထမင်းကလဲ ခွေးစာဝက်စာကျနေတာပဲ၊ ဒီအသက်အရွယ်ထိ ထမင်းမချက်တတ်ဘူးလား၊ ငါကလူကွ ခွေးစာမစားဘူး၊ အသုံးကိုမကျဘူး၊ ဆဲဆိုပြီး ဒေါသထွက်လာတော့သည်။ အလကားကောင်မပါကွာပြောပြီး ထမင်းဝိုင်း မှောက်ပစ် လိုက်ပါတော့တယ် လင်မယားစကားများကြပြီ၊ စိတ်ဆင်းရဲကြပြီ (အဲဒီလို လုပ်လိုက်တော့လည်း ထမင်းက မာလာတာမှ မဟုတ်ဘဲ)

<u>ယောနိသောမနသီကာရ ရှိရင်</u> - ဒီနေ့ ထမင်းကတော့ မြန်မြန်အစာကြေမယ့်ပုံပဲ - အေးလေ ဆန်ပြုတ်တောင် သောက်ရသေးတာပဲ၊ ငါ့မိန်းမကတော့ ကိုယ့်ယောကျ်ား အဝါးရလွတ်အောင် ချက်ထားတာကိုး ဆိုပြီး သည်းခံစားလိုက်တော့ မိန်းမကလဲ ပြုံးစိပြုံးစိနဲ့ အစ်ကိုကသေးက တအားငိုလို့ချော့နေရတာနဲ့ ဒီလိုဖြစ်သွားရတာပါ နောက်ကိုသတိထားပြီး အစ်ကိုကြိုက်သလို လုပ်ပေးပါ့မယ်လို့ပြောလိုက်တော့- ရပါတယ်ကွာ၊ ဒီလိုပဲ တခါတရံ ဖြစ်တတ်တာပဲလို့ ကောင်းစွာနှလုံးသွင်းတတ်တော့ လင်မယားရန်မဖြစ်တော့ဘူးပေါ့။ မာတော့လဲ အစာခံတာပေါ့ကွာလို့ နှလုံးသွင်းနိုင်ရမယ်။

(၂) တကယ့်ဖြစ်ရပ်တစ်ခုပါ- ကျောင်းမှာ အိမ်နီးချင်းကလေးနှစ်ယောက် ရန်ဖြစ်ပြီး အိမ်ပြန်လာတော့ ဂင်ယောက်က ကုတ်ခြစ်မိတဲ့ဒဏ်ရာပြပြီး၊ သားက ကောင်းကောင်းနေရက်နဲ့ ဟိုဘက်အိမ်ကကောင်က သားကိုလုပ်တာဆိုပြီး ငိုတိုင်ပါရော၊ ဒီတော့ မိခင်က ဘာလုပ်သလဲဆိုတော့ ငါ့သားကို တမင်လုပ်တာဘဲ၊ ဒီကောင်တော့ တွေ့ကြသေးတာပေါ့ ဆိုပြီး နှလုံးသွင်းမှားတော့ ဟိုဘက်အိမ်ကိုရန်တွေ့ဖို့ ဒေါသူပုန်ထပြီးသွားရာ ဒေါသမီးလောင်ပြီး လမ်းတဝက်တွင်မှ နှလုံးသွေးရပ်၍ သေသွားတော့တယ်၊ ဒီနေရာမှာ နှလုံးသွင်းမှန်ရင် ကလေးတွေဆိုဒီလိုဖြစ်တတ်တာပဲ၊ နောင်ကို သားကိုဒီလိုမလုပ်အောင် အမေကြည့်ပြောပေးမှာပေါ့၊ သားကလည်း တည်တည်တံ့တံ့ မနေပေါ့လို့ဆိုရင် ဘာဖြစ်စရာရှိလဲ . . ခုတော့ နှလုံးသွင်းမှားတာနဲ့ အသက်ပါဆုံးရှုံးရတယ်။

(၃) အိမ်မှားခိုင်းတားတဲ့ ကလေးတစ်ယောက်က - ဖန်ခွက်နဲ့ရေခပ်ပြီး အိမ်ရှင်မကိုလာပေးရာ လမ်းမှာအနေကြောင်းတစ်ခုကြောင့် ဖန်ခွက်ကျကွဲသွားတယ်၊ အဲဒီအခါမှာ အိမ်ရှင်မက ဒါလောက်တောင်အသုံးမကျဘူးလား၊ ဒါလေးတစ်ခုခိုင်းတာဆိုပြီး၊ ထုနှက်ရိုက်ပုတ် ဒေါသအိုးကွဲပါလေရော။ ထုနှက်ရိုက်ပုတ်ရုံတင်မကဘူး၊ အနားမှာရှိတဲ့ရေနွေးကရားကရေနဲ့ လောင်းလိုက်တာ အပူလောင်ပြီး ဒဏ်ရာရပါလေရော (၂၀၀၉ ခုနှစ်က ဖြစ်ရပ်မှန်)- နောက်ဆုံးတော့ အိမ်ရှင်မဟာ နှိပ်စက်မှုနဲ့ ထောင်ကျသွားတော့တယ်။ အဲဒါဟာ ယောနိသော မနသီကာရ မရှိလို့ဘဲ၊ ဖန်ခွက်ဆိုတာ အစတည်းက ကွဲတတ်တဲ့ အမျိုး(အနိစ္စ)ဆိုတာ သဘောပေါက်ထားရင် ဖန်ခွက်ကွဲတာဟာ အဆန်းမဟုတ်ဘူးဆိုတာကို တရားသဘောနဲ့သိထားရင် နှလုံးသွင်းမှန်ပြီး ပြဿနာမဖြစ်တော့ဘူးပေါ့။

(၄) ဖြစ်ရပ်မှန်တစ်ခုကတော့ ဇနီးမောင်နှံနှစ်ယောက်မှာ အမျိုးသမီးက တရားကိုဝါသနာပါ၏၊ ဥပုတ်နေ့ဆိုရင် ဘုန်းကြီးကျောင်းသွား၍ ဥပုတ်စောင့်၏ အခါအားလျော်စွာ တရားအားထုတ်၏။ ခင်ပွန်းသည်က ဝါသနာမပါ ကျောင်းကိုခေါ်သော်လည်းမလိုက်၊ ဇနီးသည်မှာ လင်ရဲ့ဝတ္တရားများကိုလည်း ကျေပွန်စွာ ထမ်းဆောင်နေရသဖြင့် စိတ်သွားတိုင်းကိုယ်မပါဘဲ ရဲဖန်ရံခါသာ တရားအားထုတ်ရ၏။

တနေ့တော့ ခင်ပွန်းသည်နောက်အိမ်ထောင်ပြုသွားသည်။ အမျိုးသမီးမှာ ပုံမှန် ကျောင်းသို့ လာရောက်အားထုတ်လေသည်၊ ဆရာတော်က အမျိုးသမီးအား ခင်ပွန်းသည် နောက်အိမ်ထောင်ထူတာ စိတ်မဆင်းရဲဘူးလားဆိုတော့၊ အမျိုးသမီးက တပည့်တော် သူ့ကို

မုန်းလို့တော့ မဟုတ်ပါဘူး၊ ကံကုန်လို့ အကြောင်းမလှဖြစ်ရတာပါတဲ့၊ နောက်ပြီး တပည့်တော်မမှာ လင့်ဝတ္တရားတွေကို ထမ်းဆောင်စရာမလိုတော့တဲ့အတွက် ယခုဆို မှန်မှန် တရားအားထုတ်နိုင်ပါပြီ၊ သူ့ကိုတောင် ကျေးဇူးတင်ရပါဦးမယ်ဆိုပြီး အေးအေးချမ်းချမ်းပဲ ဖြေပါတယ်။ ဒါဟာလဲ တကယ်တော့ ယောနိသောမနသိကာရပါပဲ နှလုံးသွင်းမှန်လို့ ဒေါသမထွက်ဘဲ အေးချမ်းစွာ နေနိုင်ခြင်းပါ။

(၅) မိသားစုဝင်တွေ အများဆုံးဖြစ်တာကတော့ သားသမီးနှစ်ယောက်ရှိရင် တစ်ယောက်က စာကြိုးစားတယ်၊ ရည်မှန်းချက်ရှိတယ်။ တစ်ယောက်က စာမကြိုးစားဘူး ဒါမှမဟုတ် ဉာဏ်ထိုင်းတယ်၊ အဲဒီလိုဆိုရင် မိဘက ဒုတိယကလေးကို အားမရတော့ဘူး၊ အားမရတော့ ဗျစ်တောက်ဗျစ်တောက် ဖြစ်လာတော့ကယ်၊ အိမ်မှာ မသာယာတော့ဘူး၊ လူတွေဟာ အတိတ်ကံအကြောင်းတရားတွေကြောင့် အကျိုးတရားတွေ ဖြစ်လာကြတာ၊ ဉာဏ်ပပီကဲ့ ကလေးကို အဘင်းတွန်းလို့မရဘူး မြန်မာပြည်မှာကလည်း ဆရာဝန်ရူးတွေများတယ်၊ သားသမီးအားလုံး ဆရာဝန်လိုင်းလိုက်စေချင်တယ်၊ သင်ကြားဆုံးမတယ် ဆိုတာ မိဘတာဝန်ပါ။ ဒါပေမယ့် အလွန်အကျွံဖြစ်စေချင်လို့ သားသမီးနဲ့မတည့်ဘဲ စိတ်ဆင်းရဲနေကြတာ တပုံကြီး၊ ဆရာဝန်မဟုတ်တဲ့ ကုန်သည်ကြီး၊ ကုမ္ပဏီပိုင်ရှင်တွေ၊ ချမ်းသာတဲ့လူတွေ တပုံကြီးပါ။ သူနဲ့ဒိုက်တန်တာ သူဖြစ်လာမယ်ဆိုတဲ့ နှလုံးသွင်းလေးမှန်ရင် အလွန်အကျွံ မတွန်းတော့ဘူး။ အေးအေးဆေးဆေး နေသွားနိုင်ပြီး အိမ်ထောင်စုမှာ စိတ်ချမ်းသာရတာပေါ့၊ ကိုယ်ဖြစ်ချင်တာတွေ ရှေ့တန်းမတင်နဲ့၊ အနတ္တဆိုတဲ့ သဘောတရားနားလည်ရင် သူ့သဘောသူ ဆောင်လိမ့်မယ်ဆိုတာ သိလာမှာပါ။ အနတ္တဆိုတာ နားလည်ရင် နှလုံးသွင်းမှန်လာပြီပေါ့

အဲဒီတော့ ဘယ်အရာမဆို အနိစ္စ-ဒုက္ခ-အနတ္တဆိုတဲ့ သဘောတွေကို နက်နက် ရှိုင်းရှိုင်း သဘောပေါက်နားလည်ထားရင် နှလုံးသွင်းမမှားတော့ဘူးပေါ့။ ယောနိသောမန သိကာရဖြစ်ပြီး လူ့ဘဝကြီးဟာ နေပျော်ပါပြီ၊ လူတွေအများဆုံး ပြောနေကြတာ "နေဟတ်ရင် ကျေနပ်စရာ ချည်းပဲ" ဆိုတာ ယောနိသောမနသိကာရပါပဲ။

- အဲဒီတော့ မီးမလာတာလည်း ပြဿနာ မဖြစ်တော့ဘူး။

- ဟိုလူ့မကျေနပ်၊ ဒီလူ့မကျေနပ်လည်း မဖြစ်တော့ဘူး။

- မိသားစုဝင်ချင်းသော်လည်းကောင်း၊ ပတ်ဝန်းကျင်နဲ့သော်လည်းကောင်း အေးချမ်းသာယာမှုရပါတယ်။

- အဲဒါကြောင့် စာဖတ်သူတို့သည် ဘုရားလက်ထက်က သုတ္တံအရသော်လည်းကောင်း၊ ယခုခေတ်ဖြစ်ရပ်မှန်များအရ လည်းကောင်း၊ တရားရှိလာပြီး တွေ့ကြုံရတဲ့ လောကဓံတရားများကို ယောနသောမနသိကာရ နှလုံးသွင်းမှန်ပြီး အေးချမ်းစေရန် ဆင်ခြင်နိုင်ဖို့ ရေးသားလိုက်ရပါတယ်။ အရာရာမှာ နှလုံးသွင်းမှန်ပါစေ။

တရားသဘော၊ သဘောတရား

တရားသဘောဟု အခေါ်ရှိသလို သဘောတရားဟုလည်း အခေါ်ရှိသည်။ ထို့ကြောင့် တရားဆိုတာသဘော၊ သဘောဆိုတာတရား အတူတူပင်ဖြစ်သည်။ တရားဆိုတာ သဘောပဲရှိသည်။ အကောင်အထည်မရှိ။ ဒြပ်ကိုယ်ဝတ္ထုမရှိ။ ပြောဆိုဖြစ်ရုံသဘောမျှသာရှိသည်။ ၎င်းသဘော၊ နာမ်သဘော၊ အဖြစ်သဘော အပျက်သဘော အားလုံးတရားချည်းဖြစ်သည်။

တနည်း တရားသဘောဆိုတာ မမြဲသော အနိစ္စသဘော၊ ဆင်းရဲသော ဒုက္ခသဘော၊ အစိုးမရ အစိုးမပိုင်သော အနတ္တသဘော၊ ကိုယ်စိတ်တိုင်းကျ၊ ကိုယ့်အလိုအတိုင်းမဟုတ် ဖောက်လွဲဖောက်ပြန်တတ်သော သဘောကို တရားသဘောဟု ခေါ်သည်။

တရားနဲ့ဖြေဆိုသော အနိစ္စသဘောတွေ ထင်ထင်ရှားရှား ကြီးကြီးမားမား တွေ့ကြုံရသောအခါ ခံသာအောင်လို့ ဒါဟာ အနိစ္စသဘောပဲ။ ဖြစ်သမျှ ပျက်ရမှာပဲဟု ဆင်ခြင်ရမည်။ ဆင်ခြင်တုံတရားကိုခေါ်သည်။ ကိုယ်ချင်းစာတရားဆိုတာ သူ့နေရာကို ကိုယ်ဝင်နေပြီး သူ့ဘက်ကနေ စာနာကာ ကိုယ်ချင်းစာတရားဖြစ်သည်။

တရားမရှိဆိုတာ လောဘ၊ ဒေါသ၊ မောဟ စတာတွေ သိပ်ကြီးနေသူကို ပြောဆိုခြင်းဖြစ်၏။ သိပ်လောဘကြီးသည်၊ သိပ်ဒေါသကြီးသည်၊ စိုးရိမ်ပူပန်မှုတွေ သိပ်များနေသည်ဆိုလျှင် ထိုသူသည် တရားမရှိ။ ကိုယ့်လောဘကိုယ် ထိန်းသိမ်းနိုင်သည်။ ကိုယ့်ဒေါသကို မျိုသိပ်နိုင်သည်။ အရာရာအေးအေးချမ်းချမ်းပဲ ပြောဆိုလုပ်ကိုင်ဆောင်နိုင်သည်ဆိုလျှင်တရားရှိသည်။ ဤနေရာ၌ ထိန်းထိန်းသိမ်းသိမ်း ရှိတာတရားဖြစ်သည်။

တရားသမားဆိုတာ ဘာသာတရား အထူးကိုင်းရှိုင်းသူ. ဘုရားတရားအလုပ် ရိုးရိုးသားသား၊ ထူးထူးကဲကဲ ပြုလုပ်သူ၊ အမှန်တရားကို ဘာနဲ့မှလဲထပ်မစားသူ၊ အမှန်တရားကို ဂုဏ်နှင့်သော်လည်းကောင်း၊ လာဘ်နှင့်သော်လည်းကောင်း၊ ပကာသနနှင့်သော်လည်းကောင်း၊ လုပ်ပိုင်ခွင့်နှင့်သော်လည်းကောင်း အလဲအထပ်မလုပ်သူ၊ ဤနေရာ၌ ရိုးရိုးသားသား ဘုရားတရားအလုပ်သည် တရားဖြစ်သည်။

တရားနတ်စောင့်သည်။ အမှန်တရားဆိုတာ တစ်နေ့တော့ အောင်နိုင်သည်။ အမှန်တရားဆိုတာ တစ်နေ့တော့ အပေါ်စီးက နေရာရသည်။ တကယ်တော့ တရားကို နတ်စောင့်တာမဟုတ်ပါ။ တရားကိုတရားက ပြန်စောင့်ခြင်းဖြစ်သည်။ အမှန်တရားကို ဤနေရာ၌ တရားဟုခေါ်သည်။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုသည့် အောက်အနိမ့်အပါယ် လေးပါးကိုဆွဲချသွားတာ မတရားဖြစ်သည်။ လူရပ်နတ်ရွာ ကောင်းရာသုဂတိအပေါ် နိဗ္ဗာန်အထိ ဆွဲတင်မြှင့်တင် မ,တင်ပေးတာ တရားဖြစ်သည်။ လူနုံ၊ လူမွဲ၊ လူဆင်းရဲ၊ လူအောက်တန်းစား၊ လူ့အမှိုက်ဖြစ်အောင် ဆွဲချနှိမ့်ချထားတာ မတရားဖြစ်သည်။ လူတတ်၊ လူတော်၊ လူချမ်းသာ၊ လူကောင်းသူကောင်းဖြစ်အောင် ဆွဲတင်မြှင့်တင်ပေးထားတာ တရားဖြစ်သည်ဟု နားလည်ရပါမည်။

"တရားတော်မြတ် ကျင့်သုံးသူမှာ တရားတော်က စောင့်မြဲသေချာ၊ တရားတော်က

အေးမြချမ်းသာ၊ ဆောင်ယူပေး ကင်းဝေးပါဒုက္ခာ”ဟု ဘုရားဟောပါသည်။ လောကမှာ အစောင့် အရှောက်ခံချင်လို့ ဟိုအဆောင်သည်အဆောင်တွေ ဆောင်ကြသည်။ ဒါတွေက ကြောင်းကျိုး ယုတ္တိမရှိ။ စိတ်ချရတာမဟုတ်။ အကောင်းဆုံး အဆောင်ဆိုတာ တရားသာဖြစ်သည်။ တရားသာ ဆောင်ထားပါ။ တရားသာ မိမိနှလုံးသားထဲ ထည့်ထားပါ။ တရားသာ အကောင်းဆုံးအဆောင် ဖြစ်သည်။ အကောင်းဆုံး အဆောင်ကသာ အကောင်းဆုံး အစောင့် အရှောက်ကို ပေးလိမ့်မယ်။

“နှစ်ပါးဘဝ ဝမ်းမြောက်ရ ဗုဒ္ဓတရားတော် အနေလည်းပျော် သေလည်းပျော်ပျော် ဗုဒ္ဓတရားတော်”ဟု ဘုရားဟောသည်။ တရားဆိုတာ လက်ရှိဘဝမှာလည်း ပျော်ရွှင်စေသည်။ တမလွန်အဆက်ဆက်မှာလည်း ပျော်ရွှင်စေသည်။ အသက်ရှင်နေခိုက် ပျော်ရွှင်စေသလိုမနေရလို့ သေရသောအခါလည်း ပျော်ပျော်ကြီး သေရသည်။ သေမင်းကို ပျော်ပျော် ရင်ဆိုင်နိုင်သည်။

တရားသည် စကြဝဠာတေးမင်း စည်းစိမ်ထက်သာသည်

အနာထပိဏ်သူဌေး၌ သားမိုက်တစ်ယောက်ရှိ၏။ မိဘအဆုံးအမကို လုံးဝမနာယူဘဲ အပေါင်းအသင်းများနှင့်အတူ အမြဲတစေ ပျော်ပါးသုံးဖြုန်းလျက်နေ၏။ သားကို ဖခင်ဖြေရာ နင်းစေချင်သော သူဌေးကြီးသည် တစ်နေ့ ဥပုသ်စောင့်လျှင် ငွေတစ်ရာပေးမည်ဟုဆိုကာ သား (မောင်ကာဠ)ကို ကျောင်းပေါ်သို့သွား၍ ဥပုသ်စောင့်ခိုင်း၏။ ဖြုန်းဖို့ ငွေလိုမနေသော ကာဠသည် ဇေတဝန်ကျောင်းသို့သွား၍ ဥပုသ်စောင့်၏။ ညအချိန်တွင် အခြားဥပုသ်သည် များသိုပင် ကျောင်း၌ အိပ်တော့အိပ်ပါ၏။ မြတ်စွာဘုရား၏ တရားတော်ကိုမနာပေ။ နံနက်လင်း၍ အိမ်ပြန်သောအခါ ဆုအဖြစ် ငွေတစ်ရာရလိုက်၏။

<u>လူဆိုးဘဝမှ သောတာပန်သို့</u> ။ နောက်တစ်နေ့ ဥပုသ်စောင့်သွား၍ တရားကဲမှ တစ်ပုံ တစ်ရာ မှတ်မိလျှင် ငွေတစ်ထောင်ပေးမည်ဟု သူ့ဖခင်က ပြောသဖြင့် မောင်ကာဠ ကျောင်းသို့ သွား၍ ဥပုသ်စောင့်ပြီးလျှင် ညတရားကို သေသေချာချာ နာရင်းနှင့်တရား သဘောပေါက်ကာ တရားနာရင်း တရားရှုမှတ်သဖြင့် တရားဆုံးသောအခါ သောတာပတ္တိ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ရသွားသည်။

နံနက်လင်း၍ အိမ်ပြန်လာသောအခါ တည်ကြည်ငြိမ်သက်လှသော မောင်ကာဠသည် သူ့ဖခင်က ဥပုသ်စောင့်ခ ငွေတစ်ထောင်ပေးလိုက်မည်ကို ငြင်းပယ်၏။

မြတ်စွာဘုရားက ကာဠဟာ စကြဝဠာတေးမင်းစည်းစိမ်ထက်သာသည့် (သောတာပတ္တိ မဂ်ဉာဏ်) ရပြီဖြစ်၍ ငွေတစ်ထောင်ကို မမက်တော့ကြောင်း ဟောတော်မူလေသည်။

တရားတော်သည် နာကြားရုံမျှနှင့် ကြားနာရသည့် အခိုက်မှာ ကိလေသာအပူ မီးတောက်မီးလျှံတွေ ငြိမ်းအေးသွားနိုင်သည်။ ကျင့်လျှင်ကျင့်နိုင်သလောက် ချမ်းသာသည်။ သာမန်လူပြိန်းတွေက တရားကျင့်ရတာပင်ပန်းဆင်းရဲလိမ့်မည်ဟု ထင်ကြသည်။ မှန်ပါသည်။ ပင်ပန်းဆင်းရဲသလောက်ကတော့ ပင်ပန်းဆင်းရဲပါသည်။ သို့သော်ရလာမည့် အကျိုး ကျေးဇူးက သိပ်ပြီးတော့ ကြီးမားသည်။ အရင်းနှင့်အမြတ်ယှဉ်လျှင် အမြတ်က ပိုများသည်။ တစ်ကျပ်သား

လောက် ကျင့်နိုင်လျှင် တစ်ပိသာလောက် ချမ်းသာသည်။

အရသာတွေအားလုံးထဲမှာ တရားအရသာသည် အကောင်းဆုံးဟု ဘုရားဟောသည်။ အာရုံငါးပါး၏ အရသာဘယ်လောက်ပဲကောင်းကောင်း တရားအရသာကို မမှီနိုင်ချေ။ ကာမဂုဏ် အရသာသည် အကြာကြီး မခံစားနိုင်။ ရိုးအီသွားသည်။ ရုပ်ရှင်ဘယ်လောက် ကောင်းကောင်း၊ ပွဲဘယ်လောက်ကောင်းကောင်း (၂)ခါထက် ပိုမကြည့်နိုင်။ အစားအသောက် ဘယ်လောက် ကောင်းကောင်း နေ့စဉ် (၂)ရက် (၃)ရက်ထက်ပိုပြီး မစားနိုင်။ ရိုးအီသွားတာပါ။ အခြားအရသာ တွေလဲ ခေတ္တခဏပါ။ ကြာလျှင် ရိုးအီသွားတာပါပဲ။ ဘာပြုလို့လဲ ဆိုတော့ တကယ်မကောင်း လို့ပါ။ တရားအရသာက အစားအသောက်မစား (၇)ရက်(၇)လီ ဖိုဝင်စားနိုင်သည် အာဟာရအတွက်သာ ခေတ္တနားခြင်းဖြစ်သည် ဘာပြုလို့လဲဆိုတော့ တကယ်ကောင်းလို့ပါ။ တရားအရသာခံစားမှုသွားလျှင် ကျန်သည့် ဘာအရသာကိုမှ မခံစားချင်တော့ပါ။

တရားအကျင့်ပြီးပြည့်စုံအောင် ကျင့်ပြီးလျှင် ဘယ်ချမ်းသာမျိုးနှင့်မှ နှိုင်းယှဉ်မရသော နိဗ္ဗာန်ချမ်းသာကို ခံစားရသည့် တရားတော်သည် ကြားနာခိုက် အပူကင်းခြင်းဆိုသည့် အစ၏ ကောင်းခြင်း၊ ကျင့်ကြံအားထုတ်ခိုက် ချမ်းသာခြင်းဆိုသည့် အလယ်၏ကောင်းခြင်း၊ ကျင့်ပြီး သောအခါ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းသော နိဗ္ဗာန်ကို ခံဝင်ရခြင်းဆိုသည့် အဆုံး၏ ကောင်းခြင်း သုံးမြွာနှင့် ပြည့်စုံအောင် ဟောကြားထားသော တရားတော်ဖြစ်သည်။ (သွာက္ခာတဂုဏ်တော် ဖြစ်သည်။)

ယောနိသောမနသိကာရ

လူ့ဘဝရောက်ရှိလာလို့ ခန္ဓာရကဲ့အခါ သင်္ခါရအားလုံးကို ယောနိသောမနသိကာရ (သင့်သောအားဖြင့် နှလုံးသွင်းခြင်း၊ နှလုံးသွင်းမှန်ခြင်း) ဖြစ်ပါက (၁) လောကုတ္တရာအားဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ခြင်း၊ (၂) လောကီအားဖြင့် စိတ်နှလုံးအေးချမ်းသာယာခြင်း အကျိုးကို ခံစားရပါသည်။

ယောနိသောမနသိကာရ (နှလုံးသွင်းမှန်ခြင်း)

နှလုံးသွင်းမှန်ခြင်းဖြင့် တရားကို အားထုတ်မှသာ တရားရနိုင်သလို တရားရသူများ ကလည်း နှလုံးသွင်းမှန်ကြပါသည်။ ဒါကြောင့် တရားရှိသူများသည် လူ့ဘဝကြီးတွင် စိတ်ချမ်း သာစွာဖြင့် နေနိုင်ပါသည်။

မြတ်စွာဘုရားက နှလုံးသွင်းမှန်မှန်ထား ဒါမှ ဉာဏ်ထက်လာလိမ့်မယ်။ မိုးကုတ် ဆရာတော်ဘုရားကြီးကလဲ (ပေါဋ္ဌိလရဟန်းကြီးဇာတ်ကြောင်းကို မှီးပြီး နှလုံးသွင်းမှန်ဖို့ အကြောင်း ဟောပြောခဲ့ပါတယ်။) နှလုံးသွင်းမှန်တယ်ဆိုတာကတော့ အနိစ္စရှိရင် (အနိစ္စလို့ နှလုံးသွင်းမှန်ရမယ်)။ ဒုက္ခရှိရင် (ဒုက္ခလို့ နှလုံးသွင်းမှန်ရမယ်)။ အနတ္တရှိရင် (အနတ္တလို့ နှလုံးသွင်းရမယ်)။ အသုဘရှိမယ်ဆိုရင် (အသုဘလို့နှလုံးသွင်းရမယ်)။ ဒုက္ခသစ္စာရှိရင် (ဒုက္ခသစ္စာလို့ နှလုံးသွင်းရမယ်)။ နှလုံးသွင်းမှန်တယ်ဆိုတာ ဒီ(၅)ချက် တစ်ချက်ချက်မိရင်

နှလုံးသွင်းမှန်တယ်လို့ ခေါ်တယ်။ နှလုံးသွင်းကောင်းရင် ဉာဏ်က ကိလေသာကို ဖြတ်တယ်။

မိလိန္ဒမင်းကြီးကို ရှင်နာဂသိန်က ဖြေပါတယ်။ ကောက်ပင်ရိတ်သလိုဘဲတဲ့။ ကောက်ပင်ကို ကိုင်ထားတာနဲ့ နှလုံးသွင်းကောင်းတာနဲ့တူပါတယ်။ ကောက်ပင်ဖြတ်တဲ့ တံစဉ်နဲ့ ဉာဏ်ဟာလဲ တူပါတယ်တဲ့။ ဒါကြောင့် ယောနိသောမနသိကာရကောင်းမှ ဉာဏ်က ကိလေသာကို ဖြတ်နိုင်မယ်တဲ့။

တောင်ပို့ဥပမာ (စိတ္တာနုပဿနာ)
(ရဟန္တာကိုရင်ကလေးက ပေါဋ္ဌိလ ရဟန်းကြီးအား ဟောခန်း)

တောင်ပို့တစ်ခုမှာ အပေါက်ခြောက်ပေါက်ရှိတယ်။ အဲဒီအထဲ ဖွတ်တစ်ကောင် ဝင်သွားတယ်။ ဘယ်နှယ်လုပ် ဖမ်းရမလဲဆိုရင် အပေါက်ငါးပေါက်ကိုပိတ်ပြီး ကျန်တစ်ပေါက် ကနေ စောင့်ပြီး ဖမ်းရမှာပေါ့။ ဒီတော့ ဝိပဿနာအားထုတ်မယ်ဆိုရင် မျက်လုံး၊ နား၊ နှာခေါင်း၊ လျှာ ကိုယ့်အပေါက်တွေကိုပိတ်ထားပြီး မနောပေါက်တစ်ခုတည်းကနေပြီး ရှုပါလို့ပြောတာ။ မနောပေါက် တစ်ခုတည်းကနေပြီး ခန္ဓာကိုယ်မှာ နှလုံးသွင်းကောင်းကောင်းနဲ့ ဖြစ်ပျက်ရှုပါ လို့ခိုင်းတာ။

ကျန်ငါးပေါက်ကိုပိတ်ထားပြီး ဝိပဿနာမရှုခိုင်းဘူး။ မနောပေါက်တစ်ပေါက်တည်းက အကုန်ရှုတာပဲ။ မျက်လုံးပေါက်ကမြင်တာကို မြင်စိတ်လာတာလဲ မနောပေါက်ကရှု။ နှာခေါင်း ပေါက်က နံစိတ်။ သိစိတ်လာရင်လည်း မနောပေါက်ကရှု။ လျှာပေါက်က စားစိတ်။ သိစိတ် လာရင်လည်း မနောပေါက်ကနေရှု။ ကိုယ်ပေါက်က ယားစိတ် ယံစိတ် သိစိတ်လာရင်ကော မနောပေါက်ကပဲရှုပေးပါ။ ဒီပြင်အပေါက်တွေပိတ်ပြီးသားဖြစ်တယ်။ ကျန်တဲ့ငါးပေါက် ဝိပဿနာ မရှုနဲ့။ မနောပေါက်တစ်ခုကသာ ဝိပဿနာရှု။ နှလုံးသွင်းကောင်းကောင်းနဲ့ ဉာဏ်ထက်ထက် သာရှု။ နိဗ္ဗာန်မင်္ဂဖိုလ်ဟာ မဝေးပါဘူး။

ခန္ဓာကိုယ်ကြည့် ဟိုနေရာကယားလာ၊ ဒီနေရာကနာလာ၊ ညောင်းလာ။ ဒါလေး တွေဟာ ဝေဒနာလေးတွေ။ ဒါလေးတွေဟာ ပုဂ္ဂိုလ်သတ္တဝါမဟုတ်ဘူး။ ဝေဒနာလေးတွေပဲ။ (နှလုံးသွင်းမှန်ပြီ) အဲဒီလိုဆိုရင် ဉာဏ်က ဖြစ်ပျက်ကို တွေ့တော့တာပဲ။ ဉာဏ်က ဖြစ်ပျက် တွေ့ရင် ကိလေသာဖြစ်တဲ့ လောဘ ဒေါသ မောဟတွေ လာခွင့်မရတော့ဘူး။ နှလုံးသွင်းမှန် ထားတော့ ဉာဏ်ကဖြတ်ပြီ။

ဥပမာ - ပန်းပွင့်ကလေးတစ်ပွင့်မြင်ရင် ဒီဥစ္စာကလေးဟာ အနိစ္စလို့ နှလုံးမသွင်းဘဲနဲ့ လှတယ်လို့ နှလုံးသွင်းလိုက်လို့ရှိရင် လိုချင်တယ်ဆိုတဲ့ ကာမာသဝလာတယ် (နှလုံးသွင်း မှားလို့)။ နှလုံးသွင်းမှားတယ်ဆိုရင် အာသဝဆိုတဲ့ လောဘတွေ အကုန်လာတော့တာပဲ (ကိလေသာဝင်ပြီ)။

ကိုယ့်ရှေ့မှာသွားတဲ့ မိန်းကလေးကိုကြည့်ရတာ အဆင်မပြေဘူး။ အမြင်ကပ်လိုက်တာ ဆိုရင် နှလုံးသွင်းမှားတော့ ဒေါသတွေ၊ မောဟတွေ (ကိလေသာတွေ) ဝင်တော့တာပေါ့။

နှလုံးသွင်းမှားရင် အာသဝလာမယ်။ အာသဝလာလို့ရှိရင် နိဗ္ဗာန်နဲ့ဝေးပြီလို့သာမှတ်။ နှလုံးသွင်းမှန်ရင် (ဉာဏ်က ကိလေသာဖြတ်ပါတယ်)။

မကောင်းတဲ့အပုပ်နံ့ကလေးတွေရလို့ရှိရင်

လမ်းလျှောက်ရင် မကောင်းတဲ့အပုပ်နံ့ကလေးတွေ ရလို့ရှိရင် ...... အို.... ဒီအနားက လူတွေကလဲ အတော်ဆိုးဝါးတဲ့လူတွေပဲဆိုပြီး နှလုံးသွင်းမှားရင် အဲဒီ အနံ့ကလေးသိတဲ့ စိတ်ကလေးကို အနံ့ကို အပုပ်ပဲ အသုဘပဲလို့ နှလုံးမသွင်းဘဲနဲ့ မည်သူမည်ဝါ လုပ်ထားတာပဲလို့ နှလုံးသွင်းလိုက်လို့ရှိရင် တခါတည်း အာသဝလာတော့တာပဲ။ နှလုံးသွင်းမှန်မှန်နဲ့ အနံ့သိကဲ့စိတ်ကလေးကို ဖြစ်ပျက်ရှုလိုက်လို့ရှိရင်ဖြင့် ဖြစ်ပျက်မဂ်က လိုက်လာတော့ ပဋိစ္စသမုပ္ပါဒ် ပြတ်သွားတာပေါ့။

ဒီနေရာမှာ ကောက်ပင်ကို တံစဉ်ရိုးနဲ့ကောက်ပင်ဖြတ်ဖို့ကလည်း တံစဉ်ရိုးကို မြဲမြဲဆုပ်ကိုင်ထားရမယ်။ ပြီးတော့ တံစဉ်သွားနဲ့ဖြတ်ရမယ်။ ဝီရိယလက်က မမြဲမြန်ရင်လည်း ဖြတ်လို့မရပြန်ဘူး။ နှလုံးသွင်းမှန်ပြီး(သတိ)ဝီရိယများများစိုက်ရမယ်။ ဒါမှ ဉာဏ်ထက်ပါမယ် (သတိ-ဝီရိယ-ပညာပေါ့)။ အဲဒါကြောင့် ဝိပဿနာရှုလို့ရှိရင် နှလုံးသွင်းမှန်ရမယ်။ ဝီရိယစိုက်ရမယ်။ ဒီလိုဆိုရင် ဉာဏ်ထက်လာပြီး ကိလေသာကို ဥစ္စာဖြတ်ပြီး ယိုချင်တဲ့ ပန်းတိုင်ရောက်မှာပဲ။ ဒါကြောင့် တရားအားထုတ်တဲ့အခါမှာ (နှလုံးသွင်းမှန်မှုနဲ့ ဝီရိယစိုက် ထုတ်မှုက အရေးကြီးပါတယ်)။ ဉာဏ်အလိုလို လိုက်လာပါလိမ့်မယ်။ တရားခန်းတွင်သာ လုပ်ရမှာ မဟုတ်ဘူး။ အိမ်မှာလဲ ခန္ဓာကိုယ်ကြည့် ဟိုနေရာကယား ဒီနေရာကနာလို့ရှိရင် ဪ .... မုဂ္ဂိုလ်သတ္တဝါက နာလာတာမဟုတ်ဘူး။ ဒါ ဖောက်ပြန်နေတာ။ ဒုက္ခသစ္စာ ပေါ်လာတာ ဒီလိုနှလုံးသွင်းထည့်ပေးလိုက်။ အဲဒီလို ပေါ်လာတာလေးတွေကို ဒုက္ခသစ္စာပဲ ဒုက္ခသစ္စာပဲ ဒုက္ခသစ္စာပဲလို့သာ ဝီရိယစိုက်ပြီးရှု။ အဲ့ဒီလို ဝီရိယစိုက်ရှုလိုက်ရင် ဉာဏ်က ဟော့ကိလေသာ မလာခဲ့နဲ့၊ ကိလေသာ မလာခဲ့နဲ့လို့ တားပြီးသားဖြစ်နေတယ်။ ကိလေသာ မလာတော့ဘူးလို့ ဆိုရင်ဖြင့် နောက်သံသရာခန္ဓာတွေဟာလည်း မလာတော့ဘူးပေါ့။ အဲဒါကြောင့် နှလုံးသွင်းမှန်ရင် လောကုတ္တရာအကျိုးဖြစ်တဲ့ ခန္ဓာဇာတ်သိမ်းပြီး နိဗ္ဗာန်ရောက်နိုင်ပါတယ်။

" ကံ "

ကံဟူသည် အတိတ်ကာလ ပစ္စုပ္ပါန်ကာလတို့၌ ပြုခဲ့၊ ပြုဆဲဖြစ်သော ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့ဖြစ်သည်။ စေတနာကံကိုကံဟု ငါဘုရားဟော၏ စေတနာဖြင့် စေ့ဆော်၍ အမှုကိစ္စတို့ကို ဆောင်ရွက်၏။

ကံတရားဆိုသည်မှာ တခြားမှ ဝင်ရောက်လာခြင်းမဟုတ် မိမိ၏ စိတ်ရင်းမှဖြစ်ပေါ် လာသော တက်ကြွသော စိတ်ကို စေတနာဟုခေါ်သည်၊ စေတနာပင်လျှင် ကံတရားအစစ်ဖြစ်၏။ အမှန်စင်စစ် ကံဆိုသည်မှာ မြတ်ဗုဒ္ဓ၏ ကမ္မဝါဒအရ အတိတ်ကံ၊ ပစ္စုပ္ပာန်ကံနှစ်မျိုးလုံးဖြစ်သည်။

ထိုနှစ်မျိုးစလုံးကိုယူမှ အယူမှန်သည်။ ကမ္မသကထာသမ္မာဒိဋ္ဌိ ဖြစ်၏။ ဗုဒ္ဓဘာသာစင်စစ်ဖြစ်၏။ သို့ရာတွင် ဗုဒ္ဓဘာသာဝင်အချို့တို့သည် ကံအကြောင်းကို ကောင်းစွာ မသိကြသဖြင့် အတိတ်ကံကို အလွန်အစွဲသန်ကြ၏။ ဘာမဆိုအတိတ်ကံကိုချည်း ချကြ၏။ တရားခံလုပ်ကြ၏။

လက်ရှိဘဝ၌ ချမ်းသာမှု-ဆင်းရဲမှု-ပညာရှိမှု-ပညာမဲ့မှု၊ ရောဂါထူမှု-ကျန်းမာမှု စသော ဖြစ်ပျက်သမျှ ကိစ္စအဝဝတို့သည် ရှေးဘဝတို့က ပြုလုပ်ခဲ့ကြသော အတိတ်ကံကြောင့်သာ ဖြစ်သည်ဟု ယူဆပြောဆိုလေ့ရှိကြသည်။ ကံမရှိ ဉာဏ်ရှိတိုင်းမွဲ-ကံဆိုးမသွားရာ မိုးလိုက်လို့ရွာ စသော စကားများသည် အတိတ်ကံကိုချည်း တဖက်သတ် အားကိုးသူတို့၏ လက်သုံးစကားများ ဖြစ်သည့်-ဗုဒ္ဓဘာသာဝင်ဖြစ်ပါလျက်-အတိတ်ကံတစ်ခုတည်းကိုသာယူခြင်းသည် မှားယွင်းနေ၏။ ယခုဘဝတွင်ရှိကြသော ဉာဏ်ဝီရိယစသည်တို့၏ ဆိုင်ရာမဟုတ်၊ ဉာဏ်ဝီရိယစသည်တို့နှင့် ပြုပြင်နိုင်ကောင်းသော အရာမဟုတ်ဟု ခိုင်မြဲစွာယူတက်ခြင်း ဤအယူကား ပုဗ္ဗေကတဟေတုဒိဋ္ဌိ အယူမှားပင်ဖြစ်သည်။ (လယ်တီဆရာတော်ဘုရားကြီး)

ယခုဘဝမကောင်းကျိုးဆိုးကျိုးများသည် အပါယ်ကပြုခဲ့သည့် အပါယ်ဇာနက သက်သက်ချည်းမဟုတ်၊ မျက်မှောက်ဘဝတွင် ဉာဏ်ဦးဆောင်သည့် ကြိုးစားအားထုတ်မှု တို့ကြောင့် ဖြစ်ပေါ်လာသည့် ပစ္စုပ္ပန် ဥပတ္ထမ္ဘက ကံသည်လည်း အရေးပါသောအကြောင်း တရားဖြစ်သည်။ ယခုဘဝ၌ ပြုလုပ်သော ကံများသည် အတိတ်ဇနကကံများ အားနည်းနေသည့် အခါ အကျိုးပေးခွင့်ရအောင်လည်း ထောက်ပံ့ကူညီ၏။ အကျိုးပေးသန်အောင် ကြာမြင့်စွာ အကျိုးပေးအောင်လည်း မီးတောက်လေကူသကဲ့သို့ ရေလာမြောင်းပေးသကဲ့သို့ဖြင့် ကူညီထောက်ပံ့ကတ်ကြ၏။ ဒါကြောင့် ရှေးအတိတ်ကံရှိနေသော်လည်း ယခုပစ္စုပ္ပန်တို့ကို ပဆောင်ရွက်ပါက အကျိုးပေးနည်းကြပါသည်။ ဒါကြောင့် ကံဆိုလျှင် အတိတ်ကံ ပစ္စုပ္ပန်ကံ နှစ်ခုလုံးကို ယူမှသာ ဗုဒ္ဓဘာသာဝင်အစစ်ဖြစ်ပါသည်။

အတိတ်ဘဝများမှ အကုသိုလ် မကောင်းမှုတို့သည်၎င်း ကောင်းမှုကုသိုလ်တို့သည် ၎င်း ယခုဘဝတွင် အကျိုးပေးမည်ဖြစ်သည်။ အထူးသဖြင့် မကောင်းခဲ့သော အတိတ်ဖြစ်ရပ်များ သည် ယခုဘဝတွင် ဆိုးကျိုးဝဋ်ကြွေးကို ကြုံရပါမည်။ ထိုကဲ့သို့ မကောင်းသော ဝဋ်ကြွေးများကို လျော့သွားအောင်သော်၎င်း ပပျောက်အောင်သော်၎င်း ပြုလုပ်နိုင်ပါသည်။ အရာရာမှာ ဝဋ်က အမြဲမဟုတ်ပါ။ ဥပမာပြအံ့-

ရောဟိနီမင်းသမီးအကြောင်း ပြောပြပါမယ်။ ယောဟိနီမင်းသမီးဟာ မြတ်စွာဘုရားရဲ့ နှမတစ်ဝမ်းကွဲ အရှင် အနုရုဒ္ဓမထေရ်ရဲ့ နှမအရင်းပါ အတိတ်တစ်ဘဝက ဗာရာဏသီမင်းရဲ့ မိဖုရားဖြစ်စဉ်မှာ မောင်းမငယ်တစ်ဦးကို ငြူစူတဲ့အနေနဲ့ ခွေးလှေးယားသီး အမှုန့်များဖြင့် သုတ်လိမ်းပါတယ်။ မောင်းမငယ်ဟာ ယားယံပြီး ဖူးဖူးယောင်ယောင်နဲ့ အနာများဖြစ်ကာ ပေါက်ပြဲကုန်ပါသည်။ ရှေးအတိတ်က မကောင်းမှုအကုသိုလ်ကြောင့် ဘုရားရှင်လက်ထက် ရောဟိနီ မင်းသမီးဖြစ်လာတဲ့အခါမှာ တစ်ကိုယ်လုံး ဖူးရောင်ယားယံပေါက်ပြဲတဲ့ အနာဖြစ်ရ ပါတယ်။ ရောဟိနီ မင်းသမီးရဲ့ ခန္ဓာမှာ လိုက်လာအကျိုးပေးလာတဲ့ ဝိပါကဝဋ်ပါပဲ မောင်တော်

အရင်းဖြစ်တဲ့ အရှင်အနုရုဒ္ဓမထေရ်ရဲ့ မိန့်ကြားချက်အရ မိမိဝတ်ထားတဲ့ အဆင်တန်ဆာတွေကို ရောင်းချပြီး အရပ်လေးမျက်နှာက ခရီးသွားများ နားနေဖို့ ဇရပ်တစ်ဆောင် ဆောက်လှူတယ်။ လူတွေကိုလည်း ချက်ပြုတ်ကျွေးမွေးလှူဒါန်းလို့ မြတ်စွာဘုရားအမှူးရှိသော သံဃာတော်များကို ပင့်ဖိတ်ဆွမ်းလုပ်ကျွေးပြီး ဘုရားရှင်ထံမှ တရားတော်ကို နာကြားလိုက်ရတဲ့အခါမှာတော့ တကိုယ်လုံး ဖူးဖူးယောင်ယောင်နဲ့ ယားနာတွေအားလုံးဟာ ကြာဖက်ပေါ်က ရေလိုလျှောကျ ပျောက်ကင်းသွားပြီး မင်းသမီးလည်း သောတာပန်တည်သွားပါတော့တယ်။ ဒါကြောင့် ဝဋ်အမြဲ ဆိုတဲ့စကားဟာ ရာနှုန်းပြည့်မှန်တယ်လို့ မပြောနိုင်ပါဘူး။ အတိတ်ဘဝက အကုသိုလ် ဝဋ်ကြွေးတွေကို ပစ္စုပ္ပန်ကုသိုလ်တွေနဲ့ ချေဖျက်ယူရင်ရပါတယ်။ ဒါကြောင့် ကုသိုလ်ကောင်းမှုတွေ များများလုပ်ရင် အတိတ်ကလိုက်လာတဲ့ အကြွေးဘွေကို လျော့နည်းအောင် ပပျောက်အောင် ပြုလုပ်နိုင်တဲ့ သာကေပါ။

ဒီနေရာမှာ အငြင်းပွားစရာလို့ ထင်နိုင်တဲ့ အချက်တစ်ချက်ရှိပါတယ်။ ရောဟိနီ မင်းသမီးလေးရဲ့ ကောင်းမှုဟာ အလွန်အကျွံ အံ့ဩလောက်အောင် မဟုတ်ဘူး။ မြတ်စွာဘုရားရဲ့ ကောင်းမှုတွေဟာ ဘာနဲ့မှ နှိုင်းယှဉ်လို့မရအောင် များပြားပါလျက် ဘာကြောင့် ဝဋ်ကြွေးတွေကို ပပျောက်အောင် လျော့နည်းအောင် မဖြစ်ရတာလဲ၊ ဒါဟာ မေးထိုက်တဲ့မေးခွန်းပါ။ အဖြေရှိပါတယ်။

မြတ်စွာဘုရားဟာ ဘုရားဖြစ်တော့ ဝိပါတ်တော် ၁၂ပါးနဲ့ ကြုံရပါတယ်။ ဝိပါကဝဋ်ရဲ့ အကျိုးပေးတွေပဲ ဒိဂိပါတ်တော်များဟာ ဘုရားအလောင်းတော် ပါရမီဖြည့်စဉ်ကာလ ဘဝဘဝများက ပြုမိမှားမိခဲ့တဲ့ အကုသိုလ် အကျိုးဆက်တွေပါ။ မြတ်စွာဘုရားရှင်ဟာ အာသဝေါ တရားလေးပါးကုန်လို့ ဝဋ်ပြတ်ပြီးဖြစ်တဲ့အတွက် ကုသလာကုသလ်ဇောဆိုတဲ့ ကုသိုလ်ကျိုးမှန်သမျှ လုံးဝစွန့်ပယ်ပြီးဖြစ်တဲ့ ဘုရားဘဝမှာ လာရောက်အကျိုးပေးတဲ့ အကျိုးဆက်များ ဖြစ်ကြတဲ့ အတွက် အပြည့်အစုံ အကုန်လုံးဆိုသလို အကျိုးပေးခွင့် ရသွားပါတယ်။

ဘုရားရှင်ရဲ့ သန္တာန်တော်မှာ ကုသိုလ်စိတ်အစားကြိယာစိတ်သာ ရှိတော့တဲ့အတွက် ကောင်းတဲ့အမှုများကို ဆောင်ရွက်သော်ငြားလည်း ကုသိုလ်အကျိုးအနေနဲ့ အသစ်ထပ်မံ မရနိုင်တော့တဲ့အတွက် ကုသိုလ်က အတိတ်ဘဝတွေက အကုသိုလ်အကျိုးပေးတွေကို ချေဖျက် နိုင်ခွင့်မရှိတဲ့အတွက် ဝဋ်တော်အားလုံးက မြတ်စွာဘုရားက အပြည့်အဝ ခံစားသွားရတာ ဖြစ်ပါတယ်။

ရောဟိနီမင်းသမီးရဲ့ ကုသိုလ်တွေဟာ ကုသိုလ်အကျိုး ပေးရတဲ့အတွက် အတိတ်က အကုသိုလ်ကို ချေဖျက်နိုင်ပေမယ့် မြတ်စွာဘုရားရဲ့ ကုသိုလ်တွေဟာ ကုသိုလ်အကျိုးပေး မရှိတဲ့အတွက် အတိတ်ကအကုသိုလ် အကျိုးဆက်ကို ချေဖျက်နိုင်ခြင်းမရှိပါ။

ရှင်းအောင်ထပ်ပြောပါမယ်။ ရွာလမ်းတစ်ခုကို ပြုပြင်မြေဖို့ဘို့ လူနှစ်ယောက် အလုပ် လုပ်ပါတယ်။ တစ်ဦးစီရှိမှာ အကြွေး ၁၀၀၀ိ/-စီရှိပါတယ်။ လမ်းပြင်ရာမှာ တစ်ဦးကနေ့စားခ တစ်နေ့ ၁၀၀၀ိ/-နဲ့ အလုပ်လုပ်ပါတယ်။ တစ်ဦးကတော့ ရွာကောင်းကျိုးအတွက် အခကြေးငွေ

မယူပါဘူး။ ညနေအလုပ်သိမ်းတော့ နေ့စားသမားက ငွေ ၁၀၀ဝိ/-ရတဲ့အတွက် အကြွေးဆပ်လိုက်တော့သူ့မှာ အကြွေးတွေ ကြေသွားပါတယ်။ အခမဲ့လုပ်ပေးတဲ့လူကတော့ ညနေအလုပ်ဆင်းတော့ တစ်ပြားမှမရလို့ အကြွေး ၁၀၀ဝိ/- တင်မြဲတင်ပါတယ်။ အကြွေးအားလုံးဆပ်ရန် တာဝန်ရှိနေပါတယ်။ အဲဒီအတိုင်း မြတ်စွာဘုရားက အခကြေးငွေ မယူတော့တဲ့အတွက် ကြွေးအားလုံးဆပ်ရပါမယ်။ ရောဟိနီမင်းသမီးကတော့ အခကြေးငွေရတဲ့အတွက် ကြွေးကြေသွားပါတယ်။

ဒါကြောင့် လူသားအားလုံးဟာ အတိတ်က အကုသိုလ်အကျိုးဆက်များ (ဝဋ်ကြွေးများ) ကို လျော့နည်းသွားအောင် ပပျောက်သွားအောင် ကုသိုလ်များများ လုပ်ကြပါလို့ တိုက်တွန်းလိုက်ပါတယ်။

ကုသိုလ်၊ အကုသိုလ်နှင့် အကျိုးပေးများ

စိတ်အစဥ်တွင် ဖြစ်ပေါ်သော ဇောစေတနာ'ရ'ဘန်



ပဝတ္တိ - ပဋိသန္ဓေတည်ဆဲတဏကိုသာပဲ ပဋိသန္ဓေလို့ခေါ်ရပြီး အဲဒီနောက် အမိဝမ်းကိန်းအောင်းရာကနေ မွေးဖွားပြီး သေတဲ့အချိန်အထိကို။ ပဝတ္တိလို့ခေါ်တယ်

ဇော - အရှိန်အဟုန်နှင့်ဖြစ်သောစိတ်အစဉ်

အကျိုးပေးမတူကြသော ကံ(၄)မျိုး

ကံဆိုသည်မှာ အကြောင်းတရားဖြစ်၍ အကျိုးတရားကို ဖြစ်ပေါ်စေနိုင်သော သဘော သတ္တိရှိသည်။ သို့သော် အကျိုးတရားကို ဖြစ်ပေါ်စေရာ၌ အချိန်ကာလခြင်းမတူကြ အချို့က လက်ရှိဘဝမှာ အကျိုးပေး၏။ အချို့က ကွယ်လွန်ပြီး နောက်ဘဝ(ဒုတိယဘဝ)မှာ အကျိုးပေး၏။ အချို့ကံကမူ တတိယ ဘဝမှစပြီး နိဗ္ဗာန်ရသည့်ဘဝတိုင်အောင် အကျိုးပေး၍ အချို့ကံက မည်သည့်အချိန်အခါမှ လုံးဝအကျိုးမပေးသော သဘောရှိ၏။ ၎င်းလေးမျိုးမှာ

၁။ ဒိဋ္ဌဓမ္မဝေဒနီယကံ (လက်ရှိဘဝအကျိုးပေးသောကံ)

၂။ ဥပပဇ္ဇဝေဒနီယကံ (ဒုတိယဘဝအကျိုးပေးသောကံ)

၃။ အပရာပရိယဝေဒနီကံ (တတိယဘဝမှ နိဗ္ဗာန်အထိ အကျိုးပေးသောကံ)

၄။ အဟောသိကံ (လုံးဝအကျိုးမပေးသောကံ) (ဝိသုဒ္ဓိမဂ် ၂-၂၃၆)

(၁) ဒိဋ္ဌဓမ္မဝေဒနီယကံ

ဒိဋ္ဌဓမ္မဝေဒနိကံဆိုသည်မှာ ယခုလက်ရှိဘဝ၌ပင် အကျိုးပေးသောကံ(သို့) ခံစားအပ်သော အကျိုးရှိသော ကံမျိုးဖြစ်သည်။

သတ္တဝါတို့သည် ကုသိုလ်ကောင်းမှုကို ပြုလုပ်သည်ဖြစ်စေ အကုသိုလ်မှုကို ပြုလုပ်သည် ဖြစ်စေပြုလုပ်ခိုက်တွင် သတ္တဝါတို့၏ သန္တာန်၌ဖြစ်ပေါ်သော စိတ်အစဉ်တွင် ကုသိုလ်သို့မဟုတ် အကုသိုလ်ဇောစိတ်ခုနစ်ကြိမ်ကွင် ကုသိုလ်အကုသိုလ် ပဌမဇော စေတနာသည် ဒိဋ္ဌဓမ္မဝေဒနီယကံဖြစ်သည်။

ဒိဋ္ဌဓမ္မဝေဒနီယကံနှင့် ပဝတ္တိအကျိုး

ဒိဋ္ဌဓမ္မဒနီယကံ ကပဝတ္တိအကျိုးတစ်မျိုးကိုသာ ပေးနိုင်သည် ဤဒိဋ္ဌဓမ္မဝေဒနီယကံ ဟူသော ပဌမဇောစေတနာသည် ဇောခုနစ်ကြိမ်တွင် အစဆုံးဖြစ်နိုင်သည့်အတွက် မိမိရှေ့က အသေဝန သတ္တိဖြင့် ထောက်ပံ့ကူညီမှုကို မရသောကြောင့် ဒုတိယ တတိယစသည့် ဇောစေတနာ များလောက်အင်အားမရှိပါချေ။ ထို့ကြောင့် ဘဝသစ်တမျိုး ဖြစ်ပေါ်လာအောင် မစွမ်းဆောင် နိုင်ပေ။

ကောင်းကျိုးပေးပုံ

ကာယဝဋ္ဋိယ ဇနီးမောင်နှံတို့သည် နိရောဓသမာပတ်မှထပြီးစဖြစ်သော အရှင်မဟာ ကဿပ မထေရ်မြတ်ကြီးအား ယာဂုဆွမ်းလှူဒါန်း၏ ထိုကုသိုလ်ကြောင့် (၇)ရက်အတွင်း ရွှေအိုး ငွေအိုးများကိုရ၍ သူဌေးဖြစ်သွားသည်။

မကောင်းကျိုးပေးပုံ

အကုသိုလ်အရာ၌ နန္ဒလုလင်သည် ရဟန္တာဖြစ်သော ဥပ္ပလဝဏ်ထေရီမအား ထေရီမ၏ ကျောင်း၌ပင် မတရားပြုကျင့်၏ ထိုအကုသိုလ်ကံကြောင့်ပင် နေ့ချင်းညချင်း မြေမျို၍

ဘဝဆုံးရသည်ဟု ပါရာဇိကဏ်ပါဠိတော် အဋ္ဌကထာတို့၌ လာရှိ၏။ (ယခုခေတ်တွင် အမေကို ဓါးနှင့်လိုက်၍ မြေမျိုသောသား၊ အမေကို သူတောင်းစားမဟု ပြောသောသမီး သူတောင်းစား ဖြစ်သွားသော သာဓကများရှိပါသည်။)

(၂) ဥပပဇ္ဇဝေဒနီယကံ

နောက်ဘဝ(ဝါ)ဒုတိယဘဝ၌ ရရှိခံစားရသော အကျိုးရှိသည့် ကံမျိုးကိုခေါ်သည်။ ဤကံသည် ဇော(၇)ကြိမ်တို့တွင် နောက်ဆုံးသတ္တမဇော၌ရှိသော စေတနာဖြစ်၏။ ဒါနသီလ စသော ကုသိုလ်မှု-သူတစ်ပါးအသက်သတ်ဖြင့်စသော အကုသိုလ်မှုများသည် ဤသတ္တမ ဇောထိ ဆိုက်ရောက်မှ အထမြောက်၏။

ကိုကုသိုလ်၊ အကုသိုလ်တို့ကိုပြုရာ၌ ရှေ့ဇောဖြင့် အထမမြောက်သေးရှေ့ဇောများသည် သတ္တမဇောအားရှိအောင် အယောက်အပံ့ပို့သာဖြစ်ကြ၏။ သတ္တမဇောကျမှသာ ဆိုင်ရာ အမှုများပြီးစီးနိုင်၏။ သတ္တမဇောစေတနာသည် ကံအထမြောက်မှု၌ အချုပ်အခြာဖြစ်၏။ ပဋိသန္ဓေအကျိုးကိုပေးနိုင်သော စေတနာတို့တွင် သတ္တမဇောစေတနာသည် ရှေးဦးစွာကွက်၍ ဒုတိယဘဝတွင် ပဋိသန္ဓေအကျိုးကို ပေးစွမ်းနိုင်လေသည်။

ကိုကံသည် ဒုတိယဘဝတွင် ပဋိသန္ဓေကျိုး၊ ပဝတ္တိကျိုးနှစ်မျိုးလုံးကိုဖြစ်စေ တစ်မျိုးမျိုးကို ဖြစ်စေ အကျိုးပေးသော ကံမျိုးဖြစ်သည်။

__သာဓကများ__ - ကုသိုလ်အရာ၌မဋ္ဌကုဏ္ဍလီသတို့သား၊ ဖါးနတ်သား၊ ခဝပန်းနတ်သမီးတို့သည် ၎င်း၊ အကုသိုလ်အရာ၌ အဇာတသတ်၊ ဝိဋူဍူဘမင်းသားတို့သည် ဒုတိယဘဝ၌ ကောင်းကျိုး ဆိုးကျိုးခံစားရသမျှ သတ္တမဇောစေတနာဖြစ်သော ဥပပဇ္ဇဝေဒနီယကံ၏ သတ္တိများပင် ဖြစ်သည်။

(၃) အပရာပရိယဝေဒနီယကံ

အပရာပရိယဝေဒနီယကံဆိုသည်မှာ "တတိယဘဝမှစ၍ နိဗ္ဗာန်ရသည့် ဘဝတိုင် အောင် အခွင့်သာတိုင်း ပဋိသန္ဓေကျိုး၊ ပဝတ္တိကျိုးတို့ကိုဖြစ်စေနိုင်သော ကံမျိုးဖြစ်၏။ ဤကံကား ဇော(၇)ကြိမ်တွင် အလယ်ဇောငါးချက်စေတနာပင်ဖြစ်သည်။ ဤစေတနာများသည် ရှေ့ဇော များ၏ အာသေဝနသတ္တိဖြင့် ထောက်ပံ့ကူညီမှုကို ရရှိသောကြောင့် အလွန်အားကောင်းကြသည်။ ထို့ကြောင့် တတိယဘဝမှစ၍ ဘဝမဆုံးမချင်း သံသရာအတွင်း၌ အခွင့်သင့်ရာဘဝတွင် အကျိုး ပေးနိုင်ပါသည်။ တစ်ဘဝ၌ပင် ထိုအလယ်ဇော ငါးချက်စေတနာတို့သည် ကုသိုလ်ဘက်၌ဖြစ်စေ၊ အကုသိုလ်ဘက်၌ဖြစ်စေ အလွန် များပြားလှ၏။ ထိုကံမှလွတ်သော သတ္တဝါဟုပင်မရှိချေ။

(၄) အဟောသိကံ(အကျိုးမပေးသောကံ)

ကံတရားသာဖြစ်၍ ထိုကံ၏အကျိုးတရားလုံးဝမဖြစ်ပွားမပေါ်ပေါက်လာသည့် ကံမျိုးကို အဟောသိကံဟုခေါ်သည်။ ထိုကံကား တရားကိုယ်စေတနာသီးခြားမရှိသောကံတည်း။ ကံသုံးမျိုး

တို့၌ အကျိုးပေးသည့်အချိန်ကာလအသီးသီးရှိကြသည်။ ပထမ ဇောစေတနာဟူသော ဒိဋ္ဌဓမ္မဝေဒနီယကံသည် မျက်မှောက်ဘဝ၌ အကျိုးမပေးခဲ့ သော်လည်းကောင်း၊ အလယ်ဇော စေတနာငါးချက်ဟူသောအပရာပရိယဝေဒနီယကံသည် တတိယဘဝမှနိဗ္ဗာန်ရသည် အထိ အကျိုးမပေးခဲ့သော်ငြား၊ သတ္တမဇောစေတနာဟူသော ဥပပဇ္ဇဝေဒနီယကံသည် ဒုတိယ ဘဝ၌ အကျိုးမပေးခဲ့သော်ငြား အဟောသိကံ (အကျိုး မပေးသောကံ)ဖြစ်သွားလေတော့၏။ (ကံကို အကျဉ်းချုပ်လိုက်လျှင် ဒိဋ္ဌဓမ္မဝေဒနီယစသော ကံသုံးမျိုးသာရှိသည်ဟု တိကအင်္ဂုတ္တိုရ် အဋ္ဌကထာနိဒါနသုတ်၌ မိန့်ဆိုထား၏။)

အကုသိုလ်ဂရုကကံများ

အကုသိုလ်အရာ၌ ပဉ္စာနန္တရိယကံဆိုသည်မှာ အနန္တရိယကံငါးမျိုးဟု အဓိပ္ပါယ်ရသည်။ သေဆုံးကွယ်လွန်ခြင်းနှင့် တပြိုင်နက် အခြားမဲ့ ဒုတိယဘဝ၌ ကေန်အကျိုးပေးလေ့ရှိသော ကံမျိုးဖြစ်၍ အနန္တရိယကံဟုခေါ်သည်။

၁။ အမိကိုသတ်သော မာတာဃာတကကံ

၂။ အဘကို သတ်သော ပိတုဃာတကကံ

၃။ ရဟန္တာကိုသတ်သော အရဟန္တဃာတကကံ

၄။ ဘုရားရှင်၌ သွေးခြေဥအောင်လုပ်သော လောဟိတုပ္ပာဒက ကံ

၅။ သံဃာအချင်းချင်းသင်းခွဲသော သံဃဘေဒကကံ

သေခါနီးအောက်မေ့သောကံ (အာသန္နကံ)

သေခါနီးအချိန်၌ ပြန်လည်အောက်မေ့မိသော ကံကိုလည်းကောင်း၊ သေခါနီးတွင်မှ ပြုလည်သောကံကိုငြား အာသန္နကံဟုခေါ်သည်။ သေခါနီးကာလဆိုသည်ကား အသေးစိတ်အားဖြင့် မရဏာသန္နဇောဝီထိသို့ မရောက်မီ အရေးကြီးဆုံးအချိန်ပိုင်းကလေးဖြစ်သည်။ (ဝိဘာဝိနီဋီကာ-၁၆၇)

အချို့ပုဂ္ဂိုလ်တို့သည် ကုသိုလ်ကံ(သို့) အကုသိုလ်ကံတို့ကို ကာလအတန်ကြာက ပြုခဲ့ပြီးသည့်နောက် ထပ်ခါထပ်ခါသတိမရဘဲ သေခါနီးရောက်ချိန်မှ အမှတ်တမဲ့ပေါ်လာ သတိရ တတ်ကြ၏။ ထိုကံမျိုးကို အာသန္နကံဟုခေါ်သည်။ သေခါနီးမှ မိတ်ဆွေကောင်းတို့၏ အကူညီဖြင့် တရားနာခြင်း၊ ဆီမီးပူဇော်ခြင်း၊ သင်္ကန်းလှူဒါန်းခြင်း၊ တစ်ယောက်နှင့်တစ်ယောက် သတ်ပုတ်ရိုက်နှက်ခြင်း၊ အော်ဟစ်ငိုယိုခြင်း စသောကံမျိုးကိုလည်း အာသန္နကံဟုခေါ်သည်။

ဥပမာ(၁) မဇ္ဈိမဂ္ဂဏာရွာကြီး၌ ဒမိဠဒေါဝါရိယ မည်သော တံငါသည်ကြီးသည် အနှစ်ငါးဆယ်လုံးလုံး တံငါအလုပ်ဖြင့် အသက်မွေး၍ ပါဏာတိပါတကံပြု၏။ အသက်အရွယ်ကြီး၍ အိပ်ယာထဲလဲစဉ် စူဠပိဏ္ဍပါတိကတိဿမထေရ်ကသွားရောက်ပြီး သီလပေး၏။ သရဏဂုံသုံးပါးထိ လိုက်၍ ရွတ်ဆိုနိုင်သော်လည်း ငါးပါးသီလဆက်ပေးရာ မဆိုနိုင်တော့ပဲ မကြာမီကွယ်လွန် သွားရှာသည်။ သေခါနီးသရဏဂုံဆောက်တည်ခဲ့သော ကုသိုလ်ကံ (အာသန္နကံ)ကြောင့်

စတုမဟာရာဇ်နတ်ဘုံ၌ နတ်သားသွားဖြစ်၏။ (အာသန္နကံ၏ ကုသိုလ်မှာ အရေးကြီးကြောင်း သိနိုင်ပါသည်။ အံ၊၄၊၂၊၁၀၇-၈)

ဥပမာ(၂) မဟာဝါစကာလဥပါသကာသည်လည်း သောတာပန်ဖြစ်ရန် ရည်မှန်း၍ အနှစ်သုံးဆယ်ပါတ်လုံး ကမ္မဋ္ဌာန်းစီးဖြန်းနေသည်။ သို့သော် ဩဘာသနိမိတ်မျှ မရသောကြောင့် ဘုရားသာသနာတော်သည် သံသရာမှ လွတ်မြောက်ကြောင်းဖြစ်မည်မထင် အယူမှားဖောက်ပြန်၏။ ထိုအချိန်သည် သောကာနီအချိန်ဖြစ်၏။ ကွယ်လွန်သောအခါ မိကျောင်းပြိတ္တာကြီး ဖြစ်ရလေသည်။ (အံ၊ ၄၊ ၂၊ ၁၀၈-၉)

အမြဲဆည်းပူးလေ့ကျက်သောကံ (အာစိဏ္ဏကံ)

အမြဲမပြတ်ဆည်းပူးလေ့ကျက်သောကံကို အာစိဏ္ဏကံဟုခေါ်သည်။ အကုသိုလ် အရာ၌ သတ်ခြင်း၊ ခိုးခြင်း၊ လိမ်လည်ခြင်း၊ မကောင်းသောနည်းဖြင့် စီးပွားရှာခြင်း စသော မကောင်းမှုများဖြင့်ရင်း၊ ကုသိုလ်အရာ၌ ဆွမ်းလောင်းခြင်း၊ ဒါနပြုခြင်း၊ ငါးပါးသီလ ဆောက်တည်ခြင်း၊ ဘာဝနာအလုပ်ဆောင်ရွက်ခြင်း စသည်တို့ကို အမြဲမပြတ်လေ့လာ ဆည်းပူးမှုသည်ရင်း အာစိဏ္ဏကံဖြစ်ပါသည်။

မိမိပြုခဲ့သော ကံအားလုံးသည် ပျောက်ပျယ်သွားခြင်းမရှိဘဲ နိဗ္ဗာန်မရမချင်းတစ်ချိန်ချိန် တစ်နေရာရာတွင် အကျိုးပေးခွင့်ကြုံက အကျိုးပေးမည်ဖြစ်ပါသည်။

အထက်ပါကံအကြောင်းများကို နားလည်သဘောပေါက်လျှင် ကာယကံမှု ဝစီကံမှု မနောကံမှုများကို တတ်နိုင်သလောက် ကောင်းတဲ့ဘက်တွင်သာ ပြုမူကြလျှင် ကောင်းကျိုးများကို ဘဝဆက်ဆက်ခံစားရမည်ဖြစ်ပါသည်။

ဗုဒ္ဓဘာသာဝင်တွေအတွက် အလုပ်သုံးမျိုး

ဗုဒ္ဓဘာသာတွေမှာ အလုပ်သုံးမျိုးရှိတယ်-

(၁) ကံအလုပ်

(၂) ဈာန်အလုပ်

(၃) ဉာဏ်အလုပ် ရယ်ဆိုပြီး သုံးမျိုး။

ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်တို့ရဲ့ မိဘိုးဖလာက ဒါနပြုခြင်းဆိုတဲ့ ကံအလုပ်ကို အစဉ်အလာအားဖြင့် မိသားစုအလိုက် သင်ပေးခဲ့ကြတာ၊ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ်ဆိုတာသိတော့ ကမ္မဿကတာ သမ္မာဒိဋ္ဌိ အဆင့်တော့ရှိကြတယ်။ ဗုဒ္ဓဘာသာဝင်တွေဟာ အဲဒီအယူအဆနဲ့ ကံကိုပဲ အလေးထားပြီး အလုပ်လုပ်နေကြတာ။ ဒါနပြုခြင်းကိုတော့ ကမ္ဘာမှာ စံတင်လောက်အောင် လုပ်ကြတယ်။ (မလုပ်တတ်တာ တစ်ခုဘဲ ရှိပါတယ်) အဲဒါနဲ့ အသက်ကြီးပြီး သေတော့လည်း ကံအလုပ်နဲ့တင်သေတာ။

ကံအလုပ်နဲ့သေတော့ ပဋိစ္စသမုပ္ပါဒ်ကြည့်တဲ့အခါ ကမ္မဘဝပစ္စယာ ဇာတိ၊ ကံတွေပြုတဲ့

လူတွေဟာ ဇာတိကိုရတယ်။ ဇာတိရလာရင် တဆက်တည်း ဇရာ-မရဏဆိုတဲ့ အအို အသေ ကပ်ပါလာတယ်လေ။ ဇာတိ - ဇရာ - မရဏ ကတော့ အရိယာအမြင်နဲ့ ကြည့်ရင် ကောင်းကွက် တစ်ကွက်မှမရှိဘူး၊ အအိုဆိုး၊ အသေဆိုးတွေပဲ။ ကံကောင်းလို့ အအိုဆိုး၊ အသေဆိုးကိုရတာ။

ဝိပဿနာဉာဏ်မရတဲ့ ပုဂ္ဂိုလ်က ဒီစကားကြားရင် တွန့်သွားမယ်။ ကံကောင်းတာနဲ့ အသေဆိုးရမယ်ဆိုတော့ ကံပဲမလုပ်ရတော့မလိုလို ဇဝေဇဝါ ဖြစ်သွားနိုင်တယ်၊ ဘာလို့လဲဆိုတော့ ဗုဒ္ဓဘာသာဝင်တွေက ကံကို အင်မတန်အားကိုးကြတာကိုး။ ကံအလုပ်ကို လုပ်တာတော့လုပ်ပါ။ **ဉာဏ်ဦးစီးပြီးမှလုပ်ရင်** အကျိုးတရားများစွာရပါတယ်၊ အောက်ပါ ဒါနတစ်ခုကိုပဲ သေသေချာချာ စဉ်းစားပါ။

နင့်တစ်ခါလွှတ်၊ ငါ့ဆယ်ခါလွှတ်

ကနေ့ အစဉ်အရ ငါးလွှတ်ပွဲတွေလုပ်ကြတယ်၊ နှစ်ဆန်းတစ်ရက်နေ့တိုင်း လုပ်ကြတယ်။ အခါအားလျော်စွာလဲ တစ်ဦးချင်း တစ်မိသားစုချင်း ကုသိုလ်ရအောင် ငါးလွှတ်ကြပါတယ်။ အင်မတန် ဝမ်းသာစရာကောင်းပါတယ်၊ သာဓုခေါ်ကြရပါတယ်။ ရေနည်းငါးလေးတော့ မသေရအောင် ကန်ကြီးတွေထဲလွှတ်ပေးတော့ ငါးကလေးတွေ ချမ်းသာရာရတယ်။ အသက်ကလေး တွေကယ်ရတာ နည်းတဲ့ကုသိုလ်တွေ မဟုတ်လား။ ငါးလွှတ်တဲ့ ကုသိုလ်တွေဟာလည်း ကံအလုပ်တွေပါ။ ဒီကံအလုပ်ကလည်း ကောင်းကျိုးပေးမှာအမှန်ပါ။

အသက်ကို ကယ်လိုက်တဲ့ ကံပေးကပ်နဲ့ပင် ပင်းပိမ်းပယ်ဆိုကတည်းက ဆုတောင်းက ပါလာပြီဗျ။ အများအားဖြင့် "**နင့်တစ်ခါလွှတ်၊ ငါ့ဆယ်ခါလွှတ်**" တော်သေး တာပေါ့၊ ဆယ်ခါနဲ့ သတ်ထားလို့ပေါ့၊ တချို့က မိတိုင်းမိတိုင်းလွှတ်ဆိုတာတောင်ပါသေးတယ်။ သူ့ကိုတစ်ခါလွှတ်ရင် ကိုယ့်ကို မိတိုင်းမိတိုင်း လွှတ်ရမယ်ဆိုတော့ ကိုယ်လဲ တိရစ္ဆာန် ဖြစ်ရဦးမယ့် ပုံပဲ၊ သေသေချာချာ စဉ်းစားကြည့်ပါ။

သံသရာမလည်ချင်

ဒီလိုဆုတောင်းမျိုးနဲ့ အသိဉာဏ်မျိုးကြတော့ ဇာတိပဲရမှာပေါ့။ အကောင်းရမှာ မဟုတ်ဘူး၊ အသေဆိုးပဲရမှာပါ။ ဝိပဿနာဉာဏ်ဆိုတာ အင်မတန် အဖိုးတန်တဲ့ဉာဏ်၊ ဘုရား ပာစ်ဆူပွင့်မှ သိရတဲ့ဉာဏ်၊ ဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်တွေကျတော့ ဆယ်ခါလွှတ်တွေ၊ အကြိမ်ကြိမ် လွှတ်တွေ မလာတော့ဘူး၊ သတ္တဝါ တစ်ဦးတစ်ယောက်ကို ကယ်ဆယ်လိုက်ပြီ ဆိုကတည်းက သူ့အသက်ရှင်သွားပြီ၊ တူသောအကျိုးပေးမှာပေါ့၊ (ဆုတောင်းယူစရာ မလိုပါဘူး) **ကိုယ့်စိတ် ကနေပြီး** ဩော်-ဒီသတ္တဝါလေးချမ်းသာသွားတယ်၊ သူ့ဘဝ ကျဉ်းထဲကြပ်ထဲကနေ ကျယ်ဝန်းပဲ့ အနေရောက်သွားတယ်။ ဒီတော့ ငါလည်းပဲ ကိလေသာ ဆိုတဲ့ ကျဉ်းထဲကြပ်ထဲက နိဗ္ဗာန်ဆိုတဲ့ ချမ်းသာကို ရပါစေဆိုရင် မိမိစိတ်က သံသရာကိုလည်ချင်တာမဟုတ်တော့ဘဲ ကျွတ်ချင်တာ ဖြစ်သွားတယ်။

ဒီလိုဖြင့် ဝိဝဋ္ဋ ဝဋ်လည်ချင်တာမဟုတ်၊ ပြတ်ချင်တာဖြစ်သွားပြီ၊ ငါကယ်လို့ သူလွတ်သွားပြီဆိုတဲ့ ပုဂ္ဂိုလ်အနေ၊ အတ္တအနေ(သို့) ငါစွဲပါဝင်မှုမရှိတဲ့ ကုသိုလ်ဟာ ဝိဝဋ္ဋနိဿိတ(ဝဋ်ပြတ်)ကုသိုလ်ဖြစ်ပြီး လောကုတ္တရာသုခ (သန္တိသုခ)ကို ရစေနိုင်ပါတယ်။

ငါးကလေး လွှတ်တဲ့ကံကို ဉာဏ်အုပ်ပြီးလုပ်ပါ။ ကံကိုဉာဏ်နဲ့အုပ်တော့ ကံကို မမြင်ရတော့ဘူးပေါ့၊ ဉာဏ်ပညာဦးစီးသူရဲ့ ကုသိုလ်ကို "ဉာဏသမ္ပယုတ် ကုသိုလ်"လို့ခေါ်တယ်။ တိဟိတ်ကုသိုလ်လို့လည်းခေါ်တယ်။ ဝဋ်ပြတ်ကုသိုလ်လည်းခေါ်တယ်။ သာသနာတွင်းကုသိုလ်လို့လည်းခေါ်တယ်။ သာသနာအတွင်းရောက်နေပြီး ဉာဏ်ဦးစီးပြီး ကုသိုလ်မလုပ်တတ်ရင် သာသနာပကုသိုလ်နဲ့ ဘာမှမခြားဘူး၊ မိုးကုတ်ဆရာတော်ကြီး ပြောတဲ့ ငွေကုန်လူပန်းဆိုတဲ့ ကုသိုလ်အမျိုးအစားပါ။ ဒါကြောင့် ပညာဦးစီးတဲ့ကုသိုလ်ဟာ သေပြန်ရင်လည်း အပါယ်မကျနိုင်သောကြောင့် အကျိုးများပါတယ်၊ ကံအကျိုးသည် အမသေအကျိုးကိုမပေးမှာ အဲဒီတော့ အသေအကျိုးမပေးအောင် လုပ်သမျှကံတိုင်းကို ဉာဏ်အုပ်ရမယ်။ ကံကိုဉာဏ်အုပ်တော့ ကံချုပ်တယ်။

အဲဒါကြောင့် ကုသိုလ်ကောင်းမှုလုပ်တိုင်း လူချမ်းသာ၊ နတ်ချမ်းသာတွေ ဆုတောင်းမနေကြတော့ဘဲ နိဗ္ဗာန်ကိုသာ အာရုံပြုပြီး ပြုလုပ်ကြပါ။ ဒါနပြုရင် ဆုတောင်းစရာမလိုဘဲ နိဗ္ဗာန်မရသေးရင်လည်း ပဋိသော အကျိုးပေးကြောင့် လူနတ်ချမ်းသာ မလွဲမသွေဖြစ်ရမှာ-

ယနေ့မှစ၍ မိမိပြုနေခဲ့သော ကံဦးစီးသည့် ကုသိုလ်များကို ဉာဏ်ဦးစီးသည့် ကုသိုလ်ဘက်သို့ ပြောင်းပေးခြင်းဖြင့် သင်သည် ဒီဘဝအတွက်တွင်မက ဟစ်သံသရာလုံးအတွက် အကျိုးဖြစ်အောင် ရေးသားဖော်ပြ အသိပေးလိုက်ခြင်းဖြစ်ပါသည်။

ဝဋ်ကြွေး

သံသရာ တစ်လျှောက်လုံးပြုခဲ့သော ကုသိုလ်၊အကုသိုလ် တို့သည် ယခုဘဝနှင့် နိဗ္ဗာန်မရောက်မချင်း အကျိုးပေးနေပါမည်။ ပျောက်ပျက်သွားတယ်ဆိုတာမရှိပါ။ ရဟန္တာဖြစ်နေသည့်တိုင်၊ ဘုရားဖြစ်နေသည့်တိုင် အသက်နှင့်ခန္ဓာတည်မြဲနေသမျှ ကာလပတ်လုံး မိမိတို့ပြုခဲ့သမျှ အကျိုးပေးဦးမှာဖြစ်သည်။ ဒါကြောင့် မြတ်စွာဘုရားဝဋ်တော် (၁၂)ပါးနှင့် ကြုံရသည့် ရှင်မောဂ္ဂလန်မ်ိုးသားငါးရာဝိုင်းရိုက်ခံရတာတွေဟာ အတိတ်က ဝဋ်ကြွေးတွေကြောင့်ပဲ၊ သင်နှင့်ကျွန်ုပ်တို့ ယခုဘဝကြုံခဲ့ရသော အကျိုးအားလုံး (ဆင်းရဲဒုက္ခ ရောက်ရခြင်း၊ ချမ်းသာခြင်း၊ ရောဂါဘယကင်းခြင်း၊ ထူပြောခြင်း၊ အသက်တိုခြင်း၊ အသက်ရှည်ခြင်း) စသည်တို့ဟာလည်း အတိတ်ဘဝ ပစ္စုပ္ပန်ဘဝ ပြုလုပ်ခဲ့သည့် ကောင်းမှု၊ မကောင်းမှုတွေရဲ့ အကျိုးရလာဒ်တွေပဲ)

မိဘနှင့်သားသမီးတွေ ပြန်လည်ဆုံတွေ့ရတာလည်း အတိတ်အကြောင်းတရားတွေပဲ သားသမီးက မိဘဆီလာပြီး ကြွေးတောင်းတာ မိဘကကြွေးဆပ်နေရတာ၊ အကြွေးကို ကောင်းကောင်းမဆပ်ပဲ ကြွေးသစ်ထပ်မတင်ပါစေနှင့် သားသမီးတွေက ကြွေးလာတောင်းလို့ ကျွေးမွေးနေရတာ ကောင်းကောင်းဆပ်ပါ၊ စားသောက်တာကအစသေသေချာချာကျွေးပါ။

ကြည်ကြည်သာသာဖြစ်ပါစေ။ ကျွေးရတာခြင်းအတူတူ စိတ်ဆိုးမာန်ဆိုးမလုပ်ပါနဲ့၊ ငါက အလုပ်ပင် ပင်ပန်းရတဲ့အထဲ ထမင်းစားတောင်ခေါ်ယူနေတာ။ ဒုက္ခကောင်တွေလာဟဲ့ ငါကျွေးထားတဲ့ ထမင်းတောင်ချေမနဲ့ကော်ထုတ်ယူ အတောင့်လိုက်ထွက်အုံးမယ်။ ကောင်းကောင်းမစားချင်ဘူး။ စသည့်ဖြင့် ပြောရင်းကျွေးသစ်ထပ်တင်မယ် နောက်ဘဝ ထပ်ဆပ်ရအုံးမယ် ကောင်းကောင်းမွန်မွန် ကျွေးဆပ်ကြပါ။

အရာရာပြောတာဆိုတာ သတိထားပါ။ ကြွေးမတင်အောင် နေတတ်ပါစေ။ ဝစီဗေဒ ပြောတိုင်းရှုတဲ့ အဗ္ဗပါလီစကားကြမ်းကြမ်းလေးပြောလိုက်တာနဲ့ ဘဝပေါင်းများစွာ ပြည့်တန်ဆာဖြစ်ခဲ့ရတယ်။ အမေကိုအရှုးမလို့ ပြောမိလိုက်လို့ အရှုးဖြစ်ရတဲ့ ဇာတ်လမ်းတွေ အများကြီးရှိပါတယ် လက်လွတ်စံပယ် မပြောမိကြပါနဲ့ တတ်နိုင်သလောက်သူများ မကောင်းကြောင်းမပြောမိပါစေနဲ့လို့ စေတနာဖြင့် အမှာစကားပြောပါရစေ။

ဘုရားလဲ ဝဋ်ကြွေးဆပ်ရတာပဲ

(၁) မုနာလိအမည်ရှိတဲ့ အလောင်းတော်ဘဝတုန်းကပေါ့၊ သူမူးနေတဲ့အချိန်မှာ ပစ္စေကဗုဒ္ဓါ သက်န်းရုံနေတာကို ဘေးကဒကာမတစ်ယောက်ကလဲ ဖြစ်သွားတဲ့အချိန်နဲ့လည်း တိုက်ဆိုင်နေတော့ ဘာညာဘာညာလို့ စွပ်စွဲလိုက်တာ အထင်ကိုအမြင်လုပ်ပြီး စွပ်စွဲတယ်လို့ ခေါ်တယ်။

(လူတွေ သတိထား၊ အထင်တွေကို အမြင်လုပ်တတ်ပြီး စွပ်စွဲတတ်ကြတယ်၊ ကိုယ်ကောင်းအောင်သာနေပါ-သူများကိစ္စတွေ ဝင်မပါနဲ့ သတိထား) အင်မတန်မှားတဲ့အမှားနော်၊ အဲဒီစွပ်စွဲတဲ့ ကံအရှိန်အဟုန်ကြောင့် ငရဲကျတဲ့အပြင် ဘဝအဆက်ဆက်ပါလာတယ်၊ ဘုရားဖြစ်တဲ့ နောက်ဆုံးဘဝတောင် သုန္ဒရီပရိုဗိုဇ်နဲ့ စွပ်စွဲခံရတယ်။

ဇာတ်လမ်းပြောရရင်တော့ ဘုရားလက်ထက်က တိတ္ထိဂိုဏ်းရှိတယ်၊ အဲဒီ ပုဂ္ဂိုလ်တွေက ဘုရားမလာခင် သာဝတ္ထိမြို့မှာ အင်မတန်လာဘ်လာဘပေါတယ်၊ ဘုရားလည်း ကြွလာရော လူတွေက အမှန်တရားကို နားလည်လာကြတော့ ဘုရားကို ကြည်ညိုလာကြတယ်။ အဲဒီ ပုဂ္ဂိုလ်တွေ လာဘ်လာဘ ရှားပါးလာတယ်၊ လာဘ်လာဘ ရှားပါးလာတော့ အညိုးထားလာကြတယ်၊ ဘုရားကို နာမည်ပျက်အောင် ကြံစည်ကြတယ်။

သုန္ဒရီပရိုဗိုဇ်မလေးက လှတယ်၊ သူ့ကို ပိုင်းပြီး ခိုင်းကြတယ်၊ ဘုရားကျောင်းတော်မှာ ညကိုအဝင်ပြတယ်၊ မနက်ဆို အထွက်ပြတယ်၊ ပရိသတ်တရားနာပြီးလို့ ညနေပြန်ပြီဆိုရင် သူက ကျကျနန ပြင်ဆင်ပြီး ကျောင်းတော်ကို အဝင်ပြတယ်။ ဘယ်လဲလို့ လူတွေကမေးရင် ကိုယ့်ကိစ္စမဟုတ်ပဲ မမေးကြနဲ့ပေါ့။ နံနက်ပြန်ထွက်လာတော့လဲ ဒီအတိုင်းပဲဖြေတယ်၊ အထင်မှားအောင်ပေါ့နော်၊ ဒီလိုနဲ့ တစ်လလောက်ကြာတော့ ဂေါတမဆီသွားအိပ်တာလို့ ပြောချလိုက်တယ်။ အဲဒီနောက်ပိုင်းသူပျောက်သွားတယ်၊ ရှာကြတယ်၊ အများထင်တာက ဘုရားကျောင်းတော်ပဲ ထင်ကြတာပေါ့။ ဒါနဲ့ ဘုရားကျောင်းမှာရှာတော့ စွန့်ပစ်ထားတဲ့ ပန်းပုံကြီးရဲ့ ကြားမှာသွားတွေ့တယ်။

တိတ္ထိတွေက "ဘုရားဟာ မတရားလုပ်တယ်၊ သူ့သားတွေက သတ်တယ်လို့"ဆိုပြီး အလောင်းကိုထမ်း မြို့ထဲလှည့်လှည့်တယ်။ (ကြောက်စရာကောင်းလောက်တဲ့ ဝဋ်ကြွေးတွေ၊ ဘုရားကိုတောင် အထင်လွဲအောင် အကြည်ညိုပျက်အောင် လုပ်တတ်ကြတယ်၊ အသိဉာဏ် မယှဉ်ကြတဲ့ လူတွေဆိုတော့ ယုံကြတာပေါ့)

ရဟန်းတွေပြန်လာပြီး ဘုရားကိုလျှောက်တယ်၊ ဘုရားရှင်က ဘဝများစွာ မြင်ထားတော့ အေးအေးဆေးဆေးပဲနော်၊ ရဟန်းတော်များကို ပြန်ပြောရန် သင်ပေးတော်မူတယ်။ **"အကြင် ပုဂ္ဂိုလ်သည် ကိုယ်ကိုယ်တိုင်မမြင်ဘဲ - မကြားဘဲနဲ့ မြင်သယောင် - ကြားသယောင် စွပ်စွဲပြောဆို၏၊ ကိုယ်ကိုယ်တိုင် မကောင်းမှုပြုပြီးတော့ မပြုဘူးဟုပြောဆို၏၊ ထိုနှစ်ဦး သားတို့သည် ငရဲသို့ လားရမည်"**တဲ့။ မေ့မိဋ္ဌာန်စကားကို ဆိုပါလို့ဆိုတော့ သူတို့တွေ ဆိုသွား ကြတယ်။ ဒါဟာ ကျိန်စာပဲဆိုပြီး လူတွေ မကြောက်သွားကြ တယ်နော်၊ တကယ်စဉ်းစားကြည့်။ ငါတို့လည်း တကယ့်တကယ် မြင်တာမဟုတ်ဘူး၊ တဆင့်ကြားနဲ့ ပြောတာဆိုပြီး လူတွေကော အပြောရပ်သွားတယ်။ ဒီအမှုနဲ့ ပတ်သက်ပြီး ထောက်လှမ်းကြတာပေါ့လေ။ ခုနစ်ရက်လည်း ပြည့်ရော ထန်းရည်ဆိုင်မှာ (သေရည်ဆိုင်) အမူးသမားတွေမူးပြီး ရန်ဖြစ်တော့မှ ဒီအမှုပေါ်တာ။ "မင်းဟာ ငွေငါးရာရလို့ သုန္ဒရီကို တစ်ချက်တည်းနဲ့ ရိုက်တဲ့ အကောင်"လို့ ပြောလိုက်တော့ ဖမ်းစစ်ပြီး အရေးယူလိုက်တယ်။ ပုဏ္ဏားဆရာတွေက ငွေငါးရာပေးပြီး တပည့်ကို ပြန်သတ် ခိုင်းတယ်၊ ဒါဟာ ဘယ်ကံလဲဆိုတော့ ပစ္စေကဗုဒ္ဓါကို စွပ်စွဲမိတဲ့ ကံကို သဘောပေါက်ကြပါ။ ဘုရားတောင် အလောင်းတော်ဘဝက မိုက်မဲစွာ သူကစ်ပါးကို စွပ်စွဲတာ ငရဲကျပြီးတာတောင် မရသေးဘူး၊ ဘုရားဖြစ်တဲ့အထိ နောက်ကလိုက်ပြီး ဝဋ်ခံရသေး တယ်။ ဝဋ်ကြွေးကို ဘုရားကလဲ မရှောင်နိုင်ဘူး။ (လူတွေ အထင်အမြင်တွေနဲ့ ပါးစပ်ပေါက် တွေကို သတိထားကြနော်) (သုတ္တနိပါတ်၊ ၄ အဋ္ဌကဝဂ်၊ ဒုဋ္ဌဋ္ဌကသုတ်)

အခြားသော ဝဋ်တော်များ ရှိသေးသည် -

(၂) **ဝစီဗေဒ ပြောတိုင်းရှ။** ကဿပဘုရားလက်ထက်က ဇောတိပါလ ပုဏ္ဏား ဖြစ်စဉ် ဘုရားသာဖြစ်မည်ဆိုပါက ခြောက်နှစ်ဒုက္ကရစရိယာကျင့်ပါမည်ဆိုသော ဝစီဒိပါတ် တော်ကြောင့် ဒုက္ကရစရိယာ(၆)နှစ် ကျင့်ပြီးမှသာ ဘုရားဖြစ်တော်မူရသည်။ (ဘုရား အလောင်းတော်တောင် စကားကို ပြောချင်ကိုင်းပြောခဲ့လို့ ဘုရားဖြစ်မဲ့အထိ ခံရပါ တယ်။ ဒီတော့ လူတွေပါးစပ်ပေါက်က စကားကြမ်းတွေ မပြောမိအောင် အတင်းအဖျင်း မပြောမိအောင် သတိထားကြပါ)

(၃) ရှေးအခါက သေသောက်ကျူးစဉ် ပစ္စေကဗုဒ္ဓါတစ်ပါးအား ဆွမ်းရပ်နေတော်မူရာ အကျင့်ယုတ်ဟု ပြောမိသည့်အတွက် စိဉ္စမာဏက ကိုယ်ဝန်နှင့်တကွ စွပ်စွဲခြင်းကို ဝဋ်အနေခံရခြင်း။

(၄) ရသေ့ဖြစ်စဉ် ဈာန်ပျံရသေ့တစ်ဦးအား ငြူစူခဲ့သော ကဿဝိပါတ်တော်ကြောင့် သုန္ဒရီ သေရာတွင် တိတ္ထိတို့ သတင်းလွှင့်၍ ယုံမှားခြင်းခံရခြင်း။

(၅) သူကြွယ်ဖြစ်စဉ်က ညီကိုလှည့်ဖြားခေါ်သွား၍ ကျောက်လွှာဖြင့် ဖိညှပ်ထုသတ်ခဲ့မိသော ဝိပါတ်တော်ကြောင့် ဒေဝဒတ်၏ ကျောက်တုံးလှိမ့်ချခြင်းကို ခံရခြင်း။

(၆) ရှေးဘဝတစ်ခု၌ ကလေးသူငယ်ဖြစ်စဉ် ပစ္စေကဗုဒ္ဓါတစ်ပါးအား ခဲဖြင့်ပစ်ရာတွင် သွေးယိုဘူးသော ဝိပါတ်တော်ကြောင့် ကျောက်လွှာထိခြင်းကြောင့် ခြေမတော်တွင် သွေးစိမ်းတည်ခြင်း။

(၇) ရှေးအခါက ဆင်ထိန်းဖြစ်စဉ် ပစ္စေကဗုဒ္ဓါတစ်ပါးအား ဒေါသနှင့် ဆင်နှင့်လိုက်၍ တိုက်ခဲ့သော ဝိပါတ်တော်အရ ဘုရားဖြစ်၍ ဆွမ်းခံကြွစဉ် ဒေဝဒတ်၏ အစီအရင်ဖြင့် နာဠာဂီရိဆင်ဖြင့် တွေ့ရခြင်း။

(၈) ပဒေသရာဇ်မင်းဖြစ်စဉ် မူးယစ်သောက်စား၍ လူအရှင်လတ်လတ်ကို ဓါးဖြင့် ထိုးဖြတ်ခြင်းပြုခဲ့သော ဝိပါတ်တော်အရ ခြေမတော်တွင် ကျောက်လွှာကြောင့် အနာပြီတည်ရာ ဇီဝက၏ ဓါးဖြင့်ခွဲခြင်းကိုခံရသည်။

(၉) ရှေးအခါက တံငါဖြစ်စဉ် ငါး၏ဦးခေါင်းကို ကုလိုက်ရာတွင် ဝမ်းမြောက်ခဲ့ဘူးသော ဝိပါတ်တော်အရ ရုံဖန်ရံခါ ခေါင်းခဲတော်မူရသော ဝေဒနာကို ခံစားရသည်။

(၁၀) မထင်ရှားသော အမျိုးသားဖြစ်စဉ် ရဟန်းတော်များ ဆွမ်းစားနေသည်ကို ဆွမ်းကြမ်းစားဟု ပြစ်မှားခဲ့သောကြောင့် မာရ်နတ်နှိုးဆော်၍ ဝေရဥ္စာတိုင်းသားတို့၏ ကပ်လှူသော မုယောဆွမ်းကို စားတော်မူရသည်။ (မုယောဆန်-မြင်းစားဆန်)

(၁၁) လက်ဝှေ့သမားဖြစ်စဉ် နိုင်လှူင် ခါးရိုးကို မြေနှင့်ကပ်ရိုက်ခဲ့သော ဝိပါတ်တော်အရ ခါးတော်ကိုက်သော ဝေဒနာကို ခံစားရသည်။

(၁၂) ဆေးဆရာဖြစ်စဉ် သူဌေးသားတစ်ယောက်အား ကုစားရာ အခမပေးလို၍ မသက်သာသေးဟု လိမ်လည်ပြောသောကြောင့် ဝမ်းလားဆေးကို တိုက်ကျွေးခဲ့ဘူးသော ဝိပါတ်တော်အရ ဝမ်းတော်လား၍ အလွန်အားနည်းတော်မူရသည်။

ပဋိကြွေးများကို ဘုရားပင်လျှင် မရှောင်နိုင်၊ ကြွေးရှိလျှင် ကြွေးဆပ်ရမည် မလွဲမပေ။ ဒါကြောင့် ဗုဒ္ဓဘာသာဝင် လူသားတို့သည် အကုသိုလ်တရားများကို တတ်နိုင်သလောက် ဆင်ခြင်ပြီး ကုသိုလ်ပွားရေးသာ ဆောင်ရွက်သွားကြပါ၊ မကောင်းကျိုးများ ခံစားရလျှင်လည်း ရှေးဘဝက ဝဋ်ကြွေးဆပ်များကို ဆပ်ရခြင်းဖြစ်သည်ကို ဘဘော ပေါက်နားလည်ပြီး မည်သူ့ကိုမျှ အပြစ်တင် မပြောဆိုရပါ။

ရှင်မောဂ္ဂလန်

ရှင်မောဂ္ဂလန်လောင်းလျာသည် တစ်ခုသောဘဝ၌ ဇနီးသည်၏ ဖြားယောင်းသွေးဆောင်မှုကို ယုံကြည်လျှင် မျက်မမြင် မိအိုဖအိုတို့ကို ခိုးသားများတိုက်ခိုက်သည့်ပုံစံဖြင့် ဟန်ဆောင်၍ သတ်ပုတ်မိသဖြင့် ငရဲတွင် ကမ္ဘာပေါင်းများစွာခံခဲ့ရသည့်အပြင် ရဟန္တာ ဖြစ်သည့် နောက်ဆုံးဘဝတွင်ပင် ခိုးသားငါးရာ၏ ရိုက်နှက်မှုကြောင့် ပရိနိဗ္ဗာန် ပြုခဲ့ရသည် တန်ခိုးတော်

အရာတွင် တေဒဂ်ရသည့်တိုင် ဝင့်ကြွေးကို တန်ခိုးတော်ဖြင့် မတားဆီးနိုင်ပါ။ ဘုရား - ရဟန္တာများများ ဝင့်ကြွေးကို ရှောင်လွှဲမရသည်ကို ဗုဒ္ဓဘာသာဝင်များက မကောင်းနှင့်ကြုံလျှင် ယတြာချေကြသည်။ ဘိုးတော် ဘွားတော်တို့ကို အားကိုးကြသည်။ ဖြစ်နိုင်-မဖြစ်နိုင် သုံးသပ်ဝေဖန်ကြပါ။ ကံ-ကံ၏ အကျိုးကို မယုံလျှင် ဗုဒ္ဓဘာသာ မဟုတ်တော့ပါ။

ခုနစ်နှစ်အရွယ်နှင့် ရဟန္တာဖြစ်ခဲ့သော ရှင်ဒဗ္ဗမထေရ်ပင်လျှင် မိန်းမနှင့် သုံးကြိမ်တိုင်တိုင် စွပ်စွဲမှုခံရသည်။ ဝင့်ကြွေးရှိလျှင်အားလုံးခံရမည်မှာ မုချမလွဲပါ။ မည်သူ့ကိုမျှ အပြစ်မတင်သင့်၊ မိမိလုပ်တာ မိမိရတာဖြစ်သည်။

မြတ်စွာဘုရား သူ့အမျိုးသူ ကယ်လို့မရ

ဘုရားရှင်သည် ပါရမီဖြည့်စဉ် သံသရာတစ်လျှောက်လုံး သူ့အမျိုးအနွယ်စုကို အတတ်နိုင်ဆုံး ကာကွယ်စောင့်ရှောက်ခဲ့သည်။ ဘုရားဖြစ်တော့လည်း ကာကွယ် စောင့်ရှောက်သည်။

ကောသလမင်းကြီးက ရဟန်းတော်များနှင့် ရင်းနှီးကျွမ်းဝင်ချင်သည်။ ထို့ကြောင့် သူက ဘုရားနှင့် ဆွေမျိုးတော်ဖို့ ကြိုးစားသည်။ သာကီမျိုးကွေ့ဆီက မင်းသမီးတစ်ယောက်ကို မိဖုရားမြှောက်ဖို့ တောင်းသည်။ သာကီဝင်တွေကလည်း သိတဲ့အတိုင်း သွေးအနှောမခံနိုင်။ ဒါကြောင့် မဟာနာမ်မင်းကြီး ကျွန်မက မွေးသော မျိုးမသန့်သည့် ဝါသာခတ္တိယာ အမည်ရှိ မိန်းကလေးကို ဆက်သလိုက်၏။

ကောသလမင်းကြီးနှင့် ဝါသာခတ္တိယာ မိဖုရားကနေ ဝိဋ္ဋူဘ ဆိုသည့် သားတစ်ယောက် မွေးဖွားသည်။ ကောသလမင်းကြီးက ဘုရားဆွေမျိုးဆိုပြီးတော့ ငယ်ငယ် ရွယ်ရွယ်မှာ သေနာပတိရာထူး ခန့်သည်။ ဝိဋ္ဋူဘ အရွယ်ရောက်သည့်အခါ ကပိလဝတ်မှ ဆွေမျိုးတွေဆီ အလည်အပတ်သွားလည်ဟယ်။ ဆွေမျိုးတွေက လှည့်စားထားလို့ ဂျွန်မသားဆိုကာမယိရ။ သို့သော် သူပြန်လာသောအခါ သူထိုင်သွားသော ထိုင်ခုံကို ဆေးသော ကျွန်မတစ်ယောက်က "ဒါ ကျွန်သဘောက်မသား ဝိဋ္ဋူဘ ထိုင်သွားတဲ့ခုံ၊ နို့ရည်နဲ့ ဆေးကြောပစ်ရမယ်"ဟု ပြောသော စကားကိုကြားသော် စစ်သားတစ်ယောက်မှတဆင့် ဝိဋ္ဋူဘ သိရှိသွားရာ ဝိဋ္ဋူဘ အလွန်စိတ်ဆိုးသွား၏ ငါအာဏာရတဲ့တစ်နေ့မှာ ငါ့ထိုင်ခုံကို နို့ရည်နှင့်မဟုတ် သာကီမျိုးတွေရဲ့ လည်ချောင်းသွေးနှင့် ဆေးကြောပစ်မယ်ဟု ကြုံးဝါးလိုက်သည်။

တကယ်ပဲ သူအာဏာရလာသောအခါ သာကီဆွေမျိုး ဖြုတ်ပစ်မည်ဆိုပြီး ကပိလဝတ်မြို့ဘက်ကို စစ်တပ်နှင့်ချီတက်လာသည်။ ဘုရားရှင်က ဆွေတော်မျိုးတော်တွေ၏ ရန်ဘေးကို သိတော်မူကာ ကပိလဝတ်နယ်စပ်သွားပြီးတော့ တားဆီးသည်။ ကပိလဝတ်ဘက်က ကုက္ကိုပင်ကြီးတစ်ပင်အောက်မှာ ထိုင်နေတော်မူရာ ဝိဋ္ဋူဘ ဘုရားကိုမြင်တော့ စစ်မချီဘဲ ထိုင်ရှိခိုးသည်။ ဝိဋ္ဋူဘကို တရားပြတော့ ဝိဋ္ဋူဘလည်း နားလည် သဘောပေါက်ပြီး စစ်မချီဘဲ ပြန်သွားတော့တယ်။

ထိုနည်းတူ နှစ်ကြိမ်သုံးကြိမ် ဘုရားက ဆွေမျိုးတွေကို ကယ်တင်စောင့်ရှောက်သည်။

လေးကြိမ်မြောက်ကျမှ ဆွေမျိုးတွေ၏ ဝဋ်ကြွေးက ပြေးမလွတ်နိုင်တာကို သိတော်မူလို့ ကြွတော်မမူတော့ဘဲ လက်လျှော့လိုက်သည်။ သာကီမျိုးတွေလည်း ဝိဋ္ဋူဘ လက်ချက်နှင့် မူလသာကီမျိုးပျောက်ပြီး တိဏသာကီနှင့် နဠသာကီဟု နှစ်မျိုးကွဲသွားတော့သည်။

ဇာတ်ကြောင်းကို ကြည့်ရှုခြင်းဖြင့် မိမိတွင် ဝဋ်ကြွေးများပါလာလျှင် ရှောင်ကာမနိုင်။ ဘုရားသော်မှ မကယ်နိုင်လျှင် လောကကြီးတွင် ကယ်တင်နိုင်မည့် ပုဂ္ဂိုလ်များ ရှာဖွေနေဦးမလား။ နောင်ဘဝတွေအတွက် ဝဋ်ကြွေးအသစ်တွေ မတင်ရအောင် အစစအရာရာ စောင့်ထိန်းကြပါလို့ . . .။

သည်ဘဝကံကြောင်း သည်ဘဝခံ

<u>အတိတ်ကံနှင့်ပစ္စုပ္ပန်ကံ</u>

ကောင်းမှုကံ၊ မကောင်းမှုကံတို့၏ သဘောမှာ ရှေးဘဝက ပြုခဲ့သောကြောင့် ယခုဘဝအကျိုးခံစားရသည်လည်းရှိ၏။ ယခုဘဝပြုသောကံကြောင့် ယခုဘဝမှာပင် ချက်ချင်းအကျိုးခံရသည်လည်းရှိသည်။

မြတ်စွာ ဘုရားလက်ထက်တော်အခါက ကောလ အမည်ရှိသော မုဆိုးတစ်ယောက်သည် ပောလိုက်ရန် ခွေးများကိုခေါ်၍ ရွာမှထွက်သွား၏။ ရွာနှင့်မလှမ်းမကမ်းတွင် ရဟန်းတော်တစ်ပါးကို တွေ့ရသောအခါ "ဒီနေ့ အမင်္ဂလာကိုတွေ့ရတယ်။ ဘာသားကောင်မှ ရမှာမဟုတ်"ဟု စဉ်းစားရင်း ဒေါသထွက်နေ၏။ တောကိုရောက်၍ သားကောင်များကို လိုက်သောအခါ တစ်ကောင်မှမရ၍ ပိုမိုဒေါသထွက်ကာ ရွာသို့ပြန်လာ၏။

<u>မကောင်းမှုကံ</u>

ရဟန်းတော်သည်လည်း ရွာထဲတွင် ဆွမ်းခံပြီးလျှင် ကျောင်းသို့ပြန်လာရာ မုဆိုးနှင့်လမ်းတွင်ဆုံမိကြပြန်၏။ "ရဟန်းကိုတွေ့သောကြောင့် သားကောင်မရ"ဟု ထင်မှတ်ကာ ဒေါသထွက်နေသော မုဆိုးသည် ရဟန်းတော်ကို ဒုတိယအကြိမ် တွေ့ရပြန်လျှင် ပို၍ပင် ဒေါသမီးတဟုန်းဟုန်းတောက်ကာ ခွေးများကို ရှူးတိုက်၍ ရဟန်းတော်ကို ကိုက်စေသည်။ ရဟန်းတော်မှာ နီးရာသစ်ပင်တစ်ပင်ကို ပြေးတက်ပြီးလျှင် လူတစ်ရပ်သာသာမြင့်သော သစ်ကိုင်းပေါ်၌ ထိုင်နေ၏။ ခွေးများသည် သစ်ပင်အောက်မှနေ၍ မတ်တပ်ရပ်ကာ ကိုက်ခဲမည့်ဟန်ဖြင့် မာန်ဖိနေကြ၏။ မုဆိုးသည် ရဟန်းတော်၏ ခြေဖဝါးတို့ကို မြားဖြင့်လှမ်း၍ထိုး၏။

ရဟန်းတော်သည် တစ်ကိုယ်လုံး မီးအုံးသကဲ့သို့ ပူလောင်နာကျင်လှသဖြင့် ခြေထောက်တို့ကို ရှောင်ရင်းတိမ်းရင်း ကိုယ်ခြုံဧကသီ ကိုယ်မှ ကွာကျသွားသည်ကိုပင် မသိလိုက်တော့ပေ။ ရဟန်းတော်၏ ကိုယ်ခြုံသင်္ကန်းသည် သစ်ပင်အောက်ရှိ မုဆိုးကိုခြုံပြီး အုပ်ပြီးသားကျသွား၏။ ခွေးများသည် ရဟန်းတော်ဟု ထင်မှတ်ကာ သင်္ကန်းအုပ်မိပြီးဖြစ်သော မုဆိုးကို ဝိုင်းဝန်းကိုက်သတ်၍ အသားကို စားလိုက်ကြရာ အရိုးမျှသာ ကျန်တော့မှ လွှတ်လိုက်ကြ၏။

ထိုအခါမှ ရဟန်းတော်သည် သစ်ကိုင်းခြောက်တစ်ခုကိုချိုး၍ ခွေးများပေါ်သို့

ချလိုက်ရာ ခွေးများသည် သစ်ပင်ပေါ်သို့ မော့ကြည့်လိုက်ရာ ရဟန်းတော်ကိုမြင်မှ မိမိတို့သခင်ကို မိမိတို့ ကိုက်သတ်မိကြောင်းသိ၍ ခွေးများ တောထဲသို့ ဝင်ပြေးကြလေသည်။

"ကာလဝိပါတ်နောက်ပိုးတက်"ဆိုသော မြန်မာစကားနှင့်အညီ ယခုပြုသော မကောင်းမှု အကုသိုလ်ကံက ယခုချက်ချင်း ဆိုးကျိုးပေးခြင်းဖြစ်၏။ ဒီဘဝ ဒီမျှတွင်ပင် အကျိုးပေးသောကံများလည်းရှိကြောင်း သိနိုင်ပါသည်။

ဆရာတော်ကြီးများ ပြောပြသည့် ကိုယ်တွေ့ဝဋ်ကြွေးခံ ပုဂ္ဂိုလ်များ

အရှင်ဇေယျပဏ္ဍိတ

(၁) ကျေးဇူးရှိတဲ့ ပုဂ္ဂိုလ်တွေကို ပြစ်မှားရင် ကင်ဆာစတဲ့ ကုစားရခက်တဲ့ ဝေဒနာမျိုးကွေ ဖြစ်တတ်ကယ်။ စွဲကပ်တတ်တယ်တဲ့။ ဖြစ်ပေါ်လာတယ်ဆိုရင် အတိတ်ကြောင့်ဖြမ်မေ၊ ပစ္စုပ္ပန်ကြောင့်ဖြစ်စေ ကိုယ့်ရဲ့ ပြစ်မှားတဲ့ ကံအကျိုးပေးလို့ မှတ်ရမယ်။

ကျောင်းမှာ ဘုန်းကြီးတစ်ပါးဟာ အဆုတ်နာ ရင်ကြပ်လို့ သွေးအန်တာကို ဘုန်းဘုန်းက သိချင်လို့ မေးကြည့်တော့ တပည့်ငယ်ငယ်က တာဝန်ပေးရင် စစ်ဆေးရတယ်တဲ့။ အဲဒီအခါ ဓောက်ဘိုးဆွဲထား၊ နှာခေါင်းထဲဒရေလောင်းထည့်၊ ဒီလိုလုပ်ရတာပဲနော်. . . ဒါမဟုတ်ပြောင့်ပဲ နေမှာပေါ့ ဘုရားတဲ့။

ဘုန်းဘုန်းတွေးကြည့်တယ်၊ တစ်ယောက်နဲ့တစ်ယောက်ဟာ မြင်ဘူးကာလဲမဟုတ်၊ ရန်သူလို့သာပြောတယ်၊ စကားပြောဘူးတာလဲ မဟုတ်ဘဲနဲ့ ဒါကို အညှိုးနဲ့ လုပ်တယ်ဆိုတော့ ဘယ်ကောင်းမလဲ၊ ညှဉ်းဆဲတယ်ဆိုတာ ပြစ်မှားတာပဲပေါ့။ အဲဒီ ဒဏ်တွေ သူ့ကိုထိကာ။ သူများကို ညှဉ်းပန်းနှိပ်စက်ရင် ဒီဘဝမှာတင်ဖြစ်စေ၊ နောင်ဘဝတစ်ခုမှာဖြစ်စေခံရမှာ ပြေကြီးလက်ခပ် မလွဲပါ။ ဝဋ်ကြွေးဆိုတာ ပြန်ဆပ်ရတယ်၊ ပြန်ဆပ်ရင် အကြွေးဆိုတော့ အတိုးပါ ပါလာလိမ့်မယ်။ ကိုယ်လုပ်တာက တခါတည်း၊ ခံရတာက အကြိမ်ပေါင်းများစွာ။ (ဆိတ်တစ်ကောင် သတ်ရင် အမွေးနဲ့အမျှ ဘဝများစွာ ကိုယ်အသတ်ခံရမှာပဲ)

(၂) နောက် တကာမတစ်ယောက်ကြတော့ မိဘနှစ်ပါးဟာ ဦးနှောက်သိပ်မကောင်းဘူး၊ ဒါကို သူကဆဲတယ်၊ အော်ငေါက်ပြီးနှင်ချတယ်၊ ကြိမ်းမောင်းတယ်၊ ဒေါသနဲ့ ကိုက်ခိုက်ကယ် ခေါ်တာပေါ့။ ဘုန်းဘုန်းတို့ ဆွမ်းခံသွားတဲ့အခါ ဒကာမရဲ့ ပြောဆိုသံတွေ နားမခံနိုင်လို့ ရှောင်ရတယ်။ (ခင်ပွန်းကြီးဆယ်ပါးကို ပြစ်မှားတာပဲ) သူ့အသက် ငါးဆယ်လောက်ရောက်တော့ နှုတ်ခမ်းကို သရက်စေးလောင်တယ်၊ ပါးတွေ ရောင်လာတယ်၊ နောက်ကင်ဆာဖြစ်သွားတယ်၊ ပါးက အပေါက်ကြီးဖြစ်ပြီး ကုလို့မရတော့ဘူး။ သွားဖုံးတွေပုပ်ပြီး သွားတွေကျွတ်ကုန်တယ်၊ လောက်တွေလဲ တွယ်လို့။ ဒီရောဂါနဲ့ပဲ သေသွားတယ်၊ ကျမ်းမာဖတ်ရတာ မသေခင်ကို လောက်တွယ်တာတဲ့။ စောစောက ဒကာမဆို ပြစ်မှားတဲ့ကံက များလွန်းတော့ တကယ်ကို လောက်တွယ်ပြီး သေရတာနော်၊ ဘုန်းဘုန်းကိုယ်တိုင် တွေ့ရတဲ့ ဖြစ်စဉ်မှန်ပဲ။

(၃) ဘုရားဟောမှာပါတယ်၊ ပြိတ္တာဘုံခန်းမှာ ဖတ်ရတာ၊ အမေနဲ့သမီး ကောင်းမှုကုသိုလ် လုပ်တာ အဖေက လုံးဝမကြိုက်ဘူး၊ ကုန်ကူးတော့လဲ အမြတ်ငွေ အများကြီးတင်ပြီး ကုန်ကူးတာ၊ ဒုက္ခတွေ့နေတဲ့ အချိန်ဆိုရင် အမြတ်အများကြီး ထင်တာ (နာဂစ်ကြောင့် လူတွေဒုက္ခရောက် တုန်း အိမ်ဆောက်ပစ္စည်းတွေ ဈေးနှစ်ဆလောက်တင်ရောင်းတာ၊ မီးပျက်ရင် ဖယောင်းတိုင် ဈေးတွေ အများကြီး တင်ရောင်းတာ ရေကြီးလို့ ဆန်ရှားရင် ဆန်ဈေး မတန်တဆတင်တဲ့ ကုန်သည်ကြီးတွေ သတိထားပါ။ မကြောက်ရင်ဆက်လုပ်) အဲဒီအဖြစ်ကြောင့် အဖေ သေတော့ ပြိတ္တာဖြစ်ရတယ်။ တရားသူကြီး ပြိတ္တာလဲရှိတယ်။ (ဟိုရှေးရှေးတုန်းကတဲ့) အမှုသည်ဆီက ခွေးနဲ့စာနဲ့ ရှာထားရတဲ့ ငွေတွေကို လာဘ်စားပြီး အမှုအနိုင်အရှုံး လုပ်ပေးတာ၊ စေတနာရှိလို့ ပေးစရာအကြောင်းမရှိဘူး၊ ကန်တော့စရာလည်း အကြောင်းမရှိဘူး၊ ဂါရဝပြုစရာလည်း အကြောင်းမရှိဘူး။ ကြောက်လို့ပေးရတာပေါ့။ ဒါကြောင့် အဲဒီတရားသူကြီး သေခါနီးတော့ စကားမပြောနိုင်၊ မစားနိုင်မသောက်နိုင် ဖြစ်ရတယ်။ နောက်ဘဝကြတော့လည်း ပြိတ္တာကြီးဖြစ်ပြီး ကျောကုန်းမှာလည်း အနာတွေနဲ့၊ စားတော့လည်း ကိုယ့်ကျောကုန်းသားကို ခွာစားသတဲ့။ ဘာပြုလို့လဲဆိုတော့ တဖက်သား ခွန်အားနဲ့ ရုန်းကန်ပြီး ရှာထားတဲ့ ငွေတွေကို မတရားရယူလို့ ဖြစ်တာ။ (မကြောက်စရာ ကောင်းလိုက်တာ၊ ဒီဘဝလူတွေ သံဝေဂယူစရာပေါ့)

(၄) ဘုန်းဘုန်း ကိုယ်တွေ့တစ်ခုပြောမယ်၊ သားကတနယ်မှာ ကျောင်းဆရာ၊ ချွေးမနဲ့ အမေက သိပ်မသင့်ဘူး၊ အမေက တစ်ခြားမှာနေတာ၊ တနေ့ အမေပေါမယ်ဆိုတာသိတော့ ချွေးမက ဘယ်နေ့သားသမီးလာရင် ခိုက်ကတ်ဘယ်ဆိုပြီး ပူးသလိုကပ်သလို ပုံစံနဲ့ပြောထားတယ်၊ ယောကျ်ားကလည်း ယုံတာပဲ။ အမေက ညဘက် ရောက်သွားတော့ “အမေ-ဒီနေ့ ဘယ်နေ့ သားသမီးမလာရဘူးလို့ နတ်ကဟောထားတယ်တဲ့၊ ဒါကြောင့် တခြားအိမ်မှာ သွားအိပ်ပါအမေရယ်”တဲ့၊ အမေဟာ အလွန်စိတ်ဆင်းရဲပြီး အိမ်ထဲတောင်မဝင်လိုက်ရဘူး၊ တခြားအိမ်မှာ သွားအိပ်ရတယ်။

အဲဒီနောက်ပိုင်း ဒီကျောင်းဆရာဟာ စီးပွားကို ကျသွားတယ်၊ ကျောင်းဆရာ ဘဝကလည်းပြုတ်၊ စီးပွားလည်းပြုတ်၊ နေစရာတောင်မရှိဘူး၊ အမေက အသက်ကြီးပြီ၊ သေခါနီး ဆိုတော့ ဒီဇနီးမောင်နှံကို အမေက တောင်းပန်ကန်တော့ခိုင်းရတယ်။ နောက်ပိုင်း အလုပ် ကလေးပြန်ရတယ်၊ အိမ်ပိုင်တော့ မရှိတော့ဘူး။ အမေ မေတ္တာဓါတ်ကို ဖျက်ဆီးပစ်လိုက်တာပဲ။ ဆိုးဝါးတာပဲ၊ **မိခင်ဖခင် မျက်ရည်ကျပြီ** ဆိုရင် ဒဏ်ထိထားပြီး အရမ်း ကြောက်စရာကောင်း တယ်နော်၊ သတိထားပါ၊ အဲဒီလိုဒဏ်ခံထားတဲ့ ပုဂ္ဂိုလ်များဟာ ဘယ်တော့မှမကြီးပွားဘူး၊ သတိထားပါ၊ ဒီဝဋ်ကြွေးတွေဟာ ဒီဘဝမှာတင်ခံရတာ။

(၅) နောက်တစ်ယောက်က အမျိုးသမီးနော်၊ သူက အမေကို ဖက်နပန်းလုံးတာ၊ အဖေ မရှိတော့ဘူး၊ အဖေရှိတုန်းကလည်း သောင်းကျန်းတာပဲ၊ ကြာတော့ မကောင်းတဲ့ အားတွေ များလာတော့ ချက်ချင်းအကျိုးပေးတာ။ ယောကျ်ားနဲ့တွဲ စီးပွားလုပ်တော့လည်း အရင်းတွေပြုတ်၊

အဖမ်းခံရရန့် အကုန်ရှုံးပေါ့။ သူငယ်ချင်းတွေက သူနဲ့မတွေ့ရဲဘူး။ သူပါရင်ရှုံးလို့ သားအိမ်သွားနေတော့လဲ သားပါအလုပ်ပြုတ်တယ်။ ဘုန်းဘုန်းက သူ့ညီမနဲ့ခင်တော့ သူ့ညီမကတဆင့် သင်ပေးတယ် အမေကိုကန်တော့ခိုင်းတယ်၊ ခြေထောက်နဲ့ နဖူးထိပြီး ရိုရိုသေသေ ကန်တော့ခိုင်းတယ်၊ ခြေရာကိုလည်း တောင်းခိုင်းထားတယ် ပြီးရင်တရိုတသေထားဖို့လည်းမှာတယ်၊ အမကြီးတ အမေနဲ့ မတည့်ရင် ယူထားတဲ့ခြေရာတွေ ဓါးနဲ့ခုတ်ပစ်တာ။ သုံးလေးကြိမ်လောက်ယူတာ၊ သုံးလေးကြိမ်လုံး ခုတ်ပစ်တယ်။ နောက်ဆုံးပိတ် ခုထိဒဏ်သင့်တုံး၊ အနှစ်(၂၀)အတွင်းမှ နလံမထူနိုင်ဘူး ညီမကတော့ ချမ်းသာနေတယ်၊ တစ်မိသားစုထဲက မွေးထားတာနော်၊ ဘဝလည်း ပျက်နေပြီပေါ့။ ဒီလောက်အကုသိုလ်တွေလုပ်တော့ ဒီပဋ္ဌာနဒီဘဝတွင် အကျိုးပေးတော့ဘာပေါ့။

(၆) အမေနဲ့ သမီးနှစ်ယောက်ရှိတယ်၊ သမီးက အိမ်ထောင်ပြုတော့ အမေက သဘောမတူဘူးပေါ့။ နောက်သူက အပေနဲ့အတူမနေဘဲ ယောက်ျားအိမ်မှာ လိုက်နေကယ်။ တစ်နေ့ အမေနေမကောင်းဖြစ်လို့ လာပြုစုတယ်။ စိတ်ကတော့မပါဘူး၊ မကောင်းတတ်လို့ အမေကိုငြိုငြင်တယ်၊ ဆောင့်အောင့်ဆဲဆိုပြီးပြုစုတယ်၊ တော်မြန်မြန်သေရင်ကောင်းမယ် တော်ကြီး မြန်မြန်သေရင်မေအးမယ်ဆိုပြီး နားမခံသာအောင်ပြောတယ်။ အမေကြီး သိပ်စိတ်မချမ်းမသာဖြစ်ရတယ် မျက်ရည်နဲ့မျက်ခွက်ပေါ့။ အမေမျက်ရည်ကျရပြီနော်။ အမေကို ပြစ်မှားတဲ့ သျှိုင်းတွေက များလွန်းတော့ တန်ပြန်သျှိုင်းကလာပြီနော်၊ တစ်နေ့ (၂)နှစ်အရွယ် သူ့သမီးနေမကောင်းဖြစ်တယ်။ ဒါကိုဆေးတိုက်ဘာ ဆေးတိုက်မှားပြီး သေသွားတယ် ဟစ်ညလုံးငိုယိုတော့၊ မနက်မိုးလင်းတော့မှ အမေမှားသမျှ သမီးခံရတယ်ဆိုပြီး ပြောတော့တယ်။ နောက်ပိုင်း အမေကို မပြစ်မှားရဲတော့ဘူး၊ ဒါတွေဟာ ကိုယ်တွေ့တွေပဲ။ ဒီဘဝတွင်ပဲ ဝဋ်ပြန်လည်ရတယ်နော်

(၇) **အညာကဖြစ်ရပ်မှန် . . .** အညာဘက်က အိမ်တွေက ခြေတံရှည် ဆင်ဝင်အိမ်ကြီးတွေ၊ လှေကားဟာအရှည်ကြီးပေါ့။ အိမ်တင်အိမ်မှာ အမေရယ်သားရယ် ချွေးမရယ် (၃)ယောက်နေတယ်။ အမေအိုကြီးက မျက်စိမသန်ဘူး၊ အသက်(၇၀)လောက်ရှိပြီ၊ ဒါကို ချွေးမလုပ်သူက ငြိုငြင်တယ်၊ ယောက်ျားကိုတိုက်တယ်၊ ကြာတော့ သားက အမေကိုမုန်းလာတယ်။ တစ်နေ့ နေ့လည် အရက်မူးပြီးပြန်အလာ မိန်းမက ဆီးပြီး အဖွားကြီးရဲ့ အပြစ်တွေကို ပြောလိုက်တော့ ဒီအဘွားကြီး ရှုတ်တယ်ဆိုပြီး အိမ်ပေါ်ကနေ လှေကားအောက်ကို ကန်ချလိုက်တယ်။ တစ်ဝက်လောက်ပဲကျတယ်၊ အမေကတောင်းပန်တယ်၊ မရဘူး၊ ဒါကိုဆက်ပြီးကန်ချတယ်၊ ဒီလောက်ယုတ်မာ ရက်စက်တာနော်၊ ဘေးက အိမ်တွေက မခံနိုင်တော့ဘူး၊ ဒုတ်ဓါးဆွဲပြီး လာကြတယ်။ "ဒီကောင်ကို သတ်ပစ်တာ ကောင်းပါတယ်"ဆိုတော့ မိခင်မေတ္တာ ဘယ်လောက်ကြီးသလဲဆိုတော့ ပုံလဲနေတဲ့ကြားထဲက "ကျွန်မသားလေးကို မလုပ်ကြပါနဲ့" ဆိုပြီး တောင်းပန်ရှာတယ်။ သားလုပ်သူ သွေးသံရဲရဲ ဖြစ်မှာစိုးတာကိုး။ မိဘမေတ္တာနော်၊ ဒါနဲ့ သတ်ဖို့လာတဲ့လူတွေ နောက်ဆုတ်သွားတယ်။ ဒီကောင်မျိုးအတွက် ငရဲဆိုတာ မရှိတော့ဘူးလားဆိုပြီး ကျိန်ဆဲတာပေါ့။ ဒါနဲ့ပဲ ပြဿနာဖြစ်ပြီး

(၂)လအတွင်းမှာ ချမ်းသာလိုက်သေးတယ်၊ ကံတရားဟာ ဒွန်တွဲနေကြ ကျက်စိလည်စရာဘဲနော်၊ (အရင်ဘဝ ကောင်းမှုအလှည့်က ဝင်လာတာကိုး) (၂)လပြည့်တော့မှ ရေချိုးရင်း ပူလိုက်တာဆိုပြီး အော်တယ်၊ ဝိုင်းပြီးရေလောင်းတယ်။ ဒီကြားထဲပူတယ်လို့ အော်တယ်၊ ဒါနဲ့ ရေစိမ်ကြတာပေါ့။ သူစိမ်တဲ့ရေက ပွက်ပွက်ဆူပြီး သူသေသွားတယ်။ အညာက တကယ့်ဖြစ်ရပ်တစ်ခုပဲ။ သံဝေဂယူစရာတွေပါ။ ချက်ချင်း အကုသိုလ် အကျိုးပေးတာ။ သတိထားကြရမယ်နော်။

ဆရာတော် ဦးဇဝန (ရွှေပြည်သာ) ဦးပဥ္စင်းတို့ မြို့ထဲမှာ အရာရှိကြီး တစ်ယောက် ရှိကယ်။ ခိုးတယ်၊ဝှက်တယ်၊ လိမ်တယ်၊ လာဘ်စားတယ်၊ မကောင်းတာမှန်သမျှ အကုန်လုပ်တယ်။ ဒါပေမဲ့ ကျွမ်းကျင်ပိရိစွာလုပ်တဲ့အတွက် သူတစ်ပါးကဲ့ရဲ့တာ မခံရဘူး။ (ပရာနုဝါဒ ဘေးမှ လွတ်တယ်) သက်ဆိုင်ရာတွေကိုကပ်ဖားပြီး လာဘ်ထိုးနိုင်တဲ့အတွက် (ဒဏ္ဍဘေးကလည်း လွတ်တယ်) ပင်းပြစ်ပင်းဒဏ်ကျတဲ့ ဘေးကလည်း လွတ်တယ်။ ဒါပေမဲ့ ငါခိုးစား-လိမ်စားနေတဲ့ လူကြီးပါလားဆိုတဲ့ ကိုယ့်ကိုယ်ကို စွပ်စွဲတဲ့ (အတ္တာနုပါဒဘေး) ဘေးကြီးကျတော့ ရှောင်လို့မရဘူး။ သူ့ကိုယ်သူသိနေတယ်လေ။ အတ္တာနုဝါဒဘေး ဆိုက်ရောက်ပြီဆိုရင်(အပါယဘေး) အပါယ်ကျ ရောက်မယ်။ ဘေးကလဲ သေချာသွားပြီပေါ့။

အပါယ်ဘေး (အပါယ်ဘေး) ကိုလည်း လာဘ်ထိုးလို့ မရဘူးလေ။ သူသေမယ့်ညမှာ ငရဲနိမိတ်ဖြစ်တဲ့ ခွေးနတ်ကြီးတွေ၊ ငရဲသားတွေ၊ ငရဲမီးတွေမြင်တော့ အသံနက်ကြီးနဲ့ အော်လိုက် တာ၊ ရှစ်အိမ်ကျော် မျက်စောင်းထိုးလောက်မှာရှိတဲ့ ဦးပဥ္စင်းဘုံ့တောင် အတိုင်းသား ကြားနေ ရတယ်။ ငရဲကျခါနီး အော်တဲ့အသံဟာ ငယ်သံတောင်ပါနေတာမို့ ကြောက်စရာ ကောင်းတယ်။ ဦးပဥ္စင်းက ဆယ်နှစ်လောက်ပဲရှိဦးမယ်၊ အရာရှိကြီးရဲ့ သေခါနီးအော်သံကို အမေ့ရင်ခွင်ထဲတောင် တိုးဝင်မိတယ်။

သူ့အိမ်က မိသားစုတွေလည်း သူ့အသံကြီးကို ဒကောင်ကြောက်သွားဟန်တူတယ်၊ သူ့အနားမှာ ဘယ်သူမှ မနေရဲကြတော့ပဲ အတော်ကြာတယ်။ ညသန်းခေါင်လောက်မှာ သေသွား တယ်လို့သိရတယ်။ မိုးလင်းလို့ အခန်းတံခါး သွားဖွင့်ကြည့်တဲ့အခါ ကျတော့ မျက်လုံးပြူး မျက်ဆန် ပြူးနဲ့ ကုတင်အောက် ပုံပျက်ပန်းပျက် လိမ့်ကျသေနေတဲ့ အရာရှိကြီးကိုတွေ့ရတယ်။ သူခိုးကျွေး တုန်းကတော့ မိသားစုအားလုံး ဝိုင်းစားပေးကြပေမယ့် ငရဲကျတဲ့ အခါမှာတော့ သားပယားတွေ တစ်ယောက်မှ နောက်ကမလိုက်ကြဘူး။ ဒါကြောင့် လောကကြီးမှာ ကိုယ့်ကိုယ်ကို ကြည်ညိုအောင် နေကြတာဟာ အကောင်းဆုံးပေါ့တဲ့--။

ကိုယ့်ဘဝကို တကယ်တန်ဘိုးထားတဲ့သူဆိုရင် ကုသိုလ်ချည်းပဲ လုပ်သင့်တယ်၊ အကုသိုလ်ကို ဝေးဝေးရှောင်သင့်တယ်၊ သတ်မှု-ခိုးမှု အကုသိုလ်တစ်ခုခုကို လုပ်တိုင်း ဘေးလေးမျိုးသင့်တယ်။

(၁) အတ္တာနုဝါဒဘေး - ကိုယ့်ကိုယ်ကို စွပ်စွဲကဲ့ရဲ့မကြည်ညိုတဲ့ဘေး။

(၂) ပရာနုဝါဒဘေး - သူတစ်ပါးက စွပ်စွဲကဲ့ရဲ့ မကြည်ညိုတဲ့ဘေး။

(၃) ဒဏ္ဍဘေး - ထောင်တန်းကျပြီး အပြစ်ပေးခံရတဲ့ဘေး။

(၄) အပါယဘေး - အပါယ်လေးပါး ကျတဲ့ဘေး။

ဒီလေးမျိုးထဲမှာ မကောင်းမှုကို ပိပိရိရိလုပ်နိုင်ရန် နံပါတ်(၂) ပရာနုဝါဒဘေးမှ လွတ်ကင်းနိုင်တယ်၊ သက်ဆိုင်ရာတွေကို လာဘ်ထိုးနိုင်ရင် နံပါတ်(၃)ဒဏ္ဍဘေးမှ လွတ်နိုင်တယ်။ ဟန်ဆောင်လို့ - လာဘ်ထိုးလို့ မရတာကတော့နံပါတ်(၁) အတ္တာနုဝါဒဘေးနဲ့ နံပါတ်(၄) အပါယဘေးတို့ဖြစ်တယ်။ ဘယ်လောက် ပိပိရိရိ ခိုးခိုး ကိုယ့်ဟာကိုသိတာနဲ့ ငါဟာ ခိုးစားလိမ်စားနေတဲ့ သူယုတ်မာကြီးပါလားဆိုပြီး တွေးမိတိုင်း စိတ်ဆင်းရဲနေရပါတယ်။ အဲဒါ အတ္တာနုဝါဒဘေး ဆိုက်တော့တာပဲ၊ ဒီဘေးဆိုက်ပြီဆိုတာနဲ့ ငရဲကျဖို့ သေချာသလောက်ဖြစ်သွားပြီ၊ အပါယ်ဘေးဆိုက်တော့တာပေါ့။

သူတစ်ပါးမကြည်ညိုရင် ကုသိုလ်မရရုံဘဲ ရှိမယ်။

ကိုယ့်ကိုယ်ကို မကြည်ညိုရင် အပါယ်ကျတတ်တယ်။

အကြောင်းကတော့ သူတစ်ပါးကို လိမ်ညာ၍ရသော်လည်း ကိုယ့်ကိုယ်ကို လိမ်ညာ၍ မရသောကြောင့်ဘည်း"တဲ့။

အခက်လေးမျိုး

အကြည်ညိုမခံရဖို့ထက် - အကြည်ညိုခံရဖို့က ပိုခက်တယ်။

အမျိုးသမီးတွေကြည်ညိုဖို့ထက် အမျိုးသားတွေ ကြည်ညိုဖို့က ပိုခက်တယ်။

အမျိုးသားတွေကြည်ညိုဖို့ထက် ရဟန်းအချင်းချင်း ကြည်ညိုဖို့က အခက်ဆုံး။

ရဟန်းအချင်းချင်းကြည်ညိုဖို့ထက် ကိုယ့်ကိုယ်ကို ကြည်ညိုဖို့က အခက်ဆုံး။

အဲဒါကြောင့် မိမိကိုယ်ကို မိမိကြည်ညိုအောင် လုပ်နိုင်သူဟာ သူတော်ကောင်းပါ။ တရားရှိတဲ့လူကို ခေါ်နိုင်ပါတယ်၊

ဒီဘာဝ ဒီမျှသာ

ခုဒ္ဒကနိကယ်မှာပါတဲ့ အပဒါန် ပါဠိတော်ကြီး

သစ္စာလေးခိုင်-သုံးပွင့်ဆိုင်ဖော်

ဒီဘာဝဒီမျှသာ (၁)

ဒီတရားတော်ဟာ သစ္စာလေးပါးနဲ့ ပါတ်သက်သလို ဝင့်ကြွေးရှိရင် ခံရတတ်တယ် ဒီဝတ်ကလွတ်အောင် ကျင့်ရင်လဲ ဒီဘာဝဒီမျှနှင့် ပြီးနိုင်ပါတယ်။ ဒီဇာတ်ဟာ သား သမီး အမေ သုံးယောက်ဟာ သမုဒယအကြောင်းခံတဲ့အတွက် ဒုက္ခအမျိုးမျိုးတွေ့ကြပြီး သမုဒယတဏှာကို အသည်းနာကြပြီးလျှင် မဂ္ဂသစ္စာလို့ခေါ်တဲ့ မဂ္ဂင်ရှစ်ပါး ဝိပဿနာတရားများကို အားထုတ်ကြလို့ နိမ့်ယောဒသစ္စာခေါ်ပဲ နိဗ္ဗာန်သို့ ဆိုက်ရောင်သွားကြပြီး ဒုက္ခတွေငြိမ်းသွားတဲ့ဇာတ်လမ်းကြီးပါ။

ရှင်တော်မြတ်ဘုရားလက်ထက်တော်အခါတုံးက သာဝတ္ထိပြည်ထဲမှာ ကုန်ရောင်း ကုန်ဝယ်အလုပ်ဖြင့် အသက်မွေးခဲ့တဲ့ အမျိုးသားလေးတစ်ယောက် (မောင်လိမ္မာ) လေးဟာ ကုန်ရောင်းကုန်ဝယ်လုပ်ပြီး မိခင်ကို လုပ်ကျွေးမွေးနေတယ် အချိန်တန်အရွယ်ရောက်တော့ မယ်ဒုက္ခလေးနဲ့ အိမ်ထောင်ပြုကြပါတယ် (ကျမ်းရင်းတွင် အမည်များမပါ-ပါ)။

မောင်လိမ္မာလေးကလဲ မယ်ဒုက္ခလေးကိုချစ်-မယ်ဒုက္ခလေးလဲမောင်လိမ္မာကိုချစ် အဲဒီလို တစ်ယောက်ကိုတစ်ယောက်နှစ်သက်ချစ်ခင်ကြတာတွေဟာ သမုဒယသစ္စာတွေဘဲ-အဲဒီလို သမုဒယသစ္စာခေါ်တဲ့ တဏှာကလိုချင်နှစ်သက်ချစ်ခင်လိုက်တော့ အချင်းချင်းကြည်ဖြူကြပြီး ရှင်ကပြုံးပြုံးနဲ့ပျော်လို့မဆုံးနိုင်ကြပေဘူးပေါ့။

ဒါကြောင့် မန်လည်ဆရာတော်ဘုရားကြီးက-

* လူတို့ရွာတင်၊ သတ္တဝါအများ၊ သမီးသားက၊ မယားနှင့်လင်၊ အရှင်နှင့်ဖြင့်၊ မထင်သေးဘေး၊ အရေးမပြု၊ ပျော်ရွှင်မှုနှင့်သာ၊ သူထောင်ဝါတည့်၊ တဏှာပျော်ပိုက်၊ သာယာလိုက်လျှက်တစ်သိုက်တစ်အုံ၊ ပျားနှင့်တုံ၍၊ ကာမုံရာဂုံ၊ မော်တုံးမိုက်မူး ပျော်မြူးကူးခဲ့၊ ---- လို့ မိန်ဆိုထားပါတယ်။

ကုန်သည်လေးဟာ ရခါစ မယားချောကလေးမယ်ဒုက္ခကလေးနဲ့ တညဥ့်တာမျှ ပေါင်းဖေါ်ပြီးတော့ မယားချောကလေးနဲ့ ခွဲခွာကာ ရာဇဂြိုလ်မြို့သို့ ကုန်ရောင်းထွက်သွားတယ် ကိုယ့်မှာဟာ မယားအချောကလေးမယ်ဒုက္ခနဲ့ ခွဲချင်မှာမဟုတ်ဘူး၊ ခွဲရတာလဲဒုက္ခသစ္စာဘဲ အဲဒါ ကတော့ <u>ပိယဝိပ္ပယောကဒုက္ခ</u>ပေါ့။

ဒုက္ခဘာကြောင့်ဖြစ်သလဲ နှစ်သက်လို့ဖြစ်တာ၊ ကိုလိမ္မာလေးကမယ်ဒုက္ခကို မနှစ်သက်လျှင် ဒီဒုက္ခမဖြစ်နိုင်ဘူး၊ ဒါကြောင့်မနှစ်သက်နဲ့မလိုချင်နဲ့ နှစ်သက်ရင်လိုချင်ရင် ဒုက္ခတွေ့မယ်။

ကုန်ရောင်းသွားလိုက်တာ ကိုးလဆယ်လလောက်ကြာသွားသတဲ့ မောင်လိမ္မာလေးကလဲ ခဏခဏအမှတ်ရပြီး ဟိုတွေးဒီတွေးနဲ့ စိတ်မအေးနိုင်တာကလဲ သမုဒယကြောင့် ဒုက္ခရောက်

တာပဲ။ အိမ်မှာကျန်ခဲ့တဲ့ မယ်ဒုက္ခကလေးကလဲ ကရပ်တကျေးမှာသွားနေတဲ့ လင်သားကိုစိတ်ပူရ စိတ်မချရနဲ့ နတ်မေးလိုက်ဗေဒင်မေးလိုက် ပူနေရတာကလဲဒုက္ခ သမုဒယတွေကြောင့် ဒုက္ခတွေဖြစ်တာ။

မယ်ဒုက္ခလေးက ခင်ပွန်းလင်သားနဲ့ တညတာမျှ ပေါင်းဖက်လိုက်စဉ် အကြောင်းညီညွတ်သွားတဲ့အတွက် ပဋိသန္ဓေရသွားတယ်။ အရင့်အမာလေးဖြစ်လာတော့ အိမ်နီးချင်းတွေကလဲ တမျိုးအထင်လွဲပြီး လက်ညှိုးထိုးသူကထိုး၊ မျက်ဆောင်ထိုးသူကထိုး၊ မေးငေါ့သူကငေါ့နဲ့ သွားပုတ်လေလွင့် အမျိုးမျိုးကဲ့ရဲ့ကြသတဲ့။ (မျှားအပြစ်ကြည့်တတ်သူများသတိထား၊ အခမဲ့ ငရဲယူတတ်တဲ့သူတွေမှတ်စရာ)

မာယဒေဝမှာ- ＊ပြစ်ဖွဲ့ဆိုတင်း၊ ကဲ့ရဲ့ခြင်းမှ၊ လွတ်ကင်းသသူ၊ မရှိဟူရှင့်၊ သူတို့အကြိုက်၊ နပ်မလိုက်နိုင်၊ စရက်ရှိဟိုင်း၊ လျှာမထိုင်းဘဲ၊ မဆိုင်းနှုတ်ကပြောတတ်ကြ၏။

ရိုက်ပုတ်၍ မယ်ဒုက္ခကိုနှင်ထုတ်ပြီ။

ယောက္ခမလုပ်သူကလဲ ငါသားကတပြေတကျေးမှာစီးပွားရှာရတာ ညည်းကတော့ လင်ငယ်နဲ့ပျော်ပါးလို့ ကိုယ်ဝန်ရှိနေပြီဆိုပြီး ရိုက်ပုတ်ပါတော့တယ် ရှင်းပြလို့လဲမရဘူး၊ အိမ်ပေါ်ကနှင်ချလိုက်တယ်၊ သားရဲ့မျက်နှာကိုမှမထောက်၊ ရိုက်ပုတ်နှင်ချလိုက်တဲ့ ဇော်ဇော် ဆိုးတဲ့ယောက္ခမပဲ။

မယ်ဒုက္ခနှင်ချလို့ထွက်လာပြီး သူ့ခင်ပွန်းသွားရာ ရာဇဂြိုလ်ကိုမေးမြန်းပြီး လိုက်သွားတော့တယ်။ ရာဇဂြိုလ်အနီးက ဇရပ်တစ်ခုကိုရောက်သွားပြီး ခေတ္တနားနေစဉ်မှာပဲ တိုက်ပြော ရလျှင် မျက်နှာမြင်လိုက်ပါတော့တယ်။

ကလေးမွေးဘော့ အညစ်အကြေးတွေသန့်ရှင်းဖို့ ကလေးကဇရပ်ပေါ်ထားခဲ့ပြီး၊ ရေရှာထွက်ရာ၊ ရေကလဲအလှမ်းဝေးတော့ နဲနဲကြာသွားတာ ခရီးသွားသူဒေ့ကြီးက ဇရပ်ပေါ်က ကလေးငိုသံကြားဘာနဲ့တက်ပြီး-ကလေးကိုယူသွားပါတော့တယ်။

ပြန်လာတော့ ကလေးမတွေ့ရတော့လင်မီး၊ သားမီးနဲ့ သေလောက်မတတ်အပူလောင်ပြီး မြေပြင်မှာ လူးလို့ရှုးမတတ် ငိုကြွေးရှာတော့တယ်။

မထူးတော့ပါဘူးဆိုပြီး ခြေဦးတည့်ရာ တောထဲမှာ လျှောက်သွားတော့တာ၊ တောနက်ကြီးထဲရောက်တော့ သူခိုးကြီးတစ်ဦးနဲ့တွေ့ပြီး အကြောင်းစုံငိုယိုပြောပြတော့၊ သူခိုးကြီးကလဲ သနားပြီး တောထဲဆွဲခေါ်သွားပြီး ပေါင်သင်းနေတော့တာပဲ။ မယ်ဒုက္ခကလဲ မိုးသူကြီးနဲ့ပေါင်းရတာကလဲ မကြည်ဖြူ ငယ်ချစ်နဲ့သားလေးကို ခွဲခွာရတာလဲ ဒုက္ခ အဲဒီမှာပင် "ပိယဝိပ္ပယောကဒုက္ခ" "အပိယသမ္ပယောကဒုက္ခ" စုံလာတော့တာပေါ့ (ပိယေဟိ၊ ချစ်ခင်မြတ်နိုး သူတို့နှင့် ဝိပ္ပယောဂေါ ခွဲခွာကွေကွင်း၍ နေရခြင်းသည် ဒုက္ခောဆင်းရဲလှတော့၏။ အပ္ပယေဟိ မချစ်ခင်မမြတ်နိုးသော သူတို့နှင့် သမ္ပယောဂေါ၊ အတူတကွပေါင်ဖေါ်နေရခြင်းသည် ဒုက္ခဆင်းရဲ လှလေတော့သည်။)

မချစ်သော်လည်းအောင့်ကာနမ်းဆိုသလို လူဆိုကြီးနှင့်ပေါင်းလာရာ သမီးတစ်ယောက် ထွန်းကားလာ၏။ တနေ့ကလေးပွေ့ချီနေစဉ် လင်ဆိုးကြီးကလဲဘာအလိုမကျ သလဲမသိဘူး အနီးမှာရှိတဲ့ ဒုတ်ကြီးနဲ့မယားကိုရိုက်မယ်လို့ရွယ်လိုက်တာ ကလေးကိုထိမှာစိုးလို့ ပုခက်ထဲပြစ်ထဲ့ လိုက်မိတယ် ပုခက်စွန်းနဲ့ခိုက်မိလို့ ကလေးနဖူးပေါက်ပြဲသွားတယ် ကမ္ဘာမီးလောင်သားကောင် ချနှင်းဆိုသလို အသေတော့မခံနိုင်ဘူးဆိုပြီး ကလေးထားခဲ့ကာ ဒုတိယ လင်ဆိုးကြီးနဲ့ဝေးရာ ထွက်ပြေးသွားတော့တယ်။

မယ်ဒုက္ခလေးကလေးလဲ သမီးကလေးထားပြီးထွက်ပြေးလာလိုက်တာ ယခင်သား ကလေး မွေးဖွားတဲ့ ရာဇဂြိုလ်မြို့အနီး ဇရပ်ကြီးကိုရောက်ပြန်သတဲ့။ အဲ့ဒီတော့ ပျောက်သွားတဲ့ သားကလေးကိုအမှတ်ရပြီး အဟောင်းကို အသစ်လုပ်ကာငိုကြွေးပူဆွေးပြီး တက်မတတ် ချက်မတတ်ဒုက္ခခံစားရပြန်ရော။

အင်း-ဒီလိုနေလို့မဖြစ်သေးဘူးဆိုပြီး ရာဇဂြိုလ်မြို့ထဲဝင်ကာ ဘိက္ခုနီမတို့ရဲ့ ဇရပ် တစ်ဆောင်မှာ တည်းခိုနေထိုင်ပြီး တစ်ယောက်တည်းရှာဖွေစားသောက်လို့နေသတဲ့။ နှစ်တွေ အတော်ကလေးကြာသွားတော့ မြို့ထဲကတစ်ဆယ့်ခြောက်နှစ်အရွယ်ရှိတဲ့ လူပျိုကလေး တစ်ယောက်နှင့် လောကဓမ္မတာအလျောက် သမုဒယသစ္စာတဏှာက ချစ်ခင်နှစ်သက်ကြပြီး တတိယအိမ်ထောင်ထူပြန်ရောသတဲ့၊ မယ်ဒုက္ခက (၃၅)နှစ်သောက် လူပျိုကလေးက(၁၆/၁၇) လောက်ပေါ့။ သားအမိအရွယ်ပေါ့။ လောကဓမ္မတာဆိုတာတယ်ခက်တာကို ပျိုတာဖြစ်ဖြစ် အိုတာဖြစ်ဖြစ် တဏှာကမြူလိုက်မှဖြင့် ကြည်ဖြူနှစ်သက်တော့တာပဲ။

မာဃဒေဝမှာ- * ပုထုဇ္ဇန်၊ ထိုမှုပုဂ္ဂိုလ်၊ များလူဗိုလ်တို့၊ မလိုမကောင်း၊ လိုလျှင် ကောင်းရှင့်၊ အဟောင်းအသစ် ပျိုအိုဖြစ်လျှင်၊ မချစ်မလှ၊ ချစ်လျှင်လှ၏၊ လောကဓမ္မတာ၊ လူတစ်ထွာတည်းတဲ့။

ကိုယ်ကချစ်မှဖြင့် ပါးရေနားရေတွေလိမ်သော်လည်း လှလာတော့တာပဲ။ ကျိုးနေကမ်းနေပါစေ သနားပါတယ်ဆိုပြီး တဏှာကလှည့်ပေးလိုက်ရင်ချစ်တော့တာပဲ။

တကယ်တော့ မယ်ဒုက္ခလေးဟာ မဇ္ဈိမဘဝိက (နောက် ဆုံးရဟန္တာဖြစ်မည့်ဘဝ) ဆိုတဲ့ ဒီဘဝရဟန္တာမအလောင်းသော်မှ ဘယ်လောက်များသံသရာဆက်၏ အနောက်အရှက် ဒုက္ခပေါင်းခုံကို ခံရတာတုံးဆိုတာ စဉ်းစားကြည့်ရင် သံဝေဂရစရာပါ။

အဲဒီလိုနဲ့ လင်မယားနှစ်ယောက် အရောင်းအဝယ်လုပ်ပြီးစားသောက်နေထိုင်လာလိုက် ကြတာ နှစ်ကလေးကြာလာပါရော။

ဆယ့်ခြောက်ဆယ့်ခုနှစ်နှစ် အပျိုကလေးအချောလှကလေး (နံမယ်ကတော့လှလှ ပေါ့လေ) လှလှကလေးဟာလဲ ရာဇဂြိုလ်မြို့လာပြီး ကုန်ရောင်းကုန်ဝယ်လုပ်ကြရင်း မယ်ဒုက္ခတို့ နဲ့ရင်းနှီးပြီး တည်းအိမ်စားအိမ်ဖြစ်လာတယ်။ အလွန်ရင်းနှီးလာကြတယ်ပေါ့။ မယ်ဒုက္ခရဲ့ လင်ယောကျ်ားကလဲ ငါးစိမ်းမြင်တော့ငါးကင်ပြစ်ဆိုတာလို လှလှလေးကိုမြင်တော့ မယ်ဒုက္ခကို ဒီလိုပြောသတဲ့။

ကျနော့်မှာအမေလောက်ရှိတာကို မယားလုပ်နေရတော့ လောကမှာအဆင်မပြေဘူး လမ်းလျှောက်လို့မှ အတူတွဲပြီး လူတောထဲရောက်အောက်မသွားရဲဘူး။ ဒီတော့ ကျနော်နဲ့သက်တူ ရွယ်တူရှာ၍ ယူပါရစေလို့ပြောသတဲ့ (ယခုခေတ်ညားကာစတုံးက နံနက်လမ်းလျှောက်ရင် ပုခုံးလေးဖက်သွားရတာနဲ့၊ ထွက်ပြေးမှာစိုးလို့ လက်ချင်းချိတ်သွားရတာနဲ့ လေးဆယ်ကျော်ငါးဆယ် ရောက်လာတော့ လမ်းလျှောက်တာတောင် ဝါးတစ်ပြန်နှစ်ပြန်လောက် ရှေ့နောက်သွားနေကြတဲ့ သူတွေ သံဝေဂယူကြစမ်းပါ) တဏှာဆိုတဲ့တရားဟာတယ်ခက်ပါလား "သောက်လေသောက်လေ ငတ်မပြေ" ဆိုတာမှန်တာပေါ့။ အဲဒီတော့မယားဖြစ်တဲ့ မယ်ဒုက္ခကလဲ အင်း-သူပြောတာ ဟုတ်တာဘဲလေ အမေလောက်ရှိတာပေါင်းနေရတော့ ဘယ်စိတ်ချမ်းသာမလဲလေဆိုပြီးတော့ ကျုပ်ကိုလဲပြစ်မထားပါနဲ့ တခြားလဲရှာမနေပါနဲ့ ချစ်လောက်တဲ့ခင်လောက်တဲ့အပျိုရွယ်လေး ရှာပေးမယ်ဆိုပြီး လှလှလေးနဲ့နားချမ့်စပ်ပြီး သူ့ကိုယ်ပိုင်လယ်ယာပ်မပေးလိုက်သတဲ့ ကြည့်တော့လေ ဘယ်လောက်များ ကြက်သီးထစရာကောင်းသလဲ၊ ဒါဟာသံသရာမှာ ကံစီမံတဲ့ အတိုင်းဖြစ်ရတာပဲ။ သံသရာလည်ရာမှာ ဘယ်လောက်ကြောက်စရာကောင်းသလဲ။ ဘယ်လောက်စမ်းတဲ့ဇာတ်လဲ ဒါကြောင့်သုံးပွင့်ဆိုင်ဇာတ်လို့နံမယ်ပေးလိုက်တာပါ။

သုံးပွင့်ဆိုင်ဇာတ်ဟာ မသိလို့ကနေကျတာပါ၊ အားလုံးဟာ မစ္ဆိမဘဝိကာ (ဒီဘဝရဟန္တာ ဖြစ်မယ့်လူတွေ) ဝဋ်ရှိတော့ခံနေကြရတာ အဲဒါနဲ့တနေ့တော့ မယာက်ျားပျင်းပေတော့ပျော်ချင်း မိန်းမပျင်းတော့ခြေဆင်း ဆိုတာလို လုလုကခြေဆင်ပြီး မယ်ဒုက္ခကသန်းရှာတာပေ့ါ နှစ်ယောက် သား သန်းရှာကြလေရာ မယားယေ်ခေါင်းအလှည့်ကြတော့ ထိပ်အလယ်မှာ အမ်္ဂလတ်ကလေး တစ်ခု တွေ့လိုက်ရတာပေ့ါ မယားကြီးကမေးတာနဲ့မယားယေ်က "အစ်မရယ်ပြောရမှာတောင် ဝမ်းနည်းပါတယ် ကျနော်ယေ်က တောကြီးထဲမှာ အဖေနဲ့အမေရန်ဖြစ်ပါရော အဖေကအမေ့ကို ရိုက်မလို့လုပ်ရာ ကျမကိုရိုက်မိမှာစိုးလို့ ကျမကိုပုခက်တဲကပျာကယာ ထည့်လိုက်တာ ပုခက် ဖောင်းနဲ့ တိခိုက်ပြီးခေါင်းပေါက်သွားရတာပေ့ါလေ အမေကလဲ အဖေ့ကိုကြောက်လို့ ထွက်ပြေး လိုက်တာ ဒီနေ့ထိ ဘယ်ရောက်လို့ဘယ်ရောက်မှန်းမသိတော့ဘူး ဒါတွေကလဲ အဖေ ပြောပြလို့ သိရတာတဲ့။

အဲဒီလိုလည်ပြောလိုက်ရော မယားကြီးက "အမယ်လေး . . ဖြစ်မှဖြစ်ရလေငါ့သမီးရယ်" လို့ဆိုပြီး သမီးကိုပွေ့ဖက် နှစ်ယောက်သားငိုယိုကြရှာသတဲ့ ငိုယိုနေတုန်းလင်ဖြစ်သူက အခရေး တကြီး ပြေးလာပြီး အကျိုးအကြောင်းမေးသတဲ့ ဒီတော့မယားကြီးက သမီးဖြစ်နေတဲ့အကြောင်း စုံလင်အောင်ပြောပြ၍ သဲသဲမဲမဲငိုရှာသတဲ့ ဒီတော့မှလင်ယောက်ျားကအားပေတဲ့အနေနဲ့ တိတ်ကြ ပါဟျာ ခင်ဗျားတို့ပြန်တွေ့ရတာပော်သေးတာပေ့ါ ကျုပ်မှာဆိုရင် အမေဖနဲ့အမေ ကိုမြင်ဖို့ မဆိုယား နှင့် နံမယ်ကိုတောင်မကြားဘူးပါဘူး အမေကမွေးပြီးတော့မြို့ပြင်ကဇရပ်ပေါ်မှာ ပြစ်ထားတယ်တဲ့ အခုရှိတဲ့ဖခင်ကြီးကကောင်ယူပြီးမွေးစားထားလို့သာ အသက်ရှင်ရတာ အဲဒီလို ပြောလိုက်တော့ မိခင်ဖြစ်တဲ့မယ်ဒုက္ခမှာ"အမယ်လေး. . အခုမှစုံပြီးတော့ဖြစ်မှဖြစ်ရပလေ အဲဒီလိုပြောဆိုပြီး သားကိုဖက်ကား ငိုကြွေးရှာပြန်ပါရောတဲ့။ အဲဒါတွေဟာ ဒုက္ခသစ္စာချည်ပဲလို မှတ်ရပါမယ်။

ဒုက္ခဇာတ်သိမ်းပြီးအပူငြိမ်းပါပြီဒီဘဝဒီမျှသာပါပဲ

မယ်ဒုက္ခတို့သားအမိတွေမှာ သမုဒယထူထောင်ပေလိုက်တဲ့ဒုက္ခတွေကို ယခုဇာတ်သိမ်းရပါတော့မယ် အဲဒီလို အမေရယ် သားရယ် သမီးရယ် မောင်ရယ် နှမရယ်လို့ သိကြတဲ့အခါမှာ ဩော် . ငါတို့ရဲ့ဖြစ်ရပုံ ကြုံရပုံများဟာ လူကြားလို့မှတောင်မသင့်တော်ပါလား သံသရာဟာ တယ်ကြောက်စရာကောင်းပါကလား အဲဒီလိုပြောဆိုကြပြီးတော့ သတိသံဝေဂရကြကာ မြတ်စွာဘုရား သာသနာတော်သို့ဝင်ရောက်ပြီး ရဟန်းပြုကြတော့တယ်။

တဏှာကိုအသဲနာ၍တရားအားထုတ်ကြလေပြီ

အဲဒီလိုရဟန်းပြုပြီးတဲ့နောက် သားရဟန်းတော်ကလေးက ဩော်. ငါ့မှာဒုက္ခအမျိုးမျိုးတွေတွေ့ရပြီးတော့ အမေမှန်းနှမမှန်းမသိရအောင် ဖြစ်ရတာတွေဟာ တခြားမဟုတ်ဘူး အရင်းခံတော့ အမြစ်မြေကြီးသိုသလို သမုဒယသစ္စာခေါ်တဲ့တဏှာရဲ့လက်ချက်တွေပါလား- ကြံစည်စဉ်းစားပြီးတော့ သမုဒယသစ္စာတဏှာကို အသဲနာတာဒီဘဝမှာပင် ဒီတဏှာအမြတ်သတ်တော့မယ်ဟဲ့လို့ ကြုံးဝါးပြီး ဂင်္ဂါမြစ်ကမ်းအနီးမှာ ထမ်းရွက်မိုးကမ္ဘဋ္ဌာန်းကျောင်ကလေး ဆောက်ပြီးတော့ "ငါသည်ရဟန္တာမဖြစ်သေးသမျှ စကာမပြောတော့ဘူး"ဆိုတဲ့ အဓိဋ္ဌာန်ဝင်ပြီး မဂ္ဂသစ္စာခေါ်တဲ့ မဂ္ဂင်ရှစ်ပါးဝိပဿနာကို အားတုတ်လိုက်တာ ရဟန္တာဖြစ်ပြီး နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်ပါတော့ကယ်။

မိခင်နှင့်သမီးတို့လဲ ဘိက္ခုနီမများပြုပြီးနောက် သူတို့ရဲ့မှားခဲ့သမျှတွေကို သံဝေဂတရားရကြပြီးလျှင် ဒီလိုဒုက္ခအချုပ်တွေကို အဟုတ်ပွေအောင်ထူထောင်ပေးတဲ့ သမုဒယသစ္စာတဏှာကိုဖြင့် ဒီဘဝနောက်ဆုံးထား၍အပြတ်တိုက်ကြမယ်ဟဲ့လို့ ကြုံးဝါကြပြီးတော့ မဂ္ဂသစ္စာခေါ်တဲ့ မဂ္ဂင်ရှစ်ပါးဝိပဿနာ တရားများကို ကြိုးစားအားထုတ်ကြလေရာမကြာမီအတွင်း သမုဒယတဏှာ အမြစ်ရင်းပြတ်ပြီး သကာလနိရောဓသစ္စာခေါ်တဲ့ နိဗ္ဗာန်ကို မျက်မှောက် ပြုကြကာ ရဟန္တာမများဖြစ်သွားကြသတဲ့။

"မီးခဲပြာဖုံး" ဆိုတဲ့စကားလို သူတို့မှာ သားနှင့်အမိ မေ ်နှင့်နှမမှန်း မသိအောင်ပင် မှားတုန်ကမှားခဲ့ကြသော်လည်း တရားနဲ့တွေ့လိုက်တဲ့အခါ အ ုးဇာတ်သိမ်းပြီးတော့ ဒုက္ခတွေ အပူတွေငြိမ်းသွာကြပေပြီ။

အဲဒီဇာတ်လမ်းကိုကြည့်ရင် သုံးပွင့်ဆိုင်ဇာတ်လမ်းမှာပါတဲ့သူတွေဟာ ဒီဘဝမှာရဟန္တာဖြစ်ရမဲ့ပုဂ္ဂိုလ်တွေ (မစ္ဆိမဘဝိက) ဖြစ်တာတောင် ဝဋ်ကြွေးတွေစပ်ရတဲ့အပြင်သမုဒယသစ္စာကြောင့်ဒုက္ခသစ္စာတွေဖြစ်ရတယ် အသိဉာဏ်တွေဖြစ်လာတဲ့အခါ မဂ္ဂသစ္စာခေါ်တဲ့ မဂ္ဂင်ရှစ်ပါးဝိပဿနာ တရားများကို ကြိုးစားအားထုတ်ရင်း သမုဒယတဏှာ အမြစ်ရင်းပြတ်ပြီး နိရောဓသစ္စာ ခေါ်တဲ့ နိဗ္ဗာန်ကို မျက်မှောက် ပြုကြရကာ ရဟန္တာထိဖြစ်နိုင်ပါတယ်။

တဏှာရဲ့နှိပ်စက်ဒဏ်ကိုရော ဘဝဝဋ်ကြွေးတွေရော ဝိပဿနာအားထုတ်ရင်းဖြင့် "ဒီဘဝဒီမျှသာလို့နှုတ်ဆက်နိုင်ပါတယ်။

အမ္ဗပါလီ

ဒီဘဝဒီမျှသာ (၂)

ဝေသာလီဆိုသည့်နိုင်ငံတွင် အမ္ဗပါလီက နံမည်အကြီးဆုံးဖြစ်ရုံတင်မက ဗုဒ္ဓဘာသာဝင်တော်တော်များများရဲ့နားတွင် မဆန်းအောင်ကြားနေရလောက်အောင် နံမည်ထွက်နေသည်။ အမ္ဗပါလီ၏ အဓိပ္ပါယ်မှာ သရက်ပင်စောင့်ရှောက်ခြင်းခံရသူဟု အဓိပ္ပါယ်ရ၏။ သူသည် လူ့ဝမ်း၌ ပဋိသန္ဓေမနေ သရက်ပင်၌ ပဋိသန္ဓေနေသည်ဟု ပြောကြားတာလည်းရှိ၏။ တချို့ကတော့ တရားမဝင်ရထားသည့် မွေးစကလေးကို မကျွေးမမွေး မသုတ်သင်နိုင်၍ မိခင်က သရက်ပင်အောက်သို့ လာရောက်ပစ်ထားလေသလားဆိုသည်ကိုတော့ မည်သူ မှ အသေအချာမပြောနိုင်။ သို့သော် သူ့နာမည်နှင့်သရက်ပင်ကတော့ ဆက်စပ်နေသည်။

<u>အမ္ဗပါလီ</u>- နံမည်ကတော့လှ၏။ ရုပ်ဟာလည်း သူမတူအောင်ချော၏။ သို့သော် သူ့အလုပ်က ရုပ်ညံ့လှ၏။ သူ့အလှက အနီးကစ်ဂိုက် နိုင်ငံကိုင်းက မင်းညီမင်းသားတိုင်း နှစ်သက်ကြ၏။ အမ္ဗပါလီကို ယူရန် စစ်ပွဲများတာစူနေလေပြီ။ သူ့အလှကား လူသားတိုင်း ရဲ့ ရမက်ကို စွဲဆောင်နိုင်စွမ်းရှိသည်။ ဒီလိုစစ်ဖြစ်မည်ကို မလိုလားသဖြင့် ဝေသာလီပြည့် ရှင်က အများပိုင်အဖြစ်သတ်မှတ်လိုက်လေသည်။ မည်သူမှတစ်ဦးတည်းပိုင်ပဖြစ်စေရ။ လူတိုင်းကို ပျော်လေအောင် ဖျော်ဖြေရသော ပြည့်တန်ဆာအလုပ်ကို လုပ်စေသည်။

<u>ကဿပလက်</u> - သူသည် ဖုဿကုရားပွင့်ကော်မူစဉ်အခါက အကြီးအကျယ်အလှူကြီး ပေး၍ ရုပ်ရည်ချောမောလှပရန် ဆုပန်ခဲ့၏။ ယိုမည်က အင်အားကောင်းသလောက် ဘက်ကြွ ကက်သန်ခနနသော လှချင်စိတ်၏ ကွန်းပို့ပေးမှုကြောင့် ယခုဘဝ၌ သည်အလှကို သူရခြင်း ဖြစ်သည်။

<u>အကုသိုလ်ကံ</u> - သိခီဘုရားရှင်လက်ထက်အခါ၌ ဘိက္ခုနီမဖြစ်ခဲ့၏။ တက်နိုင်သမျှ တရားကျင့်ခဲ့၏။ တစ်နေ့ စေတီတော်တော်တစ်ဆူကို ဖူးမျှော်ရင်း စေတီကိုလက်ယာရစ် လှည့်ပတ် နေရာမှ ဘုရားရင်ပြင်တော်ပေါ်တွင် တံတွေးကွက်တစ်ကွက်ကိုသူတွေ့ရ၏။ ရှေ့ကသွားကြသော ဘိက္ခုနီတစ်သိုက်ထဲမှ တစ်ယောက်ယောက်ထွေးသွားကြောင်းသူသိ၏။ အမှန်တော့ တံတွေးထွေး သွားသော ဘိက္ခုနီမှာ ရင်ပြင်တော်လွှတ်ရာသို့သွား၍ ထွေးခြင်းဖြစ်သော်လည်း ရေးကြီးသုတ်ပြာ ဖြစ်၍ ရင်ပြင်တော်ပေါ် ကျမှန်းမသိကျသွားခြင်းဖြစ်၏။

အမ္ဗပါလီအလောင်း ဘိက္ခုနီသည် တံတွေးကွက်ကိုတွေ့လျှင် <u>“ဘယ်ကပြည့်တန်ဆာမ များ ရင်ပြင်တော်ပေါ်ဝယ် ထွေးသွားပါလိမ့် အကျင့်ယုတ်မတွေ သာသနာဖျက်မတွေ”</u> ကြမ်းကြမ်းတမ်းတမ်းဆဲလိုက်၏။ ဘုရားသမီးတော်ဖြစ်သော ဘိက္ခုနီမကပါ၊ မဆိုထားနှင့်တော့ သာမန်အဆင့်အတန်းရှိသော လူဝတ်ကြောင့်မိန်းမတစ်ယောက်ပင် နှုတ်မှမထွက်ဝံ့သောစကား၊ မထွက်သင့်သောစကားကို သူ့နှုတ်မှ ကြမ်းတမ်းစွာထွက်လိုက်၏။

ယခုခေတ်လူတို့သည် ဟဲ့ သူတောင်းစားမတွေ၊ ဟဲ့ပြည့်တန်ဆာမတွေ၊ ဟဲ့ အကျိုးတွေ၊

ဟဲ့ အကန်းတွေ၊ သေချင်းဆိုးမတွေ စသည်ဖြင့် သူများတွေကို လက်လွတ်စပယ် နင့်နင့်သီးသီး ပြောတဲ့စကားတွေဟာ ဝဇီဗေဒပြောတိုင်းရှုတဲ့ သတိထားကြပါ။ အတင်းအဖျင်းပြောခြင်း၊ နှုတ်သရမ်းခြင်း မပြုလုပ်ကြပါနဲ့။

အကျိုးပေး - ဤဖရုပ်သဝါစာ ဒုစရိုက်ကြောင့် သူသည်ဘဝပေါင်းများစွာ ပြည့်တန်ဆာ ချည်း ဆက်ကာဆက်ကာဖြစ်ရသည်။ ဤအမ္ဗပါလီဘဝတွင်လည်း အခြေအနေက တွန်းပို့သဖြင့် စိတ်မပါဘဲလျက် ယုတ်ညံ့သော ပြည့်တန်ဆာအလုပ်ကို လုပ်နေရ၏။

ဒီဘဝဒီမျှသာ - ဤဘဝတွင် သံဝေဂတရားများ ရရှိပြီး မြတ်စွာဘုရားထံ သွားရောက် ပြီး တရားအားထုတ်ကာ မြတ်စွာဘုရားတည်းဟူသော အမိုကောင်းကလျာမိတ္တကိုရ၍ ဘုရားရှင် ၏ ကျောင်းအမဖြစ်ရပြီးလျှင် အရွယ်ရောက်ပါသည့်အခါ သာသနာ့ဘောင်ဝင်ကာ ဒီဘဝတွင် ဒီမျှသာ ဝဋ်ကြွေးဆပ်ပြီး ဗုဟုပြိမ်းရာ နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်ရန် ပြင်းပြင်းထန်ထန် အားထုတ်လိုက်သဖြင့် ဒီခန္ဓာ ဒီဘဝတွင် ဒီမျှသာ ဇာတ်သိမ်းပြီး ရဟန္တာ ဖြစ်သွားတော့သည်။

ရဟန္တာစော်ကား ငရဲလား

ဒီဘဝဒီမျှသာ (၃)

ဘဂဝတစ်ခုတွင် အရှင်ဇမ္ဗုကသည် ကျောင်းထိုင်ရဟန်းတစ်ပါးဖြစ်ခဲ့ဘူးသည်။ တစ်နေ့ တွင် ညည်းသည်ရဟန်းတစ်ပါး (အာဂန္တုရဟန်း) ခေတ္တခဏ တည်းခိုခွင့်တောင်းသဖြင့် ရွှေရွှေ ရှုရှုပင် ခွင့်ပြုခဲ့သည်။ သို့သော် ရဟန်းရောက်ပြီးမကြာမီပင် ကျောင်းသို့လာသော ကျောင်းဒကာ မှာ အလွန်အကျူး ကြည်ညိုလေးစားသွား၏။ ဧည့်သည်ရဟန်းမှာ သာမန် ပုထုဇဉ်ရဟန်းမဟုတ်၊ ကိလေသာအာသဝေါကုန်ခမ်းပြီးသော ရဟန္တာတစ်ပါးဖြစ်နေသည်။

အာဂန္တုရဟန်းအား ကျောင်းဒကာက လိုလေသေးမရှိအောင် ကောင်းကောင်းမွန်မွန် ချက်ပြီးပို့စေသည်။ အိပ်ယာနေရာလည်း ကောင်းကောင်းပြင်ဆင်ပေးသည်။ အဝတ်သင်္ကန်း လည်း သင့်လျော်အောင် လှူဒါန်းသည်။ နောက်ဆုံး ခေါင်းရိတ်သည်ကိုပင် ပိုမိုအဆင်ပြေစေရန် ဆတ္တာသည်လွှတ်၍ ရိတ်စေသည်။

ထိုအခါ ဣဿာမစ္ဆရိယ၏ အနှိပ်အစက်ကိုခံလာရပြီးဖြစ်သော ကျောင်းထိုင်ဘုန်းကြီးက ဧည့်သည်ရဟန်းအပေါ် အကောင်းမမြင်တော့ချေ။ သို့အတွက် ဧည့်သည် ရဟန္တာကို ဆဲရေးပြီး အရိယူပဝါဒကံကြီးကို ကျူးလွန်လိုက်မိတော့သည်။

ငါ့ရှင်ဧည့်သည်ရဟန်း သင်သည်ငါ့ကျောင်းဒကာ၏ ဆွမ်းကိုစားခြင်းထက် မစင် စားခြင်းကမြတ်၏။ ကျောင်းဒကာစေခိုင်းသော ဆတ္တာသည်ဖြင့် ဆံပင်ရိတ်ခြင်းထက် ထန်းစေ့ မှုတ်ခြမ်းဖြင့် အနှုတ်ခံရခြင်းက မြတ်၏။ ကျောင်းဒကာလှူသော သင်္ကန်းကိုဝတ်ခြင်းထက် ကိုယ်လုံးတီးနေခြင်းကမြတ်၏။ကျောင်းဒကာလှူသော ကုတင်တွင်အိပ်ခြင်းထက် မြေကြီးပေါ် အိပ်ခြင်းကမြတ်၏။ အဲဒီလို (မစင်စားခြင်း၊ ထန်းစေ့မှုတ် ဖြင့်နှုတ်ခြင်း၊ ကိုယ်လုံးတီးနေခြင်း၊ မြေကြီးပေါ်အိပ်စက်ခြင်း စသည့်အချက်လေးချက်ဖြင့် စော်ကားခဲ့သည်)

ရဟန္တာစော်ကား ငရဲလား

ဤအရိယူပဝါကံကြီးကြောင့် ကျောင်းထိုင်ရဟန်း သေလွန်သောအခါ မဟာအဝီစိငရဲ၌ နှစ်ပေါင်းများစွာ ကမ္ဘာနှင့်ချီ၍ ခံရလေသည်။ အဝီစိငရဲမှလွတ်သောအခါ ဂေါတမမြတ်စွာဘုရား လက်ထက်၌ ရာဇဂြိုလ်မြို့တွင် လူလာဖြစ်သည်။ မွေးလာကတည်းက အရိယူပဝါဒကံ၏ အကျိုးဆက်ကြောင့် အိပ်ယာပေါ်မှာ မအိပ်နိုင်ဘဲ မြေကြီးပေါ်တွင်အိပ်သည်။ ထမင်းဟင်းကို မစားဘဲ မိမိမစင်ကိုသာပြန်စားသည်။ အရွယ်ရောက်လာသည့်အခါတွင် အဝတ်မဝတ်ဘဲ ကိုယ်လုံးတီးနေသည်။ မိဘများအရှက်ရသဖြင့် သားဖြစ်သူကို အာဇီဝက တက္ကတွန်းများထံ အပ်နှံလိုက်သည်။ ထိုအခါကျမှ ရဟန္တာကို စော်ကားဆဲရေးခဲ့သည့်အပြစ်အတိုင်း ဆိုးကျိုးလေးမျိုး ပြည့်စုံအောင် ခံစားရတော့သည်။

ဇမ္ဗုကအား၏ဆံပင်ကို ထန်းခေါ့ပွတ်ခြင်းဖြင့် ကုန်အောင်နှုတ်ပစ်ကြသည်။ ပြီးမှ အာဇီဝကလို ရဟန်းပြုပေးသည်။ ဇမ္ဗုက အာဇီဝကဖြစ်လာသည့်အခါတွင်လည်း အကုသိုလ်က မကုန်သေး၊ ထမင်းဟင်းမစားဘဲကျင်မှ မစင်များကိုသာ ဆက်၍စားနေခဲ့သည်။ အာဇီဝကများ သိသွားသောအခါ သူတပါးကဲ့ရဲ့မှာ ကြောက်သဖြင့် ဇမ္ဗုကကို ကျောင်းမှနှင်တုတ်လိုက်သည်။ ဇမ္ဗုကသည် ကျောင်းမှထွက်လာပြီး လူများမစင်စွန့်ရာအနီးရှိ ကျောက်ဖျာကြီးတွင်နေထိုင်သည်။

ရိုးရိုးနေခြင်းမဟုတ် ငနေ့တွင် လက်တစ်ဖက်က ကျောက်ဖျာကိုကိုင်လျက် ပါးစပ်ကိုဟ၊ ခြေတစ်ဖက်မြှောက်ထားပြီး ထူးဆန်းအံ့ဩဖွယ်ဖြစ်အောင် နေထိုင်လေသည်။ အသိဉာဏ် နည်းသူတို့ မေးလာသည့်အခါ လေကိုသာစားသည်၊ အကျင့်ပြင်းထန်လွန်းသဖြင့် ခြေနှစ်ဖက် လုံးနင်းလိုက်လျှင် မြေကြီးဘုန်းညှပ်၏၊ ငါသည်ဘယ်တော့မှအိပ်ခြင်း၊ ထိုင်ခြင်းမပြုဟု ကြွားဝါပြောသည်။

ဤလောက၌ အသိဉာဏ်နည်းသူတို့ထုံးစံအတိုင်း ဇမ္ဗုကသွင်းကို ကြားကြသော အင်္ဂတိုင်း၊ မာဂဓတိုင်း စသည့်တိုင်း (၆)တိုင်းမှ ပုဂ္ဂိုလ်များလာရောက် ပူဇော်ခစားကြသည်မှာ အလွန်စည်ကားလှက်ရှိတော့သည်။ (ဘုရားလက်ထက်ကလူတွေလည်း ယနေ့မြန်မာ ပြည်မှာရှိတဲ့ လူတွေလိုပဲ၊ ထူးပြီဆိုရင် သေသေချာချာမစိစစ်တော့ဘဲ သွားလိုက်ကြတာ၊ သတိပြုကြပါ) ညအခါ လူအများစွန့်ပစ်ထားသော မစင်များကိုစားသောက်လာသည်မှာ (၅၅)နှစ်ကြာ ခဲ့သည်။ သူ့အကုသိုလ်ကြွေးကုန်ပြီး ကျွတ်ကန်းဝင်ရောက်ချိန်ကျမှ ဘုရားရှင် ကြွလာပြီး တရားဟောရာ ဇမ္ဗုကမှာသဘောပေါက်ပြီး တရားကျင့်လိုက်ရာ ရဟန္တာဖြစ်သွားပါတော့သည်။ ဝဋ်ကြွေးများဆပ်ပြီးဖြစ်၍ ဒီခန္ဓာကို ဒီဘဝဒီမျှသာဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုသွားရပါ တော့တယ်။ ကဿပ-မဇ္ဈရိယကို အရင်းခံဖြစ်ပွားခဲ့သော အရိယူပဝါဒကံ ၏ ဆိုးကျိုးကား ကြီးမားလှပေတော့သည်။

ကဿပ-မစရိယဟာ သတိဖထားလျှင် သာမန်ပုထုဇဉ်မဆိုထားနှင့်၊ ယခုဘဝကေန်မုချ ရဟန္တာအဖြစ်ဖြင့် ဘဝဇာတ်သိမ်းကြရမည့် ပစ္ဆိမဘဝိက ပုဂ္ဂိုလ်များကိုပင် အရှက်တကွဲအကျိုးနဲ့ ဖြစ်အောင် နှိပ်စက်တတ်ပါသည်။

ဒီဇာတ်ကိုကြည့်ပြီး စာဖတ်သူတို့ ကဿဿာနှင့် မစ္ဆရိယဆိုသည့် မနာလိုခြင်းနှင့် နှမြောတွန့်တိုခြင်းကို သတိထား၍ရှောင်ပါ။ ဘာမှမရရှိဘဲ အကုသိုလ်ဖြစ်သော ငရဲရောက်မှာမို့ အကြောက်ရဆုံးအကုသိုလ်ဖြစ်ကြောင်းသိကြပါ။

ဘုရားရှင်က ရဟန်းတို့ -- မိမိအတွက်ကြောင့်လည်း မကောင်းမှုမပြုရဘူး၊ သူတပါးအတွက်ကြောင့်လည်း မကောင်းမှုမပြုရဘူး၊ သားသမီးအတွက်ကြောင့်ဖြစ်စေ၊ စည်းစိမ် အတွက်ကြောင့်ဖြစ်စေ၊ တန်ခိုးအာဏာအတွက်ကြောင့်ဖြစ်စေ မကောင်းမှုကို မပြုရဘူး၊ မိမိရဲ့ပြည့်စုံမှုကို မတရားတဲ့နည်းနဲ့ မလိုချင်ရဘူး၊ ဒါဆိုရင် ဒီပုဂ္ဂိုလ်ဟာ သီလရှိသူ၊ ပညာ ရှိသူ၊ တရားရှိသူလို့ ခေါ်တယ်။

အရှင်လတ်လတ် ပုပ်နေသော မထေရ်
ဒီဘဝဒီမျှသာ (၄)

<u>လက်ရှိဘဝဒုက္ခ (အကျိုးပေး)</u>

သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းဝင်း၏ အစွန်ကျသော ကျောင်းတစ်ကျောင်း၌ ရဟန်းတော်တစ်ပါးသည် ညောင်စောင်းပေါ်တွင် လှူးလိမ့်ရင်း ဝေဒနာအပြင်းအထန် ခံစားနေရ၏။ ရဟန်း၏ ခန္ဓာကိုယ်တွင် ဆီးသီးခန့်၊ ဆီးဖြူသီးခန့်၊ ဥသျှစ်သီးခန့် ပမာဏရှိသော အနာလုံးကြီးများသည် သွေးတစိုစို၊ ပြည်တရွဲရွဲ ဘစ်ကိုယ်လုံး အပ်ချစရာမကျန်အောင် အနှံ့ အပြားပေါက်လျှက်ရှိ၏။ ရဟန်းတော်၏ တစ်ကိုယ်လုံးကား ပုပ်စော်နံနေ၏။ ပြုစုမည့်သူ လည်း တစ်ဦးမျှမရှိပေ။

လောကသုံးပါး အားထားကိုးကွယ်ရာဖြစ်တော်မူသော မြတ်စွာဘုရားကိုယ်တိုင် ရေနွေးတည်ပြီး ရေနွေးဆူသောအခါ ယူလာပြီး ဂိလာနရဟန်းရှိရာသို့ ကြွရောက်လာ၏။ ထိုအခါမှ အခြားရဟန်းများ ဝိုင်းလာပြီး ဂိလာနရဟန်းကိုယ်မှ သင်္ကန်းတို့ကို လျှော်ဖွပ်လှဲ လှုပ်ပေးခြင်း၊ အနာကြီးများကို ဖန်ရည်ဖြင့် ဆေးကြောပေးခြင်း၊ ဆေးထည့်ပေးခြင်းစသော သူနာပြုလုပ်ငန်းများကို လုပ်ဆောင်ပေးကြတော့သည်။ ထိုအခါမှ ဂိလာနရဟန်းသည် သက်သာရာရကာ ငြိမ်သက်သောစိတ်ဖြင့် မှိန်းနေလေသည်။

ရှေးဘဝကဆိုးခဲ့ (အကြောင်းတရား)

ဤရဟန်း ဘာကြောင့် ဤမျှဆိုးရွားသော ရောဂါဝေဒနာဆိုး၊ ဆင်းရဲကျိုးများကို ခံစားရသနည်း။ အကြောင်းရှိပါသည်။ လောက၌ အကြောင်းမရှိဘဲ ဘယ်အခါမျှမဖြစ်ပေါ်ပေ။ ဤရဟန်းသည် ကဿပဘုရားရှင်လက်ထက်တော်အခါ၌ ငှက်မုဆိုးဖြစ်ခဲ့ဖူးသည်။ ငှက်မျိုးစုံတို့ကိုသတ်၍ ဘုရင်၏ စားတော်ပွဲအတွက် ဆက်သရ၏။ ကျန်သောငှက်တို့ကိုရောင်း၏။ ရောင်း၍မကုန်သော ငှက်တို့ကို မပျံနိုင်၊ မသွားနိုင်အောင် တောင်ပံနှင့်ခြေ ထောက်တို့ကို ချိုးထား၏။ တချို့ငှက်တို့ကို နောက်တစ်နေ့တွင် သတ်၍ရောင်း၏။ တချို့ကိုမူ နှစ်ရက် သုံးရက်လွန်မှ သတ်၍ရောင်းရ၏။ ဤနည်းဖြင့် ငှက်များမှာ ဆင်းရဲဒုက္ခကို အချိန်ကြာကြာ

ခံစားရပြီးမှအသတ်ခံကြရ၏။ ထိုမကောင်းမှုအကုသိုလ်ကံတည်းဟူသော အကြောင်း၏ဆိုးကျိုးကို ယခုဘဝ၌ ဤရဟန်းခံစားနေခြင်းဖြစ်သည်။

အချိန်မှီသံဝေဂရ (ဒီဘဝဒီမျှသာ)

သို့သော်တစ်နေ့တွင် ယင်းငှက်မုဆိုးသည် ထိတ်လန့်သံဝေဂဖြစ်ကာ ရဟန္တာမထေရ် တစ်ပါး အားအရသာရှိသော ဆွမ်းဟင်းတို့ကို လောင်းလှူပြီးလျှင် မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ဆုတောင်း၏။

ယခုဘဝ၌ အဆိုပါရဟန်းသည် ဝေဒနာမှ သက်သာရာရနေစဉ် မြတ်စွာဘုရား က ဘာမျှအသုံးမကျသော ကိုယ်ကောင်ကြီး၏ အပြစ်တို့ကို ဖော်ပြ၍ သစ္စာလေးပါးအထွက် တပ်လှူက် တရားပြတော်မူသောအခါ ရဟန္တာမထေရ်အား ဆွမ်းလောင်းလှူသော ထိုကောင်းမှု၏အကြောင်း အထောက်အပံ့ကြောင့် အရဟတ္တဖိုလ်ဉာဏ်အထိရပြီးလျှင် ပရိနိဗ္ဗာန်စံလေ၏။ ဖော်ပြပါဘဝ၏အကြောင်းကြောင့် ယခုဘဝရရှိသော ဝဋ်ကြွေးများကို ဤဘဝဤမျှသာ ခံပါရ စေတော့ဟု ဆုံးဖြတ်ပြီး ကျင့်ကြံအားထုတ်သဖြင့် ခန္ဓာဒုက္ခတို့ကို ဒီဘဝတွင် အဆုံးသတ်၍ ရဟန္တာဖြစ်ကာ ဝဋ်ကြွေးဆပ်ပြီး ပရိနိဗ္ဗာန်စံတော်မူတော့သည်။

" ဆုတောင်းခဲ့သော ပဋာစာရီ ဆုတောင်းပြည့်ပါပြီ "

ဒီဘဝဒီမျှသာ (၅)

ပဋာစာရီဆိုလျှင် ဗုဒ္ဓဘာသာဝင်တိုင်း ရင်းရင်းနှီးနှီးသိထားပြီးသားဖြစ်သည်။ အသေးစိတ်ကတော့ သိသူနည်းပါသည်။ ဘာကြောင့် ရူးသွားသလဲ၊ ဘယ်ဘဝက ဝဋ်ကြွေး တွေလဲ၊ ဘဝတွေမှာ ဘာတွေဖြစ်ခဲ့သလဲ၊ ပါးစပ်ပေါက်က ဘာတွေများကျိန်ဆဲခဲ့ဘူးသလဲ၊ သံဝေဂယူစရာတွေရှိလို့ ရေးသားဖော်ပြအသိပေးလိုက်တာပါ။

ပဒုမုတ္တရမြတ်စွာဘုရားရှင်လက်ထက်ကတည်းက ဧတဒဂ်ဆုကိုတောင်းခဲ့သူဖြစ်သည်။ ပါရမီတွေဖြည့်ကျင့်ပြီး ဂေါတမမြတ်စွာဘုရားရှင်လက်ထက်တွင် သာဝတ္ထိပြည် သူဌေးမျိုး၌ ဖြစ်လာခဲ့သည်။ အရွယ်ရောက်သော် အိမ်တွင်အလုပ်လုပ်သော ကျေးကျွန် တစ်ယောက်နှင့် ချစ်ကြိုက်၍ အဝေးသို့ထွက်ပြေးခဲ့သည်။ အိမ်သို့မပြန်ရဲဘဲကလေးနှစ်ယောက်ပင် ရရှိနေပေပြီ။

ဒီအချိန်မှာဆိုရင် မိဘတွေစိတ်ပြေလောက်ပြီအထင်နှင့် အိမ်ပြန်ရန်အစီအစဉ် ပြုလုပ်ခဲ့သည်။ လမ်းခရီး၌ လေကြီးမိုးကြီးကျစဉ် လင်မှာမြွေကိုက်၍ ပဋာစာရီမျက်စိရှေ့၌ပင် မချိမဆံ့ဝေဒနာခံစားရင်း သေသွားခဲ့သည်။ ကလေးနှစ်ယောက်ကိုခေါ်ပြီး ချောင်းတစ်ခုကို ကူးရန်စီစဉ်၏။ နှစ်ယောက်ချီ၍မကူးနိုင်သဖြင့် တစ်ယောက်ကိုကမ်းပေါ်တွင်ထားခဲ့ကာ တစ်ယောက်ကိုချီပြီး တစ်ဖက်ကမ်းသို့ ကူးသွားသည်။ ထိုကလေးကို ကမ်းပေါ်တွင် ခေတ္တ ချထားပြီး နောက်တစ်ယောက်ကိုခေါ်ရန် သွားမည်အပြု စွန်တစ်ကောင်က ထိုကလေးကို ချီသွားတော့သည်။ ပဋာစာရီက စွန်ကိုလက်ဟန်ခြေဟန်ဖြင့် ခြောက်လှန့်ရာ ဟိုတစ်ဘက်ကမ်း မှာ ကျန်ခဲ့တဲ့ကလေးက သူ့အမေက သူ့ကိုခေါ်သည်ထင်ပြီးရေထဲသို့ ဆင်းလာခဲ့ရာ ရေနစ်ပြီး

သေဆုံးသွားတော့သည်။ လင်ကိုမြွေကိုက်၊ သားငယ်စွန်ချီ၊ သားကြီး ရေနစ်သဖြင့် ပဋာစာရီ ပူဆွေးငိုကြွေးကာ မိဘရပ်ထံသို့ တစ်ယောက်တည်းပြန်လာခဲ့ရပါ တော့တယ်။

ပဋာစာရီ သာဝတ္ထိပြည်သို့ရောက်သောအခါ သူနေထိုင်ခဲ့သောအိမ်သို့ရောက်စဉ် ထိုအိမ်ကြီးမှာ မီးလောင်နေသည်ကိုတွေ့ရပြီး မိဘနှင့်မောင်ဘွားတို့ထွက်လာရာ အိမ်ပြိုကျပြီး ၎င်းတို့ပေါ်သို့ကျရောက်ကာ ပဋာစာရီမျက်မှောက်တွင်ပင်မချိမဆုံးသေပွဲဝင်ခဲ့ရလေသည်။

သူမသည် မီးလောင်သောအိမ်ဆီသို့ပြေးလိုက်၊ မိဘမောင်ဘွားတို့၏ မီးလောင်နေသော အလောင်းတွေကြည့်လိုက်နှင့် ဟိုပြေးဒီပြေးကာ သူမကိုယ်တွင်ဝတ်ထားသော အဝတ်တန်ဆာ များကိုပင် မထိန်းသိမ်းနိုင်တော့ဘဲ ဗလာကိုယ်တည်းဖြစ်လျက် လက်နှစ်ဖက်မြှောက်ကာ သွက်သွက်ခါအောင် ရူးသွားခဲ့လေသည်။

သူမဘာကြောင့် ရူးရသလဲဆိုရင် အလွယ်တကူဖြေနိုင်ကြမှာပေါ့၊ လင်ကိုမြွေကိုက်၊ သားကြီးရေနစ် သားငယ်စွန်ချီ၊ မိဘမောင်ဘွားတွေမီးလောင်လို့ သူ့ရှေ့မှာပင် သူနဲ့ပတ်သက်သူ အားလုံး မချိမဆန့်ဝေဒနာခံစားရင်း သေကုန်လို့လို့ ပြောလိမ့်မယ်ထင်ပါတယ်။ အမြင်အား ဖြင့်တော့ မမှားပါဘူး။ တကယ်တော့အကြောင်းတရားရှိလို့ အကျိုးတရားဖြစ်တယ်ဆိုတာ တရား သဘောအမြင်ပါ။ တနည်းအားဖြင့် ပဋာစာရီဆုတောင်းပြည့်သွားတယ်လို့ ပြောနိုင်ပါတယ်။

<u>ပဋာစာရီဘာတွေဆုတောင်းခဲ့လို့လဲ</u> - ဘဝတစ်ခုတွင် ယခုသေသွားခဲ့သော မိသားစု အားလုံးသည် ပဋာစာရီ၏ ရန်သူတွေဖြစ်ခဲ့သည်။ ၎င်းမိသားစုအားလုံးသည် ထိုဘဝက ပဋာစာရီ အား နှိပ်စက်ညှဉ်းပန်းခဲ့သော အကြောင်းများကြောင့် ပဋာစာရီက ရန်ညိုးထားခဲ့သည့်အပြင် **<u>နင်တို့အားလုံး ငါ့ရှေ့မှောက်တွင် မချိမဆုံးသေကြပါစေလို့ ဆုတောင်းခဲ့ပါတယ်။</u>** (ကျိန်ဆဲခဲ့တာပေါ့) ယခုဘဝတွင် ၎င်းရန်သူအားလုံးဟာ မိသားစုဝင်တွေဖြစ်ခဲ့ပါသည်။ အင်မတန်ချစ်တဲ့မိဘမောင်ဘွားလင်ယောကျာ်းသားများပင် ဖြစ်ခဲ့သော် လည်း ဝဋ်ကြွေးကမနေ ပြန်လည်ပေးဆပ်ရမှာမို့ ဆုတောင်းခဲ့တဲ့အတိုင်း သူမရဲ့ရှေ့မှောက်တွင်ပင် ဖြစ်ခဲ့သော်လည်း ဝဋ်ကြွေးကမနေ ပြန်လည်ပေးဆပ်ရမှာမို့ ဆုတောင်းခဲ့တဲ့အတိုင်း သူမရဲ့ရှေ့မှောက်တွင်ပင် မချိမဆန့်ဝေဒနာများ ခံစားရင်းသေဆုံးခဲ့ရပါတော့တယ်။ နှုတ်ကကြမ်းတမ်းစွာ ရွတ်ဆိုခဲ့တာ ဟာ ဝဋ်ကြွေးကပြန်ဆပ်ခဲ့ရတယ်မဟုတ်လား။ (စာဖတ်သူတို့နှုတ်က အလွယ်တကူလက်လွတ် စပယ် မပြောမိကြပါစေနဲ့ ဝဇီဒုစ ထိတိုင်းရှုခဲ့ပါတယ်)

ပဋာစာရီဟာ ကိုယ်လုံးတီးဖြင့် လျှောက်ပြေးရင်း မြတ်စွာဘုရားရှေ့မှောက်ရောက် သောအခါ သတိတရားဝင်လာပြီး ရှိခိုးလျှောက်ထား၏။ အနီးတွင်ရှိသော တရားနာပရိတ်သတ် တချို့က အဝတ်များပတ်ပေးပြီး အဆင်ပြေအောင် ဆောင်ရွက်ပေးကြပါတယ်။ ပဋာ စာရီသည် မြတ်စွာဘုရား ရှေ့မှောက်ရောက်သောအခါ သတိတရားဝင်လာပြီး ရှိခိုးလျှောက်ထား၏။ အနီးတွင်ရှိသော တရားနာပရိတ်သတ်တချို့က အဝတ်များပတ်ပေးပြီး အဆင်ပြေအောင် ဆောင်ရွက်ပေးကြပါတယ်။ ပဋာစာရီသည် မြတ်စွာဘုရားအား တပည့်တော်မ၏ လင်ကို မြွေကိုက် သားငယ်စွန်ချီ ရေနစ်သေဆုံးပြီး မိဘမောင်ဘွားလည်း အိမ်ပြိုပိ၍သေဆုံး ခဲ့ရသော

ကြောင့် တပည့်တော်မရှုးသွပ်ငိုကြွေးရခြင်းဖြစ်ပါတယ်လို့ အရှင်ဘုရားလို့လျှောက် ထားပါတယ်။

မြတ်စွာဘုရားက ချစ်သမီးပဋာစာရီ၊ ဤသံသရာ၌ သားစသောသူတို့ ချစ်ခင်နှစ်သက်သောသူတို့ သေဆုံး၍ ငိုကြွေးရ၍ ထွက်လာသောသင်၏မျက်ရည်တို့သည် သမုဒ္ဒရာ(၄)စင်းမှာရှိသောရေထက်ပင် များပေဦးမည်။ ချစ်သမီး ပဋာစာရီ၊ သားသမီး၊ ဆွေမျိုး၊ မိဘ၊ မိသင်္ဂဟတို့သည် တမလွန်ဘဝသို့ သွားသူအတွက် စောင့်ရှောက်ကိုးကွယ်ရာအဖြစ် မတတ်နိုင်ကြပါ။ အကယ်၍ ထိုသူတို့ထင်ရှားရှိနေပါသော်လည်း မရှိသည်သာမည်ကုန်၏။ ပညာရှိသူသည် ထိုအကြောင်းကိုသိ၍ သီလကိုဖြူစင်အောင်သုတ်သင်လျက် မိမိငြိမ်းချမ်း ရာရောက်ကြောင်းခရီးကိုသာ ရှင်းလင်းသွားလာအပ်၏ဟု ဗုဒ္ဓက ဆုံးမတော်မူသည်။

ပဋာစာရီသည် ဗုဒ္ဓ၏အဆုံးအမဩဝါဒတို့ကို ကြားရသောအခါ ရင်မှာဖြစ်သောအပူမီးတို့သည် ရေစင်ရေအေးနှင့် ပက်ဖျန်းသကဲ့သို့ ပကတိငြိမ်းချမ်းခြင်းတို့ဖြစ်စေပြီး ဗုဒ္ဓဘုရားရှင်ထံတွင် ဘိက္ခုနီမဝတ်ခွင့်ကို တောင်းခံ၍ဝတ်ခဲ့လေသည်။ သူမသည် လွှင့်မှာ မောက်ပြန်သောသူမ၏စိတ်ကို နှစ်သိမ့်ထားသဖြင့် မိမိဘဝဖြစ်စဉ်ကို ဆင်ခြင်ခွင့်ရခဲ့သည်။ ထို့နောက်သူမသည် ခြေဆေးခုံပေါ်တွင်ခြေဆေးရင်း မြေပေါ်လောင်းချသော ရေတို့၏ အတိုအလတ်အရှည်နှင့်အဆုံးတွင် ပျောက်ကွယ်သွားပုံကိုကြည့်၍ ဤသို့သံဝေဂဖြစ်ခဲ့သည်။

လောက၌ သတ္တဝါတို့သည် ဖြစ်ပြီးလျှင် ပျက်ကြရကုန်၏။ သို့ရာတွင် အချို့အသက်တို၏၊ အချို့အသက်ရှည်၏၊ စင်စစ်ဖြစ်ပြီးနောက် ပျောက်ပျက်ကြရမည်သာတည်း။ ချစ်သမီးပဋာစာရီ သင်၏အကြံသည် အမှန်ပင်ဖြစ်၏။ **ထိုခန္ဓာတို့၏ အဖြစ်အပျက်ကိုမမြင်ဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်ခြင်းထက် ဖြစ်ပျက်မြင်သူ၏ တစ်ရက်ဘစ်ခဏ အသက်ရှင်ခြင်းဟာ ပို၍မြတ်သည်ဟု ချီးမွမ်းပြောဆိုလိုက်၏။**

မြတ်စွာဘုရားသည် ပဋာစာရီ၏ အသိဉာဏ်ရင့်သန်နေမှုနှင့် အရဟတ္တဖိုလ်သို့ ရောက်မည့်အရေးကိုသိမြင်တော်မူသည်ဖြစ်၍ ထိုတရားကိုဟောခြင်းဖြစ်သည်။ ပဋာစာရီသည် ဝဋ်ဘဝကို အဆုံးသတ်ခဲ့ပါသည်။ ဒုက္ခဖြစ်ကြောင်း သမုဒယခန္ဓာဝန်ထုပ်အား အပြီးအပိုင်သိမ်းနိုင်ခဲ့ပါပြီ။ နောင်ဘဝ နောင်ခန္ဓာမလာနိုင်တော့သဖြင့် **ဒီဘဝဒီမျှသာဖြင့်** ဒုက္ခဇာတ်သိမ်းချုပ်ငြိမ်းသွားခဲ့ရလေပြီ။

ပဒုမုတ္တရမြတ်စွာဘုရားရှင်လက်ထက်က ဆုတောင်းခဲ့သော ဧတဒဂ်ဘွဲ့ကို ယခု ဂေါတမမြတ်စွာဘုရားရှင်၏ လက်ထက်၌ ဝိနည်းဆောင်ကုန်သော ဘိက္ခုနီတို့တွင် ဧတဒဂ်ရခဲ့သော အမြတ်ဆုံးဖြစ်ခဲ့သော ပဋာစာရီပင်ဖြစ်တော့သည်။ ပဋာစာရီတောင်းခဲ့သော ဆုတောင်းလည်း ပြည့်ခဲ့ပါပြီ။

မကောင်းသောဆုတောင်းလဲပြည့်၊ ကောင်းသောဆုတောင်းလည်းပြည့်ခဲ့သော ပဋာစာရီ၏ အဖြစ်ကိုကြည့်၍ ရန်သူများအပေါ်တွင်လည်း မကောင်းစေတနာအပြောအဆိုများ မပြုလုပ်ရန်နှင့် ဝဋ်ရှိခဲ့လျှင် ခံနိုင်ကြရပါမည်။ ဘယ်သူကြောင့် ဘယ်ဝါကြောင့် သူများကို အပြစ်မတင်ဘဲ ကောင်းအောင်နေ ကြံ့ရင်ခံလိုက်လို့ အသိပေးရေးသားလိုက်ရပါသည်။

အမိုက်ဆုံးမှ အမိုက်ဆုံးသို့

ဒီဘဝဒီမျှသာ . . . (၆)

အမိုက်ဆုံးဆိုသောစကားတွင် အဓိပ္ပါယ်မတူသော အစွန်းနှစ်ဘက်ရှိသည်။ လက်ဝဲဘက်အစွန်းသည် လူ့လောကတွင် ကိုယ်ကျင့်တရားသီလမရှိသော ခိုးဆိုး၊ ပေတေ၊ လုယက်၊ လူသတ်စသည့် မကောင်းမှုအားလုံးကို ပြုလုပ်ခြင်း၌ အများနှင့်မတူထူးကဲစွာ ယုတ်မာသောသူကို လူ့လောကတွင် အမိုက်ဆုံးဟု ခေါ်နိုင်သည်။

နောက် လက်ယာဘက်အစွန်းတွင် အမိုက်များကုန်ဆုံးသွားပြီး သီလ၊ သမာဓိ၊ ပညာဖြင့် နေနိုင်ခြင်းသည်လည်း အမိုက်ကုန်ဆုံးသွားခြင်းကို အဓိပ္ပါယ်ဖွင့်ပါသည်။ လူတစ်ဦးတစ်ယောက်သည် အမိုက်ဆုံးမှ အမိုက်ဆုံးသို့သွားရောက်ရန် အလွန်ပင်မလွယ်ကူပါ။ သို့သော် ရှိတော့ရှိတယ်၊ ရှားတယ်ပေါ့။ ဘုရားလက်ထက်လာနှင့် ယခုလောကတွင်ဖြစ်ခဲ့ သော ပုဂ္ဂိုလ်နှစ်ဦးကို ဥပမာဖြင့် တင်ပြပါမည်။ စာဖတ်သူဟို့သည် သူတို့လောက် မိုက်သူ တစ်ဦးတစ်ယောက်မျှ ရှိမည်မထင်ပါ။ သံဝေဂတရားဖြင့် ကျင့်ကြံအားထုတ်သွားလျှင် မဖြစ်နိုင်စရာမရှိပါ။

(၁) ဘုရားလက်ထက်က လူတိုင်းသိပြီးသား အကျယ်ပြောစရာမလိုတော့ပါ။ အဟိံသကဆိုသော လူဆိုးကြီးသည် လူတွေကိုသတ် လက်ညှိုးဖြတ်၊ ပန်းလိုသီကုံးယားသဖြင့် 'အင်္ဂုလိမာလ' အမည်တွင်ခဲ့သည်။ လူ (၁၀၀၀)၏ သက်ညှိုးကိုဖြစ်ရမည်ဖြစ်သဖြင့် လူတစ်ထောင်ကျော် သတ်ခဲ့သည်။ ပေါ်ညှိုးများဖြတ်ပြီး အချို့သစ်ပင်ကြားတွင်ထားသဖြင့် ကျီးကိုးပုတ်ပွ၍ ယုတ်ဝေ့သည့်အတွက် အပြည့်ရရန် ငိုမိုသတ်ခဲ့လေသည်၊ သို့သော် မြတ်စွာဘုရားနှင့်တွေ့ပြီး တရားနာ တရားအားထုတ်သဖြင့် ရဟန္တာအဖြစ်သို့ရောက်ကာ အမိုက်ဆုံးမှ အမိုက်ဆုံးဘဝသို့ ရောက်ခဲ့ရသည်၊ ဒီဘဝဒီလောက်မိုက်ပြီး နောင်တတရားရကာ ဒီမျှနှင့်ပင် ခန္ဓာပြတ်အောင် ကျင်းနိုင်ခဲ့သဖြင့် အမိုက်ဆုံးမှ အမိုက်ဆုံးသို့ (သို့မဟုတ်) ဒီဘဝဒီမျှသာဖြင့် ခန္ဓာဉာဏ်ရောက်ပြီး ပရိနိဗ္ဗာန်ပြုခဲ့ရသည်၊ လူတိုင်းသိပြီးသားဖြစ်ပါသည်။ သင်ဒီလောက် မိုက်သူမဟုတ်ပါ။ အလွယ်တရားရနိုင်ပါတယ်။ ထိုက်သင့်သလောက် မလုပ်သေး တာတစ်ခုပါပဲ။

(၂) ဒုတိယပုဂ္ဂိုလ်တစ်ယောက်ကိုတော့လည်း စာဖတ်သူအားလုံးသိမည်၊ ယခုခေတ်လူမိုက်တစ်ယောက်အကြောင်းပါ။ မည်သူမည်ပါဖြစ်မည်ကို ဆက်လက်ဖတ်ကြည့်ပါ။ သမိုင်းကြောင်းနှင့်တင်ပြပါမည်။ သူ့နာမည်ကား (မောင်အောင်ထွန်း)ပါ။ သူ့ဇာတိကတော့ ရန်ကုန်တိုင်း မှော်ဘီမြို့အနောက် နှောကုန်းအမည်ရှိရွာမှ မြန်မာတိုင်းရင်းဆေးဆရာ ဦးသော်တာ-ဒေါ်မယ်အုံတို့၏ တတိယမြောက်သားဖြစ်သည်။ ၁၂၄၄ ခု တပေါင်းလဆန်း (၁၀)ရက် ဘနက်နွေနေ့တွင် ဖွားမြင်ခဲ့သည်။

မောင်အောင်ထွန်းအရွယ်ရောက်၍ ရွာဦးကျောင်းသို့ စာပေသင်ရန်ပို့သည်။ မောင်အောင်ထွန်းက စာပေမသင်၊ သူ့ထက်ကြီးသောကျောင်းသားများနှင့်ပေါင်းဖော်ကာ ဟိုသွားသည်လာနှင့် အချိန်ဖြုန်းနေခဲ့သည်။ ဉာဏ်ပါရမီပါသော်လည်း ဝိရိယမရှိသဖြင့် သင်ပုန်းကြီးဖတ်စာကိုမျှ ပေါက်မြောက်အောင်မသင်ယူနိုင်ဘဲ အရွယ်ကြီးရင့်လာသည်။

ကာလသားအရွယ်ရောက်သော် ထန်းရည်ကလေးတမြမြ၊ ဆေးလိပ်ကလေး တဖွာဖွာ၊ မိတ်ဆွေအပေါင်းအသင်းများနှင့် ပေါင်းဖော်ပေတေနေတော့သည်။ လူကောင်ထွားကျိုင်း၍ ဗလအားကိုးကာ တစ်ပွဲတိုးရသောအလုပ်များကို လုပ်ကိုင်၍ ငွေကိုရှာသည်၊ သုံးသည်၊ သောက်သည်၊ မူးရမ်းသည်။

မောင်အောင်ထွန်း လူလားမြောက်ချိန်တွင် ခေတ်ပျက်ချိန်ဟုဆိုရမည်။ ကမ္ဘာတစ်လွှား စစ်ငွေ့စစ်ရိပ်များ သန်းလျက်ရှိနေသည်။ ခေတ်ပျက်လူစွာများ၊ တောကြောင်များ အစွမ်းပြကြ၏။ တစ်ကိုယ်တော်ဖြစ်စေ၊ အပေါင်းအသင်းနှင့်အုပ်စုဖွဲ့ကာဖြစ်စေ၊ မိုက်ကြေးခွဲကြသည်။ ရန်ကုန် အရှေ့ပိုင်းတွင် ကျွန်းပြန်ငမိုး၊ အလယ်ပိုင်းတွင် လူမိုက်မက်စီတီး၊ အနောက်ပိုင်းတွင် လမ်းမတော် ဖိုးဘုတ်နှင့် ပုဏ္ဏားဘကွန်း၊ ရေကျော်နှင့် ကန်တော်လေးတစ်ဝိုက်တွင် ကျောက်ပေါက်မနှင့် မှန်ဘီလူးလေး စသောလူမိုက်များနာမည်ကျော်ကြားကြသည်။ မောင်အောင်ထွန်းသည် လူမိုက်များကို အထူးအားကျလေသည်။

မောင်အောင်ထွန်းတို့ နှောကုန်းဘွင်လည်း ခေတ်ပျက်လူမိုက်တစ်ဦးရှိသည်။ သူ့ကို တစ်ရွာလုံးကကြောက်ကြသည်။ မောင်အောင်ထွန်းတို့ အိမ်သာရောက်ဗိုလ်ကျသောအခါ ပြင်းပြင်းယန်ထန် ဆုံးမလွှတ်လိုက်သည်။

အညှိုးထား၍ လူမိုက်တစ်ခုက ဖမ်းဆီး၍ သတ်မည့်ခဲဆဲဘွက်ပြေးလွှက်မြောက် ခဲ့သည်။

မောင်အောင်ထွန်းသည် မိုက်သူထက်သာ၍ မိုက်နေရင်းမှ (အမိုက်ဆုံးဖြစ်မှ) တော်ကာ ကျမည်ဟုယူဆပြီး လူမိုက်ဘွဲ့ခံယူကာ လူမိုက်လောကသို့ ခြေစုံပစ်ဝင်လိုက်တော့သည်။ ဆိုးပေမိုက်ကန်းသည့်ကြားမှ ပထမဇနီး နှောကုန်းသူ (မဖွားညွှန့်)ကို လက်ထပ်လိုက်သည်။

သမုဒ္ဒရာဝမ်း တစ်ထွာမှ နှစ်ထွာဖြစ်လာသောအခါ တိုက်ရ၊ ခိုးရ၊ လုရနှင့် ငွေရှာရတော့ သည်။ ငွေရှာနည်းကား ဖဲရိုက်၊ ကြက်တိုက်၊ နိုင်လျှင် အဆင်ပြေသည်။ ရှုံးလျှင် ခါးပြကိုက်သည်။ ၁၉၃၂ ခုနှစ်တွင် နယ်ပိုင်မှ ပုဒ်မ (၁၀၀)ဖြင့် နယ်နှင်ဒဏ်ပေးခံရသည်။ မကြာခင် ယွပ်မြောက် လာသည်။ ရွာသို့ပြန်ရန် စီစဉ်သည်၊ ရွာသို့ရောက်ပြီး (၂)ရက် အကြာတွင် အဖမ်းခံရသည်။ ဖမ်းရသည့်အကြောင်းမှာ ရွာအပြန်လမ်းတွင် စားနပ်ရိက္ခာ ပြတ်လပ်နေသည့် လူနှစ်ဦးနှင့် ပူးပေါင်းပြီး ချစ်တီးသူဌေးအိမ် ခါးပြကိုက်ခြင်းကြောင့်ဖြစ်သည်။ ထောင် (၇)နှစ်ကျသည်။

(၁၉၄၀)တွင် ဒုတိယကမ္ဘာစစ်ကြီးဖြစ်၍ မြန်မာပြည်သို့ ကူးစက်လာသဖြင့် ထောင် သားများအား ကျွေးမွေးမှုမပြုနိုင်သဖြင့် ထောင်မှသွားလိုရာ သွားတော့ဟုလွှတ်လိုက်သဖြင့် ထောင်မှလွတ်ခဲ့သည်။ ဂျပန် ကင်ပေတိုင်မှ ထောင်မှလွတ်လာသူ လူဆိုးများအား သက်ဖက် ကြသည်။ အမိုက်ဆုံး မောင်အောင်ထွန်းက သေကံမရောက်သေး။ တခြားအလုပ်မလုပ်ချင် တော့၍ လူမိုက်နှင့်ပေါင်းပြီး ရန်ကုန်သို့သွားကာ လူဆိုးခါးပြဘဝရောက်ပြီး ဆက်လက်မိုက် ပြနေရာ တောမီးလောင်ချိန်ဖြစ်၍ ခေတ်ပျက်လူမိုက် သူဌေးလေးဘဝရောက်သွားတော့သည်။ ဒုတိယအကြိမ် နှောကုန်းသူ (မကျင်စိန်)ကို ယူပြန်သည်။ တတိယစွယ်တော်ကုန်းသူ၊ စဘုတ္ထ

ကမာရွတ်သူ (ဒေါ်သန်းရှိန်)ကို ယူပြန်သည်။ ဒေါ်သန်းရှိန်က တရားရှိသူဖြစ်သည်။ လင်ကို ချစ်သော်လည်း အလုပ်ကိုမကြည်ဖြူ၍ တရားရိပ်သာသို့ သွားနေတော့သည်။

ရိပ်သာမှအိမ်သို့ ခေတ္တပြန်လာရာသူနှင့်အတူ စွန်းလွန်းဂူဆရာတော်၏ဘဝဖြစ်စဉ် စာအုပ်ပါလာ၍ ကိုအောင်ထွန်းကို ပေးဖတ်စေသည်။ အကုန်မဖတ်တတ်သည့် ကိုအောင်ထွန်း အား ကိုယ်တိုင်ဖတ်ပြသည်။ မသိတာကိုရှင်းပြသည်။ (စာဖတ်သူ စဉ်းစားကြည့်ပါ၊ ဒီလောက် တောင် ဆိုးပေအမိုက်ဆုံးလူသားတစ်ယောက်ဟာ တရားအပေါ်မှာ စိတ်ဝင်စားပါ့မလား၊ ဒီပုဂ္ဂိုလ်ဟာ မွေးကတည်းက ဗီဇမကောင်းခဲ့တာပဲ၊ ဒီအရွယ်ထိ မိုက်ကန်းနေတာပဲ၊ ဘယ်တော့မှ လိမ္မာမှာမဟုတ်ဘူးလို့ မထင်မှတ်ဘူးလား၊ သူ့ဘဝက ဘယ်လိုဖြစ်မလဲဆိုတာ ဆက်ဖတ်ကြည့်ပါ)။

ကိုအောင်ထွန်းသည် စာအုပ်ကလေးကိုသဘောကျပြီး စာအုပ်ကိုသွားလေရာယူကာ ခါးတွင်ထိုးထားလေသည်။ စာအုပ်ကလေးတစ်အုပ်အပေါ် စတင်စိတ်ပင်စားသွားလေသည်။ အဲဒီစာအုပ်ကလေးတစ်အုပ်သည် သူ့ဘဝအပြောင်းအလဲဖြစ်စေတော့သည်။ ကောင်းစွာနေ ထိုင်၍ အသက်မွေးတော့မည်ဟု ဆုံးဖြတ်ကာ ညီအစ်ကိုများအား အကြောင်းကြားလိုက်တော့ သည်။ တစ်နေ့တွင် အပေါင်းအသင်းဟောင်းများနှင့်တွေ့၍ အရက်သောက်ကာ ရန်ကုန်သို့ ထွက်လာသည်။ ကားပေါ်တွင် မူးရူးနေကြသဖြင့် ကားမောင်းသူပဲ့ကိုက ဆင်းခိုင်းလိုက်ရသည်။

မိုးထဲလေထဲ ခရီးဆက်သွားကြရာ ကားလမ်းဘေးမှ အိမ်ကြီးတစ်အိမ်ကိုမြင်၍ သမ်းဝေသ ကျကာ နေဝင်ရိုးရိုးဘွင် ခေးပြတိုက်ရန် အိပ်ထဲသို့ဝင်ရာ အိမ်ရှင်က ဦးအောင်ထွန်းအား ဓါးဖြင့်ခုတ်ပိုင်းလိုက်ရာ ဦးအောင်ထွန်းမှာ ဓါးဒဏ်ရာကြောင့် ဖင်ထိုင်ရက်သားကျသွား တော့သည်။ အိပ်ရှင်ကို သေနတ်ဖြင့်ပစ်မည့်ဓါးပြအားလည်း မပစ်နဲ့ဟု လက်ကာပြီး ပြန်ထွက် ခိုင်းလိုက်သည်။ **<u>ဒီအလုပ်က ရပ်တန်းကရပ်တော့ဟု ဓါးပြကိုဓါးဖြင့် အသိပေးလိုက်သည်။ အိမ်ရှင်ကို စိတ်ထဲမှ ကျေးဇူးတင်မိသည်။</u>** (ယောနိသော မနသိကာရ)

ဒဏ်ရာကိုကျိတ်၍ ဆေးကုသည်။ ဒဏ်ရာသက်သာလာသည်၌ ရွာဦးကျောင်းသို့ သွားကာ "ယနေ့မှစ၍ ဓါးပြတိုက်မှု စွန့်လွှတ်၍ တရားအားထုတ်ပါတော့မည်" ဟုဆိုကာ သီလယူပြီး ဆိတ်ငြိမ်ရာသို့သွားပြီး စွန်းလွန်းဂူဆရာတော်ဘုရားကြီး၏နည်းအတိုင်း တတ်သိသမျှ အားထုတ်လေပေတော့သည်။

(ထပ်မံစဉ်းစားကြည့်ပါ စာဖတ်သူ - အကြိမ်ကြိမ်မိုက်ခဲ့သည် ကောင်းပါမည်ဟု ကတိပေးပြီးသော်လည်း ဆက်မိုက်ခဲ့သည်။ ယခုလည်း ဘုန်းကြီးကျောင်းသွားပြီး ကတိပေးပြန်ပြီ၊ ဟုတ်ပါ့မလားလို့ကော မထင်မိဘူးလား၊ အထင်နဲ့အမြင် မှန်သလား၊ မှားသလား ဆက်ဖတ်ကြည့်ပါ)

ဆရာတော်ထံ မသိတာကို မေးသည်။ တဖြည်းဖြည်းနှင့်တစ်နေ့လျှင် (၁၆)နာရီမျှ အားထုတ်လာသည်။ ဤအရွယ်တွင် ဆိုးလျှင်မိုက်လျှင်လည်း ကမ်းကုန်အောင် မိုက်ကာ မည်သူမျှ လိုက်မမီနိုင်ချေ။ ငယ်စဉ်ကပင် ဆန္ဒ၊ စာရိတ္တ၊ ဝိရိယ ဟူသောအဓိပတိဘရားအား ကြီးသော မောင်အောင်ထွန်းသည် ကမ်းကုန်အောင်မိုက်ခဲ့ပြီး၍ ကမ်းကုန်အောင်လိမ္မာ၍

ပြတော့မည်ဟု အရိုးကြေအရေခန်း တရားအားထုတ်လေသည်။

လူဝတ်ကြောင်ဘဝနှင့်အားမရ၍ပိတ်ဖြူ သူတော်စင်ဝတ်၍ တရားအားထုတ်ပြန်လေသည်။ ဆွေမျိုးများက အားရဝမ်းသာစွာဖြစ်ကြလျက် တရားအားထုတ်ရန် လေးတိုင်စင်တဲလေးတစ်လုံး ဆောက်ပေးကြသည်။ ကိုအောင်ထွန်းအား မယုံသောအချို့သူတို့က အနှောင့်အယှက်ပေးကြသည်။ လက်နက်ကိုင်အချို့ကလည်း တရားအားထုတ်ရာအနီးသို့လာ၍ သေနတ်ဖောက်ကြသည်။ သေနတ်ကိုပြောင်းဆန်အောင် ပစ်ခဲ့တိုက်ခဲ့မိုက်ခဲ့သတ်ခဲ့သော ဘဝကလာသူမို့ မဆန်းသကဲ့သို့ မိန်းမကို မှိုလိုထားခဲ့သူမို့ မထူးတော့ပေ။ တစ်နည်းအားဖြင့် သူ၏ သီလ၊ သမာဓိ၊ ပညာတို့က အတော်ရင့်ကျက်၍ နေစေသည်။

လူသူတော်ဘဝဖြင့် (၂၁)လ ကျော် အားထုတ်၍အပြီး (၄၈)နှစ်အကျော်တွင် မယ်တော်ဒေါ်အုံနှင့် နှောကုန်းရွာဒကာဒကာမများ၏ ပစ္စယာနုဂ္ဂဟဖြင့် နှောကုန်းကျောင်းဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ (၁၂. ၃. ၆၁)ခုနှစ်တွင် ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့သည်။ ဘွဲ့တော်မှာ ဦးဥက္ကဋ္ဌဖြစ်ပေသည်။

ရဟန်းဘဝဖြင့် ကိုယ်တိုင်လည်းအားထုတ် တပည့်ဒကာ၊ ဒကာမတို့အားလည်း ကိုယ်တွေ့တရားပြသည်။ ထိုအချိန်မှစ၍ သတင်းလည်းမွှေးလာသည်။ "ထူးခြားသောပုဂ္ဂိုလ်" တစ်ပါးဟု သတင်းစာကပင် ချီးကျူးထောပနာပြုလာရသည်။ အနယ်နယ်အရပ်ရပ်မှ ပညာရှင် ရဟန်းလူတို့က လာရောက်ကာ ရေးမေး ဆွေးနွေးကြသည်။ အရှင်ဥက္ကဋ္ဌသည် တရားကို အရိုးကြေကြေ အရေခန်းခန်း၊ ဇွဲလုံ့လ ဝီရိယဖြင့် တရားအားထုတ်တော်မူရာ ဒီဘဝဒုက္ခပေး လှသော ခန္ဓာကို အရင်းပြုပြီးနောက် ခန္ဓာမရစေနိုင်အောင် အားထုတ်ခြင်းဖြင့် ဒီမျှသာ အပြီးသတ်အောင် ကြိုးစားခဲ့တော်မူရာ သက်တော် (၆၀)၊ ဝါတော် (၂၀)တွင် တစ်ဘဝ တစ်ခန္ဓာ ဇာတ်သိမ်း၍ ချုပ်ငြိမ်းတော်မူခဲ့တော့သည်။

စာဖတ်သူတို့ ဒီလောက်ဖတ်ရှုပြီးလျှင် မည်သူမည်ဝါဟု သဘောပေါက်မည်ဟု ယူဆပါသနည်း။ ဒီဆရာတော်ကား ယနေ့ဘုရားစခန်းများ ဖွင့်လှစ်ကည်ထောင်ခဲ့သော (ရဟန္တာဟု လူသိများကြသော) မူလပထမသဲအင်းဂူဆရာတော် ဦးဥက္ကဋ္ဌပင် ဖြစ်ပါသည်။ ဆရာတော် အရှင်မြတ်အား အားကျကြည်ညိုသဒ္ဓါပိုကာ အတုယူနိုင်စေရန် ရည်သန်၍ "အမိုက်ဆုံးမှ အမိုက်ဆုံးသို့" ဟု ရေးသားပူဇော်လိုက်ပါသည်။

\- - - - - - - - - - - - - - - - -

သတိပဋ္ဌာန်အကျိုး (၇)မျိုး

အားထုတ်နိုင်သလောက် အကျိုးရ

အခု ရေးမှာကတော့ သတိပဋ္ဌာန် ဝိပဿနာပွားများအားထုတ်ခြင်းကြောင့် ရနိုင်တဲ့ အမြင့်ဆုံးအကျိုးများပါပဲ။ သို့သော်လဲ ဒီခေတ်ဒီအခါမှာ လူမှာလဲ လူ့ကိစ္စနှင့်၊ ဘုန်းကြီးမှာလဲ ဘုန်းကြီးကိစ္စနှင့် အလုပ်များကြ ရှုပ်ကြတော့ မဂ်ဖိုလ်နိဗ္ဗာန်ဆိုတဲ့ အမြင့်ဆုံးအကျိုးတရားအထိ ရရှိအောင် အားထုတ်နိုင်ရေးအတွက် အချိန်မပေးနိုင်ကြပဲ ရက်ပိုင်းလပိုင်းလောက်ပဲ အားထုတ်နိုင်ကြတာက များပါတယ်။ ဒီတော့ အဲဒီလိုပုဂ္ဂိုလ်တွေအတွက် အကျိုးမရတော့ဘူးလားဆိုတော့ ဒီလိုမဟုတ်ပါဘူး။ တစ်နေ့တစ်ထိုင် နှစ်ထိုင် အားထုတ်နိုင်သူလဲ သူအားထုတ်နိုင်သလောက် အကျိုးရပါတယ်။ ၁၅-ရက်၊ တလစသည် အားထုတ်နိုင်သူများလဲ သူတို့အားထုတ်နိုင်သလောက် အကျိုးရကြတာပါပဲ။

အဲဒီပုဂ္ဂိုလ်တွေလဲ မဟာသတိပဋ္ဌာနသုတ် ဒေသနာတော်မှာ ရှင်တော်မြတ်ဘုရားဟောကြားထားတဲ့ သတိပဋ္ဌာန်ရဲ့ အကျိုး ၇ပါးကို အပြည့်အစုံမရကြပေတဲ့ သူအားထုတ်နိုင်တဲ့ အချိန်နှင့် လုံ့လဝီရိယအလိုက် ထိုက်သလောက်တော့ ရကြတာချည်းပါပဲ။ ဘယ်လိုအကျိုးတွေ ရကြသလဲဆိုတော့ မကောင်းမှု အကုသိုလ်ကို ရှောင်ရှားလိုတဲ့ဆန္ဒတွေ ဖြစ်ပေါ်လာ တယ်။ စိတ်ကောင်းနှလုံးကောင်း ယားပာလာတယ်။ အယိုက်အငြောက် စိတ်နှလုံးနူးညံ့သိမ်မွေ့လာတယ်။ လောကရဲ့ အဖြစ်အပျက်တွေပေါ်မှာ အသင့်အတင့်နှလုံးသွင်းတတ်လာတယ်။ နေတတ် ထိုင်တတ်ဖြစ်လာတယ်။ တော်တန်ရုံ အဆင်မပြေမှု၊ ပျက်စီးဆုံးရှုံးမှုကြောင့် စိတ်ဆင်းရဲခြင်း မဖြစ်တော့ဘူး။

(၁) ကိလေသာ စင်ကြယ်ခြင်း

ဒီနေရာမှာ မြတ်စွာဘုရား မဟာသတိပဋ္ဌာန သုတ်တော်မှာ ဟောတော်မူတဲ့ သတိပဋ္ဌာန်ရဲ့ အကျိုး (၇)ပါးကို သိထားသင့်ပါတယ်။ ပထမဆုံး အကျိုးက လောဘ၊ ဒေါသ၊ မောဟစတဲ့ ကိလေသာ စင်ကြယ်ခြင်းအကျိုးပါ။

စနစ်တကျ ကြိုးကြိုးစားစား အားထုတ်တဲ့ ယောဂီဟာ တစ်လ၊ တစ်လခွဲ၊ နှစ်လဆိုသလို အားထုတ်မိရင် အတော်အဆင့်မြင့်မြင့် တရားတွေကို တွေ့ရသိရပါပြီ။ ရှုမှတ်ပွားများအားထုတ်နေတဲ့ အတောအတွင်းမှာ လောဘ ဒေါသတွေ ငြိမ်းနေတဲ့အခါ အင်မတန်ချမ်းသာတာကို သူကိုယ်တွေ့သိလာရပါတယ်။ ဒါကြောင့် အရင်က အဝတ်အထည်တပ်မက်သူများလဲ အဝတ်သစ် မဝယ်ဘဲရှိတဲ့အဝတ်နဲ့ပဲ ကျေနပ်ရောင့်ရဲလာကြတယ်။ အစားမက်သူများလဲ အစားဇိမ့ာမကြောင်တော့ဘဲ တွေ့ရာနှင့်စားနိုင်လာကြတယ်။ ရုပ်ရှင်ကားလဲတိုင်း မလွတ်တမ်းကြည့်ရမှ ကျေနပ်သူများလဲ တစ်နှစ်နေလို့မှ ရုပ်ရှင်ရုံဘက်တခေါက်တောင် မရောက်တော့တဲ့ အခြေအနေမျိုးဖြစ်လာတာ တွေ့ရတယ်။ သည်းခံခွင့်လွှတ်တတ်တဲ့ စိတ်ထားတွေလဲ ဖြစ်ပေါ်လာတတ်ပါတယ်။ ဒေါသတွေကိုလဲ အတော်ကလေး ထိန်းသိမ်းနိုင်တဲ့အလေ့အကျင့်

ဖြစ်ပေါ်လာပါတယ်။ ဒါတွေဟာ ကိလေသာလုံးဝ မစင်ကြယ်သေးသော်လည်း ကိလေသာ အလွန်နည်းပါးသွားလို့ရတဲ့ ချမ်းသာကျိုးတွေပါပဲ။

(၂) စိုးရိမ်ပူပန်ဆွေးမှုမရှိခြင်း

ဒုတိယအကျိုးက စိုးရိမ်ပူဆွေးမှုမရှိခြင်း အကျိုးပါ။ အခုပြောခဲ့တဲ့ ယောဂီမျိုးဟာ အရင်က သားရေး၊ သမီးရေး၊ စီးပွားရေးကိစ္စတွေမှာ အစိုးရိမ်ကြီးတတ်ပေမဲ့ တရားအားထုတ်ပြီးတဲ့ အခါမှာ အစိုးရိမ်မကြီးတော့ဘဲ နေတတ်ထိုင်တတ် စိတ်အေးအေးထားတတ်တာကို တွေ့ရပါတယ်။ (ဒါလဲ တရားကို တကယ်တွေ့မှရတဲ့အကျိုးပါ။ ရက်ရှည်လများ အားထုတ်သော်လည်း တကယ်တရားမတွေ့သေးရင်တော့ အရင်ကနဲ့တယ်ပြီး မထူးခြားလှပါဘူး။)

မြတ်စွာဘုရားလက်ထက်တော်အခါက သန္တတိအမတ်ကြီးဟာ ကပွဲကြည့်နေတုန်းမှာ သူအင်မတန်နှစ်သက်လှတဲ့ ကချေသည်မလေး ကရင်း လဲကျသေဆုံးသွားလို့ ရင်ကွင်းမီးတောက်မတောက် ပူဆွေးသောက ရောက်နေတယ်။ အဲဒီ သောကမီးကို မြတ်စွာဘုရားရဲ့ သတိပဋ္ဌာန်တရားရေအေးနဲ့ ငြိမ်းသတ်လိုက်လို့ ငြိမ်းအေးသွားပြီး ရဟန္တာဖြစ်သွားတယ်။ ဒီနေရာမှာ ဒီဝတ္ထုကို သာဓကအဖြစ် အဋ္ဌကထာက ထုတ်ပြထားပါတယ်။ (ဒီ-ဋ္ဌ ၂၊ ၃၃၈၊ ဓမ္မပဒ-ဋ္ဌ ၂၊ ၄၉-၅၀)

(၃) ငိုကြွေးမှုမရှိခြင်း

တတိယအကျိုးကတော့ ငိုကြွေးမှုလွန်မြောက်ခြင်းအကျိုးပါပဲ။ ဝိပဿနာတရားကို သင်္ခါရုပေက္ခာ ဉာဏ်လောက်ရောက်အောင် အားထုတ်ပြီးပြီဆိုရင် မိမိရဲ့သားသမီး ဇနီးခင်ပွန်း ဖြစ်စေ၊ မိဘပဲဖြစ်စေ၊ စီးပွားဥစ္စာပဲဖြစ်စေ၊ ပျက်စီးဆုံးရှုံးမှုကြောင့် စိတ်ဆင်းရဲမှုဖြစ်ဦးတော့ ငိုရတဲ့အခြေအနေအထိတော့ မဖြစ်တော့ဘူး။ ငိုချင်စိတ်ကို တရားနဲ့ထိန်းထားနိုင်တယ်။ တချို့မှာ မိမိရဲ့ဇနီးခင်ပွန်းသေဆုံးတာတောင်မှ အိမ်ခြေမပျက်ဘဲ တည်တည်ငြိမ်ငြိမ်နဲ့ ဆောင်ရွက်စရာကိစ္စကို ပြီးစီးအောင် ဆောင်ရွက်နိုင်ကြတာကို တွေ့ရပါတယ်။

ဒီနေရာမှာလဲ အများသိကြတဲ့ ပဋာစာရီဝတ္ထုကို သာဓကအဖြစ် အဋ္ဌကထာက ထုတ်ပြထားပါတယ်။ (ဒီ-ဋ္ဌ ၂၊ ၃၃၈) သားသေ၊ လင်ဆုံး၊ မိဘမောင်ဖွားပါ ပျက်စီးဆုံးရှုံး လို့ အပူလုံးကြွပြီး ငိုကြွေးရုံမျှမက ရူးသွပ်ရတဲ့ အခြေအနေအထိ ရောက်သွားတဲ့ ပဋာစာရီ ဟာ ဘုရားရှင်ရဲ့ သတိပဋ္ဌာန်ရေအေးနဲ့တွေ့မှ ငိုကြွေးခြင်းကင်းပျောက်ရုံမက သောတာပတ္တိ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ရသည်အထိ အကျိုးရှိသွားပါတယ်။ (ထေရီ-ဋ္ဌ၊ ၁၁၁-၁၂၁)

အခုပြောခဲ့တဲ့ သန္တတိအမတ်၊ ပဋာစာရီတို့လို ပုဂ္ဂိုလ်များကို မြတ်စွာဘုရား၏ တရားတော်ကို နာကြားရတဲ့အခါ သောတာပတ္တိမဂ်ကို ရသွားကြောင်း၊ ရဟန္တာဖြစ်သွားကြောင်း စသည်ဖြင့် ကျမ်းဂန်များမှာ ဖော်ပြကြပါတယ်။ ဒီလိုဆိုတော့ သတိပဋ္ဌာန်မပွားရဘဲ တရားနာရုံမျှနဲ့ တရားထူးရသွားကြသလိုလို ယူဆစရာဖြစ်နေပါတယ်။ ဒီအချက်ကို မဟာသတိပဋ္ဌာနသုတ် အဋ္ဌကထာ (ဒီ-ဋ္ဌ ၂၊ ၃၃၉)မှာ အောက်ပါအတိုင်း ရှင်းပြထားပါတယ်။

" ရုပ်၊ ဝေဒနာ၊ စိတ်၊ သဘောတို့အနက် တစ်စုံတစ်ခုသော တရားကိုမျှ မသုံးသပ်ဘဲ

(မဂ္ဂင်ရှစ်ပါး)ကို ဖြစ်ပွားစေခြင်းမည်သည် မရှိပေ။ ထို့ကြောင့် ထို (သန္တာတိအမတ် စသော) ပုဂ္ဂိုလ်တို့သည်လည်း ဤသတိပဋ္ဌာန်အကျင့်လမ်းဖြင့်သာလျှင် စိုးရိမ်ပူဆွေး ငိုကြွေး မှုတို့ကို လွန်မြောက်ပေသည်ဟု သိအပ်၏"

ဆိုလိုရင်းကတော့ တရားနာရင်း ရုပ်၊ ဝေဒနာ၊ စိတ်၊ သဘောတစ်ခုခုကို ရှုပွားလို့သာ ဝိပဿနာဉာဏ် လျင်မြန်စွာ ဖြစ်ပေါ်ပြီး မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရသွားကြတာပါလို့ ဆိုလိုပါတယ်။

(၄) ကိုယ်ဆင်းရဲငြိမ်းခြင်း

စတုတ္ထအကျိုးကတော့ ကိုယ်ဆင်းရဲငြိမ်းခြင်းအကျိုးပါ။ သတိပဋ္ဌာန်ကို အားထုတ်စမှာတော့ နာတာ၊ ကျဉ်တာ၊ ကိုက်ခဲတာစတဲ့ ကိုယ်ဆင်းရဲဒုက္ခဝေဒနာတွေကိုပဲ အတွေ့များပြီး သူတို့ကို ရှုသော်လည်း မိမိရဲ့ သတိသမာဓိဉာဏ်က အားနည်းနေသေးတော့ မလွန်မြောက်နိုင်ဘဲ ရှိနေတတ်ပါတယ်။ သို့သော်လဲ ဒုက္ခဝေဒနာကို ရှုတာဟာ ပျောက်အောင် ရှုတာမဟုတ်၊ သူ့သဘောကိုသိအောင် ရှုတာပဲလို့ အမှန်အတိုင်း နားလည်သဘောပေါက်ပြီး ဖြစ်နေတာကို ဖြစ်နေတဲ့အတိုင်း ရှုဖို့သာလိုရင်းဘဲဆိုတဲ့သဘောနဲ့ မှန်မှန်ကြီး ရှုသွားရင် ကြာလာတဲ့အခါ ကာကိသမာဓိဉာဏ်အား ပြည့်လာတဲ့အတွက် ဝေဒနာရဲ့သဘောကို တဖြည်း ဖြည်း သိလာရာက ဒုက္ခဝေဒနာ လျော့သွားပျောက်သွားတာကို တွေ့ရပါတယ်။

တရားတကယ်ကောင်းလာတော့ တရားဒေသနာသာမဟုတ်ဘဲ အချို့မှာ ပကတိ ရောဂါဝေဒနာတွေပါ ပျောက်ငြိမ်းသွားတာရှိပါတယ်။ ခွဲရမယ့်အခြေအနေရှိနေတဲ့ နှလုံးရောဂါသည်တွေရောဂါအခြေအနေကြည့်ပြီး သင့်လျော်သလို သက်သက်သာသာနဲ့ အချိန်လုံလောက်အောင်ယူပြီး ဖြည်းဖြည်းအားထုတ်သွားရင် ခွဲရလောက်အောင် အခြေအနေမဆိုးတော့ဘဲ ထူးထူးခြားခြား သက်သာလာတာကို တော်တော်များများ တွေ့ရပါတယ်။

ဒီနေရာမှာလဲ ပေါင်ကျိုးတဲ့ ဒုက္ခဝေဒနာကို ရှုမှတ်ပြီး စင်ကြယ်တဲ့သီလကို ဆင်ခြင်ရာက ရရှိလာတဲ့ ပီတိကိုရှုလို့ ရဟန္တာဖြစ်သွားတဲ့ ရဟန်းတော်တစ်ပါးအကြောင်းကို အဋ္ဌကထာက သာကေအဖြစ် ဖော်ပြထားပါတယ်။ (ဒီ-ဋ္ဌ ၂၊ ၃၃၉)

ပြီးတော့ " ရဟန်းတို့ ရုပ်တရားသည် သင်တို့ကိုယ်ပိုင်ဥစ္စာမဟုတ်၊ ထိုရုပ်တရားကို ပယ်ကြ၊ ရုပ်တရားကို ပယ်နိုင်ရင် ချမ်းသာကြလိမ့်မည်"ဆိုတဲ့ နတုမှာကသုတ်တရားတော် တစ်ပိုင်းတစ်စကို ကြားလိုက်ရလို့ သံဝေဂဖြစ်ပြီး လက်ဖဝါးကျော်ဘဝကနေ ရဟန်းပြုသွားတဲ့ **ပီတမလ္လမထေရ်**ရဲ့ ဖြစ်ရပ်ကိုလဲ ဖော်ပြထားပါတယ်။ ဒီမထေရ်ဟာ ရဟန်းပြုပြီး တောထဲမှာ တရားကျင့်နေတယ်။ တစ်နေ့တော့ နေဝင်မိုးချုပ်ချိန်မှာ ခြေဖဝါးတွေနာလို့ မတ်တပ်ရပ် စင်္ကြံမလျှောက်နိုင်တာနဲ့ လေးဘက်ထောက်ပြီး စင်္ကြံလျှောက် ရှုမှတ်တယ်။ မလှမ်းမကမ်းကို ရောက်လာတဲ့ မုဆိုးတစ်ယောက်က လေးဘက်ထောက်လျှောက်နေတဲ့ မထေရ်ကို သမင်ထင်ပြီး လှံနဲ့ပစ်ထိုးလိုက်တာ ထုတ်ချင်းပေါက်ဒဏ်ရာကြီး ရသွားတယ်။ အဲဒီဝေဒနာကို ရှုရင်းနဲ့ မထေရ်မြတ် ရဟန္တာဖြစ်သွားတယ်။ (ဒီ-ဋ္ဌ ၃၊ ၃၃၉)

(၅) စိတ်ဆင်းရဲငြိမ်းခြင်း

ပဉ္စမအကျိုးကတော့ စိတ်ဆင်းရဲငြိမ်းခြင်း အကျိုးပါပဲ။ သတိပဋ္ဌာန်ရှုပွားလို့ စိတ်ဆင်းရဲငြိမ်းတာဟာ သုံးမျိုးရှိပါတယ်။ ပထမတစ်မျိုးကတော့ တရားအားထုတ်နေဆဲမှာ စိတ်ဆင်းရဲမှုဖြစ်ပေါ်လာတော့ အဲဒီဆင်းရဲကို "စိတ်ဆင်းရဲတယ် စိတ်ဆင်းရဲတယ်"လို့ စူးစူးစိုက်စိုက် ထပ်ခါထပ်ခါ ရှုမှတ်လိုက်လို့ ရှုစိတ်က အားကောင်းလာတာနဲ့ စိတ်ဆင်းရဲမှု မဖြစ်ပေါ်လာနိုင်တော့ဘဲ ငြိမ်းသွားပါတယ်။

ဒုတိယအမျိုးအစားကတော့ အရှုခံရုပ်နဲ့ နာမ်ရဲ့မမြဲ၊ ဆင်းရဲ၊ ပုဂ္ဂိုလ်၊ သတ္တဝါ အတ္တမဟုတ် ငါမဟုတ်တဲ့သဘောတွေကို ကိုယ်တွေ့ဉာဏ်နဲ့ ထိုးထွင်းသိမြင်တဲ့အတွက် အတ္တစွဲ သာယာတပ်မက်စွဲတွေ တော်တော်အားနည်းသွားလို့ စိတ်ဆင်းရဲမှု မဖြစ်ပေါ်လာတော့ဘဲ ငြိမ်းသွားပါတယ်။

တတိယအမျိုးအစားကတော့ အချိန်ယူပြီး အဆက်မပြတ် ကြိုးစားအားထုတ်တဲ့ အတွက် တချို့ သောတာပတ္တိမဂ်ဉာဏ်ဖိုလ်ဉာဏ်၊ တချို့ သကဒါဂါမိမဂ်ဉာဏ်ဖိုလ်ဉာဏ်၊ တချို့ အနာဂါမိမဂ်ဉာဏ်ဖိုလ်ဉာဏ်၊ တချို့ အရဟတ္တမဂ်ဉာဏ်ဖိုလ်ဉာဏ်အထိ ထိုးထွင်းသိမြင်သွားကြလို့ သက်ဆိုင်ရာ ကိလေသာတွေ ငြိမ်းသွားကြတဲ့အတွက် စိတ်ဆင်းရဲ ငြိမ်းသွားကြပါတယ်။

အခုခေတ်မှာ ကိုယ့်အရင်းအချာထဲက တစ်ခုံတစ်ယောက် ပျက်စီးလို့ ပူဆွေး သောက ရောက်ပြီး စိတ်ဆင်းရဲနေကြသူတွေ၊ အိမ်ထောင်ရေး မိသားစုအရေး အဆင်မပြေလို့ စိတ်ဆင်းရဲနေကြသူတွေ၊ စီးပွားရေးအဆင်မပြေလို့ စိတ်ဆင်းရဲနေကြသူတွေ၊ အဲဒီလို ပုဂ္ဂိုလ်တွေလာပြီး တရားအားထုတ်တဲ့အခါ ပထမနည်း၊ ဒုတိယနည်းနဲ့ စိတ်ဆင်းရဲ သက်သာသွားကြတာ၊ စိတ်ချမ်းသာသွားကြတာ အများအပြားတွေ့ရပါတယ်။

ဒီနေရာမှာလဲ မိမိရဲ့နတ်သမီးတွေ နန္ဒဝန်ဥယျာဉ်ထဲမှာ ပန်းခူးရင်းစုတေပြီး ငရဲခံနေရ တာကိုလဲမြင်ရ၊ မိမိကိုယ်တိုင် ၇-ရက်ကြာရင် စုတေပြီး ငရဲမှာခံရတော့မယ်ဆိုတာလဲ သိမြင်နေရ လို့ ဆောက်တည်ရာမရအောင် စိတ်ဆင်းရဲနေတဲ့သုပြဟ္မနတ်သားဟာ မြတ်စွာဘုရားရဲ့ သတိပဋ္ဌာန်တရားတော်နဲ့တွေ့မှပဲ စိတ်ချမ်းသာသွားကြောင်း သာဓက အဖြစ် အဋ္ဌကထာက ဖော်ပြထားပါတယ်။ (ဒီ-ဋ္ဌ.၂။ ၃၄၁။ သံ-ဋ္ဌ ၁၊ ၁၀၃-၄)

(၆) မဂ်ဉာဏ်ကို ရခြင်း

ဆဋ္ဌမအကျိုးကတော့ မဂ်ဉာဏ်ကိုရခြင်းအကျိုးပဲ။ ပုဗ္ဗဘာဂမဂ်ခေါ်တဲ့ သတိပဋ္ဌာန်ကို ကြိုးကြိုးစားစား ပွားများအားထုတ်လို့ ဝိပဿနာဉာဏ်တွေ အဆင့်ဆင့်တိုးတက်ရရှိပြီးတဲ့ အခါမှာ ထူးခြားထက်မြက်တဲ့ အသိဖြစ်ပေါ်ပါတယ်။ အဲဒီအသိက ရုပ်နာမ် ငြိမ်းတဲ့ သဘော နိဗ္ဗာန်ကို မျက်မှောက်ထင်ထင် သိမြင်ပါတယ်။ ဒီအသိကို မဂ်အသိ=မဂ်ဉာဏ် လို့ခေါ်ပါတယ်။ မဂ်စိတ်ရဲ့ နောက်က ကပ်လျက်မဂ်ရဲ့အကျိုး ဖိုလ်စိတ်လဲဖြစ်ပါတယ်။

ပထမမဂ်ဖြစ်တဲ့ သောတာပတ္တိမဂ်ဉာဏ်က ဒိဋ္ဌိနဲ့ဝိစိကိစ္ဆာ ကိလေသာကို အမြစ်ပြတ်

ပယ်သတ်ပါတယ်။ အပါယ်ကို လားစေနိုင်လောက်အောင်ကြမ်းတမ်းတဲ့ အပါယကမနီယကိလေသာမှန်သမျှကိုလဲ ပယ်သတ်ပါတယ်။ ရှစ်ဖြာမဂ္ဂင် ဘောင်မဝင်တဲ့အလေ့အကျင့်ဝတ်အကျင့်တွေကို ပြုရုံမျှနဲ့ သံသရာမှ လွတ်မြောက်နိုင်တယ်လို့ ယူမှားတဲ့ သီလဗ္ဗတပရာမာသဒိဋ္ဌိကိုလဲ ပယ်သတ်ပါတယ်။

ဒုတိယမဂ်ဖြစ်တဲ့ သကဒါဂါမိမဂ်ဉာဏ်ကတော့ ကာမဘုံမှာ သာယာတပ်မက်စရာတွေကို တပ်မက်တဲ့ ကာမရာဂနဲ့ ဒေါသကို ခေါင်းပါးအောင် အားသေးအောင် ပြုလုပ်ပေးတယ်။

တတိယမဂ်ဖြစ်တဲ့ အနာဂါမိမဂ်ဉာဏ်ကတော့ ကာမရာဂနဲ့ ဒေါသကိုအမြစ်ပြတ်ပယ်သတ်တယ်။ ရူပ အရူပစျာန်တွေနဲ့ ရူပ အရူပ ဗြဟ္မာ့ဘုံတွေကို လိုချင်တပ်မက်တဲ့ ရူပရာဂ အရူပရာဂ လောဘကိုတော့ မပယ်နိုင်သေးဘူး၊ ကျန်နေသေးတယ်။

စတုတ္ထမဂ်ဖြစ်တဲ့ အရဟတ္တမဂ်ဉာဏ်ကတော့ အောက်သုံးမဂ် မပယ်နိုင်သေးလို့ ကျန်နေတဲ့ ရူပရာဂ၊ အရူပရာဂ၊ ယာထာမာန၊ ဥဒ္ဓစ္စ၊ အဝိဇ္ဇာစသည်ဖြင့် ကိလေသာကို ဘာမျှ မကျန်ရအောင် အကြွင်းမဲ့ အမြစ်ပြတ်ပယ်သတ်ပစ်ပါတယ်။ ဒါကြောင့် အရဟတ္တမဂ်ဉာဏ်ရပြီးရင် ကိလေသာ ကုန်ခန်းလို့ ရဟန္တာဖြစ်သွားပါတယ်။

(၇) နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း

နောက်ဆုံးဖြစ်တဲ့ သတ္တမအကျိုးကတော့ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း အကျိုးပါပဲ။ ဆင်းရဲငြိမ်းခြင်းဆင်းရဲမရှိခြင်းကို နိဗ္ဗာန်လို့ ခေါ်ပါတယ်။ ဒါဟာ သတိပဋ္ဌာန်ပွားသို့ရတဲ့ အမြင့်မြတ်ဆုံး အကျိုးပါပဲ။

အရဟတ္တမဂ်ဉာဏ်က ကိလေသာမှန်သမျှ အမြစ်ပြတ် ပယ်သတ်ပြီးတဲ့အခါမှာ ကိလေသာတွေ လုံးဝငြိမ်းသွားကြတော့ အဲဒါကို ကိလေသပရိနိဗ္ဗာန်ခေါ်ပါတယ်။ ကိလေသာဆင်းရဲ ငြိမ်းနေခြင်းမရှိခြင်းပါပဲ။ အဲဒီ ကိလေသာငြိမ်နေတဲ့ ရဟန္တာ ပရိနိဗ္ဗာန်စံသွားတော့ နောက်ထပ် ရုပ်အသစ် နာမ်အသစ်မဖြစ်တော့ဘဲ ရုပ်ခန္ဓာတွေ အပြီးသတ်ချုပ်ငြိမ်းပြီး အဖြစ်ရပ်သွားတာကို ခန္ဓပရိနိဗ္ဗာန်ခေါ်ပါတယ်။ ခန္ဓာဆင်းရဲအပြီးသတ်ငြိမ်းသွားတဲ့ သဘောပါပဲ။ ဗုဒ္ဓဘာသာဝင်တို့ရဲ့ အမြင့်ဆုံး ရည်မှန်းချက်ဟာ ဒါပါပဲ။ ဘုရားရှင်ညွှန်ကြားတဲ့အတိုင်း သတိပဋ္ဌာန်တရားကို လက်တွေ့ကျင့်ကြံပွားများ အားထုတ်ခြင်းရဲ့ အဆုံးစွန်သော ရည်ရွယ်ချက်ဟာလဲ ဒါပါပဲ။

ခိုင်မြဲတဲ့ သဒ္ဓါတရားပြင်းပြတဲ့ဆန္ဒ၊ ထက်သန်တဲ့စိတ်၊ စွဲမြဲတဲ့ဇွဲလုံ့လဝီရိယနှင့် တကယ်ကြိုးစားအားထုတ်ရင် တကယ်ရနိုင်တဲ့ အကျိုးတရားတွေပါ။

အဲဒီလို နားလည်သဘောပေါက်တဲ့အတိုင်း အခြေခံဖြစ်တဲ့ယုံကြည်မှုသဒ္ဓါကို မိမိတို့သန္တာန်မှာ ခိုင်မြဲစွာ ဖြစ်ပေါ်စေပြီးတော့ လိုက်နာစရာဆုံးမဩဝါဒတွေကို အတတ်နိုင်ဆုံး လိုက်နာနိုင်ကြတဲ့အတွက် ကိုယ်ကျင့်သီလတွေ စင်ကြယ်အောင် စောင့်စည်းထိန်းသိမ်းနိုင်ကြလျက် စင်ကြယ်တဲ့ သီလကို အခြေခံပြီး လက်တွေ့ကျင့်ကြံအားထုတ်ရမည့် သတိပဋ္ဌာန်

ဘာဝနာအလုပ်ကို အချိန်ရတိုင်း၊ ကြိုးပမ်းအားထုတ်နိုင်ကြပါစေ၊ ကြိုးပမ်းအားထုတ်နိုင်တဲ့ အလျောက်လဲ ရုပ်နာမ်တို့ရဲ့ သဘာဝအမှန်ကို အမှန်အတိုင်းသိတဲ့ ဝိပဿနာဉာဏ်တွေတစ်ဆင့်ထက်တစ်ဆင့် ရင့်သန်ပြီး မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ အာစရိယသစ္စာလေးပါးကို ပိုင်းခြားသိမြင်ကာ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာ ချမ်းသာစစ် ချမ်းသာမှန် မြတ်နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုနိုင်ကြပါစေ။

စိတ်နှင့်ကမ္မဋ္ဌာန်းဘာဝနာ

စိတ်ဆိုတဲ့စိတ်ဟာ ကာမဂုဏ်တရား၊ အာရုံငါးပါးတို့နှင့်တွေ့လျှင် တုန်လှုပ်တတ်သည်။ အဆင်းမှာဖြစ်ဖြစ်၊ အသံမှာဖြစ်ဖြစ်၊ အနံ့မှာဖြစ်ဖြစ်၊ အရသာမှာဖြစ်ဖြစ်၊ အထိအတွေ့မှာဖြစ်ဖြစ်၊ ဒါတွေကိုတွေ့လျှင် တုန်လှုပ်မိတာပဲ၊ သံလိုက်ကဆွဲလျှင် သံတိုသံစကလေးက ပြေးကပ်လိုက်တာပဲ။ ဆားနဲ့ချဉ်းသီးနဲ့တွေ့လျှင် အရည်ပျော်သွားသလို ဖော်ပြန်သွားတာပဲ၊ ခြွေဘောက်ကို လက်ငါးပြလျှင် ဆောင်းခနဲ ပါးပျဉ်းထသလို တုန်လှုပ်လာတာပဲ။

စိတ်ဆိုတဲ့စိတ်ဟာ တစ်ခုတည်းသောအကြောင်းကိုပဲ အာရုံကပ်ထားလို့မရတတ်ဘူး။ သည်အကြောင်းတွေးရာက ဟိုအကြောင်းရောက်၊ ဟိုအကြောင်းတွေးရာက သည့်အပြင်အကြောင်းရောက်၊ သည့်ပြင်အကြောင်းတွေးရာက အခြားအကြောင်းကို ကူးသွားပြန်ရော။ ဒါ့ကြောင့် လူ့စိတ်ကို မျောက်နဲ့နှိုင်းပေးတာပေါ့။ ဘုရားရှိခိုးတစ်ပုဒ်ဆုံးသွားအောင်တောင် တစ်ခုတည်းသောအာရုံမှာ ထားလို့မရချင်ဘူး။ စိတ်ဆိုတဲ့စိတ်ဟာ အဲသည်လို သွားချင်ကိုင်း သွားနေတာကို လိုက်နေရင်တော့ မီးခိုးမဆုံး၊ မိုးမဆုံးဖြစ်မှာပဲ။

စိတ်ဆိုတဲ့စိတ်ဟာ မကည့်ကာမှ စားချင်တဲ့လူမမာရဲ့စိတ်လို မသင့်တော်မှန်း သိလျက်နှင့်လည်း ကြံစည်နေတတ်တယ်။ မသင့်တော်မှန်းမသိဘဲနဲ့လည်း ကြံစည်နေကတ်တယ်၊ တားလို့မရဘူး။

အဲလို ကောက်ကျစ်ကွေးလိမ်နေတဲ့စိတ်ကို ပညာရှိသူတော်ကောင်းများဟာ လေးသမားက မြားကိုတည့်မတ်ဖြောင့်စင်းအောင် မရမနေ လုပ်ယူသလို လုပ်ယူကြတယ်တဲ့။ လုပ်လည်း လုပ်နိုင်ကြတယ်တဲ့။

ကမ္မဋ္ဌာန်းထိုင်ဖူးသောသူသည် ဘုရားဟောတော်မူသောစိတ်၏ ဖောက်ပြန်တတ်ပုံတို့ကို ကိုယ်တွေ့ဖြစ်၍ နားလည်သဘောပေါက်ရပါသည်။ ကမ္မဋ္ဌာန်းထိုင်ဖူးသူများ မဟုတ်လျှင် (ဝါ) စိတ်ကိုစောင့်၍ ကြည့်ဖူးသူများ မဟုတ်လျှင်တော့ နားမလည်နိုင်ကြပါ။ ထိုသို့ သိရှိနားလည် သည့်တိုင်အောင် လူတိုင်းသည် စိတ်ကိုကွပ်ကဲ စောင့်ထိန်းဖြောင့်တန်းအောင် မလုပ်နိုင်ကြ။ ပညာရှိ သူတော်ကောင်းများသာ စိတ်ကိုနိုင်နင်းစေစားနိုင်ကြလိမ့်မည်။ ပုထုဇဉ်တို့ကတော့ အမှတ်တမဲ့နေ၊ အမှတ်တမဲ့စား၊ အမှတ်တမဲ့သွားလို့ အမှတ်တမဲ့သေကြတာပဲ။

ဘာဖြစ်လို့ မလုပ်နိုင်ကြသလဲဆိုတော့

ငါးဆိုတာ ရေထဲမှာပဲ ပျော်တာပေါ့၊ စိတ်ဆိုတာလည်း ကာမဂုဏ်အာရုံထဲမှာပဲ ပျော်ချင်

တာပေါ့။ (ပါပသို့ရမတိမနော)လေ။ ရေထဲမှာ နေတတ်တဲ့ငါးကို ကုန်းပေါ်တင်လိုက်လျှင် အသက်ရှုကျပ်ပြီး တဆတ်ဆတ် လွန့်လူးနေတာပေါ့။ စိတ်ဆိုတာလည်း သူနေချင်တဲ့ ကာမဂုဏ်အာရုံတွေထဲကထုတ်ပြီး ကမ္မဋ္ဌာန်းဘာဝနာအလုပ်မှာ တင်လိုက်လျှင် နေသားထိုင်သားမကျသလို မခံမရပ်နိုင်ဘဲ တဆတ်ဆတ်ခုန်၊ တလွန့်လွန့်လူး နောက်ဆုံးတော့ ကုန်းပေါ်မှာ ငါးသေသွားသလို စိတ်ကလည်း ကမ္မဋ္ဌာန်း ဘာဝနာကို အရှုံးပေးလိုက်တတ်ကြတယ်။

အဲဒီစိတ်ကို အနှောင့်အယှက်ပေးနေတာကတော့ ကိလေသာတွေပါပဲ။ ကိလေသာတွေကို သိထားဖို့လိုပါတယ်။

မြတ်စွာဘုရားက ကိလေသာဆယ်ပါးကို မာရ်နတ်၏ နယ်ပယ်လို့ ဟောတော်မူပါတယ်။ ကိလေသာဆယ်ပါးဆိုတာ -

(၁) လောဘ = တပ်မက်ခြင်း
(၂) ဒေါသ = အမျက်ထွက်ခြင်း
(၃) မောဟ = တွေဝေမိုက်မဲခြင်း
(၄) မာန = ထောင်လွှားခြင်း
(၅) ဒိဋ္ဌိ = မှားမှားယွင်းယွင်းသိမြင်ခြင်း
(၆) ဝိစိကိစ္ဆာ = ဘုရား၊ တရား စသည်များ၌ ယုံမှားခြင်း
(၇) ထိန = စိတ်၏မခံ့ခြင်း
(၈) ဥဒ္ဓစ္စ = စိတ်၏ကောင်းမှုမှ ပျံ့လွင့်တုန်လှုပ်ခြင်း
(၉) အဟိရိက = မကောင်းမှုမှ မရှက်ခြင်း
(၁၀) အနောတ္တပ္ပ = မကောင်းမှုမှ မထိတ်လန့်ခြင်း

အဲသည်တရားဆယ်ပါးဟာ လူတိုင်းလူတိုင်းရဲ့စိတ်ကို ညစ်နွမ်းစေတဲ့တရားဖြစ်တယ်။ ကိလေသာဆိုတဲ့ပါဠိက ညစ်နွမ်းခြင်းလို့ အဓိပ္ပါယ်ပြတယ်လေ။ သတ္တဝါတွေရဲ့စိတ်ကို ညစ်နွမ်းအောင် လုပ်တတ်တယ်ပေါ့။

အဲ့သည်နယ်မှ လွတ်အောင်ကြိုးစားတဲ့ ကမ္မဋ္ဌာန်းထိုင်သူများကိုတော့ မာရ်နတ်က သူ့စစ်သည်တော်ဆယ်မျိုးနှင့် ကမ္မဋ္ဌာန်းထိုင်သူရဲ့စိတ်ကို တိုက်စစ်ဆင်ပြန်သတဲ့လေ။ ဒါလည်း ဘနည်းအကျဉ်းတော့ ယောဂီကိုယ်တိုင် အတိုက်ခံခဲ့ရတာမို့ အတွေ့အကြုံကလေးတော့ ရှိခဲ့ဖူးပါရဲ့၊ မြတ်စွာဘုရား သတိပေးဟောပြောတော်မူခဲ့တဲ့ မာရ်နတ်၏ စစ်သည်တော်ဆယ်မျိုး ကတော့-

(၁) <u>ကာမရာဂ</u> = ကာမဂုဏ်၌ တပ်မက်မှု

သမာဓိကလေး နည်းနည်းမှ ရမယ်မကြံသေးဘူး အတိတ်က ခံစားခဲ့ဖူးတဲ့ကာမဂုဏ်ဖြစ်စေ၊ မိမိတောင့်တခဲ့ဖူးတဲ့ ကာမဂုဏ်ဖြစ်စေ ပေါ်လာတတ်တယ်။ အဲဒီလို ပေါ်လာတာတွေကိုလည်း တပ်မက်စွာ လက်ခံနေတတ်တယ်။

(၂) <u>အရတိ</u> = မမွေ့မလျော်ခြင်း

တရားထိုင်နေရတာကိုပဲ ပျင်းရိလာတတ်တယ်။ ထိုင်ရတာ ခွင်မကျသလိုလို၊ မှတ်ရတာ ကျဲတောက်တောက်လိုလို၊ အချိန်ကလည်း ကုန်ခဲလိုက်တာလို့ ထင်နေသလိုလို အမျိုးမျိုး ဇီဇာကြောင်နေတတ်တယ်။

(၃) ခုပ္ပိပါသ - ဆာလောင်မွတ်သိပ်မှု

တရားထိုင်ဖူးရင်း ထမင်းဆာလာတယ်။ ရေငတ်လာတယ်၊ အရင်က စားဖူးတဲ့ခံတွင်း တွေ့ခဲ့ဖူးတဲ့ အစားအသောက် အဖျော်ယမကာတို့ကို သတိရပြီး ဝမ်းထဲမှာ တကြွတ်ကြွတ် လေထနေတတ်တယ်။

(၄) တဏှာ - တပ်မက်ခြင်း

ဆာလောင်တာတွေ၊ မွတ်သိပ်တာတွေကို အမျိုးမျိုးခဲ့ထွင်ပြီး သွားရည်ကျအောင် စိတ်ခဖောက်ပြန်လာတတ်တယ်။ မနေနိုင်တဲ့အဆုံး တရားထိုင်ရာက ဆင်းခြေအမျိုးမျိုးနဲ့ထ ပြီး ရှာတတ် စားတတ်တယ်။

(၅) ထိနမိဒ္ဓ - စိတ်၏မခံ့ခြင်း၊ စိတ်၏ ပျံ့လွင့်ခြင်း

စိတ်၏မခံ့ခြင်းဆိုတာ စိတ်မခိုင်တာ ပျံ့လွင့်ခြင်းဆိုတာက တောင်စဉ်ရေမရ၊ စိတ် ရောက်နေတာ၊ အဲသည်ကော့ အိပ်ချင်လာတယ်၊ ငိုက်မျဉ်းလာတယ်၊ လစ်ခနဲလစ်ခနဲ မေ့ခနဲ မေ့ခနဲ အိပ်ပျော်သွားတယ်။

(၆) ဘီရု - ကြောက်လန့်ခြင်း

တောထဲမှာဆိုလျှင် သစ်ငုတ်ကို တစ္ဆေဘီလူးထင်တယ်၊ အိမ်ထဲကျောင်းထဲမှာဆိုလျှင် ဖျာလိပ်တို့ ကုလားထိုင်တို့ကို တစ္ဆေ သရဲထင်တယ်။ ဘာမှ မမြင်ရပေမယ့် မိမိနောက်က တစ်ယောက်ယောက် လာရပ်သလိုလို ချိုးချိုးချွတ်ချွတ် ခြေလှမ်းသံကြားရသလိုလို၊ ကြောက် စရာပေါင်းစုံတွေးပြီး ကြက်သီးတဖြန်းဖြန်း ခေါင်းကြီးနေတတ်တယ်။

(၇) ဝိစိကိစ္ဆာ - ယုံမှားသံသဖြစ်မှု

ငါအခုလုပ်နေတဲ့ကမ္မဋ္ဌာန်းနည်းဟာ ငါနဲ့မလျော်လို့ ဘာတစ်ခုမှ ထူးထူးခြားခြား မဖြစ်သေးတာလား။ ငါ့အတွက် သည့်ထက်ကောင်းတဲ့နည်းများ ရှိနေဦးမလား၊ အခု ကမ္မဋ္ဌာန်းကို ချ၍ နောက် ကမ္မဋ္ဌာန်းသစ်ကို ရှာရလျှင် ကောင်းလေမလားပု ချီတုံချတုံဖြစ်မနေ တတ်တယ်။

(၈) မက္ခထမ္ဘ - ခက်ထန်လာမှု

သံသယ အမျိုးမျိုးတွေနဲ့ စိတ်ဆင်းရဲလာတော့ ကိုယ့်ကိုယ်ကို ဒေါသဖြစ်လာတယ်။ ငါနှယ် ညံ့လိုက်တာ၊ အခုလောက်ကြာတာတောင် ဘာတစ်ခုမှ မဘာဘူး၊ အချိန်တွေ အလကား ကုန်တယ်။ အညောင်းသာ အဖတ်တင်တယ်၊ သူတော်ကောင်းတရားနဲ့ မတန်တဲ့ အကောင်၊ မိုက်တွင်းနက်နေတာပဲ ကောင်းတယ်လို့ ကိုယ့်ကိုယ်ကို ကြမ်းတမ်းစွာ အပြစ်တင် နေတတ်တယ်။ ရှုတ်ချနေတတ်တယ်၊ ဒေါသထွက်နေတတ်တယ်။

(၉) လာဘ၊ သိလောက၊ သက္ကာရ မိစ္ဆာလဒ္ဓ ▪ ပူဇော်ကျော်ဇောမှု

အဲ . . . ပြောခဲ့တဲ့အဆင့် ၈ စစ်ပွဲအထိ နိုင်လာခဲ့တဲ့ ယောဂီကျတော့ နူးနူးညံ့ညံ့ လက်နက်နဲ့ တိုက်ပါလိမ့်မယ်။ လာဘ်လာဘ ရွှေငွေပစ္စည်းကအစ လိုချင်တာတွေ မိမိက အလှူ မခံဘဲနဲ့ သဒ္ဓါကြည်ညိုတဲ့ ဒါနရှင်တွေ ဝိုင်းဝိုင်းလည်လာမယ်။ ပိုလျှံလွန်းလာတော့ ဘုရားတည်ရ ကောင်းနိုးနိုး၊ သတ္တဝါတွေကို သာသနာပြုပေးရကောင်းနိုးနိုးဖြစ်လာတယ်။ ထင်ပေါ်ကျော်ဇော လာမယ်။ အရပ်စကား ပါးစပ်သတင်းတွေက ဈာန်ရသလိုလို၊ ကိုယ်ပျောက်သလိုလို၊ နှစ်ကိုယ်ခွဲ နိုင်သလိုလို၊ တလိုက်လျှင် ကြွလာသလိုလို အဲသည် (သလိုလို) ကောလာဟလများက ပင့်မြှောက် ပေးမယ်၊ သက္ကာရအပူဇော်ခံ အရိုအသေပြုတာက အမျိုးအမည် မထင်ရှားတဲ့ နတ်တို့လို၊ ဝိဇ္ဇာတို့လို၊ အထက်ဂိုဏ်းဆရာကြီးများလိုလို၊ ပုဂ္ဂိုလ်ကြီး တွေပါ သာသနာမှ သံတူကြောင်းကွဲ လမ်းစဉ်တွေနဲ့ သိမ်းသွင်းဆွဲဆောင်တတ်တယ်။ အဲ သည်လမ်းကို နားယောင်လိုက်တာနဲ့ မိစ္ဆာလဒ္ဓ ဘုရားမြပ်စွာ ချီးမွမ်းတော်မမူတဲ့ ကဲ့ရဲ့တော် မူတဲ့ လာဘ်လာဘရှာနည်းဖြင့် ရှာပိတတ်တယ်။

(၁၀) အတ္တုက္ကံသန ပရဝမ္ဘန ▪ မိမိကိုယ်မိမိ ရဟန္တာလောက် အထင်ကြီးလာမှု၊

သူတစ်ပါး ကို ကိုယ်ရည်တန်းတူ အပြိုင်ဆိုလျှင် မိစ္ဆာဒိဋ္ဌိလောက် အထင်သေးမယ်။ ချိုးချိုးဖှဲ့ဖှဲ့ နှိမ်ပြောမယ်။ အဲ့သည့်အကြောင်း ၁၀ပါးဟာ မာရ်နတ်ရဲ့ စစ်သည်တော်များ၊ သို့မဟုတ် စိတ်ဓါတ် စစ်ဆင်ရေး ပရိယာယ်များလို့ ကျွန်းဂန်မှာဆိုကယ်။

ကမ္မဋ္ဌာန်းထိုင်ရာမှာ အမှတ် ၁မှအစ အမှတ် ၈အထိ တစ်မျိုးစီ ယှစ်မျိုးစီပယ်မျိုးစီ လည်းဖြစ်ဖူးတယ်။ နှစ်မျိုးသုံးမျိုး ရောထွေး၍လည်း ဖြစ်ဖူးတယ်။ အချိန်စေ့၍သာ ယခဲ့ရသည်။ ထိုစိတ်များနှင့် ဗလုံးဗထွေး နပန်းလုံးပြီး ယမ့်ရသည်သာ များလှသည်။

စစ်မြေပြင်၌ တိုက်စစ်ဆင်ရာတွင် မအောင်မြင်သောကြောင့် တပ်ဆုတ်ခဲ့ရသော စစ်သူကြီးနှင့် မိမိကိုယ်မိမိ နှိုင်းကြည့်မိသည်။ တစ်ခါတစ်ခါ အောင်မြင်စွာ ဆုတ်ခွာခဲ့နိုင်၍ တစ်ခါတစ်ခါတော့လည်း ကစဉ့်ကလျား ဖရိုဖရဲနှင့် အပြေးအလွှား ဆုတ်ခဲ့ရသည်လည်း ရှိသည်။ ဘုရားလက်ထက်က တရားအားထုတ်သော အရှင်မေယိယသည် တစ်နည်းနည်းနှင့် လက်ယှော့ဆုတ်ခွာခဲ့ရဟန်တူပါသည်။ စိတ်ကိုမနိုင်သော အရှင်မေယိယအား စိတ်နှင့်ဆိုင် သော ဂါထာနှစ်ပုဒ်ကို ဗုဒ္ဓမြတ်စွာက ဆက်စပ်ဟောပြတော်မူသည်။ ထိုအခါတွင် အရှင် မေယိယသည် မြားကောက်ကို ဖြောင့်မတ်အောင် ကျွမ်းကျင်နိုင်နင်းစွာ ပြုပြင်ပြီး၍ တစ်ချက် တည်းနှင့် ပစ်ကွင်းကို မြားချက်စွဲအောင် ပတ်ခတ်နိုင်သော လေးသမားကဲ့သို့ စိတ်ကိုစိတ် နှင့်တိုက်တာ အောင်မြင်စွာ ဗိုလ်စွဲသွားလေသည်။

ဓမ္မပဒ ဒေသနာတော်တွင် "ဂါထာ၏အဆုံး၌ မေယိယမထေရ်သည် သောတာပတ္တိဖိုလ် ၌ တည်လေသည်။ ထိုမှတစ်ပါး များစွာသော ပရိသတ်တို့သည်လည်း သောတာပန်စသည် တို့ ဖြစ်ကြလေကုန်၏"ဟု ဆိုလေရာ ထိုဂါထာဒေသနာတော်ကို အဆင့်ဆင့်နာကြားရသော ကြောင့် ပရိသတ်အဆင့်ဆင့် သောတာပန်စသည်တို့ ဖြစ်သွားကြသည်ဟု တထစ်ချ မှတ်ယူ ရမည်ဖြစ်ကြောင်း နားလည်နိုင်ပါပြီ။

မဟာသတိပဋ္ဌာန်

ဝိပဿနာရှုနည်း အကျဉ်းချုပ်

(မဟာစည်)

ယခုခေတ်တွင် ဝိပဿနာတရားစခန်းများ မြန်မာပြည်အနှံ့ဖွင့်လှစ်လျက် ခေါင်းစီး စာတမ်းအမျိုးမျိုးဖြင့် တရားပြလာသည်မှာ ဝမ်းမြောက်ဝမ်းသာဖြစ်ရပါသည်။ မိုးကုတ်၊ မဟာစည်၊ လယ်တီ၊ သဲအင်းဂူ၊ ဖါးအောက်၊ . . . စသည်ဖြင့် တရားစခန်းတည်ထောင်ဖွင့် လှစ်ပြီး သာသနာပြုနေကြပါသည်။ မိုးကုတ်တရားစခန်းနှင့် မဟာစည်တရားစခန်းများသည် မြို့တိုင်းနီးပါး ဖွင့်လှစ်ထားသည်ကို တွေ့ရသည်။ တရားစခန်းများသည် မိမိတို့ဆရာသမား များပြခဲ့သည့်၊ သင်ကြားပေးခဲ့သည့်နည်းများဖြင့်ပြရာ တရားစခန်းအမည်ကိုလည်း မိမိတို့၏ ဆရာများ၏ နာမည်တပ်လျက် ပူဇော်ထားကြပါသည်။ ဆရာများမှာ တဆင့်ခံများဖြစ်ကြသည်။ အားလုံးသည် ဗုဒ္ဓနည်းသာဖြစ်ပါသည်။ ဘုရားပွင့်တော်မူမှသာ ဝိပဿနာတရားဆိုတာ ပေါ်ပေါက်ခဲ့သည်။ မိမိတို့၏ ဆရာသမားများက ဖော်ထုတ် ဖန်တီးထားခြင်းမဟုတ်ပါ။ ဒါကြောင့် အားလုံးဟာ ဘုရားနည်းဟု သိထားလျှင် အငြင်းပွားစရာမဟုတ်ပါ။ ဆရာဆို သည်မှာ ဘုရားဟောထားသည့် တရားများကို လူပုဂ္ဂိုလ်သတ်များအား မိမိတို့ပုံစံဖြင့် သင်ကြားပေးခြင်း သာဖြစ်သည်။ ဒါ့ကြောင့် တစ်ဦးနှင့်တစ်ဦးပြသပုံခြင်း ကွဲလွဲစေကာမူ တစ်ခုတည်းဦးတည် လိုက်နာခြင်းသည် ဘုရားဟောအတိုင်းဖြစ်နေပါသည်။

သို့ပါ၍ မိုးကုတ်ဆရာတော်ဘုရားကြီးက အာနပါနနည်းဖြင့် နှာသီးဝ နှုတ်ခမ်းများတွင် အာရုံကိုထားကာ ထွက်လေ၊ ဝင်လေဖြင့် ဝိပဿနာ ရှုပါသည်။ မဟာစည်ဆရာတော် ဘုရားကြီး က ဝမ်းဗိုက်တွင် လေရှူသွင်းထုတ်သည့်အခါ ဖြစ်ပေါ်သည့် ဖေါင်းခြင်း၊ ပိန်ခြင်းကို အာရုံထားပါ သည်။ ဒီကစပြီး ဝိပဿနာရှုခြင်း၌ အားလုံးအတူတူဖြစ်ပါသည်။ သို့သော် ယောဂီတို့သည် မိမိတို့နီးစပ်ရာတရားစခန်းများတွင် တရားအားထုတ်ခဲ့ရာမှ မိမိက မိုးကုတ်နည်းကို အားသန် သည်၊ မဟာစည်နည်းနှင့်အဆင်မပြေ၊ မဟာစည်ရိပ်သာတွင် စတင်အား ထုတ်ဖူးသူသည် မဟာစည်နည်းကိုသာ အားသန်သည်။ မိုးကုတ်နည်းနှင့် အဆင်မပြေဟု ပြောလာကြပြီး မိမိတို့ အားသန်ရာ ရိပ်သာအစွဲပြုအားထုတ်လာကြသည်။ အားလုံးကြိုက်တာ အားသန်ရာလုပ်တာ ကောင်းကြပါသည်။ ဦးကည်ချက်ကတော့ နိဗ္ဗာန်ရောက်ဖို့ပါပဲ။

ကျွန်တော်သည် အမှတ်(၃)စာအုပ် ဝိပဿနာအကြောင်းရေးရာတွင် မိုးကုတ်ဆရာ တော်နှင့် လယ်တီဆရာတော်၏နည်းများအတိုင်း ဖောင်းပေးရေးသားခဲ့ပါသည်။ သို့သော် မဟာစည်ရိပ်သာယောဂီများသည် မဟာစည်ကျင့်စဉ်ကို ဖတ်ရှုပါရစေဟုဆိုလာသဖြင့် မဟာ စည်ဆရာတော်ဘုရားကြီး၏ ဟောပြောချက်များမှ ဝိပဿနာကျင့်စဉ်ကို အကျဉ်းချုပ်ရေး သားပေးပါမည်။ အကျယ်ကိုတော့ မိမိတို့ရိပ်သာမှ ဆရာတော်ဘုရားများအား လျှောက်ထား နိုင်ပါသည်။ မည်သည့်တရားစခန်းမှမဆို လေ့လာနိုင်ပါသည်။ (အလွယ်ပြောရလျှင် အားလုံး

အတူတူပါပဲဟု ပြောနိုင်ပါသည်။ မိမိတို့ နှစ်သက်ရာနည်းကို အစွဲသန်နေသောကြောင့်သာ မတူသူဟု ထင်နေခြင်းဖြစ်ပါသည်။)

လိုရင်းကိုမရေးခင် ဗုဒ္ဓမြတ်စွာဘုရား၏ ဝိပဿနာအကြောင်း ဟောပြောဆုံးမချက် များကို ဦးစွာတင်ပြလိုပါသည်။ (ဤနေရာတွင် ဘုရားဟောများကို ပါဠိဘာသာဖြင့် ဖော်ပြခြင်း မပြုတော့ပါ။)

__အခွင့်ကောင်းနှင့်အဖိုးတန်တရား__ - ယခုခေတ်တွင် ဘုရား၏အဆုံးအမများကို အလွယ်တကူ ကြားနာနိုင်ပြီး "သင်ကြားပြသမည့်ဆရာသမားများလည်း အနီးတွင်ရှိသည်။ မိမိတွင် ကျန်းမာရေးကောင်းသည်။ အသိဉာဏ်လည်းရှိသည်။ ထိုအခွင့်အရေးကောင်းကို လက်မလွှတ်စေဘဲ ကျင့်ကြံအားထုတ်လျှင် အဖိုးတန်တရားဖြစ်သော မဂ်ဖိုလ် နိဗ္ဗာန်ကို ရနိုင်သောကြောင့် ဖြစ်သည်။

သို့သော် ဤအခွင့်အရေးကြီးသည် အမြဲတမ်းတည်ရှိနေမည်မဟုတ်ပါ - (၁) သက်တမ်း ကာလသည် မကြာမြင့်မီ ကုန်သွားမည်။ (၂) သက်တမ်းမကုန်သော်လည်း အကြောင်းတစ်ခု ခုကြောင့် မည်သည့်အခါတွင် သေမည်ကိုမပြောနိုင် (၃) မသေသေးသော်လည်း မကျန်းမမာ ဖြစ်ကာ အိုမင်းမစွမ်းဖြစ်သည့်အတွက် အလိုရှိသလို ခရီးမပေါက်တော့ဘဲ လက်လွှတ်ဆုံးရှုံး ရမည်ဖြစ်သည်။ ဒါကြောင့် ရရှိတဲ့အခွင့်အရေးကို လက်ရှိအချိန်တွင် အရယူပါ။

ထိုရရှိသောအခွင့်အရေးကို ဘယ်လိုသုံးမလဲ တတ်သည်၊ နားလည်သည်ကို ဟောပြော နေရုံမျှဖြင့် အားရရောင့်ရဲသင့်ပါသလား၊ မပြီးဆုံးနိုင်သော ကာမကိစ္စကို့ဌ်ကြောင့်ကြစိုက်မှု ဖြင့်သာ အမှုမဲ့အမှတ်မဲ့ သတိလက်လွှတ်အချိန်ဖြုန်းနေတော့မှာလား၊ သေရမည့် ခုတင် ညောင်စောင်း၌ အားကိုးလောက်သော လက်ကိုင်တရားအသင့်ရှိစေရန် အားထုတ်ပြီးပြီလား။

မြတ်စွာဘုရားက (ဥပရိပဏ္ဏာသ၊ ဘဒ္ဒေကရသုတ် ၂၂၆)မှာ ဒီလိုဟောထားတယ်။

မနက်ဖြန်ခါ၌ အသက်ရှင်နေဦးမည်ကိုလည်း သေရမည်ကိုလည်းကောင်း၊ အဘယ်သူ သိနိုင်အံ့ပါသနည်း၊ ဤသို့ နှလုံးသွင်း၍ ကိလေသာတို့ကို ပူလောင်စေတတ်သော ဝိပဿနာ တရားအားထုတ်မှုကို မနက်ဖြန် သန်ဘက်ခါ နေ့ရက်မရွေး ယနေ့ပင်လျှင် မဆိုင်းမရပ်ပြု လုပ်အပ်၏။ နက်ဖြန်သေမည်၊ ရှင်မည်ကို မသိနိုင်ခြင်း၏ အကြောင်းကား ရေမီးအဆိပ် လက်နက် ရောဂါစသည်ဖြင့် သေစေနိုင်ကြောင်း စစ်သည်များစွာရှိသော၊ သေမင်းဟုခေါ် သော ထိုသေခြင်းတရားနှင့် ငါတို့အား ရက်ချိန်းပေးထားခြင်း၊ တံစိုးလက်ဆောင်ပေးထား ခြင်း၊ ခုခံနိုင်အောင် စစ်သည်ဗိုလ်ပါစုဆောင်းထားခြင်းသည် မရှိချေ။ ထို့ကြောင့် နက်ဖြန် ရှင်ဦးမည် သေဦးမည်ကို ဧကန်တိတိဘယ်သူသိနိုင်အံ့နည်း။။

__မှားပြီးမှမှားမှန်းသိရချိန် အချိန်နှောင်းသွားပြီ__

မြတ်စွာဘုရားက ... ရဟန်းတို့ရှုကြလော့၊ မှတ်ကြလော့၊ သမထဝိပဿနာအလုပ် ကို အားထုတ်ကြကုန်လော့၊ မမေ့ကြကုန်လင့်၊ မရှုမှတ်ဘဲ မနေကြကုန်လင့်၊ အခွင့်ကောင်း

လွန်ပြီးသော နောင်အခါ၌ မရှုမှတ်မိခဲ့သည်မှာ မှားလေစွဟု နောင်တရကာ နှလုံးမသာ ကုန်သည်မဖြစ်ကြပါလင့်၊ ဤသတိပေးစကားသည် သင်တို့အား ငါဘုရားတို့၏ အဖန်ဖန် အထပ်ထပ်ပေးတော်မူအပ်သော အဆုံးအမတော်ပေတည်း။

ယောဂီတို့ မိမိတို့အားထုတ်ရာတွင် ကျေနပ်မှုမရရှိပါက အားမငယ်ပါနဲ့၊ ဤနည်းဖြင့် ခုနစ်ရက်၊ တစ်လ၊ ဆရာသမားထံမှာ နည်းခံ၍ ကျကျနနအားထုတ်ကြည့်ပါ။ ကျေနပ်လောက်အောင် ဉာဏ်အထူးများဖြစ်ပေါ်လာသည်ကို တွေ့မြင်ရပါလိမ့်မည်။

ဝိပဿနာဘာဝနာ

မဟာစည် ဆရာတော်ဘုရားကြီး၏ ဟောပြောချက်များ

(အမေး) အဘယ်ကြောင့် ကမ္မဋ္ဌာန်းတရားကို အားထုတ်ရပါသနည်း။

(အဖြေ) နိဗ္ဗာန်သို့ရောက်၍-အိုခြင်း သေခြင်း စသော ဆင်းရဲဟူသမျှမှ လွတ်မြောက်ရန်အတွက် အားထုတ်ရပေသည်။ ။

ထိုစကားကို ချဲ့၍ ပြရလျှင် သတ္တဝါတို့သည် အိုခြင်း, နာခြင်း, သေခြင်းမရှိဘဲ ဆင်းရဲဒုက္ခကိုလည်းမတွေ့ရဘဲ အမြဲတမ်းချမ်းသာလျက်သာ နေလိုကြပေသည်။ သို့သော် ထိုသို့အလိုရှိသည့် အတိုင်းကားမဖြစ်ကြရပေ၊ အိုလည်းအိုကြရ၏၊ နာလည်း နာကြရ၏၊ ဘေးဒုက္ခ အမျိုးမျိုးနှင့်လည်းတွေ့၍ မိုးရိမ်ပူဆွေးကြရ၏၊ ငိုကြွေးကြရ၏၊ ကိုယ်ဆင်းရဲ အမျိုးမျိုး, စိတ်ဆင်းရဲအမျိုးမျိုးတို့ကိုလည်းမကြာ ခဏတွေ့ကြုံခံစားနေရကြရ၏၊ နောက်ဆုံးမှာ သေလောက်အောင် ဆင်းရဲတမျိုးမျိုးနှင့် တွေ့၍ မချိမဆန့် ဖြစ်ကာသေဆုံးသွားရလေ၏၊ ဤသို့သေရုံနှင့်လည်း အပြီးမသတ်သေး၊ ဘဝ၌ ခင်မင်တွယ်တာမှုမကင်းသေးသော ပုဂ္ဂိုလ်တွေမှာ တဖန်ဘဝသစ်၌ ဖြစ်ကြရပြန်သေး၏၊ ထို ဖြစ်ရာဘဝသစ်မှာလည်း အိုးခြင်း၊ နာခြင်း သေခြင်း စသော ဆင်းရဲတို့ကို နည်းတူပင် တွေ့ကြုံခံစားကြရပြန်၏၊ ဤနည်းဖြင့် သတ္တဝါတို့သည် တဘဝပြီးတဘဝ အသစ်အသစ်ဖြစ်ကာအလိုမရှိသော ဆင်းရဲဒုက္ခတို့ကို တွေ့ကြုံခံစားနေကြရလေသည်။

သို့ဖြစ်နေကြရာ၌ အကြောင်းရင်းဇစ်မြစ်ကို စီစစ်ကြည့်လျှင် " ဘဝအသစ်အသစ်ဖြစ်ပေါ်နေသောကြောင့်သာလျှင် " အိုခြင်း သေခြင်း စသော ဆင်းရဲမှုဟူသမျှမှ လွတ်မြောက်လိုလျှင် ဘဝအသစ် မဖြစ်ပေါ်နိုင်အောင် အားထုတ်ရပေမည်။

ဘဝသစ်ဟူသည်မှာလည်း လက်ရှိဘဝ၌ ခင်မင်တွယ်တာသော တဏှာရှိနေသောကြောင့်သာလျှင် (ဘဝဟောင်းမှ သေခါနီးဘွင် စွဲလမ်းခဲ့သော အာရုံကိုပင် ငြိတွယ်လျက် စိတ်ဝိညာဏ်အသစ်ဖြစ်ပေါ်ကာ) ဖြစ်ပေါ်လာနိုင်ပေသည်၊ သို့မဟုတ်လျှင်ကား မဖြစ်ပေါ်နိုင်ပါ။ ထို့ကြောင့် ဘဝသစ်မဖြစ်ပေါ်စေလိုလျှင် ယိုဘဝတဏှာ လုံးဝကင်းငြိမ်းသွားအောင် အားထုတ်ရပေမည်။

ထိုတဏှာမှာလည်း ဘဝဆိုင်ရာ ရုပ်, နာမ်တို့၏ အပြစ်ကိုမမြင်ခြင်း, ထိုဘဝ ရုပ်နာမ်တို့ထက် သာလွန်ကောင်းမြတ်လှစွာသော နိဗ္ဗာန်တရားကို မသိမမြင်ခြင်းဟူ သော ဤအကြောင်း

၂-ပါးကြောင့်သာလျှင် ဖြစ်လျက်ရှိနေပေသည်၊ ရုပ်နာမ်တို့၏ အပြစ်ကိုမြင်ကာ နိဗ္ဗာန်ကို ထင်ရှားသိရလျှင်ကား ထိုဘဝတဏှာမဖြစ်နိုင်တော့ပါ။ ဥပမာ "အလွန်ခေါင်းပါး၍ ဘေးရန်များလှသော အရပ်၌ နေထိုင်ရသော ဆင်းရဲသား သည် မိမိနေရပ်၏ အပြစ်ကို မမြင်သောကြောင့် ၎င်း သာယာဝပြော၍ ဘေးရန်ကင်း သော အရပ်၌ သွားရောက်နေထိုင်လျှင် ချမ်းသာမည်ကို မသိသောကြောင့် ၎င်းမိမိ၏ နေရပ်ကိုပင် အထင်ကြီးကာ တွယ်တာလျက် ရှိပေသည်။ မိမိနေရပ်၏ အပြစ်ကို၎င်း၊ သာယာဝပြောသော ထိုအရပ်၏ ဂုဏ်များကို၎င်း သိရပါမူ မိမိနေရပ်၌ မတွယ်တာတော့ဘဲ သာယာဝပြောသော ထိုအရပ်သို့သာ ပြောင်းရွှေ့သွားလေရာသကဲ့သို့ပင် ဤအချက် ကို သိအပ်ပေသည်၊ ထို့ကြောင့်ဘဝ၌ ခင်မင်တွယ်တာသော တဏှာကို လုံးဝကင်းငြိမ်းသွားစေလိုလျှင် ဘဝဆိုင်ရာရုပ်နာမ်တို့၏ အပြစ်ကိုမြင်၍ နိဗ္ဗာန်ကို မျက်မှောက်သိမြင်ရန်လိုပေသည်၊ ထိုသို့သိမြင်ခြင်းမှာလည်း ကမ္မဋ္ဌာန်းတရားကို အားထုတ်မှသာလျှင် ပြည့်စုံနိုင်ပေသည်။

သို့ဖြစ်၍ နိဗ္ဗာန်သို့ရောက်ကာ အိုခြင်း၊ နာခြင်း၊ သေခြင်းစသော ဆင်းရဲဟူ သမျှမှ လွတ်မြောက်လိုလျှင် ထိုနိဗ္ဗာန်ကို ရက်နော က်သိမြင်ရန်အတွက် ကမ္မဋ္ဌာန်းတရား ကို အားထုတ်အသိပေးသည်။

သုဒ္ဓဝိပဿနာယာနိက

ယခုအခါ သုဒ္ဓဝိပဿနာ ယာနိကလမ်းဖြင့် ဝိပဿနာရှုပုံကို ပြဆိုပေအံ့။

ရှေး၌ ပြခဲ့သည့်အတိုင်း ရုပ်နာမ်အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောသတို့ကို ကြားနာ မှတ်သားဘူးသောသူသည် သမထကို မထူထောင်တော့ဘဲ ဝိပဿနာ သက်သက်ကိုသာ အားထုတ်လိုလျှင် ဆိတ်ငြိမ်သောအရပ်၌ တင်ပလ္လင်ခွေလျက်ဖြစ်စေ၊ ကြာရှည်စွာထိုင်နေနိုင်မည့်အခြားနည်းဖြင့် ဖြစ်စေ ထိုင်နေလျက် ကိုယ်ထဲ၌ ထင်ရှား ဖြစ်ပေါ်နေ သော ဥပါဒါနက္ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို ဖြစ်တိုင်းဖြစ်တိုင်း မပြတ်ရှုနေရာ၏။

ဥပါဒါနက္ခန္ဓာငါးပါး ဟူသည်မှာ မြင်ခိုက်၊ ကြားခိုက်၊ နံသိခိုက်၊ စားသိခိုက်၊ ထိသိခိုက်၊ ကြံသိခိုက်၊ ဟူသော (၆)ပါးတို့၌ ထင်ရှားတွေ့နေရသော တရားများပင် ဖြစ်သည်။

ထိုတွင် မြင်ခိုက်၌ မြင်ရသောအဆင်းရုပ်ကို၎င်း၊ မြင်ရာဌာန မျက်စိရုပ်ကို၎င်း ထင်ရှားတွေ့ရ၏။ ၎င်းတို့မှာရုပ်ခန္ဓာတရားစုမျှသာဖြစ်သည်။ နှစ်သက်သာယာဘွယ်လည်းမဟုတ်၊ အတ္တအသက်ကောင်ငါကောင်လည်း မဟုတ်ပါသော် ၎င်းတို့ကို ဖြစ်တိုင်းဖြစ်တိုင်း မရှုမိသော သူတို့မှာ "ချက်ချင်းပင် ပျောက်ပျောက်သွားသည်၊ မမြဲဘူး" ဟူ၍လည်းမသိကြ၊ "ခဏမစဲဖြစ်ပြီး၊ ခဏမစဲ ပျောက်ပျက်နေသည်၊ ဆင်းရဲချည်း"ဟူ၍လည်းမသိကြ၊ "အတ္တမဟုတ် အသက်ကောင်မဟုတ် သူ့သဘောအတိုင်း သူဖြစ်ပျက်နေသော အနတ္တသဘောတရားမျှသာ" ဟူ၍လည်းမသိကြ။ ထိုကြောင့် ထိုမြင်ရသောအဆင်းနှင့် မျက်စိတိုကို နှစ်သက်သာယာလျက်လည်း စွဲလမ်းကြ၏၊ အတ္တကောင်အသက်ကောင် ငါကောင်ဟု ထင်မှတ်လျက်လည်း စွဲလမ်းကြ၏။ ဤသို့သာယာ ထင်မှတ်လျက် စွဲလမ်းအပ်သောကြောင့် ထိုအဆင်းရုပ်နှင့် မျက်စိရုပ် တို့ကို ရုပ်ဥပါဒါနက္ခန္ဓာဟု

ခေါ်ရပေသည်။

ထိုပြင် ထိုအဆင်းအာရုံကို မြင်သိခြင်း(စက္ခုဝိညာဏ်) ခံစားခြင်း(ဝေဒနာ) မှတ်သားခြင်း (သညာ) မြင်ရအောင်အားထုတ်ခြင်း(သင်္ခါရ)ဟူသော အသိနာမ်တရား စုများကိုလည်း (ထိုမြင်ခိုက်မှာပင်) ထင်ရှားတွေ့ရ၏။ ၎င်းတို့မှာလည်း နာမ်ခန္ဓာတရားစု မျှသာဖြစ်သည်၊ နှစ်သက် သာယာဘွယ်လည်း မဟုတ်၊ အတ္တအသက်ကောင်ငါကောင်လည်း မဟုတ်ပါ၊ သို့သော် ၎င်းတို့ကို ဖြစ်တိုင်းဖြစ်တိုင်း မရှုမိသောသူတို့မှာ "မမြဲဟူ၍၎င်း ဆင်းရဲဟူ၍၎င်း၊ အနတ္တဟူ၍၎င်း" မသိကြသောကြောင့် နှစ်သက်သာယာလျက် လည်းစွဲလမ်းကြ၏၊ "ငါကပင်မြင်သည် ငါကပင်ခံစားသည် ငါကပင်မှတ်သားသည် ငါကပင်စူးစိုက်ကြည့်သည်" ဟု အတ္တကောင် အသက်ကောင် ငါကောင် ထင်မှတ်လျက် လည်းစွဲလမ်းကြ၏၊ ဤသို့ သာယာ ထင်မှတ်လျက် စွဲလမ်းအပ်သောကြောင့် ၎င်းနာမ် တရားစုတို့ကိုလည်း ဝိညာဏ် ဥပါဒါ၊ နက္ခန္ဓာ၊ ဝေဒနာ ဥပါဒါနက္ခန္ဓာ၊ သညာ ဥပါဒါနက္ခန္ဓာ၊ သင်္ခါရဥပါဒါနက္ခန္ဓာဟု ခေါ်ရပေသည်။

ဤသည်ကား မျက်စိဖြင့် အဆင်းကို မြင်ခိုက်၌ ဥပါဒါနက္ခန္ဓာငါးပါးရုပ်နာမ် တရားတို့ ထင်ရှားပုံပေတည်း၊ နားဖြင့်အသံကိုကြားခိုက်၊ နှာခေါင်းဖြင့် အနံ့ကို နံသိခိုက်၊ လျှာဖြင့် အရသာကို စားသိခိုက်၊ ကိုယ်ဖြင့် အတွေ့အထိကို ထိသိခိုက်၊ နှလုံးဖြင့် သိသော အာရုံကို ကြံသိခိုက် တို့၌လည်း ဥပါဒါနက္ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ ထင်ရှားပုံကို နည်းတူပင်သိအပ်၏၊ အထူးကား သဘောအာရုံမှာ ရုပ်နာမ်နှစ်မျိုးလုံးနှင့် ဆိုင်၏၊ ဤမျှသာထူးသည်။

ဤသို့ခဏ(၆)ပါးဒွါရ(၆)ပါးလုံး၌ ရုပ်နာမ်တရားတို့ ထင်ရှားဖြစ်ပေါ်နေကြသော်လည်း အားထုတ်ခါစ ပုဂ္ဂိုလ်မှာ ထိုဖြစ်ပေါ်တိုင်းသော ရုပ်နာမ်တို့ကို ဖြစ်ပေါ်စဉ်အတိုင်း လိုက်၍ ရှုရန်မစွမ်းနိုင်သေးပါ၊ ဝိပဿနာ ဟူသည်မှာလည်း အထူးထင်ရှား ရာကစ၍ ရှုရ၏၊ စာသင်ရာ၌ လွယ်လွယ်ကကူကူစ၍ သင်ရသကဲ့သို့ပင်တည်း။ ထို့ကြောင့်·

ရုပ်နှင့်နာမ် နှစ်မျိုးတို့တွင် သာ၍ထင်ရှားသော ရုပ်ကိုစ၍ ရှုရ၏၊ ထိုရုပ်တို့ ဘွင်လည်း မြင်ရ၊ ကြားရ၊ နံသိရ၊ စားသိရသော (ဥပါဒါ)ရုပ်တို့ထက် တွေ့ထိရသော ဘူတရုပ်တို့က သာ၍ထင်ရှား၏၊ ထို့ကြောင့် ကိုယ်ထဲ၌ တွေ့ထိရသော ရုပ်ကိုစ၍ ရှုရ၏။

သို့ဖြစ်၍ အထူးထင်ရှားသော ထိုတွေ့ထိရုပ်ကို ရှုရန်အလို့ငှာ ထိုင်နေသည့် တကိုယ်လုံးကို သတိဖြင့်စူးစိုက်၍ "ထိုင်သည် ထိုင်သည်" ဟု မပြတ်ရှုနေရ၏၊ ထိုသို့ ရှုနေရင်း တင်ပါးကဖြစ်စေ၊ ခြေထောက်ကဖြစ်စေ တနေရာရာမှ တွေ့ထိမှုကိုလည်း ထင်ရှားတွေ့ရလိမ့်မည်။ ထိုအခါ ထိုတွေ့ထိမှုနှင့်တွဲ၍ " ထိုင်သည် ထိသည်၊ ထိုင်သည် ထိသည် " ဟု ထိုင်နေသော ကိုယ်ထဲမှာတလှည့် ထိနေသော နေရာမှာ တလှည့်အားဖြင့် တလှည့်စီပြပြတ်ရှုနေရသည်။

" ထိုင်သည် ထိသည် " ဟု ဤနည်းဖြင့် ရှုရသည်ကို ခက်သည်ဟု ထင်လျှင် ထွက်လေဝင်လေထိခိုက်ရာ၌ စူးစိုက်၍ " ထိသည် ထိသည် ထိသည် " ဟု ဤသို့လည်းရှုနိုင်၏။ သို့မဟုတ်၊ အသက်ရှုတိုင်း ဝမ်းဗိုက်ထဲ၌ ဖောင်းချည် ပိန်ချည် လှုပ်ရှားလျက် တွေ့ထိရသော ရုပ်ကိုလည်း ရှုနိုင်၏။

ရှုပုံမှာ. . . ရှေးဦးစွာ စိတ်သတိကို ဝမ်းဗိုက်၌ စူးစိုက်ထားပါ။ ဖောင်းတက် လာလိုက် ပိန်ကျသွားလိုက်နှင့် လှုပ်ရှားလျက် ဗိုက်ထဲမှာ တွေ့ထိမှုများ မပြတ်ဖြစ်နေသည်ကို တွေ့ရလိမ့်မည်၊ စိတ်စိုက်ထားရုံမျှဖြင့် မထင်ရှားသေးလျှင် ဗိုက်မှာလက်နှင့်ထိထားပါ။ အသက်အောင့်ထားခြင်း၊ မြန်မြန်ရှူခြင်း၊ ပြင်းပြင်းရှူခြင်းများကို ကားမပြုရ၊ ပကတိရှူနေကျအတိုင်း မှန်မှန်သာ ရှူလျက်ရှိစေရမည်။ ဖောင်းတက်လာခိုက်မှာ ဖောင်းသည်ဟုရှုပါ၊ တရွေ့ချင်း ဖောင်းတက်လာသည်ကို အစမှအဆုံးတိုင်အောင် အစဉ်မပြတ် သိလျက်ရှိပါစေ၊ ပိန်ကျခိုက်မှာလည်း ပိန်သည်ဟု ရှုပါ၊ တရွေ့ချင်း ပိန်ကျသွားသည်ကို အစဉ်မပြတ် သိလျက်ရှိပါစေ၊ ဖောင်းတိုင်းပိန်တိုင်း " ဖောင်းသည် ပိန်သည် ဖောင်းသည် ပိန်သည် ဖောင်းသည် ပိန်သည်" ဟု မပြတ်ရှုနေပါ။

အထူးသတိပြုရန်. . . ဖောင်းသည် ပိန်သည် စသော အမည်ကလေးများမှာ နှုတ်ကရွတ်ဆိုရန် မဟုတ်ပါ၊ စိတ်မျှဖြင့်သာလျှင် အမည်တပ်၍ရှုနေရန် ဖြစ်ပါသည်။ ထိုအမည်မှာလည်း လိုရင်းမဟုတ်ပါကိုယ်ထဲ၌ တကယ်ဖြစ်ပေါ်လာသော လှုပ်ရှားတွေ့ထိမှုစသည်ကို သိခြင်းကသာ လိုရင်းဖြစ်ပါသည်။ သို့သော် အမည်မပါဘဲ စိတ်သက်သက်ဖြင့် ရှုနေလျှင် အာရုံနှင့်စိတ်ကောင်းကောင်းမကပ်ခြင်း၊ အသီးအသီးပိုင်းခြား၍ မသိခြင်း၊ ဝီရိယလျော့လျော့သွားခြင်းစသော အပြစ်များ ဖြစ်တတ်သည်။ ထို့ကြောင့် စိတ်ဖြင့် အမည်တပ်၍ ရှုရန် ညွှန်ကြားထားခြင်း ဖြစ်ပေသည်။

ဤသို့ဖောင်းသည် ပိန်သည် ဖောင်းသည် ပိန်သည်ဟု ရှုနေစဉ်မှာပင် တခြားတပါး အာရုံများဆီသို့ ထွက်ထွက်သွားသော စိတ်များလည်းရှိလိမ့်မည်။ ထိုစိတ် များကိုလည်း သူဖြစ်သည့်အတိုင်းပင် ရှုရမည်။ ရှုပုံမှာ. . . တခြားသို့ ထွက်သွားသည်ဟု ထင်လျှင် ၎င်းစိတ်ကို ထွက်သည်ဟု ရှုလိုက်ပါ။ ကြံသည်ဟုထင်လျှင် ကြံသည်ဟု ရှုလိုက် ပါ၊ စဉ်းစားသည်ဟု ထင်လျှင် စဉ်းစားသည်ဟု ရှုလိုက်ပါ။ လိုချင်လျှင် လိုချင်သည် ဟု၊ နှစ်သက်လျှင် နှစ်သက်သည်ဟု၊ စိတ်ဆိုးလျှင် စိတ်ဆိုးသည်ဟု၊ စိတ်ပျက်လျှင် စိတ်ပျက်သည်ဟု၊ ပျင်းလျှင် ပျင်းသည်ဟု၊ ပျော်လျှင်ပျော်သည်ဟု ဤသို့စသည်ဖြင့် ၎င်းစိတ်ပျောက်သွားသည်တိုင်အောင် ဆင့်ကာဆင့်ကာ ရှုရမည်။ ၎င်းစိတ်ပျောက်သွား သောအခါ ဖောင်းသည် ပိန်သည် ဖောင်းသည် ပိန်သည်ဟု မူလရှုနေကျအတိုင်းပင် ပြန်၍မပြတ်ရှုနေရသည်။

ကိုယ်ထဲ၌ ညောင်းမှုပူမှု နာကျင်ကိုက်ခဲမှုစသော မခံသာမှု(ဒုက္ခဝေဒနာ)များ ဖြစ်ပေါ်လာလျှင် ထိုမခံသာမှုကိုပင် စူးစိုက်၍ " ညောင်းသည် ညောင်းသည်၊ ပူသည်ပူသည်၊ နာသည် နာသည် " စသည်ဖြင့် ရှုနေရမည်။ ထိုမခံသာမှုပျောက်ငြိမ်း သွားသောအခါ ဖောင်းမှု ပိန်မှုကိုသာလျှင် ရှုမြဲမပြတ်ရှုနေရသည်။

သို့ရာတွင် ညောင်းမှု ပူမှုစသည်ပြင်းထန်လှသဖြင့် အလွန်မခံသာလှသော အခါမှာ လက်ခြေကိုယ်အနေအထိုင်များကို ပြောင်းလဲ ပြုပြင်ပေးရ၏။ ထိုအခါ လှုပ်ရှား ပြုပြင်သော ကိုယ်အမူအရာများကို စူးစိုက်၍ " ကွေးသည် ကွေးသည်၊ ဆန့်သည် ဆန့်သည်၊ လှုပ်သည်

လှုပ်သည်၊ ရွေ့သည်ရွေ့သည်၊ ကြွသည်ကြွသည်၊ ချသည်ချသည်"စသည်ဖြင့် သူဖြစ်ပေါ်သည့်အတိုင်း အစဉ်မပြတ်လိုက်၍ ရှုသွားရသည်။ ထိုအမူအရာ ပြီးဆုံးသွားသောအခါ ဖောင်းမှုပိန်မှုကိုသာပြန်၍ ရှုမြဲပင်ရှုနေရသည်။

တစုံတရာကို ကြည့်မိလျှင် " ကြည့်သည် မြင်သည်၊ ကြည့်သည်မြင်သည် " ဟုရှုရသည်။ မကြည့်ဘဲ အလိုလိုမြင်သွားလျှင် "မြင်သည် မြင်သည်" ဟုရှုရသည်၊ နားထောင်မိလျှင် "နားထောင်သည် ကြားသည်၊ နားထောင်သည် ကြားသည်" ဟုရှုရသည်။ အလိုလိုကြားရလျှင် "ကြားသည် ကြားသည်" ဟု ရှုရသည်။ စဉ်းစားမိလျှင် "စဉ်းစားသည် စဉ်းစားသည်" ဟုရှုရသည်။ ပြီးလျှင် ဖောင်းမှု ပိန်မှုကို ရှုမြဲပင် ပြန်ရှုနေရသည်။

ထိုင်ရာမှထသောအခါ ရပ်သောအခါ၊ လှဲအိပ်သောအခါ စသည်တို့၌လည်း ပြုတိုင်းပြုတိုင်းသော ကိုယ်အမူအရာများကို စေ့စေ့စပ်စပ်ရှုလျက်သာ ပြုပြင်ရသည်၊ လမ်းလျှောက်သွားသောအခါ၌ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း လှုပ်ရှားမှုများကို အစမှ အဆုံးတိုင် သေသေချာချာသိအောင် စူးစိုက်၍ သွားသည်ဟုဖြစ်စေ၊ " လှမ်းသည် လှမ်းသည် " ဟုဖြစ်စေ၊ " ကြွသည်၊ လှမ်းသည်၊ ချသည် " ဟု ဖြစ်စေ စေ့စေ့စပ်စပ် ရှုလျက်ရှုလျက်သာ သွားရသည်။

အကျဉ်းချုပ်အားဖြင့် ဆိုလျှင် . . . ကွေးမှုဆန့်မှု စသောကိုယ်လက်လှုပ်ရှား ပြုပြင်မှုဟူသမျှကို ဖြစ်ပေါ်လာတိုင်းသိအောင် ရှုရသည်၊ ကိုယ်ထဲစိတ်ထဲ၌ ဖြစ်ပေါ်လာ သောဝေဒနာဟူသမျှကိုလည်း ဖြစ်ပေါ်လာတိုင်းသိအောင်ရှုရသည်။ စိတ်ကူးစဉ်းစားမှုဟူသမျှကိုလည်း ဖြစ်ပေါ်လာတိုင်း သိအောင်ရှုရသည်။ ဤလိုအကြောင်းများမရှိဘဲ ငြိမ်လျက် ထိုင်နေသောအခါ လဲလျောင်းနေသောအခါများမှာ ကိုယ်ထဲမှ ထင်ရှားသော အတွေ့အထိတခုခုကို မပြတ်ရှုနေရသည်။ ဤ၌ကား အထူးထင်ရှား၍ ပြောပြရန် ရှုရန် လွယ်ကူသော ဖောင်းမှုပိန်မှုကိုသာ ပင်တိုင်ထား၍ ရှုရန်ညွှန်ကြားထားပေသည်၊ သို့သော် အလိုရှိပါလျှင် ပဌမကပြခဲ့သော ထိုင်မှုထိမှုတို့ကိုငှင်း ထွက်လေဝင်လေ၏ ထိမှုကိုငှင်း ပင်တိုင်ထား၍လည်း ရှုနိုင်သေး၏။

ပေါ်ရာပေါ်ရာကို အလွယ်တကူရှုနိုင်သောအခါ၌ကား ဤကဲ့သို့ ပင်တိုင်ရှုစဉ် ထားရန် မလိုတော့ပြီ။ မြင်တိုင်းကြားတိုင်း နံသိတိုင်း စားသိတိုင်း ထိသိတိုင်း ကြံသိ တိုင်း ပေါ်သမျှကို ဖြစ်ပေါ်စဉ်အတိုင်းပင် ရှုသွားရသည်။

ယောဂီသည် ဤနည်းဖြင့် မပြတ်ရှုနေလျှင် သမာဓိဉာဏ်အားရှိလာသောအခါ မှာ တစက္ကန့်အတွင်းမှာပင် စိတ်အကြိမ်ကြိမ်ပေါင်းများစွာ ဖြစ်ပျက်နေသည်ကို ကိုယ်တိုင် ပင်တွေ့ရသိရ၏။ သို့သော် ရှုကာစ ယောဂီမှာ ထိုမျှ လျှင်မြန်စွာမသိနိုင်သေးပေ။ ဤအရာ၌ စာဖတ်သင်ကာစ ပုဂ္ဂိုလ်နှင့် ကောင်းကောင်းဖတ်တတ်ပြီး ပုဂ္ဂိုလ်တို့၏ စာဖတ်နေ ပုံ မြန်ပုံများနှင့် နှိုင်းယှဉ်၍ သိနားလည်အပ်၏။ သို့သော် အားထုတ်စပုဂ္ဂိုလ်သည်လည်း တစက္ကန့် တစက္ကန့်လျှင် ရှုသိမှု တကြိမ်တကြိမ်ကျထက်မနည်း ရှုသိနိုင်အောင် အမြဲ မပြတ်အားထုတ်၍ ရှုနေရသည်။

ဤကားဝိပဿနာရှုပုံအခြေခံအကျဉ်းချုပ်ပေတည်း

* * * * * *

ဝိပဿနာသမာဓိဉာဏ်ဖြစ်ပုံ

ယခုပြဆိုခဲ့သည့်အတိုင်း တစက္ကန့်တစက္ကန့်မှာ တကြိမ်တကြိမ်ထက်မနည်း မပြတ်ရှုနိုင်ရန် အားထုတ်နေသော်လည်း အားထုတ်ခါစပုဂ္ဂိုလ်မှာ မရှုမိဘဲမေ့သွားသော ကိုယ်အမူအရာ စိတ်အမူအရာတို့လည်း များစွာပင်ရှိပေလိမ့်မည်။ သမထပိုင်းက ပြခဲ့သည့်အတိုင်း တခြားဘပါးသို့ ရောက်နေသော နီဝရဏစိတ်များလည်း များစွာပင်ရှိပေလိမ့်မည်။ အထူးမှာ သမထလုပ်ငန်းစဉ်၌ ထိုမေ့သွားသည့်စိတ်များ၊ တခြားသို့ ထွက်သော စိတ်များကို ရှုရန်မလိုပြီ၊ ရှုမြဲသမထအာရုံကို ပြန်၍ရှုရန်သာ လိုပေသည်။ ဤဝိပဿနာ လုပ်ငန်းစဉ်၌ ကားလိုမေ့သွားသည်စိတ်များ တခြားသို့ထွက်သွားသည်စိတ်များကိုလည်း ရှုသိရ၏။ ထိုသို့ရှုသိပြီးမှ ဖောင်းမှုပိန်မှုစသော ရှုမြဲကိုပြန်၍ ရှုသွားရပေသည်။ ဤကား သမထနှင့် ဝိပဿနာတို့၌ နီဝရဏကို ပယ်ခြင်းနှင့်စပ်၍ လုပ်ငန်းစဉ်ထူးခြားပုံတရပ် ပေတည်း။

[သမထဘာဝနာမှာ တခုတည်းသောအာရုံ၌ စိတ်တည်တံ့နေအောင် သမထအာရုံကိုသာ မပြတ်ရှုနေရ၏၊ သမထအာရုံကိုသာ မပြတ်ရှုနေရ၏၊ သမထအာရုံ မဟုတ်သော ရုပ်နာမ်အာရုံကိုကား ရှုရန်တာဝန်မရှိ ထို့ကြောင့် တရံတခါ၌ ကြံစည် စဉ်းစားနေသော နီဝရဏစိတ်များ ဖြင်ပေါ်လာသော်လည်း ၎င်းတို့ကိုကား ရှုရန်မလို၊ ပယ်ရန်သာလို၏။

ဝိပဿနာဘာဝနာမှာ ဒွါရ (၆) ပါးက ဖြစ်ပေါ်လာမျှရုပ်နာမ်ကို့ကို ရှုရသောကြောင့် တရံတခါ၌ မရှုမိဘဲမေ့လျက် တခြားကို စဉ်းစားမိသောစိတ်များ၊ လိုချင် နှစ်သက်မှုစသော နီဝရဏစိတ်များ ဖြစ်ပေါ်လာလျှင် ထိုစိတ်များကိုလည်း ဖြစ်ပေါ်လာ လျှင် ထိုစိတ်များကိုလည်း ရှုအပ်သည်သာ၊ မရှုမိလျှင်၎င်း စိတ်များကိုလည်း နိစ္စ၊ သုခ၊ အတ္တဟု စွဲလမ်းမှု ကျရောက်မည်ချည်းသာ၊ သို့ဖြစ်၍ ထိုသို့သောစိတ်များဖြစ်ပေါ် လာလျှင် သမထအလုပ်မှာကဲ့သို့ အသဘ်အမန-သိကာရ နှလုံးမသွင်းဘဲ ယားရုံမျှဖြင့် ကိစ္စမပြီးသေး၊ ၎င်းတို့ကိုလည်း သဘာဝလက္ခဏာ သာမညလက္ခဏာတို့ဖြင့် မှန်ကန်စွာ သိအောင် ရှုမှသာလျှင် စွဲလမ်းမှုကင်းစေနိုင်၍ ဝိပဿနာကိစ္စပြီးပေသည်။]

ဤသို့ရှုဖန်များသောအခါ တခြားသို့ ပျံ့လွင့်သောစိတ်မှာ မရှိသလောက်ပင် ကင်းငြိမ်းနေလိမ့်မည်။ တခြားသို့ စိတ်ထွက်လျှင်လည်း ချက်ခြင်းပင် ရှုသိနိုင်၍ ချက်ခြင်းပင် ထိုစိတ်ပျံ့ငြိမ်းသွားလိမ့်မည်။ တရံတခါမှာ တခြားသို့ ထွက်ရန် စိတ်ဦးလှည့် လိုက်သည်ကိုပင် ရှုသိနိုင်၍ တခြားသို့ မထွက်တော့ဘဲ ရှုမြဲပင် တစဉ်တည်း အခြေမပျက် ရှုသိနေနိုင်သည်ကိုလည်း တွေ့ရလိမ့်မည်။ ထိုအခါမှာ ရှုရာ ရှုရာ အာရုံ၌ ကပ်ခနဲ ကပ်ခနဲအံကျကိုက်လျက် တည်တည်နေသော သမာဓိသည် ဝိပဿနာခဏိက သမာဓိ မည်၏။ ကာမစ္ဆန္ဒစသော နီဝရဏတို့မှ ကင်းနေသောကြောင့် သမထလမ်းက ဥပစာရ သမာဓိနှင့်လည်း ညီမျှ၏။ ပျံ့လွင့်ပြေးသွားသော ထိုနီဝရဏတို့နှင့် ရောနှောခြင်းမရှိဘဲ ရှုသိမှု ဘာဝနာစိတ်ချည်း ရှေးနောက် တစပ်တည်း စင်ကြယ်လျက်ရှိသောကြောင့် စိတ္တဝိသုဒ္ဓိလည်းမည်၏။

ထိုအခါရှုတိုင်းရှုတိုင်း ရှုမိသည့် ဖောင်းမှုပိန်မှုစသော ရုပ်အပေါင်းကို အသိ နာမ်နှင့်၎င်း

အခြားရုပ်များနှင့်၎င်း၊ မရောယှက်စေဘဲ သီးသန့်ပိုင်းခြား၍သိ၏၊ ရှုမှုကြံ သိမှု မြင်မှုစသော နာမ်အပေါင်းတို့လည်း ရုပ်နှင့်၎င်း၊ အခြားနာမ်များနှင့်၎င်း မရောယှက်စေဘဲ သီးသန့်ပိုင်းခြား၍ သိ၏။ တကြိမ်တကြိမ်ရှုခိုက်မှာ ပင်ကိုယ်ရုပ်နှင့် အသိစိတ်ကို တခြားစီပိုင်းခြား၍သိ၏။ ဤသို့နာမ်နှင့် ရုပ်ကို ပိုင်းခြား၍ သိခြင်းသည် နာမရူပ ပရိစ္ဆေဒဉာဏ်မည်၏။

ထိုသို့သိဖန်များသောအခါ "ဤကိုယ်ထဲ၌ ဖေါင်းမှုပိန်မှုလှုပ်ရှားမှုစသော အာရုံကို မသိတတ်သည့် ရုပ်တရားနှင့်ရှုသိမှု မြင်သိမှုစသော အာရုံကို သိတတ်သည့် နာမ်တရားဟူ၍ ဤရုပ်နာမ် ၂-မျိုးသာရှိသည်။ ဤရုပ်နာမ်မှတပါး ပုဂ္ဂိုလ်သတ္တဝါ ကောင်မည်သည် မရှိတော့ပြီ" ဟု သိမြင်သဘောကျသွား၏၊ ရှုနေရင်းပင် ဤသို့သိမြင် သဘောကျသွားခြင်းသည် ဒိဋ္ဌိဝိသုဒ္ဓိမည်၏။

ထိုနောင် ဆက်လက်၍ အားထုတ်နေလျှင် ရှုတိုင်းရှုတိုင်း အကြောင်းအကျိုး ဆက်စပ်လျက် ထိုရုပ်နာမ်များဖြစ်ပေါ် နေကြသည်ကိုလည်း သိမြင်သဘောကျလာ၏၊ သိပုံကား . . . ကွေးချင်ဆန့်ချင် လှုပ်ရှားပြုပြင်ချင်သောစိတ်ကြောင့် ကွေးရုပ်ဆန့်ရုပ် လှုပ်ရှားပြုပြင်ရုပ်များ ဖြစ်ပေါ်လာကြသည်ကို ၎င်းအပူအအေးဓာတ်ကြောင့် ပူရုပ် အေးရုပ်များ ပြောင်းလဲဖြစ်ပေါ် လာကြသည်ကို၎င်း အစာအာဟာရကြောင့် ရုပ်သစ်များဖြစ်ပေါ်လာကြသည်ကို၎င်း မျက်မှောက် တွေ့လျက် သိမြင်သဘောကျ၏။ ထိုပြင် မျက်စိနှင့်အဆင်း၊ နားနှင့်အသံ စသည်ရှိ၍ မြင်မှု ကြားမှု စသည်တို့ ဖြစ်ပေါ်လာကြသည်ကို၎င်း (ဖောင်းမှု ပိန်မှု စသော ရှုစရာအာရုံရှိ၍ ရှုသိမှုဖြစ်ပေါ်လာသည်ကို၎င်း) နှလုံးသွင်းမှုရှိ၍ ထိုထိုအာရုံများဆီသို့ စိတ်က ရောက်ရောက် သွားသည်ကို၎င်း မျက်မှောက်တွေ့လျက် သိမြင်သဘောကျ၏။ ထိုပြင် ကောင်းသည် ချမ်းသာ သည်ဟု ထင်သောအဝိဇ္ဇာ၊ ကောင်းစား ချမ်းသာချင်သော တဏှာတို့ကြောင့် ကြံစည်အားထုတ် ပြုလုပ်နေကြသည်ကို၎င်း၊ ထိုပြုလုပ်မိရာကိုပင် စွဲလမ်း၍ စိတ်ဝိညာဏ် အသစ်အသစ် ဖြစ်ပေါ်နေသည်ကို၎င်း၊ သေခြင်းဟူသည်မှာလည်း ရှုသိရသော ဤစိတ်လေးမျိုး နောက်ဆုံး ပျောက်ကွယ်သွားခြင်းပင် ဟူ၍၎င်း၊ ဘဝအသစ်ဖြစ်ခြင်းဟူသည်မှာလည်း မှီရာရုပ်နှင့်တကွ ဤစိတ်ကလေးမျိုးအသစ် ဖြစ်ပေါ်လာခြင်းပင်ဟူ၍၎င်း ဤသို့ စသည်ဖြင့်လည်း သိမြင် သဘောကျ၏၊ ဤသို့ အကြောင်းတရားကိုပါ သိမြင်ခြင်းသည် ပစ္စယပရိဂ္ဂဟဉာဏ်မည်၏။

ဤသို့ အကြောင်းနှင့် အကျိုးမျှသာ ဆက်စပ်လျက်ဖြစ်နေသည်ကို သဘောကျ သောအခါ " ရှေးကလည်း ဤလိုအကြောင်းအကျိုး ရုပ်နာမ်မျှသာ ရှိခဲ့သည်။ နောင်လည်း ဒီလို အကြောင်းအကျိုး ရုပ်နာမ်မျှသာ ရှိမည် " ဟူ၍လည်း သိမြင်သဘောကျ၏။ ဤသို့ သိမြင်သဘောကျခြင်းသည် ကင်္ခါဝိတရဏ ဝိသုဒ္ဓိမည်၏။

အကြောင်းအကျိုး ရုပ်နာမ်မျှသာရှိသည်ဟု မသိသေးမီက ထိုရုပ်နာမ်များကိုပင် အတ္တကောင် ငါကောင်ထင်မှတ်၍ " ရှေးကလည်း ငါရှိခဲ့လေသလော၊ ယခုမှဘဲ ရှိလာလေ သလော၊ ဒီငါဟာသေပြီးတဲ့နောက်မှာလည်း ရှိဦးမည်လေလော"ဟု ဤသို့သော တွေးတော ယုံမှားမှုမျိုး ဖြစ်ပေါ်နိုင်၏၊ ယခုမူကား ထိုယုံမှားမှုမျိုး မဖြစ်နိုင်တော့ ပြီ၊ ထိုယုံမှားမှုမျိုးကို

လွန်မြောက်သွားပြီဟု ဆိုလို၏။

ဆက်လက်၍ အားထုတ်နေလျှင် ရှုတိုင်းရှုတိုင်းသော ရုပ်နာမ်များသည် ဖြစ်ပေါ်လာပြီးလျှင် ပျောက်ပျောက်သွားကြသည်ကိုသာ တွေ့ရသောကြောင့် မမြဲဟူ၍လည်း သုံးသပ်ဆင်ခြင်မိ၏၊ အနိစ္စ သမသနဉာဏ်ပင်တည်း။

ဖြစ်လိုက်ပျက်လိုက်နှင့် ဖြစ်မှုပျက်မှုကမပြတ် နှိပ်စက်နေသည်ကိုသာ တွေ့ရသောကြောင့် " နှစ်သက်သာယာဘွယ်အားကိုးဘွယ်မရှိ၊ ကြောက်ဘွယ်ကောင်းသော ဆင်းရဲချည်း" ဟူ၍လည်း သုံးသပ်ဆင်ခြင်မိ၏။ ဒုက္ခသမ္မသန ဉာဏ်ပင်တည်း။

ကိုယ့်အလိုအတိုင်းမဖြစ်မူ၍ သူ့သဘောအတိုင်းသာ ဖြစ်ပျက်နေသည်ကို တွေ့ရသောကြောင့် "အစိုးရသောအတ္တကောင် ငါကောင်မဟုတ် အနတ္တသဘောတရား ချည်း" ဟူ၍လည်း သုံးသပ် ဆင်ခြင်မိ၏၊ အနတ္တသမ္မသနဉာဏ်ပင်တည်း။

ဤသို့ သုံးသပ်ဆင်ခြင်၍ အားရသောအခါ မသုံးသပ်မဆင်ခြင်းတော့ဘဲ ရှုရုံသာရှုလျက်ရှိ၏၊ ထိုအခါ ရှုတိုင်းရှုတိုင်း ရှုမိသောအာရုံ၏ အစဖြစ်ပေါ်လာပုံကို လည်း ရှင်းလင်းပြတ်သားစွာ သိရ၏၊ ထိုအာရုံ၏ ဟိကနဲပြတ်ဆုံး သွားပုံကို လည်းရှင်းလင်း ပြတ်သားစွာသိရ၏၊ အလင်းရောင်များ၊ နှစ်သိမ့်အားရမှုများ၊ စိတ်အေးချမ်းမှု များ၊ ဘုရားတရားနှင့် စပ်သော သဒ္ဓါကြည်ညိုမှုများ၊ ယက်သန်သော အားထုတ်လို မှုများ၊ ဝမ်းသာမှုများ၊ အလွန်လျှင်မြန် သန့်ရှင်းသော သိမှုများ၊ ရှုစရာအာရုံများကို အလွတ်မရှိအောင် အမှတ်ရလျက် ရှုနိုင်မှုများ၊ အထူးကြောင့်ကြမပြုရဘဲ ရှုသိနိုင်မှု များ ရှုရသည်၌ ပျော်လျက်နှစ်သက်သာယာမှုများဟူသော ဤထူးခြားသော သဘော တရားတို့သည်လည်း ဖြစ်ပေါ်လာတတ်ကုန်၏။ ထိုကြောင့် ယောဂီသည် မိမိ၏ဖြစ်ပုံ များကို မပြောရဘဲ မနေနိုင်လောက်အောင် ဝမ်းသာတက်ကြွလျက်ရှိတတ်၏။ တရား ထူးကို ရပြီဟူ၍လည်း ထင်မှတ်တတ်၏၊ နုသောဥဒယဗ္ဗယဉာဏ်နှင့် မဂ်မှားပေတည်း။

ထိုအလင်းရောင်စသည်တို့ကို "တရားထူးမဟုတ်သေး " ဟူ၍၎င်း၊ " ပေါ်လာ သမျှကို ရှုရုံသာ မပြတ်ရှုနေခြင်းသည်သာလျှင် တရားထူးကိုရရန် ဝိပဿနာလမ်းမှန် ဖြစ်သည်" ဟူ၍၎င်း ကျမ်းဂမ်ဗဟုသုတအရဖြစ်စေ၊ ဆရာသမားတို့၏ စကားအရ ဖြစ်စေ ယုံကြည်ဆုံးဖြတ်ရ၏။ ထိုသို့ ဆုံးဖြတ်လိုက်ခြင်းသည် မဂ္ဂါမဂ္ဂဉာဏ ဒဿန ဝိသုဒ္ဓိမည်၏။

ထိုသို့ ဆုံးဖြတ်ပြီးနောက် ဆက်လက်၍ ရှုနေလျှင် ထိုအလင်းရောင်နှစ်သိမ့်အား ရမှုစသည်တို့သည် တဖြည်းဖြည်းနည်း၍နည်း၍ သွား၏၊ ရှုသိမှုမှာလည်းသာ၍ ရှင်းလင်းလာ၏၊ လက်မြှောက်ကွေးဆန့်အတွင်း ခြေလှမ်းအတွင်းမှာပင် တနေရာ မှ တနေရာသို့ မရောက်ဘဲ တရွေ့ချင်းတရွေ့ချင်းဖြစ်ပျက်သွားသော လှုပ်ရှားရုပ်ပေါင်း များစွာတို့ကို တပိုင်းစီ တပိုင်းစီ ရှင်းလင်းပြတ်သားစွာသိရ၏။ ဥပက္ကိလေသမှ လွတ် သော ရင့်သော ဥဒယဗ္ဗယဉာဏ်ပေတည်း။

ထိုဉာဏ် အားကောင်းလာသောအခါ အသိသည်တိုး၍ လျှင်မြန်လာ၏၊ ထိုကြောင့် အာရုံ၏အစဖြစ်မှုထက်အဆုံးပျောက်မှုကိုသာ၍ ထင်ရှားစွာတွေ့ရ၏၊ ရှုရသော အာရုံများမှာ

ကုန်ဆုံးပျောက်ပျက်နေနှင့်သကဲ့သို့ ထင်ရတတ်၏၊ လက်ခြေ ခေါင်းကိုယ်စသော ပုံသဏ္ဍာန် အထည်ဒြပ်ကို မတွေ့ရတော့ပဲ တရိပ်ရိပ်နှင့် ပျောက်ပျောက်နေသည်ကိုသာ ရှုတိုင်းရှုတိုင်း တွေ့ရ၏၊ ရှုသိနေသောစိတ်ကလေးပါ သူ့အာရုံနှင့်အတူ ရှေ့နောက်ဆင့်လျက် တပါတည်း ပျောက်ပျောက်သွားသည်ကိုတွေ့ရ၏၊ ဤသို့ရှုတိုင်းရှုတိုင်း အာရုံရော အသိစိတ်ပါ တစုံလုံး တစုံလုံး ပျောက်ပျောက်သွား သည်ကို သိခြင်းသည် ဘင်္ဂဉာဏ်မည်၏။

ရှုတိုင်းရှုတိုင်းအာရုံရော အသိစိတ်ပါ တပျက်တည်းပျက်နေသည်ကိုသာ တွေ့ရသောကြောင့် "ကြောက်စရာ ကောင်းသည်" ဟု ထင်မြင်သဘောကျလာ၏၊ ဘယဉာဏ်ပေတည်း။ "မကောင်းဘူး" ဟု အပြစ်လည်း မြင်လာ၏။ အာဒီနဝဉာဏ် ပေတည်း။

" နှစ်သက်ပျော်မွေ့ဘွယ်မရှိ၊ ပျင်းရိငြီးငွေ့ဘွယ် " ဟူ၍လည်း ထင်မြင်လာ၏၊ နိဗ္ဗိဒါဉာဏ်ပေတည်း။

" ဒီလိုဖြစ်ပျက်နေသော ရုပ်နာမ်တွေမရှိမှ ကောင်းမည် " ဟု ရုပ်နာမ်ဆင်းရဲများမှ လွတ်မြောက်ရန် မျှော်ကြည့်သော ဉာဏ်လည်းဖြစ်လာ၏။ မုစ္စိတုကမျတာဉာဏ်ပေတည်း။

ထိုအခါ လွတ်မြောက်စေရန် အထူးကြောင့်ကြပြု၍ တဖန်ရှုသဖြင့် အနိစ္စဒုက္ခ အနတ္တ သဘောတို့ကို ရှင်းလင်းစွာသိမြင်၏၊ အထူးအားဖြင့် ဒုက္ခသဘောများကို အလွန် ထင်ရှားစွာ တွေ့ရတတ်၏၊ ပဋိသင်္ခါဉာဏ်ပေတည်း။

ထိုပဋိသင်္ခါဉာဏ် အားပြည့်သောအခါ ရှုသိမှုသည် ကြောင့်ကြမစိုက်ရဘဲ သူ့အလိုလိုပင် သိလျက်သိလျက် နာရီစက်များကဲ့သို့ သွားနေ၏။ အကောင်းအဆိုးအာရုံ၏ သဘောနောက်သို့ မလိုက်ဘဲ သိရုံမျှသိရုံမျှသာ လျစ်လျူရှုလျက်သွားနေ၏။ အလွန်ပင် ငြိမ်သာသိမ်မွေ့လှပေ၏။ သူ့အရှိန်နှင့်သူ သိလျက်သိလျက် သွားနေသည်မှာ တနာရီ နှစ်နာရီ သုံးနာရီလည်း ကြာသွား တတ်၏။ ထိုမျှကြာသော်လည်း ညောင်းညာပင်ပန်း ခြင်းကားမရှိပေ၊ ဤသို့ အကောင်းအဆိုး အာရုံနောက်သို့လည်းမလိုက်၊ ကြောင့်ကြလည်း မစိုက်ရဘဲ သဘောမှန်ကို သိရုံသိရုံမျှကြာရှည်စွာ သိသိသွားနေခြင်းသည် သင်္ခါရုပေက္ခာဉာဏ်မည်၏။

ဤသို့ သူ့အရှိန်နှင့်သူ သိလျက် သိလျက် အလိုလို သွားနေရာထဲက အထူးသွက် လက်လျှင်မြန်သော အသိကလေးများ ဖြစ်ပေါ်လာပြန်၏။ ထိုအသိကလေးများမှာ ဝုဋ္ဌာနပည်သော ပင်ဆီသို့ အဟုန်ကိုး ကပ်သွားသော ဝုဋ္ဌာနဂါမိနီ ဝိပဿနာဉာဏ်ပေတည်း။

ထိုထူးခြားသော အသိကလေးများမှာလည်း ထိုခဏ၌ ဒွါရ ၆-ပါးတွင် ထင်ရှား ပေါ်လာသော ရုပ်နာမ် အာရုံတို့ကိုပင် "မမြဲဟူ၍သော်၎င်း၊ ဆင်းရဲစုဟူ၍သော်၎င်း၊ အနတ္တ ဟူ၍သော်၎င်း" သိမြင်လျက် ဖြစ်ပေါ်ပေသည်။ ထိုတွင် နောက်ဆုံးအကြိမ် အသိမှာ ပရိကံ၊ ဥပစာ၊ အနုလုံခေါ်ဇောသုံးခု ပါဝင်သော အနုလောမဉာဏ်ပေတည်း။

ရှေးဝိပဿနာဉာဏ် နောက်မဂ်ဉာဏ်တို့နှင့် သင့်လျော်စွာဖြစ်သော ဉာဏ်ဟု ဆိုလို၏၊ ရှေးရင့်သော ဥဒယဗ္ဗယဉာဏ်မှစ၍ ဤအနုလောမဉာဏ်တိုင်အောင် ဉာဏ် ၉-ပါးအပေါင်းသည် ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိမည်၏။

ထိုဉာဏ်၏အခြားမဲ့၌ အသိစိတ်သည် ရုပ်နာမ်ဆင်းရဲချုပ်သော နိဗ္ဗာန်အာရုံသို့ ကျရောက်သွား၏။ ဂေါတြဘူဉာဏ်ပေတည်း။ ပုထုဇဉ်အနွယ်ကို ဖြတ်ကာ အရိယာ အနွယ်သို့ ဝင်ရောက်သွားသောဉာဏ်ဟု ဆိုလို၏။

ထိုနောင် ထိုနိဗ္ဗာန်ကိုပင် မျက်မှောက်တွေ့သိမြင်လျက် သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ်များ ဖြစ်ပေါ်လာကြ၏။ ထိုတွင် မဂ်ဉာဏ်ကိုဉာဏဒဿနဝိသုဒ္ဓိဟု ခေါ်သည်။

ထိုမဂ်ဖိုလ်ဖြစ်ခိုက်အချိန်မှာ တစက္ကန့်မျှပင် မကြာပေ၊ ထိုနောင် ထူးခြားစွာ တွေ့သိရသောမဂ်ဖိုလ် နိဗ္ဗာန်တို့ကို ပြန်လှည့်၍ ဆင်ခြင်မိ၏။ ပစ္စဝေက္ခဏာဉာဏ် ပေတည်း။

ဤအစဉ်အတိုင်း ပစ္စဝေက္ခဏာဉာဏ်တိုင်အောင် ပြည့်စုံစွာ တွေ့မြင်ရသော သူသည် သောတာပန်အဖြစ်သို့ ရောက်နေသောသူပေတည်း။

သောတာပန်ပုဂ္ဂိုလ်မှာ -

(၁) သက္ကာယ ဒိဋ္ဌိ = ရုပ်နာမ်အပေါင်းကို အတ္တကောင်ဟုထင်မှတ်ခြင်း။

(၂) ဝိစိကိစ္ဆာ = ဘုရား တရား သံဃာ အကျင့်သိက္ခာတို့နှင့်စပ်၍ယုံမှားခြင်း။

(၃) သီလဗ္ဗတပရာမာသ = အရိယာမဂ်လမ်းအကျင့်မှ တပါးသော အလေ့အကျင့်များကို နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းဟု ယုံကြည်ယူမှားခြင်း ဟူသော ဤသံယောဇဉ်သုံးပါးကင်းငြိမ်း၏။ ထို့ပြင် ငါးပါးသီလ လည်း ကျိုးပေါက်ခြင်းမရှိဘဲ သဘာဝအတိုင်းပင် လုံခြုံ စင်ကြယ်လျက်ရှိ၏။

ထိုကြောင့် သောတာပန်ပုဂ္ဂိုလ်သည် အပါယ်၄-ပါးမှ လုံးဝလွတ်မြောက်၏။ လူ့ဘုံနတ်ဘုံတို့မှာလည်း အလွန်ဆုံး (၇)ဘဝမျှသာကျင်လည်၍ (၇)ဘဝမြောက်တွင် ရဟန္တာ ဖြစ်ကာ နိဗ္ဗာန်သို့ ဝင်စံရလေတော့သည်။

ထိုသောတာပန်ပုဂ္ဂိုလ်သည် မိမိရပြီးသော ဖိုလ်တရားသို့ ဝင်ရောက်ရန် ရည် သန်၍ ဝိပဿနာရှုလျှင် ထိုဖိုလ်သို့ရောက်လျက် ငါးမိနစ် ဆယ်မိနစ် နာရီဝက်တနာရီ စသည်ဖြင့် ဖလသမာပတ်၌ တည်နေနိုင်၏။ ဝသီဘော် နိုင်နင်းလျှင် အလျှင်အမြန် လည်း ဝင်စားနိုင်၏၊ တနေ့လုံး တညဉ့်လုံးသော်လည်း ကြာရှည်စွာ ထိုဖလသမာပတ်၌ တည်နေနိုင်၏။

မရသေးသော မဂ်ဖိုလ်များသို့ရောက်ရန် ရည်သန်၍ ဥပါဒါနက္ခန္ဓာငါးပါး တို့ကို နည်းတူပင် ရှုပါမူကား ဥဒယဗ္ဗယဉာဏ် စသော ဝိပဿနာ ဉာဏ်များနည်းတူပင် အစဉ်အတိုင်းဖြစ်ပြီးလျှင် ဣန္ဒြေလည်းရင့်ကျက်ပါမူ သကဒါဂါမိမဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို တွေ့မြင်ကာ သကဒါဂါမ်အဖြစ်သို့ ရောက်သွားလေ၏။ သကဒါဂါမ်မှာ ကြမ်းတမ်းသော ကာမရာဂနှင့် ဗျာပါဒတို့လည်း ကင်းငြိမ်းသွားပြန်၏။ ထိုကြောင့် သကဒါဂါမ်ပုဂ္ဂိုလ်သည် လူ့ဘုံနတ်ဘုံတို့၌ အလွန်ဆုံး နှစ်ဘဝမျှသာ ဖြစ်ပြီးလျှင် ရဟန္တာဖြစ်ကာ နိဗ္ဗာန်သို့ ဝင်စေလေတော့သည်။

ထိုသကဒါဂါမ် ပုဂ္ဂိုလ်သည် ဖိုလ်ဝင်စားလို၍ ဝိပဿနာရှုလျှင် ရပြီးဖိုလ်သို့ ရောက်၏၊

အထက်မဂ်ဖိုလ်သို့ ရောက်ရန် ရည်သန်၍ ဝိပဿနာရှုလျှင်ကား နည်းတူ ပင်ဝိပဿနာဉာဏ်များအစဉ်အတိုင်းဖြစ်ပြီးလျှင် အနာဂါမိမဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို တွေ့မြင်ကာ အနာဂါမ်အဖြစ်သို့ ရောက်သွားလေ၏၊ အနာဂါမ်မှာကား ကာမရာဂနှင့် ဗျာပါဒကို လုံးဝကင်းငြိမ်း၏၊ ထိုကြောင့် အနာဂါမိပုဂ္ဂိုလ်သည် ကာမဘုံ ၌ တဖန်မဖြစ်တော့ပြီ၊ ရူပအရူပ ဗြဟ္မာဘုံတို့၌သာဖြစ်၍ ထိုဘုံတို့၌ပင် ရဟန္တာဖြစ် ကာ နိဗ္ဗာန်သို့ဝင်စံရလေတော့သည်။

ဝိပဿနာသမာဓိဉာဏ်ဖြစ်ပုံ

ထိုအနာဂါမ်ပုဂ္ဂိုလ်သည်လည်း ဖိုလ်ဝင်စားလို၍ ဝိပဿနာရှုလျှင်ရပြီး ဖိုလ်သို့ ရောက်၏။ အထက်မဂ်ဖိုလ်သို့ရောက်၏။ အထက်မဂ်ဖိုလ်သို့ ရောက်ရန်ရည်သန်၍ ဝိပဿနာရှုလျှင်ကား နည်းတူပင် ဝိပဿနာဉာဏ်များ အစဉ်အတိုင်းဖြစ်ပြီးလျှင် အရဟတ္တမဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကိုတွေ့မြင်ကာ ရဟန္တာအဖြစ်သို့ရောက်သွားလေတော့၏။

ရဟန္တာပုဂ္ဂိုလ်မှာ (၁)ရူပရာဂ၊ (၂)အရူပရာဂ၊ (၃)မာန၊ (၄)ဥဒ္ဓစ္စ၊ (၅)အဝိဇ္ဇာဟူသော ဤအကြွင်းသံယောဇဉ်ငါးပါးနှင့်တကွ ကိလေသာဟူသမျှ အလုံးစုံ ကင်းငြိမ်း၏။ ထိုကြောင့် ရဟန္တာပုဂ္ဂိုလ်မှာ နောင်တဖန်ဘဝသစ်ဖြစ်ရခြင်းမရှိတော့ပြီ၊ ထိုဘဝမှာပင် အသက်အပိုင်းအခြားကုန်ဆုံးသောအခါ ပရိနိဗ္ဗာန်ဝင်စံရလေတော့သည်။

ပရိနိဗ္ဗာန် ဝင်စံပြီးသောအချိန်မှစ၍ ဘဝအသစ်ဖြစ်ပေါ်ခြင်းမရှိသောကြောင့် အိုခြင်း၊ နာခြင်း၊ သေခြင်းစသော ဆင်းရဲဟူသမျှမှ လုံးဝလွတ်မြောက်လျက် ရှိလေတော့၏။ ဤသို့ လွတ်မြောက်သွားခြင်းအကျိုးကိုပင် ရည်ရွယ်၍ ဤအပိုင်း၏အစ၌ "အဘယ့်ကြောင့် ကမ္မဋ္ဌာန်းတရားကို အားထုတ်ရပါသနည်း" ဟူသော မေးခွန်းကို "နိဗ္ဗာန်သို့ ရောက်၍ အိုခြင်း သေခြင်းစသော ဆင်းရဲသူသမျှမှ လွတ်မြောက်ရန်အတွက် အားထုတ် ရပေသည် " ဟု ဖြေဆိုခဲ့ပေသည်။

သတ္တဝါမှန်သရွေ့ တရားတွေ့၊ ချမ်းမြေ့သာယာ ရှိပါစေ။

* * * * *

ဝိပဿနာဘာဝနာ

ချမ်းမြေ့ဆရာတော်ဘုရားကြီး၏ဟောပြောချက်မှ

ဒေသနာတော်အရ သဘာဝရုပ်မှန်ရင် ဘယ်ရုပ်ကိုမဆို ရှုသိရမှာချည်းပါပဲ။ လောကမှာ မရှုရမယ့် သဘာဝရုပ်ဆိုတာမရှိပါဘူး။ နာမ်မှာလဲ ထို့အတူပါပဲ။ မဂ်စိတ္တုပ္ပါဒ် ဖိုလ်စိတ္တုပ္ပါဒ်မှတပါး မရှုရမယ့်နာမ်တရားမရှိပါဘူး။ ဒီရုပ်နာမ်တွေကို မရှုရင် သာယာ တပ်မက်စွဲဖြစ်စေ၊ အသိအမြင်မှာစွဲဖြစ်စေ စွဲလမ်းတော့တာပါပဲ၊ ရှုမိတဲ့ ရုပ်နာမ်ပေါ်မှာတော့ မစွဲလမ်းပါဘူး။

ဒါကြောင့် အဲဒီလို မစွဲလမ်းဖို့ရာ အစွဲကင်းဖို့ရာ ဖောင်းမှု ပိန်မှုဆိုတဲ့ ဝမ်းဗိုက် တွန်းကန်ရွေ့လျားမှု(=ကုစ္ဆိသယဝါယော)ကို ရှုရတာပါပဲ။

စကားလုံးကို မရှုနဲ့သဘာဝကိုရှု

ဒီနေရာမှာ 'ဖောင်းကယ်' 'ပိန်တယ်' ဆိုတဲ့ စကားလုံးပညတ် ဝေါဟာရပညတ်ကို ရှုရမှာ မဟုတ်ဘူးဆိုတာ သတိပြုရပါမယ်။ 'ဖောင်းတယ်' 'ပိန်တယ်' ဆိုတဲ့ စကားလုံးဟာ ရုပ်လဲမဟုတ်၊ နာမ်လဲမဟုတ်ပါဘူး။ ဒါကြောင့် ဝိပဿနာရှုရမယ်တရား မဟုတ်ပါ ဘူး။ သူဟာ ပညတ်ပါ။ တွန်းကန်ရွေ့လျားသဘောကို မှတ်သားထားတဲ့ စကားလုံး ဝေါဟာရပညတ်၊ သဒ္ဒပညတ်၊ နာမပညတ်မျှပါပဲ။ ဒါကြောင့် ဒီစကားလုံး ပညတ်ကို ရှုလို့မရပါဘူး။ မြတ်စွာဘုရားကလဲ "ဖောင်းကယ်" "ပိန်တယ်" ဆိုတဲ့ စကားလုံး ကိုဖြစ်စေ၊ "ဝေါယာ"ဆိုတဲ့ စကားလုံးကိုဖြစ်စေ ရှုဖို့ ညွှန်ကြားတော် မမူခဲ့ပါဘူး။

အဲဒီ "ဖောင်းတယ်" "ပိန်တယ်" ဆိုတဲ့ စကားလုံးနဲ့ ခေါ်ဝေါ်မှတ်သားထားတဲ့ တွန်းကန် ရွေ့လျားသဘော ပရမတ်ဝါယောကိုသာ ရှုသ်နေမှာဖြစ်ပါတယ်။ မြတ်စွာဘုရားကလဲ ပရမတ္ထ သဘာဝကို ရှုသိဖို့ပဲ မိန့်တော်မူပါတယ်။ ဒါကြောင့် စိတ်အဆို စကားလုံးပေါ်မှာ ရှုစိတ်ကို တင်မနေစေပဲ တွန်းကန်ရွေ့လျားစေတဲ့ သဘာဝကို ထိထိမိမိသိအောင် ရှုဖို့ လိုပါတယ်။

အားထုတ်ခါစမှာ ရှုစိတ် အရှုခံသဘာဝပေါ် တိတိကျကျရောက်အောင် စကားလုံးက အကူအညီပေးရုံမျှပါပဲ။ တရားရင့်လာလို့ စကားလုံးမပါပဲနှင့် အရှုခံ သဘာဝကို ရှုစိတ်က သေသေချာချာ ရှုသိနိုင်လာရင် "ဖောင်းကယ်" "ပိန်ကယ်" အစရှိကဲ့ စိတ်အဆို စကားလုံးတွေ မလိုအပ်တော့ပါဘူး၊ အရှုခံအာရုံကို ရှုစိတ်နဲ့ သိရုံမျှနဲ့ ကိစ္စပြီးပါတယ်။ တရား တကယ်ရင့်လာ ကောင်းလာတော့ စိတ်အဆိုတွေ ပါနေရင် ရှုသိရတာ ချောချောမောမောမရှိပဲ ကြားထဲက ခုမုနေသလိုတောင် ဖြစ်နေပါသေးတယ်။

ခွဲခွဲခြားခြားသိပါစေ

"ဖောင်းဘယ်" "ပိန်တယ်" ဆိုတာက စိတ်အဆို စကားလုံးပညတ်၊ ဝေါဟာရ ပညတ်၊ သဒ္ဒပညတ်။ တွန်းကန်ရွေ့လျားသဘောသာလျှင် ရှုသိရမယ့် ပရမတ္ထ သဘာဝလို့ ရှင်းရှင်းလင်းလင်း ခွဲခွဲခြားခြားသိဖို့ လိုပါတယ်။ အဲဒီလို ခွဲခြားမသိရင် စကားလုံးပညတ်နဲ့

ပရမတ္ထသဘာဝ ရောသွားပြီး ဖောင်းတာ ပိန်တာ ရှုဖို့ ဘုရားဟော မရှိပါဘူးလို့ အယူအဆ တိမ်းယိမ်းသွားတတ်ပါတယ်။

မှန်ပါတယ် "ဖောင်းတယ်" "ပိန်တယ်"ဆိုတဲ့ စကားလုံးကိုဖြစ်စေ၊ အာနာပါန ရှုမှတ်ရာမှာ "ထွက်လေ" "ဝင်လေ" ဆိုတဲ့ စကားလုံးကိုဖြစ်စေ ရှုမှတ်ဖို့မြတ်စွာဘုရား ဟောတော်မမူခဲ့ပါဘူး။ အဲဒီ ဝေါဟာရ စကားလုံးတွေနဲ့ ခေါ်ဝေါ်မှတ်သားရတဲ့ တောင့်တင်းတွန်းကန် လှုပ်ရှားသဘာဝကိုသာရှုဖို့ ဟောတော်မူခဲ့ပါတယ်၊ ဒါကြောင့် ရှုသူတွေကလဲ ရှုစိတ် အရှုခံ သဘာဝပေါ် သေသေချာချာရောက်အောင် "ဖောင်းတယ်" "ပိန်တယ်" လို့ အကူအညီရရုံမျှ စိတ်ကဆိုသော်လဲပဲ ရှုတာကတော့ တောင့်တင်းတွန်းကန် လှုပ်ရှားသဘော ပရမတ်ဝါယော ကိုသာရှုတာပါပဲ။ ဒါကို ခွဲခွဲခြားခြားသိဖို့လိုပါတယ်။

ဖောင်းမှုပိန်မှုကိုသာ ရှုရမှာမဟုတ်

ဝမ်းဗိုက်ရဲ့ ရှေ့ဘက် တွန်းကန်ရွေ့လျားမှု၊ နောက်ဘက်တွန်းကန် ရွေ့လျားမှုဆိုတဲ့ ဖောင်းသဘာဝ ပိန်သဘာဝ အသက်ရှင်နေသမျှ သတ္တဝါရဲ့ သန္တာန်မှာ အမြဲရှိနေလို့ ဘခြား ရုပ်နာမ် ရှုစရာမရှိရင် ရှုဖို့ ပင်တိုင်အရှုခံ အာရုံအဖြစ်သာ ပေးထားခြင်း ဖြစ်ပါတယ်။ သူ့ကိုချည်း အမြဲတွယ်ကပ်ပြီး ရှုနေရမှာမဟုတ်ပါဘူး။ တခြားရုပ်ဖြစ်စေ၊ နာမ်ဖြစ်စေ၊ ထင်ထင်ရှားရှား ဖြစ်ပေါ်ရင် ဖောင်းမှု ပိန်မှုကို လွှတ်ပြီး အဲဒီထင်ရှားတဲ့ ရုပ် ထင်ရှားတဲ့နာမ်ကိုပဲ ရှုရပါမယ်။ အဲဒီ ရုပ်နာမ် ချုပ်ပျောက်သွားမှပဲ ပင်ပိုင်အာရုံဖြစ်ပဲ့ ဖောင်းမှုပိန်မှုကို ပြန်ရှုရပါမယ်။

ဖောင်းမှုပိန်မှုဟာ ရှုစရာ ရုပ်ခန္ဓာ နာမ်ခန္ဓာတွေထဲက အရှုခံ ရုပ်သဘာဝတစ်ခုမျှသာ ပါပဲ၊ တခြားရုပ် တခြားနာမ်တွေထက် သူက ဘာမှုပိုမထူးခြားပါဘူး။ လူမသေသေးသမျှ သူက အမြဲရှိနေလို့သာ ပင်တိုင်ရှုစရာအာရုံအဖြစ် သူ့ကို သတ်မှတ်ပေးထားရုံမျှပဲလို့ သဘောပေါက်ဖို့ လိုပါတယ်။

အသက်ကိုပြုပြင်မရှုပါနှင့်

ဝမ်းဗိုက် လှုပ်ရှားမှုကို "ဖောင်းတယ်" "ပိန်တယ်" လို့ ရှုခါစမှာ အလေ့အကျင့် မရှိသေး လို့ ဖောင်းမှုပိန်မှုကို ထင်ထင်ရှားရှားမသိရပဲလဲရှိတတ်ပါတယ်။ ခဏသာ ထင်ယင်ရှားရှား သိလိုက် ရှုလိုက်ရပြီး မကြာခင်ပဲ ပျောက်သွားသလိုလဲ ဖြစ်တတ်ပါတယ်။ ဒီလိုအခါမှာ ရှုသူက အားမရတော့ အသက်ကို ပြင်းပြင်းရင်လဲ ရှုတတ်ပါတယ်၊ မြန်မြန်ရင်လဲ ရှုတတ်ပါတယ်။ အဲဒီလို ရှုရင် သဘာဝမကျလို့ ခဏအတွင်းမှာပဲ မောလာ တတ်ပါတယ်။ ဒါကြောင့် အသက်ကို အဲဒီလို ပြုပြင်ပြီး မရှုရပါဘူး။ ပုံမှန်ရှုနေကျ အတိုင်းသာရှုရပါမယ်။ သဘာဝအတိုင်းသာ ရှုရ ပါမယ်။ အဲဒါကိုမှ ဖောင်းမှု ပိန်မှုကို သိသလောက်ကလေးပဲ ရှုသိနေရပါမယ်။ နောက်ကျတော့ ရှုမှတ်မှု အသားကျလာတဲ့ အခါမှာ တဖြည်းဖြည်း ပိုပိုထင်ရှားလာပြီး ရှုလို့ ကောင်းလာ ပါလိမ့်မယ်။

ဝမ်းဗိုက်ပေါ် လက်ဖဝါးနှစ်ဘက် အလိုက်သင့်ကလေး တင်ထားရင်လဲ ဖောင်းမှုပိန်မှုကို

ရှုလို့ ရသလောက် ရတတ်ပါတယ်။ ရှုမှတ်မှုအားကောင်းလာတဲ့ အခါကျတော့ လက်မတင်ဘဲ ပီပီသသ ရှုလို့ ရလာပါလိမ့်မယ်။

ထိုင်မှု ထိမှု ကိုလဲ ပင်တိုင်ထားရှုနိုင်

မိမိရဲ့ ခန္ဓာကိုယ် အခြေအနေအရ ဖောင်းမှု ပိန်မှုကို ဘယ်လိုမှ ရှုလို့မရတဲ့ ပုဂ္ဂိုလ်များကတော့ ထိုင်သဘောနှင့် ထိသဘောကို 'ထိုင်တယ်' 'ထိတယ်' 'ထိုင်တယ် ထိတယ်' လို့ ပင်တိုင်အာရုံထားပြီး ရှုနိုင်ပါတယ်။

'ထိုင်တယ်'လို့ ရှုတဲ့အခါမှာ ရှုစိတ်က လူပုံသဏ္ဍာန်ကို သိအောင် မကြိုးစားရပါဘူး။ အောက်ပိုင်းခွေခွေ အထက်ပိုင်း ထောင်ထောင်သဘောကို အာရုံပြုပြီး ရှုရပါမယ်။ ပဟဋ္ဌိမကာယဿ သမိဉ္ဇနံ ဥပရိမကာယဿ ဥဿိတဘာဝေါ နိသဇ္ဇာကို ဂုစ္ဆတိ-အောက်ပိုင်းကိုယ်ခွေခွေ အထက်ပိုင်းကိုယ်ထောင်ထောင် ဖြစ်နေတာကို ထိုင်တယ်လို့ ဆိုရကြောင်း အဋ္ဌကထာ ဖွင့်ပြပါတယ်။ အခင်းပေါ်မှာ တင်ပါးထိနေတာ ကိုလဲ 'ထိုင်တယ်' လို့ မရှုရပါဘူး။ အဲဒါဟာ ထိုင်တာမဟုတ်ပါဘူး၊ ထိတာပါပဲ။

'ထိတယ်'လို့ ရှုတဲ့အခါမှာ တင်ပါး၊ ခြေဖျား၊ ခြေမျက်စိ၊ ဒူး စတဲ့ ကိုယ်အင်္ဂါတွေ ထိုင်ခနေရာအခင်းနဲ့ ထိနေတာကိုဖြစ်စေ၊ လက်နဲ့လက်၊ ဒူးနှင့်လက်၊ ခန္ဓာကိုယ်နှင့်အဝတ် စသည် ထိနေတာကိုဖြစ်စေ ရှုရပါမယ်။ အဲဒီ အထိတွေထဲက အထင်ရှားဆုံး ထိမှုကို ရှုပါ။ ထိတာ တစ်နေရာတည်းကို အမြဲရှုဖို့ မလိုပါဘူး။ ထင်ရှားတဲ့ ထိမှု မှန်သမျှကို ရွှေ့ပြောင်းပြီး ရှုနိုင်ပါတယ်။

စိတ်လွင့်ရင် ပြန်မထိန်းနဲ့ လွင့်စိတ်ကိုရှု

ဖောင်းမှု ပိန်မှုကို ဖြစ်စေ၊ ထိုင်မှု ထိမှုကို ဖြစ်စေ အဆက်မပြတ် ရှုမှတ်နေခိုက် မှာ စိတ်က တခြားအာရုံဆီ ပျံ့သွား၊ လွင့်သွားရင် အဲဒီစိတ်ကို ပင်တိုင်အာရုံဆီ ပြန်ဆွဲပြီး မထိန်းရပါဘူး။ ဝိပဿနာရဲ့ အခြေခံမှုဟာ ဖြစ်နေရှိနေတဲ့ ရုပ်နာမ်ကို ဖြစ်နေရှိ နေတဲ့ လွင့်စိတ်၊ စဉ်းစားဆင်ခြင်စိတ်၊ တွေးစိတ်၊ စိတ်ကူးစိတ်တွေ ဖြစ်ပေါ်လာရင် ပင်တိုင်အာရုံဆီ စိတ်ကို ပြန်မဆွဲပဲ ဖြစ်နေ ရှိနေတဲ့အတိုင်း "ပျံ့တယ်" "လွင့်တယ်" "စဉ်းစားတယ်" "တွေးတယ်" "စိတ်ကူးတယ်" စသည်ဖြင့် အဲဒီစိတ် ဖြစ်ပေါ်နေသမျှ အကြိမ်ကြိမ် အဖန်ဖန် ထပ်ခါထပ်ခါ ရှုသိနေရပါမယ်။ ထို့အတူပဲ စိတ်ထဲမှာ တစ်စုံ တစ်ရာကို မြင်ရင် ငေးပြီး ကြည့်မနေရပါဘူး။ မြင်တာကို "မြင်တယ် မြင်တယ်" လို့ ထပ်ခါထပ်ခါ ရှုရပါမယ်။ မြင်တာပျောက်သွားမှ ဖောင်းမှု ပိန်မှုကို ပြန်ရှုရပါမယ်။

ပျံ့စိတ်၊ လွင့်စိတ်၊ စဉ်းစားစိတ် စတဲ့ စိတ်တွေကို ရှုရာမှာ ရုပ်ကို ရှုသလို ခဏပစ္စုပ္ပန် တည့်အောင်ရှုလို့ မရပါဘူး။ ရုပ်ကို ရှုတဲ့အခါမှာ ဖြစ်ဆဲဖြစ်ခိုက် ရုပ်ကို ဖြစ်နေဆဲခဏမှာပဲ ရှုသိလို့ ရပါတယ်။ စိတ်ကတော့ ဒီလို မဟုတ်ပါဘူး။ စိတ်ဟာ တစ်ခုဖြစ်ပြီးမှ နောက်စိတ်တစ်ခု ဖြစ်တာမို့ စဉ်းစားစိတ်ဖြစ်နေဆဲခဏမှာ ရှုစိတ် မဖြစ်နိုင်ပါဘူး။ ရှုစိတ် ဖြစ်နေဆဲခဏမှာလဲ စဉ်းစားစိတ် မဖြစ်နိုင်ပါဘူး။ သို့သော်လဲ စဉ်းစားတဲ့စိတ်ကို "စဉ်းစားတယ်"လို့ ရှုလို့ ဖြစ်တာ

ကတော့ ယောဂီတို့ ကိုယ်တွေ့ပါပဲ။ ဒါကြောင့်လဲ မြတ်စွာဘုရားက "ဝိက္ခိတ္တံ ဝါ စိတ္တံ ဝိက္ခိတ္တံ စိတ္တန္တိ ပဇာနာတိ=ပျံ့လွင့်တဲ့ စိတ်ကိုလဲ ပျံ့လွင့်တဲ့စိတ်ဟု သိ၏"လို့ စိတ်ရှုပုံ စိတ္တာနုပဿနာကို မိန့်တော်မူခဲ့တာပါပဲ။

ဒီတော့ စိတ္တက္ခဏတချက်အတွင်းမှာ စိတ်နှစ်ခု ပြိုင်ပြီးမဖြစ်၊ တစ်ခုသာ ဖြစ်နိုင်ပါလျက်နဲ့ ဘာကြောင့် ပျံ့လွင့်စိတ်ကို "ပျံ့လွင့်တယ်" စဉ်းစားစိတ်ကို "စဉ်းစား တယ်"လို့ စိတ်တစ်ခုကို အခြားစိတ်တစ်ခုက ရှုသိနိုင်ရသလဲလို့ မေးစရာရှိပါတယ်။ အဖြေကတော့ "ခဏပစ္စုပ္ပန်အခိုက်မှာ ရှုကာမဟုတ်၊ သန္တတိပစ္စုပ္ပန်အခိုက်မှာ ရှုတာ ဖြစ်လို့ ရှုနိုင်တယ်"လို့ ဖြေရပါမယ်။

သန္တတိပစ္စုပ္ပန်ဆိုတာ အမျိုးတူ စိတ်တွေဆက်ကာဆက်ကာ ဖြစ်ပျက်နေတဲ့ အစဉ်တစ်ခု ဖြစ်နေဆဲအခါကို ခေါ်ပါတယ်။ ရုပ်ဖြစ်စဉ်မှာလဲ ဒီအတိုင်းပါပဲ။ အမျိုးတူ စိတ် ဖြစ်စဉ်တစ်ခု ဖြစ်ချည်ပျက်ချည်နဲ့ ဆက်ကာဆက်ကာ ဖြစ်ပျက်နေတာဟာ တစ်စက္ကန့် နှစ်စက္ကန့် ကြာနိုင်တယ်။ တစ်မိနစ် နှစ်မိနစ် ငါးမိနစ် ဆယ်မိနစ် စသည်လဲ ကြာနိုင်ပါတယ်။

ဒါကြောင့် စဉ်းစားစိတ်အစဉ်တစ်ခု ဆက်ကာဆက်ကာ ဖြစ်ပျက်နေဆဲ အခိုက် အတွင်းမှာ ရှုစိတ်က "စဉ်းစားတယ်"လို့ ရှုလို့ရပါတယ်။ ရှုစိတ်ဖြစ်ဆဲခဏမှာ စဉ်းစားစိတ် မဖြစ်သော်လဲ ရှုစိတ် ချုပ်ပျက်ပြီးရင် ပြီးချင်း သူ့နောက်က ကပ်လျက် စဉ်းစား စိတ်က ပြန်ဖြစ်ပေါ်လာပါတယ်။ အဲဒီ စဉ်းစားစိတ် ပျက်သွားပြန်တော့ ရှုစိတ်က ဖြစ်လာပြန်ပါတယ်။ ဒီနည်းနဲ့ပဲ စဉ်းစားစိတ် ပျက်သွားပြန်တော့ ရှုစိတ်က ဖြစ်လာပြန်ပါတယ်။ ဒီနည်းနဲ့ပဲ စဉ်းစားစိတ်နဲ့ ရှုစိတ်ဟာ ဟာယှဉ်ပြီ ဆက်ကာ ဆက်ကာ အလွန် မြန်မြန်ကြီး ဖြစ်ပျက်နေကြတော့ မြန်လွန်းလို့ တလှည့်စီဖြစ်တယ်လို့ မသိရဘဲ တစ်ချိန်တည်းမှာ စဉ်းစားစိတ်အစဉ်နဲ့ ရှုစိတ်အစဉ်နှစ်ခုဟာ တပြိုင်နက်တည်း ဖြစ်နေတယ်လို့ထင်ရတာပါပဲ။ အဲဒါကိုပဲစဉ်းစားစိတ်ကို သန္တတိပစ္စုပ္ပန် အခိုက်မှာရှုတယ်လို့ ခေါ်ရပါတယ်။

ရေများရေနိုင် မီးများမီးနိုင်

အဲဒီလို ရှုရာမှာ စဉ်းစားစိတ်အစဉ်က အားကောင်းနေရင် ရှုစိတ်အစဉ်က ရှုသော်လဲပဲ ရှုသိရရုံမျှပဲ ရှိတယ်။ စဉ်းစားစိတ်အစဉ်က ရပ်မသွားဘူး။ ယောဂီက ဖြည်းဖြည်းအေးအေး ပေါ့ပေါ့ပျော့ပျော့ရှုမနေရင် အဲဒီလိုပဲ ရှုစိတ်က အားနည်းပြီး စဉ်းစားစိတ်က အားကောင်းနေတတ်ပါတယ်။ ဒီလိုဆိုရင် စဉ်းစားစိတ်က ဆက်ပြီး တရှည်တမျောကြီး စဉ်းစားနေဟာနဲ့ စိတ်တည်ငြိမ်မှု (=သမာဓိ)ကို တော်တော်နဲ့မရနိုင်ပါဘူး။

ဒီလို မဟုတ်ဘဲ ယောဂီက တင်းတင်းရင်းရင်း စူးစူးစိုက်စိုက် သမ္မာဝါယာမအားသွင်းပြီး 'စဉ်းစားတယ်' စဉ်းစားတယ်'လို့ ခပ်သွက်သွက် အဆက်မပြတ် ရှုပစ်လိုက်ရင် ရှုစိတ်အစဉ်က မြန်မြန်အားကောင်းလာတဲ့အတွက် စဉ်းစားစိတ် အစဉ်က တဖြည်းဖြည်း အားနည်းသွားတော့ မကြာခင်ဘဲ စဉ်းစားစိတ်အစဉ် အဖြစ်ရပ်ပြီး ချုပ်ငြိမ်းသွားတော့တာပါပဲ။ အဲဒီအခါမှာ ရှုစိတ်အစဉ်ချည်း သက်သက် ကျန်ခဲ့ပြီး စဉ်းစားစိတ်ရဲ့ မတည် ငြိမ်တဲ့သဘော၊ ပျံ့လွင့်တဲ့

သဘာဝကိုရော ဖြစ်ပေါ်ပြီး ပျောက်သွားတတ်လို့ မတည် မြဲတဲ့ သဘောကိုပါ သိလိုက်ပါတယ်။ သို့သော်လဲ သမာဓိ တကယ်အားမကောင်းသေးမီမှာတော့ ပီပီပြင်ပြင်မသိသေးပါဘူး။ ဝိုးတဝါးမျှပဲ သိလိုက်ပါတယ်။

အရှုခံ စဉ်းစားစိတ်အစဉ် ပြတ်သွားတော့ ရှုစိတ်က ပင်တိုင်အာရုံဖြစ်တဲ့ ဖောင်းမှု ပိန်မှုကို သူ့အလိုအလျောက် ပြန်ရှုတော့တာပါပဲ။

* * * * *

ဝိပဿနာမှာ လွင့်စိတ်ကို ပြန်မထိန်းရ

ဒီနေရာမှာ ဘစ်ခု သတိထားဖို့ရှိပါတယ်။ အားထုတ်စမှာ တချို့ယောဂီက စိတ်လွင့်သွား ထွက်သွားရင် စိတ်တည်ငြိမ်အောင် ရည်ရွယ်ချက်နဲ့ လွင့်စိတ် ထွက်စိတ်ကို သိလိုက်တာနဲ့ ကပြိုင်နက် ချက်ချင်း ပင်တိုင်အာရုံပေါ် ဆွဲတင်ပြီး ပြန်ထိန်းလိုက်တတ်ပါတယ်။ သမထ ကမ္မဋ္ဌာန်း အားထုတ်ရာမှာပေဘ့ အဲဒီလိုလုပ်ရင်မှန်ပါတယ်။ ဝိပဿနာကမ္မဋ္ဌာန်း အားထုတ် ရာမှာတော့ အဲဒီလို မလုပ်ရပါဘူး။ ဝိပဿနာရဲ့ အခြေခံသဘောက စိတ်ကို ချုပ်ထိန်းတဲ့သဘော မဟုတ်ပါဘူး။ အကြောင်းအားလျော်စွာ ဖြစ်နေတဲ့ စိတ်ကို အရှိသဘောအတိုင်း သိအောင် သတိနဲ့စောင့်ကြည့်တဲ့သဘောပါ။ ဒါကြောင့် လွင့်စိတ် ထွက်စိတ်ကို ပင်တိုင်အာရုံဆီ ပြန်ဆွဲ မထိန်းဘဲ လွင့်နေထွက်နေ တဲ့အတိုင်းပဲ "လွင့်တယ်" "ထွက်တယ်"လို့ အရှိအတိုင်း ရှုသိနေရ ပါတယ်။ လွင့်စိတ် ထွက်စိတ် ပျောက်သွားမှပဲ ပင်တိုင်အာရုံကို ဖြစ်စေ၊ ထင်ရှားရာ တခြားအာရုံ တစ်ခုခုကိုဖြစ်စေ ရှုရပါတယ်။

" ပျံ့လွင့်တဲ့ စိတ်ကိုလဲ ပျံ့လွင့်တဲ့စိတ် ဟု ရှုသိရ၏" ဆိုတဲ့ ဘုရားရှင်ရဲ့ စိတ္တာနုပဿနာ ဒေသနာတော်ကို အမြဲ သတိပြုရပါမယ်။

စိတ်နဲ့ နပန်းမလုံးရ

တချို့က လွင့်စိတ်နောက် လိုက်ရှုနေရင် ပိုပြီး လွင့်နေမှာပဲလို့ ယူဆပြီး လွင့်စိတ်ကို မရှုဘဲနဲ့ အတင်း ထိန်းချုပ်ပြီး ပင်တိုင်အာရုံကိုပဲ တွယ်ကပ်ရှုနေ တတ်ပါတယ်။ အဲဒီလို လုပ်ရင် မှားပါတယ်။ ဘာကြောင့်လဲဆိုတော့ စိတ်နဲ့ ယောဂီ သူ့နိုင် ကိုယ်နိုင် အပြိုင်ကြဲပြီး လွန်ဆွဲနေလို့ပါပဲ။ စိတ်နဲ့ ယောဂီ နပန်းပွဲလို့လဲ ဆိုနိုင်ပါလိမ့်မယ်။

စိတ်က ပြင်ပအာရုံ တစ်ခုခုဆီ လွင့်သွားထွက်သွားတဲ့ အခါမှာ ယောဂီက အဲဒီစိတ်ကို ပြန်ထိန်းပြီး ပင်ကိုင်အာရုံဆီ ပြန်ဆွဲတယ်။ စိတ်က ပင်တိုင်အာရုံမှာ မနေဘူး။ အပြင်အာရုံဆီပဲ ပြန်သွားတယ်။ ဒီလိုနဲ့ ယောဂီက ပြန်ဆွဲထိန်းလိုက်၊ စိတ်က ပြန်ထွက်လိုက်နဲ့ ယောဂီစိတ် လွန်ဆွဲနေတယ်။ နပန်းလုံးနေသလို ဖြစ်နေတယ်၊ နောက်ဆုံး ဘယ်လိုမှ ဆွဲထိန်းလို့မရတော့ ယောဂီမောပြီး ဇောချွေးတွေ ပြန်လာတယ်။ ဒီတော့ မရှုမှတ်လို့ မရတော့ပါဘူး ဆိုပြီး စိတ်ပျက် လက်ပျက်နဲ့ မရှုမှတ်ဘဲ နေလိုက် တော့တယ်။

ထွက်စိတ်လွင့်စိတ်ကို ပြန်ဆွဲထိန်းရင် အဲဒီလိုအခြေအနေမျိုးကိုလဲ ရောက်တတ်

ပါတယ်။ ဒါကြောင့် ပြန်ဆဲပြီး မထိန်းရပါဘူး။

ဒါကြောင့် လွင့်နေတဲ့စိတ်ကို သူ့အရှိ သဘာဝအတိုင်း "ထွက်တယ်" "လွင့်တယ်" လို့ စူးစူးစိုက်စိုက်ရှုလိုက်ရင် အထွက်အလွင့် ရပ်သွားပြီး ငြိမ်ကျသွားပါတယ်။ ယောဂီလဲ မပင်ပန်းပါဘူး။ ဒီလိုနဲ့ ထွက်တဲ့လွင့်တဲ့အကြိမ် တဖြည်းဖြည်းနည်းသွားပြီး တည်ငြိမ်မှုသမာဓိ တဖြည်းဖြည်း အားကောင်းလာပါတယ်။

စဉ်းစားစိတ်ကို မရှုရင်

တချို့ကျတော့လဲ စဉ်းစားစိတ် တွေးစိတ်ကို လိုက်လဲမရှု၊ ပြန်လဲမထိန်းပဲနဲ့ သည်အတိုင်း ကြည့်နေတတ်ပါတယ်။ အဲဒီတော့ ပိုပိုပြီးစဉ်းစား၊ ပိုပိုပြီးစိတ်ကူး ယဉ်လာတတ်ပါတယ်။ ဒီတော့ ရှေးက မိမိစာအုပ်ထဲမှာ ဖတ်ဖူးထားတာ၊ ကြားဖူးထားတာ၊ ဖြစ်ချင်တာ၊ ဖြစ်စေချင်တာ၊ တွေ့ချင် မြင်ချင်တာ၊ မတွေ့ချင် မမြင်ချင် တာတွေကို စိတ်ကူးထဲမှာ မြင်ယောင်လာတတ်ပါတယ်။

ဥပမာ ဘုရား၊ ရဟန္တာတွေ ကောင်းကင်မှာ ဈာန်ကြွနေတာ၊ နတ်တွေ၊ ဗြဟ္မာတွေနဲ့ သူတို့ရဲ့ ဘုံဗိမာန်တွေ၊ ဒါတွေကို စိတ်ထဲမှာ မြင်လာပြီး တကယ်တွေ့နေရသလို ထင်နေတတ် ပါတယ်။ ဒါနဲ့ အဲဒါတွေ စိတ်ထဲစွဲလမ်းနေရာက တချို့မှာ တဝင်မြင့်ပြီး စိတ် ကယောင်ချောက်ချား ဖြစ်သွားတာလဲ ရှိတတ်ပါတယ်။ ဂိုဏ်းတို့ ပုတီးတို့ အစွဲ အလမ်းကြီးတဲ့ ပုဂ္ဂိုလ်များလဲ စိတ်ထဲမှာ ဝတ်ဖြူစင်ကြယ်နဲ့ လူသူတော်တို့၊ ဘိုးဘိုးအောင် တို့၊ ဝိဇ္ဇာတို့ ဆိုတာတွေကို တွေ့ရသလိုလို စိတ်ကူးယဉ်နေရာက တကယ်ထင်ပြီး တဝင် မြင့်သွားတတ်ပါတယ်။

တချို့လဲ စိတ်ကူးလွန်သွားပြီး ကွယ်လွန်သွားတဲ့ ဘိုးဘွားတွေ မိဘတွေ သားသမီးတွေ စသည်ကို စိတ်ထဲ မြင်ယောင်လာရာက တကယ်ထင်ပြီး စိတ်ထဲစွဲလမ်း နေတတ်ပါတယ်။ သူ့ကို စကားလာပြောသလိုလို စိတ်ကူးမိရာက စွဲလမ်းပြီး သူတို့ စကားပြောသံကို မကြာခဏ ကြားနေရသလို ထင်နေတတ်ပါတယ်။

တချို့လဲ အဲဒီလို စိတ်ကူးယဉ်နေပြီး သရဲ၊ တစ္ဆေ၊ ဘီလူး၊ သဘက် ဆိုတာတွေ စိတ်ထဲ ထင်လာ မြင်လာရာက တကယ်တွေ့နေ မြင်နေရတယ်လို့ ထင်ပြီး ကြောက်လန့် တကြားနဲ့ ထအော်တတ်ပါတယ်။ စိတ်ချောက်ချားချင်လဲ ချောက်ချားနေတတ်ပါတယ်။

ဒါတွေ အားလုံးသော ထွက်စိတ်၊ လွင့်စိတ်၊ စိတ်ကူး၊ စဉ်းစားစိတ်တွေကို မရှုလို့ မရှုမိလို့ ဖြစ်ပေါ်လာတဲ့ ဆိုးကျိုးတွေပါပဲ။ စိတ်ကူးစဉ်းစားစိတ်တွေကို မရှုတော့ ဒီစိတ်တွေက လွတ်လွတ်လပ်လပ်ကြီး ပုံကြီးချဲ့စိတ်ကူးခွင့် ရနေတဲ့အတွက် ထင်ရာမြင်ရာ တွေ စိတ်ကူးမိရာက ဖြစ်ပေါ်လာတဲ့ ဆိုးကျိုးတွေပေါ့။ ယောဂီရဲ့ စိတ်က ယောဂီကို ပြန်သတ်တာပါပဲ။ အဲဒီစိတ်ကူး စဉ်းစားစိတ်တွေကိုသာ သိလျှင်သိချင်း စူးစူးစိုက်စိုက် ရှုမှတ်လိုက်ယင် အဲဒီစိတ်တွေ ခဏအတွင်း ပျောက်သွားပြီး စိတ်တည်ငြိမ်သွားပါတယ်။ ဘာကိုမှ စိတ်ကူးမယဉ်တော့ပါဘူး။

ဒါကြောင့် ဝိပဿနာရှုရာမှာ စိတ်ကို ရှုဖို့ နံပါတ်တစ် အရေးကြီးပါတယ်။ ကောင်းကောင်းဆိုးဆိုး ဘယ်စိတ်မျိုးမဆိုင် ချက်ချင်း ရှုဖို့လိုပါတယ်။ ရှုတဲ့ ရည်ရွယ် ချက်ကတော့ စိတ်နာမ်တရားရဲ့ သဘာဝအမှန်ကို သိဖို့ပါပဲ။

စိတ်လွင့်သော်လဲ မသိ

သို့သော်လဲ ရှုစမှာ စိတ်လွင့်နေ ထွက်နေ စဉ်းစားနေတာကို ယောဂီက ချက်ချင်း မသိပါဘူး။ အတော်ကြီးကြာမှ သိတတ်ပါတယ်။ တချို့လဲ စဉ်းစားလို့ ပြီးဆုံး မှ သိကြပါတယ်။ အဲဒီလို သိတဲ့အခါမှာလဲ စိတ်ကို ရှုမှတ်ဖို့ သတိမရတတ်ပါဘူး။ သတိရပေတဲ့ မရှုနိုင်တာလဲ ရှိတတ်ပါတယ်။ ဒီတော့ အမှတ်မထင် စိတ်ကို ပင်တိုင် အာရုံဆီပြန်ဆွဲပြီး ထိန်းမိတတ်ပါတယ်။ အဲဒီလို မဖြစ်ရအောင် စိတ်လွင့်ရင် ထွက်ရင် ချက်ချင်း ရှုရမယ်ဆိုတာ အမြဲသတိရှိနေရပါမယ်။

တချို့ကျတော့လဲ စိတ်လွင့်နေ ထွက်နေတာကို လုံးဝမသိကြပါဘူး။ ဒီတော့ စိတ်မလွင့် မထွက်ဘူးလို့ပဲ ထင်နေတတ်ကြပါတယ်။ ဒါကြောင့် တရားလျှောက်တဲ့အခါ မှာ "စိတ်ကတော့ ငြိမ်ပါတယ်၊ မထွက်ပါဘူး" လို့ အခိုင်အမာ လျှောက်တတ်ကြပါတယ်။ အဲဒီလို ပုဂ္ဂိုလ်မျိုးကို စိတ်မထွက်တာ မလွင့်တာမဟုတ်ကြောင်း၊ ထွက်နေလွင့်နေတာကို မိမိက မသိတာသာ ဖြစ်ကြောင်း ရှင်းလင်းပြောပြပြီး စိတ်ကိုရှုမှတ်ဖို့ အရေးကြီးကြောင်း ထပ်ခါတလဲလဲ တိုက်တွန်းရပါတယ်။

ပင်တိုင်အာရုံကို ထင်ထင်ရှားရှား သိပြီး စူးစူးစိုက်စိုက် ရှုတတ်လာရင်တော့ စိတ်လွင့် စိတ်ထွက်ကို သေသေချာချာ သိလာပါတယ်။ အဲဒီလိုသိဖို့ဟာ အရေးကြီးဆုံး ပါပဲ။

စိတ်ကိုရှုရခြင်းကြောင့် ရတဲ့အကျိုး

စိတ်ကို ရှုမှတ်လို့ အကျိုးရသွားကြတဲ့ ဝတ္ထုသာဓကတွေ ကျမ်းဂန်မှာ အတော်များများ ရှိပါတယ်။ အဲဒီအထဲက တစ်ခုကို ထုတ်ပြချင်ပါတယ်။ သာသနပတချိန်မှာ ဗာရာဏသီပြည်မယ် ဖြစ်ပျက်ခဲ့တဲ့ ဖြစ်ရပ်ပါ။ ဗာရာဏသီမြို့မှာ လူတစ်ယောက်ဟာ ဈေးနားက လမ်းမကြီးဘေးမယ် ရပ်ပြီး လမ်းသွားလမ်းလာတွေ ကြည့်နေပါတယ်။ အဲဒီလို ကြည့်နေတုန်းမှာ ခပ်လှမ်းလှမ်းက ရုပ်ရေရူပကာယ တင့်တယ်လှပတဲ့ ဇနီးမောင်နှံ နှစ်ယောက် လျှောက်လာတာကို သူကြည့်နေ မိတယ်။ အနီးရောက်လာတော့ ဇနီးဖြစ်သူကိုသာ ကြည့်မိပြီး ချစ်ခင်နှစ်သက် တပ်မက်စိတ်တွေ ဖြစ်လာတယ်။ ပထမတော့ ဒီစိတ်ရိုင်း စိတ်မိုက် ဖြစ်နေတာ သူမသိဘဲ ငေးကြည့်နေမိတယ်။ ခဏကြာမှ သတိရပြီး သူတစ်ပါး ဇနီးပေါ် တပ်မက်စိတ်တွေ ဖြစ်နေပါလားလို့ သိလာတယ်။ ဂါရီချင်း ကိုက်လန့် သံဝေဂစိတ်တွေ ဖြစ်လာပြီး တပ်မက်တဲ့ စိတ်တွေကို "တပ်မက် တယ် တပ်မက်တယ်" လို့ ရှုမိပြီးသား ဖြစ်နေတယ်။ သာသနာပဆိုတော့ သူ့ကို ရှုမှတ်ဖို့ သင်ပေးတဲ့ ပုဂ္ဂိုလ်မရှိပါဘူး။ သူ ပါရမီက ရင့်နေပြီဖြစ်လို့ သူ့ အလိုအလျောက် ရှုမှတ်ပြီး သား ဖြစ်သွားတာပဲ။

တကယ်လို့သာ စိတ်ကိုမရှုရင်

ဒီဖြစ်ရပ်ကို ကြည့်ပါ။ တကယ်လို့သာ ဒီလူဟာ တပ်မက်စိတ်ကို မရှုမိရင် ဒီစိတ် တဖြည်းဖြည်းကြီးထွားလာပြီး စွဲလမ်းမှု ဖြစ်လာမှာ သေချာပါတယ်။ တဏှာက နေပြီး ဥပါဒါန်ဖြစ်လာတဲ့ သဘောပေါ့။ အဲဒီလို စွဲလမ်းလာရင် သူ့စိတ်ကို မထိန်းနိုင် မသိမ်းနိုင်ဖြစ်ပြီး ဒီအမျိုးသမီးကို ဆွဲလားရမ်းလားနဲ့ ကိုယ်ထိလက်ရောက် ကျူးလွန်မိကောင်း ကျူးလွန်မိ

ပေလိမ့်မယ်။ ဒါမှမဟုတ်လဲ တခြား တနည်းနည်းနဲ့ရအောင် ပြုလုပ်ကောင်း ပြုလုပ်ပေလိမ့်မယ်။ ဒီလိုဆိုရင် မြောက်မြားလှစွာသော ဆိုးကျိုးဆင်းရဲကျိုးတွေကို တွေ့ရ ခံစားရမှာ သေချာတယ်။ ဘကာယ်လို့ ကိုယ်ထိလက်ရောက် မပြုမိအောင် ထိန်းသိမ်းစောင့် စည်းနိုင်ဦးတော့ ဒီစွဲလမ်းစိတ်ကြောင့် သေသည်အထိ ဆင်းရဲဒုက္ခရောက်သွားနိုင်တာပဲ။

အခုတော့ စိတ်ကို နိုင်နိုင်နင်းနင်း ရှုလိုက်တဲ့အတွက် စိတ်ရဲ့ သဘာဝအမှန်ကို ထိုးထွင်းသိပြီး အရဟတ္တမဂ် အရဟတ္တဖိုလ်အထိရသွားတယ်။ ကိလေသာငြိမ်း ဆင်းရဲငြိမ်းသွားပြီး ပစ္စေကဗုဒ္ဓါ ဖြစ်သွားတယ်။

ဒီ ဖြစ်ရပ်ကို ကြည့်ရင် စိတ်ကို ရှုတဲ့ စိတ္တာနုပဿနာသတိပဋ္ဌာန်ဟာ အလွန်အရေးကြီးကြောင်း သိသာပါတယ်။

ဝေဒနာနုပဿနာ သတိပြုစရာ

ခံစားမှု-ဝေဒနာကို ရှုရာမှာလဲ သတိထားစရာ အချက်ကလေးတွေ ရှိပါတယ်။ ပထမဆုံး သတိပြုဖို့ကတော့ မဟာသတိပဋ္ဌာန်သုတ် ဝေဒနာနုပဿနာအခန်းမှာ ရှင်တော်မြတ်ဘုရား ဟောကြားတော်မူချက်အရ ခံစားမှုမှန်သမျှ ကောင်းကောင်း ဆိုးဆိုး ရှုသိနေရမှာချည်းပဲ ဆိုတာ သတိပြုဖို့ပါပဲ။ ချမ်းသာခံစားမှု (သုခဝေဒနာ)ပဲ ဖြစ်ဖြစ်၊ ဆင်းရဲခံစားမှု(ဒုက္ခဝေဒနာ)ပဲဖြစ်ဖြစ်၊ မချမ်းသာမဆင်းရဲ ဝမ်းမနဲဝမ်းမသာ ခံစားမှု (ဥပေက္ခာဝေဒနာ)ပဲ ဖြစ်ဖြစ်ရှုသိရမှာချည်းပါပဲ။

ခံစားမှုနှင့် ရှုသိမှု

တချို့က နာမှု၊ ကျဉ်မှု စတဲ့ဒုက္ခဝေဒနာကို ရှုရင် အကုသိုလ် ဖြစ်တာမို့ မရှုကောင်းဘူးလို့ ယူဆကြပါတယ်။ နာမှု ကျဉ်မှုကို ခံစားနေရင်တော့ ဒေါသ ဒေါမနဿ ဖြစ်တာမှန်ပါတယ်။ မြတ်စွာဘုရားက အဲဒီလို ခံစားနေဖို့ မိန့်ကြားဟာ မဟုတ်ပါ ဘူး။ မခံသာတဲ့ ခံစားမှု ဆင်းရဲတဲ့ ခံစားမှု(ဒုက္ခဝေဒနာ)ကို ရှုသိနေဖို့ မိန့်ကြား တော်မူ တာပါ။ ဒုက္ခသစ္စာ-ဆင်းရဲအမှန်တရားကို ပိုင်းပိုင်းခြားခြား သိရမယ်ဆိုတဲ့အတိုင်း သိအောင်ရှုနေခြင်း (သမ္မာသတိ)နှင့် မခံသာတဲ့ သဘောပဲလို့ အမှန်အတိုင်း သိနေခြင်း (သမ္မာဒိဋ္ဌိ)ဟာ အကုသိုလ် မဟုတ်ကြောင်း၊ ပဋ္ဌာကာဂမဂ်ရဲ့ အစိတ်အပိုင်း မဂ္ဂင်တရား တွေသာ ဖြစ်ကြောင်း အားထုတ်ဖူးသူတိုင်း သိနိုင်လောက်ပါတယ်။

ဒါကြောင့်ပဲ မြတ်စွာဘုရားက "ဆင်းရဲ ခံစားမှုကို ခံစားရလျှင်လဲ ဆင်းရဲခံစား မှုကို ခံစားရတယ်လို့ သိ၏"လို့ မဟာသတိပဋ္ဌာနသုတ် ဒေသနာတော်မှာ တိုက်ရိုက် မိန့်ကြားတော် မူတာပါပဲ။

ဒုက္ခဝေဒနာ

ဒီတော့ ထိုင်ပြီး ရှုမှတ်တာ ကြာလာလို့ ညောင်းမှု၊ ကျဉ်မှု၊ ထုံမှု၊ နာမှု၊ ကိုက် ခဲမှု၊ စတဲ့ ဒုက္ခဝေဒနာဖြစ်လာရင် မူလရှုမြဲအာရုံကို လွှတ်ပြီး "ညောင်းတယ်" "ကျဉ်တယ်" "ထုံတယ်" "နာတယ်" စသည်ဖြင့် အဲဒီဝေဒနာ ရှိနေသမျှ ထပ်ခါထပ်ခါ ရှုပါ။ ဝေဒနာ ပြင်းထန်လာရင်လဲ သည်းခံပြီး ရှုနိုင်သမျှ ရှုပါ။ ဒီလို ရှုတာဟာ ခံစားမှု ဝေဒနာက္ခန္ဓာရဲ့ သဘောကို သဘာဝအတိုင်း

သိရအောင် ရှုနေခြင်းပါပဲ။ ဒုက္ခဝေဒနာပျောက်သွား ပြေသွားအောင် ရှုရတာ မဟုတ်ပါဘူး။ သို့သော်လဲ ရှုပါများလို့ စိတ်တည်ငြိမ်မှု သမာဓိအားကောင်းလာတဲ့ အခါမှာ ဝေဒနာဟာ လျော့ရင်လဲ လျော့သွားတတ်ပါတယ်။ ဆက်မဖြစ်တော့ပဲ အဖြစ်ရပ်ပြီး ပျောက်ရင်လဲ ပျောက်သွားတတ်ပါတယ်။ ဒီလိုရှုတာဟာ "ဒုက္ခံ ဝါ ဝေဒနံ ဝေဒယမာနော ဒုက္ခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ" ဆိုတဲ့ ဝေဒနာနုပဿနာ တရားတော်အတိုင်း ရှုခြင်းပါပဲ။

နိဗ္ဗာန်တံခါးသော့

ဝေဒနာကို သည်းခံနိုင်သမျှ သည်းခံပြီး ဇွဲစိတ်နှင့် ရှုသင့်ပါတယ်။ ဘာကြောင့် လဲဆိုရင် ဝေဒနာဟာ နိဗ္ဗာန်တံခါးဖွင့်တဲ့သော့ ဖြစ်လို့ပါပဲ။ ဝေဒနာကို ရှုလို့ ဝေဒနာရဲ့ ဖြစ်မှုပျက်မှု အနိစ္စ ဒုက္ခ အနတ္တ သဘောကို သိမြင်ရင် နိဗ္ဗာန်ကို ရောက်နိုင်ပါတယ်။

သီဟိုဠ်ကျွန်းမှာ ရောဂါဝေဒနာ အနှိပ်စက်ခံရတဲ့ မထေရ်တစ်ပါးဟာ အဲဒီ ရောဂါ ဝေဒနာကို ရှုတာနှင့် ကိလေသာခပ်သိမ်း ငြိမ်းပြီးရဟန္တာ ဖြစ်သွားကြောင်းကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာ (ပ-တွဲ၊ ၄၆)မှာ ဖော်ပြထားပါတယ်။

သည်းမခံနိုင်တော့လျှင်

ဒုက္ခဝေဒနာဟာ ပိုပိုပြင်းတန်လာလို့ သည်းမခံနိုင်တော့တဲ့ အခြေအနေရောက် လာရင် မိနစ်သုံးဆယ်ထက်မနည်း မပြင်ပဲ ထိုင်နိုင်သူများဟာ ပြင်ပြီး မထိုင်ပါနှင့် ထပြီး စင်္ကြံလျှောက် အားထုတ်ပါ။ မိနစ်သုံးဆယ်ပင် ပြည့်အောင် မပြင်ပဲ ထိုင်လို့ မရ သေးသူများကတော့ တကြိမ် ပြင်ထိုင်ပြီးဆက်ရှုမှတ်ပါ။ ဒုတိယအကြိမ် အထိုင်ပြင်ဖို့ အခြေအနေဖြစ်လာရင်တော့ မပြင်ဘဲနှင့် ထပြီးစင်္ကြံလျှောက် အားထုတ်ပါ။

အထိုင် ပြင်စရှိယင် စိတ်အကျင့်ပါပြီး ပြင်ဖို့ပဲ စိတ်ကူးနေတတ်ပါတယ်။ ဒါကြောင့် မပြင်မိအောင်အထူးကြိုးစားပါ။ တထိုင်ထက်တထိုင် ပိုပြီး ကြာကြာထိုင် နိုင်ရမယ်လို့ စိတ်ဆုံးဖြတ်ပြီး ကြိုးစားဖို့ လိုပါတယ်၏။ ကြာကြာ ထိုင်နိုင်လေ သမာဓိ အရှိန် ပိုရလေပါပဲ့။

စင်္ကြံလျှောက်ရာ သတိပြုစရာ

စင်္ကြံလျှောက်တဲ့အခါမယ် စင်္ကြံဦးမှာ ကိုယ်ကို ဖြောင့်ဖြောင့်မတ်မတ် ထားပြီး ရပ်ပါ။ လက်ပိုက်ထားပါ။ ဒါမှ မဟုတ်ရင် လက်ကို နောက်ဘက် ပစ်ထားပြီး လက်ချင်း ယှက်ထားပါ။ လက်နှစ်ဘက်ကို နံဘေးတစ်ဘက်တစ်ချက်မှာ တွဲလောင်း ချမထားပါ နှင့်။

ခေါင်းကို သိပ်ငုံ့မထားပါနှင့်။ ခြေထောက်ရှေ့ သုံးလေးတောင်ခန့်ဝေးတဲ့ နေရာကို မျက်လွှာချထားတဲ့ မျက်စိနှင့် သာမာန် ကြည့်ဖြစ်နိုင်ရုံ ခေါင်းကိုစဉ်းငယ်မျှ ညွတ်ကိုင်းထားပါ။ သိပ်ငုံ့ထားယင် မကြာခင် ဇက်ကြော တက်လာတတ် ခေါင်းမူးလာ တတ်ပါတယ်။

မျက်စိကို ထိန်းပါ

စင်္ကြံလျှောက်နေတဲ့ တချိန်လုံး အဝေးကို၊ ဘေးကို မကြည့်မိအောင် မျက်စိကို ထိန်းပါ။

တခြား မကြည့်ဘူးလို့လဲ ဆုံးဖြတ်ပါ။ ကြည့်ချင်စိတ် ဖြစ်ပေါ်လာရင်လဲ ကြည့်ချင်စိတ်ကို ရှုမှတ်ပါ။ ရှုမှတ်လိုက်ယင် ကြည့်ချင်စိတ် ပျောက်သွားပြီး တခြားကို မကြည့်ဖြစ်တော့ဘူး။ စိတ်ရဲ့အလို လိုက်ပြီး ကြည့်ချင်စိတ် ဖြစ်ပေါ်တိုင်း မျက်စိက လျှောက်ကြည့်နေယင်တော့ မျက်စိသွားရာ စိတ်လိုက်ပါနေပြီး သမာဓိ ပျက်ပျက်နေတာနှင့် စင်္ကြံလျှောက်ရာမှာ ဘာတရားမှ တွေ့မယ် သိမယ် မဟုတ်ပါဘူး။

စင်္ကြံလျှောက်ရာမှ မျက်စိကို ထိန်းနိုင်ဖို့၊ မျက်စိလုံဖို့ အရေးကြီးဆုံးပါပဲ။ မျက်စိလုံအောင် တချို့ မျက်စိမှိတ်ပြီး လျှောက်တတ်ပါတယ်။ အဲဒီလို မျက်စိမှိတ်ပြီး လျှောက်ရင် မျက်စိတော့ လုံပါရဲ့၊ စိတ်ကမလုံပါဘူး။ ဒါကြောင့် မျက်စိမှိတ်ပြီး မလျှောက်ရပါဘူး။

စရှုပုံ

စင်္ကြံစရှုတဲ့အခါ စိတ်ကို ခြေထောက် ရွေ့လျားမှုဆီ ရှေးရှုတည်ထားပါ။ ခြေလှမ်း လှမ်းတဲ့အခါမှာ "သွားတယ် သွားတယ်" လို့ဖြစ်စေ၊ "လှမ်းတယ် လှမ်းတယ်" လို့ဖြစ်စေ၊ "ဘယ်လှမ်းတယ် ညာလှမ်းတယ်" လို့ဖြစ်စေ စိတ်အဆိုကလေး ဆိုပြီး ရှုမှတ် ပါ။ စိတ်အဆိုက လိုရင်းမဟုတ်သော်လဲ အားထုတ်စမှာ အကူအညီ အထောက်အပံ့ ဖြစ်ပါတယ်။

စင်္ကြံလျှောက်ရင်း စိတ် တခြားကို ပျံ့သွား လွင့်သွားရင် ပျံ့စိတ် လွင့်စိတ်ကို ရှုပြီးမှ ခြေလှမ်းကိုပြန်ရှုပါ။ ရံဖန်ရံခါမှာ လွင့်စိတ် တွေးစိတ် တာရှည်နေရင် ရပ်ပြီးမှ စိတ်ကို ရှုမှတ်ပါ။ လွင့်စိတ် တွေးစိတ် ပျောက်သွားမှ စင်္ကြံပြန်လျှောက်ပြီး ရှုမှတ်မြဲရှုမှတ်ပါ။

ဖြည်းဖြည်းခြေလှမ်းစိပ်စိပ်

စင်္ကြံလျှောက်အားထုတ်တဲ့ အခါမှာ စင်္ကြံကို ဖြည်းဖြည်းလျှောက်ပါ။ မမြန်ပါစေနှင့်၊ ခြေလှမ်းကို သိပ်မကျဲပါစေနှင့်၊ ခြေဖဝါးတစ်ပြန်စာ၊ သို့မဟုတ် တစ်ပြန်စာ သာသာကလေး လှမ်းပါ။ ဒါမှ ရှုလို့ ကောင်းပါတယ်။ ခြေဖဝါးချင်း ရှေ့နောက် စဉ်ပြီး မလှမ်းပါနှင့်၊ ယိုင်တတ် လဲတတ်ပါတယ်။

ရှုမှတ်ချက်တိုးပါ

ရှေ့နားမှာ ပြောခဲ့တဲ့အတိုင်း "သွားတယ်"လို့ဖြစ်စေ၊ "လှမ်းတယ်"လို့ဖြစ်စေ၊ "ဘယ်လှမ်းတယ် ညာလှမ်းတယ်"လို့ ဖြစ်စေ၊ ရှုမှတ်လို့ ၂-ရက်လောက်ရှိရင် ရှုစိတ်နှင့် အရှုခံ အာရုံတည့်လာပြီး ရှုလို့ ကောင်းလာပါလိမ့်မယ်။ ဒီအခါမှာ "ကြွတယ် ချတယ်" လို့ ခြေတလှမ်းကို နှစ်ပိုင်း သိအောင်တိုးပြီး ရှုပါ။ အဲဒီ ရှုမှတ်ချက်နိုင်နင်းလာတဲ့ အခါမှာ "ကြွတယ် လှမ်းတယ် ချတယ်"လို့ ခြေတလှမ်းကို သုံးပိုင်း သိအောင် တိုးရှုပါ။ ဒီထက် ပိုရှုနိုင်သေးရင် "ကြွချင်တယ် ကြွတယ် လှမ်းတယ် ချတယ်" လို့ ကြွချင်စိတ်ကိုပါ ထည့်ရှုပါ။

အဲဒီ နည်းအတိုင်း ရှုမှတ်ချက် တိုးတိုးသွားရင် စင်္ကြံလျှောက်ခိုက်မှာ ဝီရိယ၊ သတိ၊ သမာဓိ၊ ဉာဏ်တွေ အားကောင်းလာတဲ့အတွက် ပိုပိုပြီး ရှင်းရှင်း လင်းလင်း ပီပီပြင်ပြင် တွေ့သိလာပါလိမ့်မယ်။

စင်္ကြံလမ်းအဆုံးမှာ

စင်္ကြံလျှောက်တဲ့အခါ ဟိုနား လျှောက်လိုက်၊ ဒီနားလျှောက်လိုက်နှင့် မလျှောက်ပါနှင့် အဲဒီလိုလျှောက်လို့ အားကောင်းတဲ့ သမာဓိကို မရနိုင်ပါဘူး။ စင်္ကြံလမ်းကြောင်း တစ်ကြောင်းတည်းမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်ပါ။

စင်္ကြံအဆုံးရောက်ရင် ပြန်မလှည့်သေးဘဲနှင့် ခြေစုံရပ်လိုက်ပါ။ ပြီးမှ ရပ်နေတဲ့ ထောင်ထောင်သဘောကို စိတ်အာရုံစိုက်ပြီး "ရပ်တယ် ရပ်တယ်" လို့ မိနစ်ဝက်လောက် ဖြစ်စေ၊ တစ်မိနစ်လောက်ဖြစ်စေ ရပ်ကြုရိယာပုထိကို ရှုမှတ်ပါ။ ပြီးမှ ပြန်လှည့်ချင်စိတ်ကို သေသေချာချာ သိအောင် အကြိမ်ကြိမ်ရှုပါ။ ပြီးမှ ဖြည်းဖြည်း နောက်ပြန်လှည့် တာကိုရှုပါ။ လာလမ်းကို ပြန်ပြီး မျက်နှာမူမိရင် ရပ်လိုက်ပြီး ရပ်တာကိုရှုပါ။ ပြီးမှ "ကြွတယ် လှမ်းတယ် ချတယ်" ခသည်ဖြင့် ရှုမှတ်မြဲ ရှုမှတ်သွားပါ။

စင်္ကြံကို ဂရုစိုက်ပါ

စင်္ကြံတစ်ကြိမ်လျှောက်ရင် တရားမရင့်သေးမီမှာ အနည်းဆုံး တစ်နာရီလျှောက်ပါ။ မလျှော့ပါစေနှင့်၊ ပိုရင်သာ ပိုပါစေ။ စင်္ကြံမှာ အရှုခံအာရုံထင်ရှားလို့ သမာဓိပိုပြီးရလွယ်ပါတယ်။ ဉာဏ်လဲ ပိုပြီးဖြစ်လွယ်ပါတယ်။ ခြေထောက်ရဲ့ ကြွခြင်းသဘော၊ လှမ်းခြင်းသဘော၊ ချခြင်းသဘော ဟာ အလွန်ထင်ရှားပါတယ်။ ဒါကြောင့် ရှုရတာ လွယ်ကူတဲ့အတွက် သမာဓိရလွယ်ပါတယ်။ မြတ်စွာဘုရားက စင်္ကြံရဲ့ အကျိုး ငါးပါးကို ဟောတော်မူတော့ "စင်္ကြံသမာဓိဟာ ကြာရှည် တည်တံ့တယ်" လို့ မိန့်တော်မူပါတယ်။

စင်္ကြံအကျိုးငါးပါး

စင်္ကြံလျှောက်ခြင်းကြောင့် ရတဲ့အကျိုးငါးပါးဆိုတာ (၁)ခရီးရှည်သွားနိုင်ခြင်း၊ (၂)ကြိုးစားအားထုတ်နိုင်ခြင်း၊ (၃)အနာရောဂါ ကင်းရှင်း ကျန်းမာခြင်း၊ (၄)အစာကြေခြင်း၊ (၅)စင်္ကြံလျှောက် (ရှုမှတ်)ခြင်းကြောင့် ရရှိတဲ့ စိတ်တည်ငြိမ်မှု သမာဓိဟာ ကြာရှည်စွာတည်ခြင်း ဆိုတဲ့ အကျိုးများဖြစ်ကြောင်း အင်္ဂုတ္တရနိကာယ်၊ စင်္ကမသုတ်မှာ ရှင်တော်မြတ်ဘုရား မိန့်ကြားတော်မူခဲ့ပါသည်။

ငါးခုမြောက် အကျိုးမှာ သမာဓိဆိုတာ သမာပတ်ဆိုတာ သမာပတ်ရှစ်ပါး သမာဓိ ဖြစ်ကြောင်း အဋ္ဌကထာက ဖွင့်ပြပါတယ်။ (အံ-ဋ္ဌ ၃၊ ၁၂)

စင်္ကြံရှုရုံမျှဖြင့် တရားရသူ

ဒီနေရာမှာ စင်္ကြံလျှောက် ရှုမှတ်ခြင်းဖြင့် တရားရသွားသူ တစ်ဦးအကြောင်း မှတ်သား သင့်ပါတယ်။ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံခါနီး နာရီပိုင်း အလိုမှာ ရှင်တော်မြတ် ဘုရားထံ သုဘဒ္ဒဆိုတဲ့ ပရိဗိုဇ်ကြီးလာပြီး တရားမေးလျှောက်ပါတယ်။ မြတ်စွာဘုရားက မဂ္ဂင်ရှစ်ပါး ကျင့်မှသာ ကိလေသာငြိမ်းနိုင် ဆင်းရဲငြိမ်းနိုင်တဲ့ သဘောကို ဟောကြားတော် မူပါတယ်။

မြတ်စွာဘုရားရဲ့ တရားတော်ကို သုဘဒ္ဒသဘောကျ နှစ်ခြိုက်သွားပြီး ရဟန်းပြု ခွင့်တောင်းလို့ ရဟန်းအဖြစ်ရတော့ ကုသိနာရုံ အင်ကြင်းဥယျာဉ်ရဲ့ လူသူတိတ်ဆိတ်တဲ့ နေရာတနေရာမှာသွားပြီး တရားအားထုတ်ပါတယ်။ သူက စင်္ကြံလျှောက်ပြီး ရှုမှတ်ပါတယ်။

စင်္ကြံလျှောက် ရှုမှတ်တယ်ဆိုတော့ "သွားတယ် သွားတယ်" "လှမ်းတယ် လှမ်းတယ်" ကြွတယ် လှမ်းတယ် ချတယ်" "ကြွချင်တယ် ကြွတယ် လှမ်းတယ် ချတယ်" စသည်ဖြင့် ခြေထောက် လှုပ်ရှားရွေ့လျားမှု ဝါယောရုပ်ကို ရှုရမှာပါပဲ။ အဲဒီလို ရှုမှတ်ရင်းက တဖြည်းဖြည်း ရှုမှတ်မှုချင်း ဆက်စပ်မိပြီး သမာဓိ အားကောင်းလာတော့ အရှုခံရုပ် အရှုခံနာမ်နဲ့ ရှုသိစိတ်တို့ရဲ့ မမြဲ ဆင်းရဲ အတ္တမဟုတ်တဲ့ သဘောတွေကို သိမြင်လာပြီး ဉာဏ်အဆင့်ဆင့် ရင့်ကျက်လာကာ အရဟတ္တမဂ်ဉာဏ်၊ အရဟတ္တဖိုလ် ဉာဏ်အထိ ရရှိပြီး ရဟန္တာဖြစ်သွားကြောင်း ဒီဃနိကာယ် အဋ္ဌကထာ (ဒီ-ဋ္ဌ ၂။ ၁၈၂) မှာ ဖော်ပြထားပါတယ်။

စင်္ကြံရှုမှတ်မှုရည်ရွယ်ချက်

အခုပြောခဲ့တာတွေကို သဘောပေါက်ရင် စင်္ကြံလျှောက်ရင်း တရားရှုမှတ်မှုရဲ့ ရည်ရွယ် ချက်ကို နားလည်နိုင်ပါတယ်။ ထပ်ပြီးပြောရရင် စင်္ကြံလျှောက် ရှုမှတ်တာဟာ ဣရိယာပုထ် အပြောင်းအလဲဖြစ်ရုံမျှ ရှုမှတ်တာမဟုတ်ပါဘူး။ အညောင်းပြေရုံမျှ ရှုမှတ်တာမဟုတ်ပါဘူး။ အားကောင်းတဲ့ သမာဓိ ရရုံမျှ ရှုမှတ်တာမဟုတ်ပါဘူး။

ရည်ရွယ်ချက်အမှန်က စင်္ကြံလျှောက်ခိုင်မှာ ဖြစ်နေတဲ့ ရုပ်တွေ နာမ်တွေရဲ့ မမြဲ၊ ဆင်းရဲ၊ ပုဂ္ဂိုလ် သတ္တဝါ အတ္တ မဟုတ်ဆိုတဲ့ သဘောလက္ခဏာ သုံးမျိုးကို ပိုင်းပိုင်း ခြားခြားသိဖို့ ရည်ရွယ်ချက်နဲ့ ရှုမှတ်ရတာပါ။

ပြီးတော့ စင်္ကြံလျှောက်ခိုက်မှာ ရရှိတဲ့ ဝိပဿနာ သတိ၊ သမာဓိ၊ ဉာဏ်တွေကို ထိုင်သည် အထိ ပါသွားအောင် အဆက်မပြတ်ရှုမှတ်ပြီး ထိုင်မည့်နေရာကိုသွားရင် စင်္ကြံနှင့်အထိုင် သတိ၊ သမာဓိ၊ ဉာဏ် ဆက်စပ်မိသွားလို့ ထိုင်ရှုမှတ်ရာမှာ အများကြီး အထောက်အကူဖြစ်ပါသည်။ ဒါကြောင့် စင်္ကြံနှင့်အထိုင် အချိန်ညီမျှဖို့မလိုပါဘူး။ တရားအခြေအနေအလိုက် အချိန် အတိုး အလျှော့ လုပ်ရပါတယ်။ များသောအား ဖြင့်တော့ အားထုတ်စမှာ စင်္ကြံကို အချိန်ပိုပေးပြီး တရားရင့်လာတဲ့အခါမှာ ထိုင်တာကို အချိန်ပိုပေးရပါတယ်။

သိမှု ဝိပဿနာ

တခြား ရုပ်တွေ နာမ်တွေကို ရှုမှတ်ရာမှာလဲ စင်္ကြံလျှောက် ရှုရာမှာလိုပဲ သိဖို့ ရည်ရွယ်ချက်ပါပဲ။ အရှုခံရုပ် အရှုခံနာမ်တို့ရဲ့ သီးသန့်ပင်ကိုရင်းသဘော သဘာဝ လက္ခဏာနှင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဆိုတဲ့အများဆိုင်သဘော သာမညလက္ခဏာတွေကို ပီပီပြင်ပြင်သိမြင်ဖို့ ရှုရတာပါ။ သိဖို့ ရှုရတာဆိုတော့ မသိသေးဘဲ စိတ်အတော်အတန် တည်ငြိမ်ပြီး ချမ်းသာ နေရုံမျှနှင့် ဝိပဿနာကိစ္စ မပြီးသေးပါဘူး။ သိမှုပဲ ဝိပဿနာကိစ္စ ပြီးရင် အတော်ကလေး စိတ်ငြိမ်လာလို့ အနည်းငယ်မျှ စိတ်ချမ်းသာမှု ရရင်ပဲ ကိစ္စပြီး သလောက် အထင်ရောက်ပြီး

လိုရင်းရောက်အောင် အားမထုတ်တော့ပဲ လျှော့ပစ်တတ် ပါတယ်။

အသေးစိတ်အမူအရာ သတိပြုစရာ

သတိပဋ္ဌာန်ဝိပဿနာရဲ့ အခြေခံသဘောက ရုပ်နှင့်နာမ်မှာ ခဏမစဲဖြစ်ပေါ် နေတဲ့သဘောတွေကို စက္ကန့်မလပ် မိနစ်မလပ်တရစပ် စောင့်ကြည့် ရှုသိနေဂပါတယ်။ မရှုမိဘဲ လပ်သွားတဲ့ မိနစ်ပိုင်း စက္ကန့်ပိုင်းကလေးမှာပဲ မရှုမိလိုက်တဲ့ ရုပ်နာမ်နှင့် ပတ်သက်လို့ ကိလေသာက ဝင်လိုက်တော့တာပါပဲ။

ဒါကြောင့် စကြံလျှောက်တဲ့အခါနှင့် ထိုင်တဲ့အခါလေးမှာသာ ရှုရုံမျှနဲ့ မလုံလောက်ပါဘူး။ နိုးနေသမျှ တချိန်လုံး လှုပ်ရှားမှု၊ ပြုမူမှု၊ ကိုယ်အမူအရာ မှန်သမျှကို ရောစဉ်းစား၊ ကြံတွေး၊ လိုချင်တပ်မက်၊ စိတ်ပျက်၊ စိတ်ဆိုး စတဲ့ စိတ်သဘော မှန်သမျှကို ပါ ဖြစ်ပေါ်တိုင်း ဖြစ်ပေါ်တိုင်း အမြဲတစေ ရှုသိနေရပါသည်။

ရှုပုံနည်းပြ

လှုပ်ရှားပြုမူမှု အသေးစိတ် အမူအရာမှန်သမျှ ရှုမှတ်ပုံကို မဟာသတိပဋ္ဌာ နသုတ်၊ သမ္ပဇညပိုင်းမှာ နည်းပြအနေနှင့် မြတ်စွာဘုရား ညွှန်ကြားတော်မူခဲ့ပါတယ်။ ရှေ့ကိုသွားတိုင်း၊ နောက်ကိုဆုတ်တိုင်း ကွေးတိုင်း၊ ဆန့်တိုင်း၊ ထိုင်တိုင်း၊ ထတိုင်း၊ သင်္ကန်းကိုင်တိုင်း၊ သပိတ်ကိုင်တိုင်း၊ အဝတ်ဝတ်တိုင်း၊ စားသောက်တိုင်း၊ ရေချိုးတိုင်း၊ တပိုတပါး၊ သွားတိုင်း စသည်မှာ ပါဝင်ဖြစ်ပျက်နေတဲ့ လှုပ်ရှားမှု ပြုမူမှုတွေကို "ကွေးတယ်" "ဆန့်တယ်" "ထိုင်တယ်" "ထတယ်" စသည်ဖြင့် ဖြစ်နေရှိနေတဲ့အတိုင်း အမြဲမပြတ် သတိကပ်ပြီး ရှုသိနေရပါတယ်။

များပြားသလောက်ရှုမှတ်မှု

ဒီသမ္ပဇညပိုင်းမှာ မြတ်စွာဘုရား ညွှန်ကြားတော်မူခဲ့တဲ့ အထွေထွေအမူအရာ အသေးစိတ် အမူအရာတွေကို စိပ်စိပ်ရှုမှတ်ဖို့ဟာ အလွန်အရေးကြီးပါတယ်။ ဒီ လှုပ်ရှား မှု ပြုမူမှု အသေးစိတ် အမူအရာတွေဟာ ထိုင်ရှုမှတ်နေတဲ့အခါ စကြံလျှောက် ရှုမှတ် နေတဲ့ အခါမှာတောင်မှ ရှုမှတ်ဖို့ရာ ထင်ထင်ရှားရှား ရှိနေပါတယ်။ အဲဒီ နှစ်ချိန်မှ တစ်ပါး တခြား အချိန်တွေမှာတော့ မပြီးနိုင် မဆုံးနိုင် မကုန်နိုင်အောင်ကို များပြားလှပါတယ်။ များပြား သလောက် ရှုမှတ်နိုင်မှပဲ ကိလေသာ ကြားမဝင်နိုင်ဘဲ တဖြည်းဖြည်း သမာဓိအားကောင်းလာပြီး ဒီအမူအရာတွေကို ပြုခိုက်မှာ ဖြစ်ပျက်နေတဲ့ ရုပ်သဘော နာမ်သဘောတွေကို သိသိလာပါတယ်။

ဒါကြောင့် ထိုင်တဲ့ထတဲ့အခါ၊ ကွေးတဲ့ဆန့်တဲ့အခါ၊ မြှောက်တဲ့ကျတဲ့အခါ၊ စားသောက်တဲ့ အခါ၊ မျက်နှာသစ်တဲ့အခါ၊ ရေချိုးတဲ့အခါ၊ အဝတ်လျှော်တဲ့အခါ၊ အဝတ်ချွတ်တဲ့အခါ၊ အဝတ်ဝတ်တဲ့အခါ၊ တပိုတပါးသွားတဲ့အခါ စသည်မှာ ဖြစ်ပေါ်နေတဲ့ လှုပ်ရှားပြုမူမှုတွေကို တစ်ခုမျှမလွတ်ရအောင် စေ့စေ့စပ်စပ် ရှုမှတ်ဖို့လိုပါတယ်။ ရှုမှတ်ပုံက မခက်ပါဘူး၊ ပြုလုပ်နေတဲ့အတိုင်း ဖြစ်နေတဲ့အတိုင်း အရှိအတိုင်း ရှုမှတ်ရုံ ပါပဲ။ ဥပမာ "ထိုင်တယ် ထိုင်တယ်၊

ထတယ် ထတယ်၊ ကွေးတယ် ကွေးတယ်၊ ဆန့်တယ် ဆန့်တယ် " စသည်ဖြင့် ရှုမှတ် သွားရုံးပါပဲ။

အလေ့အကျင့်ရလာတော့ မလွတ်တော့ဘူး

အားထုတ်စမှာတော့ ဒီ အထွေထွေလှုပ်ရှားမှု အသေးစိတ် အမူအရာတွေကို ရှုမှတ်မိတာက အသေးစိတ် အမူအရာတွေကို ရှုမှတ်မိတာက နည်းပြီးတော့ မရှုမှတ်မိဘဲ မေ့မေ့သွားတာများပါတယ်။ သို့သော်လဲ ဒီအမူအရာတွေဟာ တစ်ခုမကျန် ရှုမှတ်ရမည့် ဝါယောရုပ်တွေချည်းပဲလို့ စိတ်ထဲမှာ အမြဲသတိထား ကြိုးစား ရှုမှတ်သွားရင် တဖြည်းဖြည်း ရှုမှတ်နိုင်တာတွေ များလာပြီး နောက်ဆုံးမှာ မရှုမှတ်မိလိုက်တာ တစ်ခုမျှမရှိတော့ပါဘူး။ အလေ့အကျင့်များလာတဲ့ အခါကျတော့ နည်းနည်းလေး လှုပ်ရှားလိုက် တာနှင့် စိတ်က အလိုလို ရှုမှတ်ပြီးသား ဖြစ်သွားတတ်ပါတယ်။

သို့သော်လဲ တစ်ခု သတိထားဖို့က ဒီအသေးစိတ် အမူအရာတွေကို နေ့စဉ် ပြုလုပ်နေကျ လှုပ်ရှားမှုနှုန်းအတိုင်းဆိုရင် မြန်နေလို့ ရှုမှတ်ဖို့ မလွယ်ကူပါဘူး။ ဒါကြောင့် အဖြစ်နိုင်ဆုံး ဖြည်းဖြည်း လှုပ်ရှားပြုမူရပါမယ်။ ဒါမှ ရှုလို့ရပါတယ်။

တစ်ကွေးတဆန့်မှာ အလွတ်မခံသူ

ဒီ အသေးစိတ် လှုပ်ရှားပြုမူမှုတွေကို ရှုမှတ်နိုင်အောင် ဖြည်းနိုင်သမျှ ဖြည်းဖြည်း ပြုလုပ်ဖို့ လိုအပ်ကြောင်း ဖြစ်ရပ်တစ်ခုကို မူလပဏ္ဏာသအဋ္ဌကထာ၊ မဟာ သတိပဋ္ဌာနသုတ် အဖွင့်(စာ ၂၆၉)မှာ ဒီလိုဖော်ပြထားပါတယ်။ သီဟိုဠ်ကျွန်းမှာ ရှေးက မဟေယ်ရှပာစ်ပါးပယာ သူ့တပည့်တွေနှင့်အတူ စကားပြောနေရင်းက လက်ကို မြန်မြန်ကွေးမိလိုက်သည်။ ပြီးမှ ချက်ချင်းပဲ လက်ကိုမူလနေရာမှာ ပြန်ထားလိုက်ပြီး ဖြည်းဖြည်းလေး ပြန်တွေးလိုက်ပြန်ပါတယ်။

ဆရာမထေရ်ရဲ့ ဒီအပြုအမူကို နားမလည်နိုင်ကြတဲ့ တပည့်တွေက "ဆရာတော်ဘုရား၊ ဘာကြောင့်လက်ကို မြန်မြန်ကွေးလိုက်ပြီးမှ မူလနေရာပြန်ထားပြီး ဖြည်းဖြည်းလေး ပြန်ကွေးပါ သလဲဘုရား "လို့ မေးလျှောက်ကြတယ်။ ဒီတော့ ဆရာတော် က "မောင်ပဉ္စင်းတို့၊ ငါဟာ ဘုရားစတင်အားထုတ်တဲ့ အချိန်ကစပြီး ရှုမှတ်မှုလွတ်လျက် လက်ကိုမကွေးခဲ့ဘူးပါ၊ ယခု သင်တို့နှင့် စကားပြောနေတဲ့အတွက် ရှုမှတ်မှု လွတ်လျက်လက်ကို ကွေးလိုက်မိသည်၊ နောက်မှ သတိရလို့ မူလနေရာ ပြန်ထားပြီး ရှုမှတ်လျက် ပြန်ကွေးခြင်း ဖြစ်သည် "လို့ မိန့်တော်မူပါတယ်။ ဒီဆရာတော်ကြီးရဲ့ အပြုအမူကို ထောက်ခြင်းအားဖြင့်လဲ လှုပ်ရှားမှု အမူအရာမှန်သမျှ ဖြည်းဖြည်း ပြုလုပ်ပြီး မလွတ်တမ်း ရှုမှတ်ဖို့ လိုကြောင်း နားလည်ရပါတယ်။

****

မြတ်စွာဘုရား၏ ကာမဂုဏ်ဆိုင်ရာ ဥပမာများ

ကာမဂုဏ် အမဲရိုး

အမဲဖျက်ခြင်း၌ ကျွမ်းကျင်သူသည် အမဲရိုးမှ အသားတို့ကို ဓားဖြင့်လှီး၍ယူ၏။ အထပ်ထပ် အခါခါ လှီးယူ၏။ ထို့နောက် အရိုး၌ကပ်နေသော အသားစကလေး များကိုလည်း ဓားဖြင့်ခြစ်၍ယူ၏။ အထပ်ထပ်အခါခါ ခြစ်၍ယူ၏။ အမဲရိုးသည် အသားမရှိ ပြောင်ရှင်းလျက် ရှိတော့၏။

အမဲသားစားရနိုးဖြင့် စောင့်မျှော်နေသော ခွေးတကောင်သည် ထိုအမဲဖျက်သူ အနီး၌ ရှိနေ၏။

အမဲဖျက်သူသည် အသားမရှိသော အမဲရိုးကို စောင့်စားငံ့လင့်လျက်ရှိသည့် ခွေးအား ပစ်ပေးလိုက်လေသည်။ ထိုခွေးသည် သွေးနံ့ကို မက်မောစွာဖြင့် အမဲရိုးကို လျှာဖြင့်လျက်လေ၏။

ထိုခွေးသည် ဆာလောင်မွတ်သိပ်ခြင်း မပျောက်သည်သာတည်း။ စားချင်သော အလိုဆန္ဒ မပြည့်နိုင်သည်သာတည်း။

အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ ဟူသော ကာမဂုဏ်တို့သည် အမဲရိုးနှင့် တူကုန်၏။

သတ္တဝါတို့သည် ထိုကာမဂုဏ်တို့ဖြင့် အားရတင်းတိမ်ခြင်းမရှိနိုင်၊ အလိုဆန္ဒ ပြည့်စုံပြီ ဟူ၍ မရှိနိုင်။ ဆားရေ သောက်သူသည် သောက်လေ ငတ်လေ၊ ငတ်မပြေ နိုင် သကဲ့သို့တည်း။

သားတစ် ကာမဂုဏ်

အသားစား ငှက်တကောင်သည် သားတစ်ကို ချီ၍ ပျံသန်းသွားလေ၏။ သင့်တော်ရာ၌ ရပ်နား၍ ထိုသားတစ်ကို စားမည်ဟူသော ရည်ရွယ်ချက်ဖြင့် ပျံသန်းလျက်ရှိ၏။ ထိုအခါ အခြားသားစားငှက်များသည် သားတစ်ကို လုရန် လိုက်လံကြလေ၏။ သားတစ်ကို ချီယူသွားသောငှက်အား ထိုးဆိတ်၍ တိုက်ခိုက်လုယူကြကုန်၏။

ယင်းသည့်အခြေအနေ၌ သားတစ်ချီထားသော ငှက်သည် မည်သို့ပြုလုပ်သင့်သနည်း။

သူသည် သားတစ်ကို စွန့်လွှတ်ရန်သာ ရှိ၏။ ပစ်ချလိုက်ရန်သာရှိ၏။

သို့မဟုတ်လျှင် အခြားငှက်များ၏ထိုးသုတ် တိုက်ခိုက်ခြင်းကို ခံရကာပျက်စီး ဆုံးရှုံးရမည်တည်း။

ကာမဂုဏ် အာရုံတို့သည် သားတစ်နှင့်တူကုန်၏။ ဘေးရန်အန္တရာယ်များလှ ပေသည်။ ထိုကာမဂုဏ် အာရုံတို့ကို ဖွဲ့လမ်း တွယ်တာနေလျှင် ဘေးအန္တရာယ်ကို ပွေ့ပိုက်ထားသည်နှင့် မခြားပေ။

ကာမဂုဏ်အာရုံကို စွန့်လွှတ်၍ လျစ်လျူရှုထားနိုင်သူကာ ဘေးအန္တရာယ်မရှိ၊ ဆင်းရဲ ပင်ပန်းခြင်းလည်း မရှိ၊ ချမ်းသာစွာ နေရ၏။

မီးတောက် ကာမဂုဏ်

လှပတင့်တယ်သော ရုပ်ဆင်း ရူပါရုံ၌ နှစ်သက်စွဲလမ်းခြင်း၊ သာယာကြည်နူး ဖွယ်ရာသော အသံ သဒ္ဒါရုံ၌ နှစ်သက်စွဲလမ်းခြင်း၊ မွှေးကြိုင်သင်းပျံ့သော ရနံ့ ဂန္ဓာရုံ၌ နှစ်သက်စွဲလမ်းခြင်း၊ ချိုချဉ်ငန်စပ်စသော အရသာ ရသာရုံ၌ နှစ်သက်စွဲလမ်းခြင်း၊ နူးညံ့အိစက်သော အတွေ့အထိ ဖောဋ္ဌဗ္ဗာရုံနှင့် နှစ်သက်စွဲလမ်းခြင်းတို့သည် ကာမဂုဏ်၌ တွယ်တာမက်မောခြင်း မည်၏။

ထိုကာမဂုဏ်တို့သည် မီးလျှံနှင့် တူသည်တည်း။ လောင်ကျွမ်းတတ်၏။ ဖျက်ဆီးနှိပ်စက်တတ်၏။ ပူပန်စေတတ်၏။

လူတယောက်သည် မြက်ပင်၊ ကောက်ရိုးပင်များကို မီးရှို့ကာ ဆွဲကိုင်လျက် လေတိုက်ရာဘက်သို့ ပြေးသွား၏။ မီးတောက်မီးလျှံသည် ထိုသူ၏ လက်ကိုလည်းကောင်း၊ လက်ရုံးကိုလည်းကောင်း၊ မျက်နှာဦးခေါင်း စသည်ကိုလည်းကောင်း အရှိန်ဖြင့်လောင်ကျွမ်းသည်သာတည်း။

ထိုသူသည် မီးဂကို စွန့်လွှတ်ရမည်သာတည်း။ ပစ်ချလိုက်ရမည်သာတည်း။ သို့မဟုတ်က ထိုသူသည် မီးလျှံ၏ လောင်ကျွမ်းဖျက်ဆီးခြင်းကို ခံရမည်မှာမလွဲပေ။

ကာမဂုဏ်ကို မက်မောတွယ်တာလျက်ရှိသူသည် မီးစကိုကိုင်ကာ လေတိုက်ရာ ဘက်သို့ ပြေးသွားနေသူနှင့် တူ၏။

ကာမဂုဏ် မီးကျီးတွင်း

ကျွဲလူးအိုင်သာသာ ကျယ်ပြန့်သော မြေကျင်းသည်ရှိ၏။ လူ့တရပ်ကျော်ကျော် နက်စောက်လေ၏။ ထိုမြေကျင်းထဲ၌ အလွန်အားကောင်းသော မီးကျီးခဲများသည် ဟရှိန်ရှိန် တောက်လောင်လျက် ရှိနေကြ၏။ ပြည်တောင်းခွက်တောင်းခန့် ပမာဏရှိသော ရှားသော မီးကျီးခဲကြီးများဖြစ်၍ အပူရှိန်မှာ ပြင်းထန် အားကောင်းလှပေသည်။

အားကောင်းမောင်းသန် ယောကျ်ားနှစ်ယောက်သည် အားနွဲ့ သူတဦးအား လက်တဘက်စီမှ ချုပ်ကိုင်၍ ထိုမီးကျီးတွင်းဆီသို့ ဆွဲခေါ်လာကြ၏။

ထိုအခါ အားနွဲ့သူသည် မီးကျီးတွင်းထဲသို့ ကျရောက်မည်ကို လွန်စွာပင် ထိန်လန့်သဖြင့် ရုန်းကန်လေ၊ အားရှိသမျှ အကြိမ်ကြိမ် ရုန်းကန်လေ၏။ မီးကျီးတွင်း ထဲသို့ မကျရောက်ရန် ဟူသော ဆန္ဒသည် ထိုသူအား တခွပ်းကုန် လွှမ်းမိုးနေသည်သာတည်း။

ကာမဂုဏ်အာရုံတို့သည် မီးကျီးတွင်းကဲ့သို့ ဘေးအန္တရာယ် ကြီးမားလှ၏။ ကာမဂုဏ်ကို ဘပ်မက်ငြိတွယ်မိသော် ဖြတ်တောက်ဖယ်ရှားပစ်ရာသည်။ မီးကျီး တွင်းထဲသို့ ကျရောက်ရမည်ကို ထိတ်လန့်သော အားနွဲ့သူကဲ့သို့ ကာမဂုဏ်၌ ထိတ်လန့်ရွံရှာမှုဖြင့် ဆောက်တည်ကျင့်သုံး ရမည်သာတည်း။

အိပ်မက် ကာမဂုဏ်

ယောကျ်ားတယောက်သည် အိပ်မက်ထဲ၌ လွန်စွာပျော်ရွှင် မြူးတူးလျက်ရှိ၏။

သူသည် ကြည်နူးနှစ်သက်ဖွယ်ကောင်းသော ဥယျာဉ်ကြီးထဲ၌ ရောက်ရှိနေ၏။ စားသောက်ရန် သစ်သီးမျိုးစုံတို့သည်လည်းကောင်း၊ လှပမွှေးကြိုင်သော ပန်းမျိုးစုံတို့သည် လည်းကောင်း၊ ဥယျာဉ်ကြီးထဲ၌ သုံးစွဲမကုန်၊ ဆွတ်ယူမကုန်နိုင်လောက်အောင် သီးပွင့်လျက် ရှိလေ၏။ ကြည်လင်သန့်ရှင်းသော ရေကန်သည်လည်း ဥယျာဉ်ကြီးထဲ၌ပင် တည်ရှိနေပေ၏။ ချောမောလှပသော မိန်းမပျိုတို့သည် ထိုသူ၏ အနီးတွင်ရှိနေကြ၏။ အချို့က နံ့သာယပ်တောင်ဖြင့် အသာအယာ ခပ်ပေးကြ၏။ အချို့က ခြေဆုပ်လက်နယ် ပြုစုပေးနေကြ၏။ သစ်သီးပန်းပွင့်များကို ပေးဆက်သူများလည်းရှိ၏။ သီးချင်းကျူးရင့်သူ၊ ကပြသူများလည်းရှိလေ၏။ လွန်စွာ ကျေနပ်နှစ်သက်ခြင်းဖြင့် ပျော်မွေ့နေသော ထိုသူသည် ရုတ်တရက် လန့်နိုးလေရာ သူ၏စည်းစိမ်သည် ကုန်ဆုံးလေ၏။ ဖန်းယူ၍ လည်းမရပေ။ တကြော်ကြော် ခေါ်ပါသော်လည်းမရပေ။ အချည်းနှီးသာပတည်း။

ကာမဂုဏ်ဟူသည်မှာ အိပ်မက်ပမာတည်း။ မြင်ကာမျှ ကြားကာမျှ တွေ့ထိကာ မျှသော ကာမဂုဏ်ကို စွဲလမ်းတပ်မက်ခြင်းသည် အရှုံးနှင့်တူလေ၏။

ကာမဂုဏ် အငှားပစ္စည်း

ပွဲလမ်းသဘင်သို့ တက်ရောက်ကြည့်ရှုသူ မိန်းမတယောက်သည် အဝတ်အစား သစ်များ ဝတ်ဆင်လာ၏။ နားကပ်၊ လက်ကောက်၊ ဆွဲကြိုး စသည်တို့ ဝတ်ဆင်ကာ ပြင်ဆင်မွမ်းမံထားသဖြင့် တင့်တယ်လှပသျက်ရှိ၏။ ထိုမိန်းမအား အခြားသူများက "တင့်တယ်ပါပေ၏၊ အဝတ်တန်ဆာ ရတနာများ ပြည့်စုံပါပေ၏" စသည်ဖြင့် ချီးမွမ်း ကြ၏။ ထိုမိန်းမသည်လည်း သာယာနှစ်သက်လျက်ရှိလေ၏။

စင်စစ်အားဖြင့် ထိုမိန်းမသည် အဝတ်တန်ဆာ ရတနာများကို ငှားရမ်း ဝတ်ဆင်ခြင်း ဖြစ်ရာ မကြာမီပင် ပိုင်ရှင်ထံသို့ ပြန်လည်အပ်နှံလိုက်ရသည်။ ပြင်ဆင်မွမ်းမံမှုဖြင့် သာယာနှစ်သက်ခြင်းသည်လည်းကောင်း၊ အခြားသူများ၏ချီးမွမ်းခြင်းသည် လည်းကောင်း ပစ္စည်းများကို ပိုင်ရှင်ထံသို့ အပ်နှံလိုက်ရသည်နှင့်အတူ ကုန်ဆုံးသွားလေ၏။ တင့်တယ်လှပခြင်းနှင့် သာယာနှစ်သက်ခြင်းတို့ကို ထိုမိန်းမ ဖမ်းကိုင်၍ မရ။ သိမ်းဆည်း၍ မရ။ လိုချင်တောင့်တသော်လည်း ပြန်လည် မရောက်လာနိုင်။

ကာမဂုဏ်ဟူသည်မှာ အငှားပစ္စည်းနှင့်တူ၏။ ပါမချောမျှဖြင့် ပျောက်ကွယ်သည်သာတည်း။ ထို့ကြောင့် ကာမဂုဏ်ကို လိုချင်တောင့်တမှုသည် သူတပါး၏ပစ္စည်းကို ခဏယယ ငှားရမ်းရလေသကဲ့သို့ အောက်တန်းကျ၍ ဆင်းရဲပင်ပန်းလှပေသည်။

သရက်ပင် ကာမဂုဏ်

ယောကျ်ားတယောက်သည် သရက်သီးကို လိုချင်သဖြင့် အပင်ပေါ်တက်၍ ဆွတ်ခူးလေ၏ သရက်သီးများကို အိတ်ထဲထည့်လေ၏။ ထိုသူသည် သစ်ပင်ပေါ်မှာပင် ချိုမြိန်မွှေးကြိုင်သော သရက်သီးများကို စားလျက်ရှိ၏။

အခြားယောက်ျားတယောက်သည်လည်း သရက်သီး လိုချင်သဖြင့် ထိုသရက်ပင်သို့ပင် ရောက်လာပြန်လေ၏။ သူသည် သစ်ပင်မတက်တတ်ပေ။ သရက်ပင်ပေါ် ရောက်အောင် မစွမ်းဆောင်နိုင်ပေ။ သရက်သီးကိုလည်း လိုချင်နေ၏။ ထို့ကြောင့် သူသည် ပါလာသည့်ဓားမဖြင့် သရက်ပင်ကို ခုတ်လဲလေသည်။ သရက်ပင် လဲကျလျှင် သရက်သီးများကို ခူးဆွတ်နိုင်ပေမည် ဟူသော စိတ်ကူးအရ ပြုလုပ်ခြင်းဖြစ်။

ထိုသို့ရှိစဉ် သရက်ပင်ပေါ်၌ သရက်သီးစား၍ နေသောယောက်ျားသည် အလျင်အမြန် ဆင်းသက်ရမည်သာဖြစ်၏။ သို့မဟုတ်က သရက်ပင်လဲကျသောအခါ ခြေလက်ကျိုးခြင်း၊ ဦးခေါင်းကွဲခြင်း စသော ဘေးဒုက္ခများနှင့် ကြုံရမည်မှာမလွဲတည်း။

သရက်ပင်ပေါ်၌ သရက်သီးစားနေသူသည် သရက်ပင်ကို စွန့်လွှတ်၍ အလျင် အမြန် ဆင်းသက်ရမည်သာ ဖြစ်သကဲ့သို့ ကာမဂုဏ်တို့ကို စွန့်လွှတ်ဖြတ်တောက်ရပေမည်။ ဘေးဒုက္ခနှင့် မုချ တွေ့ကြုံရမည် ဖြစ်သောကြောင့်တည်း။

[မဇ္ဈိမပဏ္ဏာသပါဠိတော်၊ ဂဟပတိဝဂ်၊ ပေါတလိယသုတ်]

လူသားနှင့် ကာမဂုဏ်

အဆင်း၊ အနံ့၊ အသံ၊ အရသာ၊ အတွေ့ အထိတို့ကို ကာမဂုဏ်ဟူ၍ ဆိုရလေသည်။ လူသားတို့သည် ဤကာမဂုဏ်ငါးမျိုးကို လိုချင်မက်မောကြမြဲဖြစ်၏။ သာမန်မျှ လိုချင်မက်မော ခြင်း၊ များစွာလိုချင်မက်မောခြင်း၊ အလွန်အကျူးလိုချင်မက်မောခြင်း ဟူ၍ ခြားနားချက်ကား ရှိလေသည်။

ကာမဂုဏ်ကို လိုချင်မက်မောမှု အတိုင်းအတာနှင့်အမျှ လူသားတို့ ဆင်းရဲပင်ပန်း ကြရသည်ဟု ဗုဒ္ဓက ညွှန်ပြလေသည်။

ကာမဂုဏ်ကို လိုချင်မက်မောမှု အတိုင်းအတာနှင့်အမျှ လောဘ၊ ဒေါသ၊ မာန်မာန၊ ဣဿ-မစ္ဆရိယ စသော ကိလေသာစိတ် ပွားများကြရသည်။ ကိလေသာစိတ် ပွားများသည်နှင့် အမျှ ဆင်းရဲ ပင်ပန်းကြရသည်။ ပူပန်ကြောင့်ကြရကုန်သည်။ ထိတ်လန့် ကြရကုန်သည်ဟု ဗုဒ္ဓညွှန်ပြတော်မူလေသည်။

လူသားတို့သည် ကာမဂုဏ်ကို မက်မောစွဲလမ်းခြင်းကြောင့် ကိလေသာစိတ် ဖြစ်ပွားကြကာ အသိအမြင်၌ မှားကြ၊ လွဲကြလျက် ပြုလုပ်ဆောင်ရွက်ခြင်းများမှာလည်း မမှန်မကန် ဖြစ်ကြရသည်။ ထို့ကြောင့် မိမိအတွက်လည်းကောင်း၊ မိမိ၏ပတ်ဝန်းကျင် အတွက်လည်းကောင်း၊ တိုးတက်ကြီးပွားရေးနှင့် သာယာချမ်းမြေ့ရေးများ ဆုတ်ယုတ် ပျက်ပြား ကြရသည်ဟု ဗုဒ္ဓက ညွှန်ပြတော်မူလေသည်။

ကာမဂုဏ်ကို စွဲလမ်းတပ်မက်ခြင်းမရှိသင့်။ ကာမဂုဏ်၌ ရောင့်ရဲရမည်။ ကာမဂုဏ် သည် စက်ဆုပ်ဖွယ်ဖြစ်၏။ ကာမဂုဏ်ဟူသည်မှာ စင်စစ်အားဖြင့် ရေရာတိ ကျသော အရာမဟုတ်။ အနှစ်သာရလည်း မရှိ။ ဘေးများသည်။ ရန်များသည်။ အန္တရာယ်များလှသည်ဟူ၍

ဗုဒ္ဓသည် ကာမဂုဏ်၏ သဘောသဘာဝကို လူသားတို့ ထင်မြင်သိရှိရန ဥပမာအဖုံဖုံဖြင့် ညွှန်ပြတော်မူလေသည်။

ယင်းသည့် ကာမဂုဏ် ဥပမာများကို အဖန်ဖန်သုံးသပ်၍ လေးလေးနက်နက် ဆင်ခြင်မိပါက လူ့ဘဝ၏အမှန်လမ်းနှင့် လူသားတို့၏တကယ့်ရပ်တည်နေပုံကို ထင်မြင် လျက် လက်တွေ့အားဖြင့် အကျိုးခံစားရမည်မှာ မလွဲပေ။

တစ်ကမ္ဘာ



(အလျား ၁၂ မိုင် × အနံ ၁၂ မိုင် × အမြင့် ၁၂ မိုင်) ကန်ကြီးထဲမှာ မုန်ညင်းစေ့အပြည့်ထည့် နှစ်(၁၀၀) တစ်စေ့ထုတ်၊ ကုန်လျှင် တစ်ကမ္ဘာ

မြတ်စွာဘုရား ဗျာဒိတ်ရပြီး - လေးအသင်္ချေ ကမ္ဘာတစ်သိန်း ကြာကျင့်ခဲ့ရသည်။

(၁) သင်္ချေ • (၁) နောက်မှာသုည (၁၄၀)လုံး

(၁၀၀၀. . . သုညပေါင်း ၁၄၀ . . . . ၀၀၀၀) ကမ္ဘာပေါင်း + ၁၀၀,၀၀၀ ကမ္ဘာ မြတ်စွာဘုရားဟာ ဗျာဒိတ်ရပြီးနောက် ဘုရား (၂၈)ဆူနှင့်သာ ကြုံရပါသည်။)

အရိုးတောင်လိုပုံ

ဒီကမ္ဘာမကုန်သေးခင် လူတစ်ဦးရဲ့အရိုးဟာ မြန်မာပြည်အမြင့်ဆုံး ခါကာဘိုရာဇီတောင်လောက် အမြင့်ရှိသည်။ (လူ+တိရစ္ဆာန်+ငါး+ဖား. . . . .)
(ဒါတောင် ငရဲ၊ နတ်၊ ပြဟ္မာ ဖြစ်ခဲ့တဲ့ဘဝတွေမှာ အရိုးမရှိတဲ့ ဘဝတွေမပါဝင်သေးပါ)

နောင်ပွင့်မည့်အရိမေတ္တေယျဘုရား



နှစ်(တသိန်းတန်း)အရိမေတ္တေယျဘုရား

* ပါရမီဖြည့် (၁၆သင်္ချေကမ္ဘာတသိန်း)
* ကေတုမတီ (ယခုဗာရာဏသီ)
* ဒုက္ခရစရိယာ(၆)ရက် ကံကော်
* မယ်တော် ဗြဟ္မဝတီ (ပုဏ္ဏာမျိုး)
* အမည် - အဇိတမင်းသား
* ဇနီး = စန္ဒမုက္ခိ
* သက်တော် (၈၀၀၀၀) ပဋိနိဗ္ဗာန်

(ကြို့ပင်ကောက် ဗောဓိရိပ်သာကျောင်း ဘဒ္ဒန္တဥတ္တမ ဗောဓိအရှင်မြတ် အလိုအရ)

(ကိုကားကျမ်း ၁၆ ကျမ်း)

ကျမ်းကိုးစာရင်း

(၁) မဟာစည်ဆရာတော်ဘုရားကြီး၏ ကျမ်းများ
(၂) အရှင်ဇနကာဘိဝံသ၏ ကျမ်းများ
(၃) ချမ်းမြေ့ဆရာတော်ဘုရားကြီး၏ ကျမ်းများ
(၄) အရှင်သြဘာသာဘိဝံသ၏ ကျမ်းများ
(၅) အရှင်နန္ဒသေနာလင်္ကာရ၏ ကျမ်းများ
(၆) မဇ္ဈိမနိကာယ်ပိဋကအနှစ်ချုပ်
(၇) ဦးသုခ၏ ပဋ္ဌာနဒီပနီ
(၈) အင်္ဂုတ္တိုရ် ပါဠိတော် မြန်မာပြန်
(၉) လေးမြိုင်၏ ကျမ်းများ
(၁၀) ဓမ္မစရိယာ ဦးအေးနိုင်၏ ကျမ်းများ
(၁၁) အပ္ပမာဒ ဘာသာရေးမဂ္ဂဇင်းများ
(၁၂) သာသနာ့ရောင်ခြည်ဘာသာရေးမဂ္ဂဇင်းများ
(၁၃) ရဋ္ဌပါလဓမ္မပဒေသာမဂ္ဂဇင်းများ

* * * * *

ဒုက္ခသစ္စာမှ ကင်းလွတ်ရာ နိဗ္ဗာန်ကို မျက်မှောက်
ပြုနိုင်ရန် ကြိုးစားနိုင်ကြပါစေ

မြင့်ရွှေ (B.Sc, B.Ed,H.G.P.R.L)(ADVOCATE)
အထက်တန်းပြဆရာ (ငြိမ်း)၊ တောင်ငူ။
09-535-1410, 054-25707

ဆရာဦးမြင့်ရွှေ ရေးသားသော တရားစာအုပ်များကို
"စိန်ရတနာ" မိတ္တူမှ အထူးဈေးနှုန်းဖြင့် ကူးပေးနေပါသည်။
("စိန်ရတနာ Riso မိတ္တူ" ၇၆-၃၂လမ်း။ ☎388115, 09 5102750)

* ဒေါ်ယဉ်မေ - ရွှေတည်ဈေး ၊ပေါင်းတည် (၁၀၀၀၀ိ/-)
* ကိုချစ်+မတင်တင်- (စ)လမ်း၊ပေါင်းတည် (၁၀၀၀ိ/-)
* ဒေါ်စုစုဝေ-အထပြ၊အထက(၁)တောင်ငူ (၁၀၀၀ိ/-)
* ဦးတင်ဝင်း+ဒေါ်လှသင်-တာပွန်လမ်း၊ပေါင်းတည် (၅၀၀ိ/-)
* ဦးတင်စိုး+ဒေါ်သန်းအိ-ပေါင်းတည်(၁၇)လမ်း/ရန်ကုန် (၁၅၀၀ိ/-)
* ဒေါ်ချိုသမီးမစင်မျိုးမြင့်-၁၁၊သိပ္ပံလမ်း၊အလုံ (၁၀၀၀ိ/-)
* ဆရာဦးအောင်မွန်+ဒေါ်စိုးစိုးခိုင်-ဘုရားလမ်း၊တောင်ငူ (၅၀၀၀ိ/-)
* ဒေါ်ခင်အေးနွဲ့-အထပြ(ငြိမ်း)ရွှေတောင်လမ်း၊ပေါင်းတည် (၁၀၀၀ိ/-)
* ဦးသောင်းရွှေ+ဒေါ်ခင်စိန်- ၂၄လမ်း၊ပေါင်းတည် (၂၀၀၀ိ/-)
* ဦးငြိမ်းဆွေ-ဒေါ်ချိုချိုမာ -ဘုရားလမ်း၊တောင်ငူ (၅၀၀ိ/-)
* ဒေါ်သန်းသန်းအေး၊သား/သမီးများ-ဦးကျော်မျိုးခိုင်+Drနှင်းနှင်းလွင် (၄၀၀၀ိ/-)
(နေပြည်တော်)ဦးသက်မြင့်ဦး+ဒေါ်ကေသီလွင်(စက်ဘ၇ူ)
* Drမောင်မောင်တာ+Drစမ်းစမ်းဝင်း-တောင်ငူ (၁၀၀၀ိ/-)
* ဦးထွန်းလှ- ၁၆ရပ်ကွက်၊(၁)လမ်း၊တောင်ငူ (၅၀၀ိ/-)
* ဂိုလ်ကြီးသိန်းထိုက်အေး၊ဒေါ်ဥမ္မာညွန့်၊ သမီးမယွန်းမျက်သွယ် (၂၀၀ိ/-)
တော်ဝင်ထွန်းစတိုး၊တောင်ငူ
* ဆရာဦးဟန်ထွန်း+ဆရာမဒေါ်ညွန့်ခင်-အထက(၁)တောင်ငူ (၇၀၀ိ/-)
* ဦးသက်ဦး (ရွှေမြေဆီ)၊ တောင်ငူ (၁၀၀၀ိ/-)
* ဦးရွှေမိုး၊သမီးမစန္ဒာ-ဖြူးမြို့ (၅၀၀ိ/-)
* ဦးတင်ဦး+ဒေါ်နုနု-တောင်တွင်းစုရွာ၊ပေါင်းတည် (၁၀၀၀ိ/-)
* မတင်နွယ်အေး၊ကိုမင်းမင်း+မတိုးတိုး-ဆရာဖြေလမ်း၊တောင်ငူ (၂၀၀၀ိ/-)
* မယဉ်ယဉ်ထွန်း-သီရိမင်းမုန့်ဆိုင်၊တောင်ငူ (၂၀၀၀ိ/-)
* ဒေါ်ညိုညိုစိန်-စိုက်/ဘဏ်၊ရွှေတောင် (၂၀၀၀ိ/-)
* ဦးပါခွေး+ဒေါ်ရီရီပြ-ဘုရားလမ်း-တောင်ငူ (၅၀၀ိ/-)
* ဦးချစ်ထွေး+ဒေါ်သန်းသန်းမြင့်- တာပွန်လမ်း-ပေါင်းတည် (၁၀၀၀ိ/-)
* ဒေါ်တင်ရွှေ- တောင်ငူ (၃၀၀၀ိ/-)
* ဦးစန်းသိန်း-ဒေါ်သန်းသန်းအေး(ပေါင်းတည်/ ရန်ကုန်) (၁၀၀၀ိ/-)
* Drဝင်းမောင်+Drအေးမိခင် - အရှေ့လမ်း-ပေါင်းတည် (၅၀၀၀ိ/-)
* ဦးခင်ရွှေ+ဒေါ်ချိုချိုမာ- သ/မ ဦးစီးရွှေတောင် (၅၀၀ိ/-)

* ဓိန်ဂုတာနာ ပေါ်ဖျူ-Riso တာအုပ်အလှူ + ၁၄၅ ... ၁၁၁ ...

မာတိကာ

၁။ သံသရာလည်ခြင်း စာမျက်နှာ (၅)

၂။ ယောနိသောမနသိကာရ (၈)

၃။ ကံ (၃၀)

၄။ ဝဋ်ကြွေး (၃၉)

၅။ ဒိဘဝ. ဒိမျှသာ (၅၀)

၆။ သတိပဋ္ဌာန်အကျိုး (၇)မျိုး (၆၆)

၇။ စိတ်နှင့်ကမ္မဋ္ဌာန်းဘာဝနာ (၇၀)

၈။ ဝိပဿနာဘာဝနာ (မဟာစည်) (၇၅)

၉။ ဝိပဿနာဘာဝနာ ချမ်းမြေ့ဆရာတော် (၈၈)

၁၀။ ဗုဒ္ဓ၏ ကာမဂုဏ်ဆိုင်ရာ ဥပမာများ (၁၀၂)